

# အိုတာယ့်ပြုတ်ရဟာန်း

တက္ကသိုလ် ချစ်သီရိ (ဓမ္မာစရိယ၊ ဘီအေ)

☆ အဆင့်အတန်း အလွန်မြင့်မားလှပြီး တုနှိုင်းဖက် မရှိသော ဗုဒ္ဓသာသနာတော်ကြီး၏ သံဃာ့အဖွဲ့အစည်းရှိ ရဟန်းတော်များ အပ္ပမာဒတရား ရှိကြစေရန်နှင့်

☆ မြတ်စွာဘုရားရှင်၏ သားတော်ဖြစ်သော ရဟန်းတော်တို့ ဆိုသည်မှာ ဤသို့ပါတကားဟု သံဃာရတနာကို လူဒါယကာတို့ ကြည်ညိုလေးမြတ် နှစ်သက်တတ်ကာ သဒ္ဓါညွတ်နူး ရှိခိုးဦးတင် ဘဝင်ငြိမ့်ငြိမ့် တသိမ့်သိမ့်ဖြစ်စေမည့် –

# အိုဘယ့်မြတ်ရဟန်း


## တက္ကသိုလ်သျှင်သီရိ (ဓမ္မာစရိယ-ဘီအေ)

ရေးသားပူဇော်သည်


---


**ဖြန့်ချိရေး** ⇨ မြတ်ပန်းရဂုံစာပေ၊ ဈ/၉၁၉၊ ဇရာ ၆–လမ်း၊
မြောက်ဥက္ကလာပ၊ ရန်ကုန်မြို့။

စာမူခွင့်ပြုချက် ● ၄၁/၉၈ (၅)
မျက်နှာဖုံးခွင့်ပြုချက် ● ၁၆/၉၈ (၆)
ပထမအကြိမ် ● ၁၉၉၈၊ အောက်တိုဘာလ
အုပ်ရေ ● ၅၀၀
မျက်နှာဖုံးဒီဇိုင်း ● ရွှေစိုးဟန်
မျက်နှာဖုံးကာလာခွဲ ● အယ်လ်ဖာ
ကွန်ပျူတာစာစီ ● မျိုးမော်ကွန်ပျူတာ
(ဖုန်း - ၂၅၃၃၅၂)

**ထုတ်ဝေသူ**

ဦးမြသန်း (မြဲ-၀၁၅၁)၊ အသိုင်းအဝိုင်းစာပေ
အမှတ်-၃၅၊ သမာဓိလမ်း၊ ဇွဲဆုံရပ်
မရမ်းကုန်း၊ ရန်ကုန်မြို့။

**ပုံနှိပ်သူ**

ဦးကျော်ဌေး (မြဲ-၀၂၇၇၃)၊ ရွှေဇင်ကျော်ပုံနှိပ်တိုက်
အကွက် ၆၄/၄၆၇၊ စက်မှုလက်မှုရပ်ကွက်၊ တောင်/ဒဂုံမြို့သစ်
၁၅၁/၃၄-လမ်း (အထက်)၊ ရန်ကုန်မြို့။

**မျက်နှာဖုံးပုံနှိပ်သူ**

ဦးကျော်စိန် (၀၂၉၀၉)၊ ကျောက်စိမ်းအော့ဖ်ဆက်
၁၇၁၊ ၃၃-လမ်း၊ ရန်ကုန်။

တန်ဖိုး ● ၁၂၀/-

# အမှာစာ

ဘုရားရှင်တော်၏ သာသနာတော်သို့ ဝင်ရောက်လာကြသော ရှင်ရဟန်းဟူသမျှတို့သည် "သံသာရဝဋ္ဋ ဒုက္ခတော မောစနတ္ထာယ" "သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ပါရခြင်း အကျိုးငှာ"ဟူသော ခံယူချက်ဖြင့် ဝင်ရောက်လာကြသော ပုဂ္ဂိုလ်များ ဖြစ်ကြပါသည်။

အမှန်အားဖြင့် သာသနာဝန်ထမ်း ရှင်ရဟန်းများစွာတို့သည် ငယ်စဉ်ကမူ ဘာရယ်လို့ မဟုတ်ဘဲ မိဘဆွေမျိုး ဆရာသမားတို့က ရှင်ပြုပေးခဲ့၍သာ သင်္ကန်း ဝတ်ခဲ့ကြခြင်း ဖြစ်ပါသည်။ အရွယ်ရောက်လာ၍ စာပေပရိယတ်ကို သင်အံလေ့ကျက်လာသောအခါမှသာ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးဆိုတာ ဤသို့ပါလားဟု သိရှိလာပြီး သာသနာစိတ် ဝင်လာပြီး သာသနာအကျိုး သယ်ပိုးဆောင်ရွက်ကြရင်း မိမိတို့ဘဝ သံသရာမှ လွတ်မြောက်ရေးကို ကြိုးစားလာကြသူ ရှင်ရဟန်းများ ဖြစ်ခဲ့ကြပါသည်။ ဘုရားရှင် သာသနာတော်ဝယ်-

၁။ ယုံကြည်ချက် သဒ္ဓါတရားနှင့် သင်္ကန်းဝတ်လာ သော ရှင်ရဟန်းကို သဒ္ဓါပဗ္ဗဇိတ၊

၂။ လောကီလူမှု ဒုက္ခကိစ္စအဝဝတို့ကို ကြောက်ရွံ့ထိတ်လန့်၍ သင်္ကန်းဝတ်လာသောရှင်ရဟန်းတို့ကို ဘယာပဗ္ဗဇိတ

ဟူ၍ အကြမ်းဖျဉ်းအားဖြင့် နှစ်မျိုးခွဲခြားထားပါသည်။

အစ(ငယ်ရွယ်စဉ်)က မည်သည့် ရှင်ရဟန်းမျှ သဒ္ဓါပဗ္ဗဇိတ မဖြစ်ခဲ့ကြပါ။ သို့သော်လည်း ကြီးလာ၍ သိတတ်လာ လျှင်မူ

သဒ္ဒါပဗ္ဗဇ္ဇိတ ဖြစ်အောင် ကြိုးစားရမည်မှာ ရှင်ရဟန်းတို့၏ တာဝန်ဖြစ်ပါသည်။ သူ့ဆန်စား ရဲရပါမည်။ ဘုရားရှင်သားတော် တာဝန်ခံပြီး ဒါယကာတို့၏ ပစ္စည်းလေးပါးကို ခံယူ စားသုံးနေသော ရှင်ရဟန်းသည် မိမိလည်း အကျိုးကြီး၊ ပစ္စည်းလေးပါး ဒါယကာတို့လည်း အကျိုးကြီးစေသော ဘုရားရှင် အဆုံးအမ အကျင့်တို့ကို ကျင့်နိုင်အောင်လည်း လုပ်ရပါမည်။

"အလုပ်မရှိ ငုံးတိတိနှင့်၊ နုံးချိမွဲယောင်၊ အူကြောက် ကြောင်ကို၊ နောင်လည်းမလို၊ ခုလည်း ပို၏" ဟူသော ဩဝါဒပျို့လာ စကားအတိုင်း မဖြစ်ကြဘဲ မိမိတို့ ကျင့်ကြံရမည့် ဂန္ထဓုရ၊ ဝိပဿနာဓုရ အလုပ်ကို ကြိုးစားလုပ်ကြရန် ဖြစ်ပါသည်။

ရှင်ရဟန်းသည် ငယ်ရွယ်စဉ်မှာ ဂန္ထဓုရ ခေါ် စာပေ ပရိယတ် သင်ကြား မှတ်သားရေးနှင့် တစ်ဆင့် ပြန်လည် ပို့ချရေး အလုပ်ကို လုပ်ရပါမည်။ တစ်ဘက်ကလည်း သမထ ဝိပဿနာအလုပ် အားထုတ်မှုကို မုချလုပ်ရပါမည်။ အသက်ကြီး၍ ပရိယတ္တိ မစွမ်းနိုင်တော့လျှင် သမထဝိပဿနာကိုမူ မုချ လုပ်ရပါမည်။ ဂန္ထဓုရ ဝိပဿနာဓုရ နှစ်မျိုးလုံး လုပ်နိုင်မည်ဆိုက အတိုင်းထက်အလွန် တံခွန်နှင့် ကုက္ကား၊ သားရွှေအိုးထမ်းလာသည်ကို မြင်ရသည့်ပမာ ရှိပါမည်။

ဖြူးမြို့ ဒက္ခိဏာရုံ ဆရာတော်ဘုရားကြီးက ကပည့်များကို စာဝါပို့ချရင်း "သာသနာမှာ ဝါဝါတွေများတိုင်း သာသနာ ထွန်းကားသည်ဟု အမြင်လေးနှင့် အပေါ်ယံ ရုပ် မတွေးကြနဲ့၊ အရေအတွက်သာ များပြီး အရည်အချင်း မရှိလျှင် လူများပြီး ပွဲမစည် ဖြစ်တတ်သည်" ဟု ဆိုဆုံးမလေ့

ရှိသည်ကို သာသနာ့ဝန်ထမ်း ရှင်ရဟန်းများသည် အထူး သတိပြုရန် လိုအပ်ပါသည်။

ယနေ့ မျက်မှောက်ခေတ် သာသနာတော်သည် သမုဒ္ဒရာထဲက လှိုင်းတံပိုးကဲ့သို့ အမှိုက်သရိုက်များကို ပ,ထုတ်သကဲ့သို့ သာသနာတော် သန့်ရှင်း တည်တံ့ပြန့်ပွားရေးကို ကြိုးစား ဆောင်ရွက်နေသော အချိန်လည်း ဖြစ်နေပါသည်။ သာသနာကလည်း မြူတိမ်ကင်းသော လမင်းပမာ ဖြစ်နေပါပြီ။ (ဝါ) သာသနာတော်သည် နေလို ထွန်းပပြီး လလို ရွှန်းမြနေပါပြီ။ ဤကဲ့သို့သော သာသနာတော်ဝယ် ရှင်ရဟန်းတို့သည် ကိုယ့်ပမာဏကို ကိုယ်နှိုင်းဆပြီး ဆင်ခြင်သင့်ပါသည်။

လောကတွင် တိုးတက်နေသောသူ၊ ရပ်တန့်နေသောသူ၊ ဆုတ်ယုတ်နေသောသူ ဟူ၍ ပုဂ္ဂိုလ် သုံးမျိုးသုံးစား ရှိသည့်အနက် မိမိသည် ပရိယတ္တိအနေနှင့်လည်းကောင်း၊ အကျင့်ဂုဏ်အားဖြင့် လည်းကောင်း တိုးတက်နေသူလား၊ ရပ်တန့်နေသူလား၊ ဆုတ်ယုတ်နေသူလားဟု မိမိကိုယ်မိမိ အမြဲ ဆန်းစစ်ရန် လိုအပ်ပါသည်။ တိုးတက်နေသူအတွက် တက်လမ်းရှိသော်လည်း ရပ်တန့်နေသူ အတွက် စဉ်းစားဆင်ခြင်ဖို့ လိုပါသည်။ ဆုတ်ယုတ်နေသူ အတွက်မူ သူ့သဘောသူဆောင်သွားပါလိမ့်မည်။

ဖောင်စီးရင်း ရေငတ်၊ ဟင်းမွှေသော ယောက်မကဲ့သို့ သာသနာအတွင်း နေပြီး သာသနာစိတ် မရှိဘဲ ဟန်ဆောင် ဝါကြွား ပလွှားနေသူ ရှင်ရဟန်းအတွက် အချိန်တန်လျှင် နွားပိန်ကန်ပါလိမ့်မည်။ ကံကြမ္မာက မျက်နှာသာပေး၍ အသာလေး မှိန်းနေ၍ ရမည်ထားဦး။ သံသရာက ဒဏ်ခတ်မှုကို မုချခံရ

ပါမည်။

ဗုဒ္ဓ တည်ထောင်ခဲ့သော သာသနာတော်သည် လေးလေး နက်နက် တွေးကြည့်ပါက နယ်နယ်ရရ မဟုတ်ပါ။ အဆင့် အတန်း အလွန်မြင့်ပါသည်။ ဗုဒ္ဓသာသနာတော်သည် အခက် အခဲ အမျိုးမျိုးကို ရင်ဆိုင်ခဲ့ရသည်။ ခေတ်အဆက်ဆက်ကို ကျော်ဖြတ်ခဲ့ရသည်။ သာသနာခရီးတစ်လျှောက် အားကျဖွယ် ရာ၊ ဂုဏ်ယူဖွယ်ရာ၊ တုန်လှုပ်ဖွယ်ရာ၊ ကြောက်မက်ဖွယ်ရာ၊ အံ့သြဖွယ်ရာတွေနှင့် အတိ ပြီးနေသည်ကိုလည်း တွေ့ရပါ သည်။ ပတ္တမြားမှန်သည့်အတွက် နွံမနစ်ခဲ့ပါ။ ထိုသို့ နွံမနစ် အောင် ကြိုးစားခဲ့ကြသည်မှာလည်း ဤရှင်ရဟန်းများပင် ဖြစ် ခဲ့ကြပါသည်။ ထို့ကြောင့် သာသနာအကျိုး၊ ဒါယကာအမျိုး မိမိအကျိုး ပြီးပြည့်စုံရေးအတွက် ရှင်ရဟန်းတို့သည် ဘုရား သာသနာဝယ် ကြောင့်ကြမဲ့ မနေဘဲ အထူးကြိုးစား အားထုတ် ကြစေလိုပါသည်။

စာရေးသူသည် ဤသည်ကို သတိတရ ဖြစ်ရန် ရည် သန်၍ ဤမည်သော **အိုဘယ့်မြတ်ရဟန်း** စာကို ကြိုးစားရေး ၍ တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ဤစာအုပ် ဖြစ်မြောက်ရေး အတွက် တိုက်တွန်းနှိုးဆော်သော ပုဂ္ဂိုလ်များအား လည်းကောင်း၊ လက်ရေးမူ ဝိုင်းဝန်းကူညီ ရေးပေးသော သမီးများ ဖြစ်ကြသည့် မစန္ဒာလင်း၊ မခင်သူဇာ၊ မစန္ဒာမြင့်တို့အား လည်းကောင်း အထူးကျေးဇူး တင်ပါကြောင်း မှတ်တမ်းပြုအပ်ပါသည်။

**တက္ကသိုလ် သျှင်သီရိ**

# မာတိကာ

အကြောင်းအရာ | စာမျက်နှာ


အမှာစာ....................................................


## အခန်း(၁)
## အဘိဘယ့်မြတ်ရဟန်း


- အမြတ်ဆုံးရတနာဟူသည်.................... ၁
- ဘုရားရတနာ ပွင့်ပေါ်လာခြင်း.................... ၂
- တရားရတနာ ထင်ရှားဖြစ်ပေါ်လာခြင်း.................... ၃
- သံဃာရတနာ ဖြစ်ပေါ်လာခြင်း.................... ၅
- ရဟန်းပြုခြင်း၏ အကြောင်းရင်း.................... ၁၄
- ယုံကြည်ချက်(သဒ္ဒါတရား)နှင့် ရှင်ရဟန်းပြုသူများ ၂၀
- ရှင်ရဟန်းတို့ သာသနာ့တာဝန်များ.................... ၃၀
- ဂန္ထဓုရ အားထုတ်သင်ကြားခြင်း နည်းသုံးသွယ် ၃၃
- ပရိယတ္တိကို သင်ကြားရခြင်းအကျိုး.................... ၃၅
- သင်ကြားမှုမဟုတ်က ပျက်စီးတတ်သည်.................... ၃၇
- ဝိပဿနာဓုရ.................... ၃၉
- ရှင်ရဟန်းတို့၏ မြတ်သောအကျင့်များ.................... ၄၁
- ရတနာသုံးပါး ရှိသေလေးစားပါ.................... ၄၈

| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |


- ရဟန်းမြတ်တို့၏ အကျင့်မြတ်နှင့် ကျက်စားရာ...... ၅၀
- ရှင်ရဟန်း မကျက်စားရာများ...... ၅၃
- ရဟန်းဘဝ၏ ကောင်းခြင်းရှစ်မျိုး...... ၅၆
- ရှင်ရဟန်းမြတ်တို့၏ ပန်းတိုင်စခန်း...... ၇၂
- လက်ဦးဆရာ၏ အဆုံးအမနှင့် ကျေးဇူးဂုဏ်...... ၇၇
- နှစ်ဖက်ရှုံးသမား ရဟန်းဘဝမဖြစ်ရလေအောင်...... ၈၈
- ရဟန်းဘဝ တိုးတက်ရေးဖြစ်လိုလျှင်...... ၉၂


## အခန်း(၂)
## သီလသည်သာ မြတ်အင်္ဂါ


- ရှင်ရဟန်းတို့၏ သီလစင်ကြယ်မှုများ...... ၉၇
- အပြစ် ၈–ပါးမြင် ရှင်ရဟန်းအသွင်...... ၁၀၇
- ရဟန်းတို့ ဆိတ်ငြိမ်ခြင်းဟူသည်...... ၁၁၅
- သေက္ခရဟန်းတို့၏ အေးရန်ကျင့်မှု...... ၁၂၀
- ရဟန်း၏ ကောင်းသောကျင့်စဉ်နှင့် မြတ်သောစောင့်ထိန်းမှုသီလ...... ၁၂၂
- ရဟန်းများ၏ အညစ်အကြေးများ...... ၁၂၆
- အပြစ်ရှိသော တဏှာကို သိပါ...... ၁၃၇
- သီလနှင့်ပြည့်စုံသောပုဂ္ဂိုလ်၏ ဂုဏ်ရည်...... ၁၃၈
- သီလအကျင့်၏ အဆင့်အတန်း...... ၁၄၂
- ဂါမဝါသီ(ကျောင်းထိုင်ဘုန်းကြီး)များ၏ တာဝန်...... ၁၄၃

| အကြောင်းအရာ | စာမျက်နှာ |
|---|---|


- သီလရှိသော ရဟန်းတို့၏သဘော ............ ၁၄၄
- သီလကင်းမဲ့သူ ရှင်ရဟန်း၏ ဆိုးကျိုးများ ............ ၁၄၉
- သီလပျက်ရဟန်းတို့ကို ဆုံးမသော မီးပုံပမာတရား ၁၆၄


## အခန်း(၃)

## ဆရာဒါယကာ အကျိုးများစွာ


- ရှင်ရဟန်းတို့ ဒါယကာထံ ချဉ်းကပ်လိုသော် ............ ၁၈၃
- စိတ်ထားမှန်မှန်နှင့် ဒါယကာ ဒါယိကာမထံ
  ချဉ်းကပ်ပါ ............ ၁၉၀
- ဒါယကာတို့အလှူ အကျိုးကြီးပါစေ ............ ၁၉၂
- နှစ်ဖက်စင်ကြယ် အကျိုးကြီးဖွယ် ............ ၁၉၇
- အင်္ဂါ ၆–ပါး ပြည့်စုံစွာလှူပါမှ အကျိုးကြီးမည် ............ ၁၉၉
- ရဟန်းကောင်းကို ဆည်းကပ်ရသူတို့အကျိုး ............ ၂၀၂
- သာသနာအတွက် မိမိအတွက်
  ဒါယကာအတွက် အစဉ်သတိရှိပါ ............ ၂၀၆


## အခန်း(၄)

## နောက်ဆုံးရည်မှန်း နိဗ္ဗာန်နန်းသို့


- မမေ့မလျော့မှု သတိသဘောကို သိပါစေ ............ ၂၁၁
- မေ့လျော့သူသည် သေခြင်း၏အကြောင်း ............ ၂၁၅

အကြောင်းအရာ စာမျက်နှာ


- မမေ့မလျော့ ကြိုးစားကြဖို့လိုသည် ............ ၂၁၈
- မမေ့မလျော့သော သတိတရားဖြင့် သေမင်းကို ရဲရဲရင်ဆိုင်နိုင်မှု ဖြစ်ပါစေ ............ ၂၂၆
- အာရုံတို့ဖြင့် သတိယှဉ်နိုင်ပါစေ ............ ၂၂၈
- ဘုရားရှင်၏ နောက်ဆုံးမှာကြား သတိစကား သတိထားကြပါ ............ ၂၃၁


## အခန်း(၅)

## ပရိယတ် ပဋိပတ်အမော် ပုဂ္ဂိုလ်ကျော်များ


- ဆရာတော်ဦးဗုဒ် ............ ၂၃၅
- သပိတ်အိုင်ဆရာတော် ဦးကိတ္တိ ............ ၂၄၃
- မအူဆရာတော်ဘုရားကြီး ............ ၂၅၅
- ဓမ္မိကတောရဆရာတော်ကြီး အရှင်သာသန ..... ၂၆၁
- ညောင်ပအိုင်ဆရာတော် ............ ၂၆၉

# အခန်း (၁)

# အိုဘယ့် မြတ်ရဟန်း

## အမြတ်ဆုံး ရတနာဟူသည်

"လူ့ပြည်၊ နဂါးပြည်၊ ဂဠုန်ပြည်၊ နတ်ပြည်တို့မှာ နှစ်သက်ဖွယ်ရာ ရတနာအမျိုးမျိုး ရှိပါသော်လည်း -

- ဘုရားရတနာနှင့် ဂုဏ်ရည်တူသော ရတနာ မရှိပေ၊
- ဘုရားဟော တရားတော်နှင့် ဂုဏ်ရည်တူသော ရတနာ မရှိပေ၊
- သံဃာရတနာနှင့် ဂုဏ်ရည်တူသော ရတနာ မရှိပေ။

ဤရတနာသုံးပါးသည်သာ လောကဝယ် အမြတ်ဆုံး ဖြစ်ပါသည်"

## ဘုရားရတနာ ပွင့်ပေါ်လာခြင်း

လူ့နတ်ဗြဟ္မာ သတ္တဝါအပေါင်းတို့၏ ပူဇော်အထူးကို ခံယူတော်မူထိုက်သော သုံးလောကထွတ်ထား သဗ္ဗညု မြတ်စွာဘုရား၏ အလောင်းအလျာ သုမေဓာ ရှင်ရသေ့သည် ဝေနေယျ သတ္တဝါတို့၌ မဟာကရုဏာတော်မြတ် သက်လတ်၍ ဒီပင်္ကရာ ထွက်ချာသေဌ်နှင်း တရားမင်း၏ ခြေတော်ရင်း၌ သင်ကား မချွတ်ဧကန် အမှန်စင်စစ် သဗ္ဗညုဘုရားရှင် ဖြစ်လိမ့်မည်ဟူသော နိယတ ဗျာဒိတ်ပန်းကို ဆင်မြန်းခဲ့ရသည့် အခါ၌ -

"ငါ သံသရာ ရေပင်လယ်မှ ကူးမြောက်သောအခါ
သတ္တဝါအများတို့ကိုလည်း သံသရာ ရေပင်လယ်
မှ ကူးမြောက်စေအံ့၊
ငါ သံသရာ ဝဋ်ဆင်းရဲမှ လွတ်မြောက်သောအခါ
သတ္တဝါအများတို့ကိုလည်း သံသရာ ဝဋ်ဆင်းရဲမှ
လွတ်မြောက်စေအံ့၊
ငါ သစ္စာလေးပါး မြတ်တရား သိမြင်သောအခါ
သတ္တဝါ အများတို့ကိုလည်း သစ္စာလေးပါး မြတ်
တရားကို သိမြင်စေအံ့"

ဟူ၍ ကြိမ်းဝါး ဝန်ခံတော်မူသည်နှင့်အညီ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ကာလပတ်လုံး သုံးဆယ်သော ပါရမီတို့ကို

လည်းကောင်း၊ စွန့်ခြင်းကြီးငါးပါး၊ စရိယ သုံးဖြာတို့ကိုလည်းကောင်း ဖြည့်ကျင့် ဆည်းပူးတော်မူပြီးလျှင် နောက်ဆုံးဘဝ၌ သဗ္ဗညုတဉာဏ်ရှင် ဘုရားသခင်အဖြစ်သို့ ရောက်တော်မူ၍ လောကသုံးပါး၌ အတုမရှိသော ဘုရားရတနာတော်မြတ်သည် ပွင့်ပေါ်လာတော်မူခဲ့ပါသတည်း။

## တရားရတနာ ထင်ရှားဖြစ်ပေါ်လာခြင်း

ဘုရားအဖြစ်သို့ ရောက်တော်မူသောအခါ၌ မူလ ရည်ရွယ်တော်မူရင်းအတိုင်း သတ္တဝါ ဝေနေယျတို့ကို သစ္စာလေးပါး သိမြင်၍ သံသရာဝဋ်ဆင်းရဲ ရေပင်လယ်မှ ကူးမြောက်စေရန် အလို့ငှာ တရားတော်များကို ၄၅–ဝါ ကာလပတ်လုံး မြွက်ဟ ထုတ်ဖော် ဟောကြားတော်မူသည် ဖြစ်ရာ လူနတ်ဗြဟ္မာ သတ္တဝါအများတို့ အားထားမှီခို ကြည်ညိုဖွယ်ဖြစ်သော တရားရတနာတော်မြတ်သည် လောကသုံးပါး၌ ဖြစ်ပေါ်လာခဲ့ပါသတည်း။

ထိုသို့ မြတ်စွာဘုရား ဟောကြားထုတ်ဖော်တော်မူသော တရား ရတနာ သာသနာတော်မြတ်ကြီးသည်ကား မျက်မှောက်ကမ္ဘာ၌ နှစ်တန်သော ချမ်းသာကိုလည်းကောင်း၊ လူ နတ် နိဗ္ဗာန် သုံးတန်သော ချမ်းသာကိုလည်းကောင်း ရရှိစေနိုင်

သည့် နည်းကောင်းလမ်းမွန်များ ဖြစ်ပေသောကြောင့် လွန်စွာ ကောင်းမွန် မြင့်မြတ်၍ အဖိုးတန်လှပါပေသည်။

ယင်းသာသနာတော်မြတ်ကြီးသည်ကား -

(၁) သဘောတရားကို ပြရာဖြစ်၍ လေ့လာသင်ယူကြရသော ပရိယတ္တိသာသနာတော်

(၂) ကိုယ်တိုင်ကိုယ်ကျ လက်တွေ့ ကျင့်သုံး ဆောင်ရွက်ရသော ပဋိပတ္တိသာသနာတော်

(၃) မဂ်ဖိုလ် နိဗ္ဗာန် တရားမှန်ကို ဧကန်ထိုးထွင်းသိမြင်ရရှိသော ပဋိဝေဓသာသနာတော်

ဟူ၍ သုံးမျိုးရှိပါသည်။ ယင်းသို့သော သာသနာတော် သုံးရပ်တို့တွင် ပရိယတ္တိ သာသနာတော်သည်လည်း -

(၁) ရဟန်းကျင့်ဝတ် စည်းမျဉ်းဥပဒေပိုင်းဆိုင်ရာ ဝိနည်းတရားတော်

(၂) သမထ ဝိပဿနာ ကျင့်ထုံးကျင့်နည်းဆိုင်ရာ သုတ္တန်တရားတော်

(၃) နာမ်ရုပ် တရားတို့၏ သဘာဝပိုင်းဆိုင်ရာ အဘိဓမ္မာ တရားတော်

ဟူ၍ သုံးမျိုးရှိပါသည်။

## သံဃာရတနာ ဖြစ်ပေါ်လာခြင်း

မြတ်စွာဘုရားသည် မဟာသက္ကရာဇ် ၁၀၃ – ခု၊ ကဆုန်လပြည့်နေ့တွင် ဘုရားဖြစ်တော်မူပြီးနောက် ဗောဓိပင် ရွှေပလ္လင် အနီးအနား ပတ်ဝန်းကျင်မှာပင် နှစ်လခန့် သီတင်းသုံးနေတော်မူခဲ့သည်။

ဝါဆိုလပြည့်နေ့တွင် နံနက်စောစော သပိတ် သင်္ကန်းကို ယူတော်မူပြီး ပဥ္စဝဂ္ဂီတို့အား တရားဦးဟောရန် မဟာဗောဓိပင်မှ (၁၈) ယူဇနာ ဝေးကွာသော ဗာရာဏသီမြို့အနီး ဣသိပတန မိဂဒါယသို့ ကြွတော်မူသည်။

ထိုနေ့ ညနေချမ်း အချိန်မှာပင် ဣသိပတနသို့ ရောက်တော်မူပြီး ပဥ္စဝဂ္ဂီတို့အား မိမိဘုရား ဖြစ်ပြီဖြစ်ကြောင်း ရှင်းလင်း ဟောပြတော်မူသည်။ ထို့နောက် ညနေချမ်း အချိန်ဝယ် ပဥ္စဝဂ္ဂီတို့အား ဓမ္မစကြာတရား ဒေသနာတော်ကို ဟောကြားတော်မူသည်။

တရားတော်၏ အဆုံးတွင် အရှင်ကောဏ္ဍည သောတာပတ္တိဖိုလ် တည်သည်၊ အရှင် ကောဏ္ဍညက ရဟန်းပြုပေးရန် လျှောက်ထားသောအခါ ဘုရားရှင်က ဧဟိဘိက္ခု (လာလော့ ရဟန်း:) ခေါ်တော်မူ၍ ရဟန်းပြုပေးလိုက်သည်။

ဤ ကောဏ္ဍညမထေရ်သည် ဂေါတမဘုရား သာသနာဝယ် ပထမဦးဆုံး ရဟန်းအဖြစ်ကို ရသောသူဖြစ်သည်။

ဘုရားရှင်သည် နောက်တစ်နေ့တွင် ဆက်လက် ဟောတော်မူသည်။ လပြည့်ကျော် တစ်ရက်နေ့တွင် အရှင်ဝပ္ပ သောတာပန် ဖြစ်သည်။ နှစ်ရက်နေ့မှာ အရှင်ဘဒ္ဒိယ သောတာပန် ဖြစ်သည်။ သုံးရက်နေ့မှာ အရှင်မဟာနာမ် သောတာပန် ဖြစ်သည်။ လေးရက်နေ့မှာ အရှင်အဿဇိ သောတာပန် ဖြစ်သည်။

ထိုသူများက ရဟန်းအဖြစ်ကို တောင်းဆိုကြ၍ အားလုံး ဧဟိဘိက္ခုအဖြစ် ဘုရားရှင်က ပြုပေးသည်။

လပြည့်ကျော် ငါးရက်နေ့တွင် ပဉ္စဝဂ္ဂီတို့ကို ဘုရားရှင်က အနတ္တလက္ခဏသုတ် ဟောတော်မူရာ တရားတော်အဆုံးတွင် ငါးဦးစလုံး ရဟန္တာ ဖြစ်တော်မူကြသည်။

ဘုရားရှင်သည် ထိုနှစ် ဝါတွင်းမှာပင် ယသအမျိုးသားနှင့် သူငယ်ချင်း (၅၄) ယောက်တို့ကို အရဟတ္တဖိုလ် တည်စေသည်။ အားလုံးသည် ဧဟိဘိက္ခုရဟန်းများ ဖြစ်လာကြသည်။

ထိုအချိန်မှစ၍ ဘုရားရှင် သာသနာတော်ဝယ် ရဟန္တာ (၆၀) ဖြစ်ပေါ်လာသည်။

ပရိယတ္တိ သာသနာ၊ ပဋိပတ္တိသာသနာ၊ ပဋိဝေဓ သာသနာ ဟူသော သဒ္ဓမ္မသုံးဖြာ သာသနာတော်သည်လည်း ရှင်သန်ကြီးထွားလာခဲ့သည်။

ဘုရားရှင်သည် သတ္တဝါအများ ချမ်းသာရေးကို မျှော်တွေးလျက် သီတင်းဝါလ ကျွတ်သောအခါ ရဟန္တာခြောက်ကျိပ်တို့အား သာသနာ ပြန့်ပွားရေး လုပ်ငန်းကို လုပ်ကိုင် ဆောင်ရွက်ကြရန် တာဝန်အပ်နှင်းတော်မူသည်။ ရဟန်းများ၏ တာဝန်၊ ဒါယကာတို့၏ တာဝန်ကိုလည်း ခွဲခြား သတ်မှတ်ပေးခဲ့သည်။ သာသနာပြု ခရီး ထွက်ကြရာတွင် နည်းနည်းနှင့် ကျဲကျဲဝိုင်းသဘောဖြင့် တစ်ခရီးကို တစ်ပါးသာ ကြွစေသည်။

"ရဟန်းတို့...သင်တို့သည် သူတစ်ပါး၏ အကျိုးကိုရော မိမိ၏ အကျိုးကိုရော ပြုလုပ်ဆောင်ရွက်ကြရမည်။ တရားတော်ကို မြေပြင်မှာ နေသူအများအား ဟောကြားရင်း လှည့်လည်ကြပါ။

"ငါဘုရားရှင်၏ သဒ္ဓမ္မသုံးဖြာ သာသနာကို လူအများအား အမြဲ ဟောပြသရင်း အေးချမ်းဆိတ်ငြိမ်သော တောင်များ၊ တောများမှာ နေကြပါ။ (ထိုအချိန်က ကျောင်းခွင့်မပြုသေးပါ)

"ရဟန်းတို့ ... ကောင်းသောအကျင့်နှင့် ပြည့်စုံသော သင်တို့သည် သာသနာတော် ပြန့်ပွားရေး လုပ်ငန်းကို ပြုလုပ်ကြလျက် အေးငြိမ်းသော မဂ်ဖိုလ် နိဗ္ဗာန်အလို့ငှာ လူအများအား ငါ၏ တရားတော်ကို ဟောကြားပေးကြပါလော့။

"ရဟန်းတို့ ... အာသဝေါ ကင်းစင်ပြီးသော သင်တို့သည် အပါယ်ဘုံတံခါး အကုန်ကို ပိတ်ပေးရပါမည်။ နတ်ရွာ မဂ်ဖိုလ် နိဗ္ဗာန်တံခါးကို ဖွင့်ပေးရပါမည်။

"ရဟန်းတို့ ... သင်တို့သည် သနား ကြင်နာမှု စသော ဂုဏ်တွေကို ကိုယ်က မကွာစေဘဲ တရားဟောပြောမှု လုပ်ငန်းနှင့် လူတွေ၏ အသိဉာဏ်နှင့်သဒ္ဓါတရားကို အပြည့်အဝ တိုးပွားအောင် ဆောင်ရွက်ပေးကြရမည်။ လူများက သင်တို့ကို အာမိသဒါနနှင့် အမြဲ အကျိုးပြုနေသည့် ထိုသူများကို သင်တို့က ဓမ္မဒါနနှင့် ကျေးဇူး တုံ့ပြန်ရပါမည်။

"ရဟန်းတို့ ... သဒ္ဓမ္မသုံးဖြာ သာသနာကို ဟောပြောပြသပြီး အရိယာတို့၏ အလံကို စိုက်ထူကြလော့။ ကိုယ်လုပ်ရမည့် အလုပ်ကို လုပ်ပြီး ကိုင်ပြီး ဖြစ်သော သင်တို့သည် သူများ၏ အကျိုးကို ပြုကျင့်ကြ ဆောင်ရွက်ကြပါလော့"

ဘုရားရှင်က ထိုသို့ မိန့်ကြားပြီး တာဝန်ပေးလိုက်ရာ ရဟန်း အသီးသီးသည် ဒေသအသီးသီးသို့ ကြွရောက်ကြပြီး လျှင် မြို့ရွာဒေသအသီးသီးမှ ရှင်တော် ရဟန်းတော်များကို ရှင်ပြုပေး၊ ရဟန်းပြုပေးရန် ဘုရားရှင်ထံသို့ ခေါ်ဆောင်လာခဲ့ကြသည်။

ထိုသို့ အဝေးမှ ခေါ်ဆောင်လာရသည့်အတွက် သာသနာပြု ရဟန်းများမှာ ပင်ပန်းကြသည်။ ရှင်လောင်း ရဟန်းလောင်းများလည်း ပင်ပန်းကြသည်။

ဤသည်ကို အကြောင်းပြု၍ ဘုရားရှင်က ရဟန်းတော်များအတွက် သိက္ခာပုဒ် ပညတ်၍ ရှင်ရဟန်းပြုပေးရန် ခွင့်ပြုတော်မူသည်။

"ရဟန်းတို့ ... သရဏဂုံ သုံးပါးဖြင့် ရှင်ပြုပေး၊ ရဟန်းခံပေးရန် သင်တို့အား ငါဘုရား ခွင့်ပြုတော်မူသည်"

ဘုရားရှင်သည် သိက္ခာပုဒ် ပညတ်တော်မူရုံသာမက ရှင်ပြုနည်း၊ ရဟန်းခံနည်းကိုပါ သင်ပေး လမ်းညွှန် ခဲ့ပါသည်။ ထိုအချိန်မှစ၍ သာသနာပြု ရဟန်းတော်များသည် ရောက်ရာအရပ်မှာ သရဏဂုံဖြင့်ပင် ရှင်ပြုပေးကြသည်။ ရဟန်းခံပေးကြသည်။

ဘုရားရှင်သည် တန်ဆောင်မုန်းလပြည့်ကျော် (၁) ရက်နေ့တွင် မိဂဒါဝုန်မှ တစ်ပါးတည်း ထွက်ခွာခဲ့သည်။ ကပ္ပာသိက တောအုပ်၌ မိန်းမပျောက်ရှာသော ဘဒ္ဒဝဂ္ဂီညီနောင် သုံးကျိပ်တို့ကို ဆုံးမရာ သုံးကျိပ်လုံးပင် အောက်မဂ် အောက်ဖိုလ် ရကြပြီး ရဟန်းပြုခွင့် ပန်ကြ၍ ဘုရားရှင်က ဧဟိဘိက္ခုရဟန်းပြုပေးခဲ့သည်။

ဘုရားရှင်သည် ထိုဘဒ္ဒဝဂ္ဂီ ရဟန်းတို့ကိုလည်း တစ်ပါးလျှင် ခရီးတစ်ကြောင်း ကြွစေပြီး သာသနာတော် ပြန့်ပွားရေးအတွက် တရားဟောရန် စေလွှတ်တော်မူသည်။

ဘုရားရှင်ကိုယ်တိုင်သည် ကပ္ပာသိက တောအုပ်မှ ဥရုဝေဠတောသို့ ကြွတော်မူ၍ ဥရုဝေလကဿပ စသော ရသေ့ငါးရာတို့ကို အမြင်မှန်ရအောင်ပြုပြီး ဧဟိဘိက္ခုရဟန်း ပြုပေးခဲ့သည်။ ထို့နောက် ဥရုဝေလကဿပရဟန်းတို့ ခြံရံပြီး ဂယာသီသသို့ ကြွတော်မူပြီးနောက် အာဒိတ္တပရိယာယ ဒေသနာတော်ဖြင့် ရသေ့ညီနောင် ရှင်တစ်ထောင်တို့ကို ရဟန္တာ ဖြစ်စေသည်။

ပြာသိုလပြည့်ကျော် (၁၃) ရက်နေ့ ညနေအချိန်တွင် ဘုရားရှင်သည် ရသေ့ညီနောင် ရှင်တစ်ထောင်တို့နှင့်အတူ ဂယာသီသမှ ရာဇဂြိုဟ်မြို့အနီး လဋ္ဌိဝ ဥယျာဉ်သို့ ကြွတော်မူသည်။

ဗိမ္ဗိသာရ ဘုရင်သည် ဘုရားရှင် ကြွလာကြောင်း သတင်းစကား ကြားရလျှင်ကြားရခြင်း ရာဇဂြိုဟ်မြို့သား ပုဏ္ဏားသူကြွယ် တစ်သိန်းမှ တစ်သောင်းနှင့်အတူ ဘုရားရှင်ထံသို့ လာရောက် တွေ့ဆုံဖူးမြော်သည်။

"ဘုရားရှင်နှင့် ဥရုဝေလကဿပ မည်သူက ဆရာဖြစ်ပြီး မည်သူက တပည့် ဖြစ်ပါလိမ့်မလဲ"

လူအများ ဖြစ်ပေါ်လာသော ယုံမှားသံသယကို ရှင်တော်ဘုရား၏ အမိန့်တော်ကို ဦးထိပ်ပန်ဆင်၍ ဥရုဝေလကဿပက ကင်းပျောက်အောင် ပြုလုပ်သည်။

ထို့နောက် ဘုရားရှင်က သစ္စာလေးပါး တရားကို အစဉ်အတိုင်း ဟောပြော်မူရာ ဗိမ္ဗိသာရမင်းနှင့်တကွ နောက်ပါပုဏ္ဏား သူကြွယ်တို့ သောတာပတ္တိဖိုလ် တည်ကြသည်။

ဗိမ္ဗိသာရမင်းသည် နောက်တစ်နေ့ ဘုရားရှင်ကို ဆွမ်းစားပင့်ပြီး ပြန်သွားသည်။ ပြာသိုလပြည့်နေ့ နံနက်ချိန်တွင် ဘုရားရှင်သည် ဗိမ္ဗိသာရမင်း၏ နန်းတော်သို့ ကြွ၍ ဆွမ်းဘုဉ်းပေးသည်။

ထို့နောက် ဘုရင် ဗိမ္ဗိသာရက ဘုရားရှင်ကို ဝေဠုဝန်ဥယျာဉ်နှင့် ကျောင်းကို လှူလိုကြောင်း လျှောက်ထားပြီး ကျောင်းဆောက်လှူလေသည်။

တပို့တွဲလဆန်း (၁) ရက် နံနက်အချိန်တွင် ဝေဠုဝန်ကျောင်း၌ ရဟန်းသံဃာများ အလယ်၌ ဘုရားရှင် သီတင်းသုံးစဉ် သာရိပုတ္တရာနှင့် မောဂ္ဂလာန်တို့သည် နောက်လိုက်နောက်ပါ ပရိဗိုဇ် (၂၅၀) နှင့်အတူ မိမိဆရာ သိဉ္စည်းထံမှ ထွက်လာခဲ့ကြသည်။

ရှင်မောဂ္ဂလာန်သည် တပို့တွဲလဆန်း ခုနစ်ရက်မှာ ရဟန္တာဖြစ်၍ ရှင်သာရိပုတ္တရာသည် တပို့တွဲလပြည့်နေ့၌ ရဟန္တာဖြစ်သည်။

ထိုတပို့တွဲ လပြည့်နေ့မှာပင် ဘုရားရှင်က ပထမသာဝက အစည်းအဝေးကို ပြုလုပ်သည်။ ထိုအစည်းအဝေးတွင် ဘုရားရှင် ဩဝါဒ ပါတိမောက်ကို စတင် မိန့်ကြားတော်မူသည်။

"အရာရာမှာ အနုစ်နာခံခြင်းဟူသော သည်းခံမှုသည် မွန်မြတ်သော အကျင့်ဖြစ်ပေသည်။ ဘုရားရှင်က နိဗ္ဗာန်ကို အမြတ်ဆုံးဟု ဟောတော်မူသည်။ သည်းခံမှု မရှိသည့်အတွက် သူတစ်ပါးကို သတ်ဖြတ်သော ပုဂ္ဂိုလ်သည် ရဟန်းအစစ် မဖြစ်နိုင်၊ သူတစ်ပါးကို ညှဉ်းဆဲသော ပုဂ္ဂိုလ်သည် ရဟန်း အစစ် မဖြစ်နိုင်။

"အလုံးစုံသော အကုသိုလ်ကို မပြုလုပ်ခြင်း
ကုသိုလ်ကို ပြည့်စုံစေခြင်း
မိမိစိတ်ကို ဖြူစင်စေခြင်း

ဤတရားသုံးမျိုးသည် ဘုရားရှင်တို့၏ အဆုံးအမတော် ဖြစ်သည်။

"နှုတ်ဖြင့် မစွပ်စွဲခြင်း၊
ကိုယ်စိတ်တို့ဖြင့် မညှဉ်းဆဲ၊ မနှိပ်စက်ခြင်း၊
ပါတိမောက္ခသီလ၌ စောင့်စည်းခြင်း၊
ဆွမ်းကို ခံယူသုံးဆောင်ခြင်း၌ အတိုင်းအရှည် ပမာဏ ကို သိခြင်း၊

အစွန်းအဖျား အနားကျ၍ ဆိတ်ငြိမ်သော ကျောင်း အိပ်ရာ နေရာ၌ ကိန်းအောင်းခြင်း၊

ဝိပဿနာ၏ အခြေခံဖြစ်သော လွန်ကဲသော သမာပတ် စိတ်၊ မဂ်စိတ်၊ ဖိုလ်စိတ်၌ လွန်စွာ ကြိုးစား အား ထုတ်ခြင်း၊

ဤတရားခြောက်မျိုးသည် ဘုရားရှင်တို့၏ အဆုံးအမ တည်း။”

ဘုရားရှင်သည် ဤမျှသော အချိန်ကာလဖြင့် လောက တွင် **သံဃာရတနာ** ဖြစ်ပေါ်လာအောင် ကြိုးစား ဆောင်ရွက် ခဲ့ပါသည်။

သံဃာရတနာ ဖြစ်ပေါ်လာပြီးနောက် မြတ်စွာဘုရား သည် သံဃာ အဖွဲ့အစည်းအနေဖြင့် လိုက်နာကျင့်သုံးရမည့် ဝိနည်းစည်းမျဉ်းဥပဒေများ အများအပြားကိုလည်း ပညတ် တော်မူခဲ့ပါသည်။

ထိုပညတ်ခဲ့သော ဝိနည်းတရားတော်သည် အကျဉ်းအား ဖြင့် (၂၂၇) ပါး၊ အကျယ်အားဖြင့် (၉၁၈၀၅၀၃၆၀၀၀) ကုဋေ ကိုးထောင်တစ်ရာ ရှစ်ဆယ်၊ ငါးသန်း သုံးသောင်းခြောက်ထောင် မျှ ရှိတော်မူပါသည်။

## ရဟန်းပြုခြင်း၏ အကြောင်းရင်း

မိလိန္ဒပဉှာတွင် ရှင်နာဂသေနရဟန်းဘဝ ရောက်ရပုံနှင့် ရှင်နာဂသေနကို မိလိန္ဒမင်းကြီးက ရဟန်းဘဝ ကျင့်စဉ်နှင့် ရဟန်းဘဝ ချမ်းသာမေး၍ ရှင်နာဂသေန၏ ဖြေပုံကို ကြည့်လျှင် ရဟန်းပြုခြင်း အကြောင်းရင်းကို သိရပါမည်။

အရှင်ရောဟဏ မထေရ်သည် ဟိမဝန္တာတောင် ဝဏ္ဏနိယကျောင်း၌ သီတင်းသုံးနေဆဲ အချိန်ဖြစ်ပါသည်။ အရှင်နာဂသေနလောင်းလျာ နာဂသေန သတို့သားသည် ဂဇင်္ဂလ ပုဏ္ဏားရွာ၌ ရှိနေသည်။ နာဂသေန ပုဏ္ဏားအနွယ်များထဲ၌ လူတတ်၊ လူမွန်၊ လူချွန်တစ်ဦး ဖြစ်ကြောင်းတို့နှင့် ဗုဒ္ဓသာသနာတော်အတွက် တောက်မည့်မီးခဲ ရဲရဲပင်ဖြစ်ကြောင်းကို အရှင်ရောဟဏမထေရ်က သိရှိထားလေသည်။ အနာဂါတ်ဘဝဖြစ်စဉ်ကိုလည်း သိထားတော်မူသည်။

သို့အတွက် အရှင်ရောဟဏ မထေရ်သည် နာဂသေနသတို့သား၏ ရှေ့တွင် ကိုယ်ထင်ပြလာသည်။ နာဂသေနသည် အားရွှင်လန်း ဝမ်းပန်းတသာဖြင့် မထေရ်ထံ ချဉ်းကပ်လာသည်။ နာဂသေနသည် မထေရ်ကို အသေအချာကြည့်ရင်း မည်သူနှင့်မျှ မတူသော အဝတ်အဆင်း၊ အနေအထိုင်၊ အသွားအလာများကို သတိထားကြည့်မိလေသည်။

နောက်တွင် သိလိုသော အကြောင်းအရာများကို အဆက်မပြတ် မေးလေသည်။

"အရှင် ... အရှင်သည် ဖန်ရည်ဆိုးအဝတ်ကို ဝတ်လျက်မည်သည့် လူမျိုးနွယ်တွင် ပါဝင်ပါသနည်း"

"သူငယ်...ငါသည် ရဟန်းမည်ပါ၏"

"အရှင် အဘယ်ကြောင့် ရဟန်းမည်ပါသနည်း"

"သူငယ် ... ငါသည် မကောင်းမှု အကုသိုလ် အညစ်အကြေး အမှုကိစ္စများကို နှင်ထုတ်ပြီးသောကြောင့် ရဟန်းမည်ပါ၏"

"သင်၏ ဆံပင်တိုကို အဘယ်ကြောင့် ကိုက်ဖြတ်ထားပါသနည်း။

"အခြားသူတို့၏ ဆံပင်များနှင့် အဘယ်ကြောင့်မတူရပါသနည်း။

"သူငယ် ... ငါသည် ဆံ၊ မုတ်ဆိတ်ကို ပယ်၍ ရဟန်းပြုနေပါ၏။ အမှန်စင်စစ် ခေါင်းပေါ်တွင် ပေါက်ရောက်သော ဆံပင်တို့သည် ကြောင့်ကြဖွယ်များနှင့် ပြည့်နှက်နေပါ၏။ အကယ်၍ မရိတ်ဖြတ်ဘဲ ထားပါက အမြဲတမ်း တန်ဆာဆင်ပေးရသည်။ ပြေပြစ်ချောမွေ့အောင် ပြုပြင်ပေးရ၏။ ဆီလိမ်းပေးရ၏။ ခေါင်းလျှော်ပေးရ၏။ ပန်းပန်ပေးရ၏။ အမွှေးအကြိုင် လိမ်းပေးရ၏။ တရော်ကင်ပွန်းများကို ရှာမှီးရ၏။

သဖန်းခါးသီး ရှာရ၏။ သျှိသျှားသီး ရှာရ၏။ သျှောင်ထုံးပေးရ၏။ ဆီဖြင့် ဖြီးပေးရ၏။ လှီး ဖြတ် သုတ်သင်ပေးရ၏။ သျှောင်ထုံးကို ပြန်ဖြေရ၏။ သန်းရှာ ပေးရ၏။ ဆံပင်များ ကျွတ်ပြုတ်ပါက စိုးရိမ်ပူပန် ပူဆွေးနေရ၏။ သူငယ် ... ငါသည် ဤကြောင့်ကြ စိုက်ရမှု (၁၆) ပါးကို ပြုလုပ်ရမည်စိုး၍ ဆံမုတ်ဆိတ်ပယ်ကာ ရဟန်းပြုနေ၏။ အခြားသူများနှင့် မတူညီဘဲ ရှိနေရပါ၏”

“အရှင် ... သင်၏ အဝတ်အဆင်းများကလည်း အခြား သူများနှင့် အဘယ်ကြောင့် ခြားနား ကွဲပြားနေပါသနည်း”

“သူငယ် ... လူတို့ ဝတ်ဆင်နေသော ရောင်စုံ အကြောင် အကြား အဝတ်အစားများသည်ကား လိုချင်တပ်မက်မှု လောဘ လျှင် အရင်းခံလျက် ရှိ၏။ အာရုံငါးပါးကို နိုးပေးနေသကဲ့သို့ ဖြစ်နေ၏။ ကာမဂုဏ် အပြစ်၌ မှီတွယ်နေ၏။ ယင်း အဝတ် အစားများကြောင့် ဖြစ်ပေါ်လာသော ဘေးရန်များကား များ ပြားလှချေ၏။ ဖန်ရည်ဆိုး အဝတ်သည်ကား ထိုကဲ့သို့ မဟုတ် ပေ။ မြင့်မြတ်သော အကျင့်တရားနှင့် ရဟန်းတရား အားထုတ် ပါမှ အကျိုးထူးတရားကို အလျင်အမြန် ရရှိနိုင်ပါ၏။ မည် သည့် ဘေးရန်မျှ ဝင်ရောက်မလာနိုင်ချေ။ ထို့ကြောင့် ငါ သည် လူတို့အဝတ်နှင့် ခြားနားကာ မတူညီဘဲ ဖြစ်နေရပါ သည်”

“အရှင် ... သင်သည် အတတ်ပညာများ တတ်ကျွမ်းပါ

၏လော”

“သူငယ် ... ငါသည် လောက၏ အတတ်ပညာတို့ကို လည်း တတ်ကျွမ်း၏။ လောကထက် လွန်သော မန္တန်ကို လည်း တတ်ကျွမ်း၏”

“အရှင် ... ကျွန်ုပ်အား သင်ကြားပေးနိုင်အံ့လော”

“သူငယ် ... ငါသည် သင်ကြားပေးနိုင်၏။ သို့သော် သင့်ကို မိဘတို့၏ ခွင့်ပြုချက်ဖြင့် ငါယူအပ်သော ရဟန်း အသွင်ကို ယူမှ မန္တန်ကို သင်ကြားပေးပါအံ့”

နောက်ပိုင်းတွင် အရှင်ရောဟဏသည် နာဂသေနသူငယ် အား မိဘတို့၏ ခွင့်ပြုချက်ဖြင့် ရှင်ပြုပေးသည်။ ဗုဒ္ဓ၏ မဟာ မန္တန်တော်ကြီးဖြစ်သော အဘိဓမ္မာ ပိဋကတ်တော်ကြီးကို တစ်ခေါက် ရွတ်ဆိုရုံမျှဖြင့် သင်ကြားပေးသည်။ ထိုအခါ ရှင် နာဂသေနက –

“အရှင် ဆိုင်းငံ့တော်မူပါဦး၊ မပြီးဆုံးပါစေနှင့်ဦး။ ပြန် လှန်၍ သရဇ္ဈာယ်ပါဦးအံ့” ဟု ပြောဆိုလေသည်။

ရဟန္တာများစွာတို့၏ အလယ်၌ အဘိဓမ္မာ ပိဋကတ် အားလုံးကို ကုသလာဓမ္မာ၊ အကုသလာဓမ္မာ၊ အဗျာကတာ ဓမ္မာ ဟူသော သုံးပုဒ်၌ ထည့်သွင်း၍ ခုနစ်လအတွင်း၌ပင် အကျယ်ရွတ်ဆို ပြီးဆုံးစေခဲ့သည်။

ထိုအခါ နတ်များက ကောင်းချီးပေးကြသည်။ မြေကြီး

တုန်လှုပ်သည်။ ပြဟ္မာကြီးများက နံ့သာပန်းမိုး ရွာသွန်းလေသည်။ ဇမ္ဗူဒိပ်ကျွန်းလုံး သိမ့်သိမ့်တုန်မျှ ရိုက်ခတ် ကျော်လွှား သွားခဲ့သည်။

ထိုအဖြစ်ကို မိလိန္ဒမင်းကြီးသည် သိရှိပြီး ကြည်ညိုလှသဖြင့် အရှင်နာဂသေနအား နန်းတော်သို့ ပင့်ဆောင်၍ ဆွမ်းဆက်ကပ်သည်။ သင်္ကန်းများ လှူပြီး သိလိုသော အချက်များကို မေးသည်။ ဆွေးနွေးသည်။

"အရှင်ဘုရား ... နာဂသေန၊ အဘယ်တရားမျိုး၌ စကားပြောဟောခြင်း ဖြစ်ပါသနည်း"

"မင်းကြီး၊ ရဟန်းတို့သည် လောကုတ္တရာ အကျိုးစီးပွားကို အလိုရှိကုန်၏။ အကျိုးစီးပွားနှင့် စပ်ယှဉ်သော အရာ၌သာ စကားပြောဟောခြင်း ဖြစ်ပါ၏"

"အရှင်ဘုရားတို့၏ ရဟန်းအဖြစ်သည် အဘယ် အကျိုးရှိပါသနည်း။ အရှင်ဘုရားတို့ တောင့်တအပ်သော မြတ်သော အကျိုးကား အဘယ်နည်း"

"ရဟန်းအဖြစ်သည် သံသရာဝဋ်ဆင်းရဲမှ ချုပ်ငြိမ်းခြင်း အကျိုး၊ဆင်းရဲဒုက္ခဟူသမျှ မဖြစ်ပေါ်ခြင်း အကျိုးရှိ၏။ ရဟန်းတို့မည်သည် တဏှာဒိဋ္ဌိ ကပ်ငြိစွဲလမ်းခြင်းမှ လွတ်မြောက်ခြင်းအကျိုးကို တောင့်တကြပါသည်"

"အရှင်ဘုရား ... ရဟန်းအားလုံးပင် ဤအကျိုးကို

တောင့်တ၍ ရဟန်းပြုကြပါသလော”

“မင်းကြီး ... အချို့သော ရဟန်းများသည် အခြားအကြောင်းများကြောင့် ရဟန်းပြုသော်လည်း များသောအားဖြင့်မူကား ဆိုခဲ့သော အကျိုးကို မျှော်မှန်း၍ ရဟန်းပြုကြခြင်း ဖြစ်ပါသည်”

“အရှင်ဘုရားသည် ဆိုခဲ့ပြီးသော အကျိုးအတွက် ရဟန်းပြုခြင်း ဖြစ်ပါသလော”

“မင်းကြီး ... ငါသည် ငယ်ငယ်ရွယ်ရွယ်မှပင် ရဟန်းပြုခဲ့၏။ နိဗ္ဗာန်အကျိုးငှာ ရဟန်းပြု၏ဟု ငါမသိခဲ့ပါ။ အမှန်အားဖြင့် ဤသကျနွယ်ဖွား ဘုရားသားတော်တို့သည် ပညာရှိကုန်၏။ ၎င်းတို့သည် ငါ့ကို ပညာသင်ကြားပေးလတ္တံ့ဟု အကြံဖြစ်မိ၏။ နောက်တွင် အတတ်ပညာများကို သင်ပေး၍ ငါသည် နိဗ္ဗာန်အကျိုးငှာ ရဟန်းပြု၏ဟု သိခဲ့ရပါ၏။ မြင်ခဲ့ရပါ၏”

“အရှင်နာဂသေန သင့်လျော် လျောက်ပတ်ပါ၏”

ဤနာဂသေန၏ မိန့်ကြားချက်ကို ကြည့်ပါက ဘုရား၏ သားတော်ရဟန်းများသည် –

- လောကထက် သာလွန်သော ပညာကို သင်ယူတတ်မြောက်လို၍လည်းကောင်း၊
- ကာမဂုဏ် အာရုံများ မဖြစ်ပွားစေလို၍ လည်း

ကောင်း၊

- သံသရာဝဋ်ဆင်းရဲများ ချုပ်ငြိမ်းစေလို၍ လည်း ကောင်း

ရဟန်းဘဝကို ခံယူကြကြောင်း ထင်ရှားလှပါသည်။

မည်သည့်ခေတ် မည်သည့်ဒေသတွင် ရောက်သည်၊ နေသည် ဖြစ်စေ ထိုအကျိုးတရားများကို ဆွတ်ခူးခံစားလို၍သာ ရဟန်းပြုကြခြင်း ဖြစ်ကြောင်း သိသာပါသည်။ လောက၏ အရှုပ်အထွေးများကို မလိုလား၊ လောကငြိမ်းချမ်းမှုကိုသာ လိုလား၍ ရဟန်းပြုခြင်း ဖြစ်သည်ဟု ဆိုရပါမည်။

## ယုံကြည်ချက် (သဒ္ဓါတရား) နှင့် ရှင်ရဟန်းပြုသူများ

ဂေါတမဘုရားသည် ဘုရားဖြစ်စေနိုင်သော ပါရမီတရားတို့ကို ဖြည့်ကျင့်လာခဲ့ရာ လူတို့သက်တမ်း အနှစ်တစ်ရာရှိသော အချိန်မှ ပါရမီ ပြည့်စုံ၍ အလွန်သက်တမ်းနည်းသော အချိန်အခါမှ ပွင့်လာရပါသည်။

လောကဝယ် အသက်တမ်း တိုသလောက် သတ္တဝါတို့၏သန္တာန်ဝယ် ရာဂ၊ ဒေါသ၊ မောဟ စသော ကိလေသာများ များပြားလာပါသည်။ တိုးပွားလာပါသည်။ အသိဉာဏ်ဘက်က အားနည်းလာပါသည်။

သို့အတွက် ဘုရားရှင်သည် (၄၅) ဝါပတ်လုံး တရား

တော်များကို မနားမနေ ဟောကြားတော်မူခဲ့ပါသည်။ ပရိနိဗ္ဗာန်စံဝင်သောအခါဝယ် ကိုယ်စားတော်အဖြစ် ဓမ္မက္ခန္ဓာပေါင်း (၈၄၀၀၀) ကို ထားခဲ့သည်။

ထိုဓမ္မက္ခန္ဓာ (၈၄၀၀၀) သည် ယနေ့ ဘုရားရှင်ကိုယ်စား သတ္တဝါတို့ အကျိုးစီးပွား အလို့ငှာ လမ်းညွှန်ပြသ ဆောင်ရွက်နေပါသည်။

ထိုဓမ္မက္ခန္ဓာ (၈၄၀၀၀) သည်ပင် ဓမ္မဝိနယမည်၍ ယင်းသည်ပင် ပရိယတ္တိသာသနာ မည်ပါသည်။

ယင်းဓမ္မဝိနယ (ပရိယတ္တိ) က ညွှန်ပြထားသမျှကို လိုက်နာ ကျင့်သုံးမှုသည် ပဋိပတ္တိ မည်ပါသည်။

ယင်းပဋိပတ္တိအကျင့်ဖြင့် ရအပ်၊ သိအပ်သော မဂ်ဖိုလ်စသော တရားထူးသည် ပဋိဝေဓသာသနာ မည်ပါသည်။

(ဤပဋိဝေဓ သာသနာသည် အကြောင်းအားလျော်စွာ ဖြစ်ပေါ်လာရသော အကျိုးသာသနာမျှသာ ဖြစ်ပါသည်။ ပြုပြင် ဖန်တီး၍ရသော သာသနာမျိုး မဟုတ်ပါ။)

ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာများသည် ဘုရားရှင်၏ သိမြင် နှံ့စပ် သဗ္ဗညုတဉာဏ်တော်မြတ်ကို အကြောင်းပြုကာ ဖြစ်ပေါ်လာရသည်ဖြစ်၍ ပင်ကိုယ်သဘာဝအားဖြင့် သန့်ရှင်းစင်ကြယ်သော၊ အညစ်အကြေး ကင်းစင်သော တရားတော်

များ ဖြစ်ပါသည်။

ထိုတရားများကို ထိန်းသိမ်း စောင့်ရှောက်ကြသော၊ ပြန့်ပွားအောင် ဟောကြားပို့ချကြသော သံဃာရတနာတည်းဟူသော သာသနာ့ဝန်ဆောင် ရဟန်း သာမဏေပုဂ္ဂိုလ်အချို့သည် ဓမ္မ ဝိနယကို လိုက်နာကျင့်သုံးမှု နည်းလာကြသည်။ ကိုယ်ကျင့်သီလ ယိုယွင်းလာကြသည်။ မလုပ်သင့်သည်ကို လုပ်လာကြသည်။ မပြောသင့်သည်ကို ပြောလာကြသည်။ မကြံသင့်သည်ကို ကြံစည်လာကြသည်။ လုပ်သင့်၊ ပြောသင့်၊ ကြံစည်သင့်သည်တို့ကို လျစ်လျူရှုလာ၍ သာသနာတော် ညစ်နွမ်းလာသည်။ ထိုသို့ ညစ်နွမ်းလာ၍ အခြားဘာသာဝင်တို့၏ အထင်သေး အမြင်သေးခံရပြီး သာသနာ အားလျော့လာသည်။ သာသနာတော် မသန့်ရှင်းမှုများ တိုးလာသည်။

ဘုရားရှင် သာသနာတော် သန့်ရှင်း တိုးတက်ထွန်းကား ပြန့်ပွားရေးတွင် သာသနာ့တာဝန်ကို အတွင်းကျကျ ထမ်းဆောင်နေကြသော ရဟန်းသာမဏေများနှင့် အားပေးကူညီ ထောက်ပံ့ကြသော ဒါယကာ ဒါယိကာမများပါ မိမိတို့ဆိုင်ရာ ကျင့်ဝတ်သီလများကို ဓမ္မဝိနယလမ်းညွှန်ထားသည့်အတိုင်း လိုက်နာကျင့်သုံးရန်သာ ဖြစ်ပါသည်။

ထို့တွင် သာသနာ့ဘောင်၌ အတွင်းဝန်ဆောင်ဖြစ်ကြ

သော ရဟန်း သာမဏေများသည် ပို၍ အဓိက ကျပါသည်။ သာသနာ့ကျက်သရေသည် ရဟန်းသာမဏေများအပေါ်၌ တည်နေပါသည်။ ရဟန်းသာမဏေများက ကျင့်ဝတ်သီလကို ဖြည့်ကျင့်သလောက် သာသနာတော်၏ အရှိန်အဝါသည် ထွန်းတောက်ပွင့်လင်းလာပါမည်။

သာသနာ့ဝန်ဆောင်ဖြစ်သော ရဟန်းသာမဏေများတွင် –

(၁) သဒ္ဓါတရားရှိ၍ ရဟန်းပြုသူ (သဒ္ဓါပဗ္ဗဇိတ)

(၂) သဒ္ဓါတရား မရှိဘဲ ရဟန်းပြုသူ

ဟူ၍ နှစ်မျိုး ရှိပါသည်။

သဒ္ဓါတရား ရှိ၍ ရဟန်းပြုသူသည် ဘဝ၏ ပဋိသန္ဓေ တည်နေရမှု၊ အိုရမှု၊ နာရမှု၊ သေရမှု စသော ဒုက္ခတို့၏ ကင်းဝေး ငြိမ်းအေးရာ အရဟတ္တမဂ်၊ အရဟတ္တဖိုလ်၊ နိဗ္ဗာန်ဟူသော ဦးတည် ရည်မှန်းချက် ထားရှိပြီး ရဟန်းပြုသူ ဖြစ်ပါသည်။

သဒ္ဓါတရားရှိ၍ ရဟန်းပြုသော အမျိုးကောင်းသားသည် မိမိတို့၏ ကာယကံမှု၊ ဝစီကံမှုတို့ကို အစွမ်းကုန် သန့်ရှင်း စင်ကြယ်စေသည့်ပြင် မနောကံပါ စင်ကြယ်လာအောင် ဒုတိယ အချက်အနေဖြင့် တရားတော်ကို သိရှိနားလည်အောင် ပရိယတ္တိကို သင်ယူသည်။ ထို့နောက် ကမ္မဋ္ဌာန်း ဝိပဿနာ တစ်ခုခု

3A

ကို အားထုတ်သည်။

ထိုသဒ္ဓါတရားနှင့်အညီ ရဟန်းပြုလာမှုနှင့် ပတ်သက်၍ ဘုရားရှင်သည် တစ်နေ့သောအခါ ကောသလတိုင်း နဠပါနက ရွာမှာ သီတင်းသုံးနေစဉ် လဟာပြင်၌ ရဟန်းအပေါင်း ခြံရံလျက် ထိုင်နေစဉ် ဤသို့မေးခဲ့သည်။ (မဇ္ဈိမပဏ္ဏာသပါဠိ ၁၂၅ ၄ – ၁၂၄)

"ရဟန်းတို့ အသို့နည်း။ ငါဘုရားကို ရည်ရွယ်ပြီး ယုံကြည်မှု (သဒ္ဓါတရား) နှင့် ရဟန်းပြုလာကြသော အမျိုးကောင်းသား သင်တို့တတွေသည် သာသနာတော်မှာ မွေ့လျော်ကြပါ၏လော"

ဘုရားရှင်၏ အမေးကို မည်သည့်ရဟန်းကမှ အဖြေမပေးပါ။ ဘုရားရှင်က သုံးကြိမ်တိတိ မေးသည်။ သုံးကြိမ်စလုံး ဖြေဆိုသူ ရဟန်း ပေါ်မလာပေ။

"ဤအမျိုးကောင်းသားတွေကို ဓမ္မဓိဋ္ဌာန် အနေနှင့် ငါဘုရား မမေးဘဲ ပုဂ္ဂိုလ်ကိုပဲ တိုက်ရိုက်မေးဦးမည်"

ဘုရားရှင်သည် ဤသို့ စဉ်းစားပြီးလျှင် ရှင်အနုရုဒ္ဓါ မထေရ်ကို တိုက်ရိုက်မေးသည်။

"အနုရုဒ္ဓါ ... အသို့နည်း သင်တို့တစ်တွေ သာသနာတော်မှာ မွေ့လျော်ကြပါ၏လော"

"မြတ်စွာဘုရား ... တပည့်တော်တို့ သာသနာတော်မှာ

အမှန်ပင် မွေ့လျော်ကြပါသည် ဘုရား”

“အနုရုဒ္ဓါ ... ကောင်းပေစွ၊ ကောင်းပေစွ၊ ယုံကြည်မှု သဒ္ဓါတရားနှင့် ရဟန်းပြုလာကြသော သင်တို့ အမျိုးကောင်း သားတွေရဲ့ သာသနာတော်မှာ မွေ့လျော်မှုဟာ သင့်တော်လှ ပါတယ်။

“အနုရုဒ္ဓါ ... သင်တို့ အရွယ်ကောင်းလေးတွေ၊ နုပျို ငယ်ရွယ်သူတွေ ဆံပင်နက်ပြောင်ပြီး ပထမအရွယ် ရှိသေးသူ တွေဟာ ကာမဂုဏ်ကို ခံစားသင့်ပါသည်။ သို့သော် သင်တို့ တစ်တွေသည် ဤအရွယ်ကောင်းတုန်းမှာပင် လူ့စည်းစိမ်ကို စွန့်ပစ်ထားပြီး ရဟန်းပြုလာကြသည်။

“သင်တို့သည် မင်းနှိပ်စက်၍ ရဟန်းပြုလာကြသည် မဟုတ်ကြ၊ ခိုးသား ဓားပြ နှိပ်စက်၍ ရဟန်းပြုလာကြသည် မဟုတ်ကြ၊ ကြွေးမြီ နှိပ်စက်၍ ရဟန်းပြုလာကြသည် မဟုတ် ကြ၊ ဘေးရန်နှိပ်စက်၍ ရဟန်းပြုလာကြသည် မဟုတ်ကြ၊ အသက်မွေးမှုကြပ်၍ ရဟန်းပြုလာကြသည် မဟုတ်ကြ။

“အမှန်မှာ ငါဟာ ပဋိသန္ဓေနေရခြင်း၊ အိုရခြင်း၊ နာရ ခြင်း၊ သေရခြင်း၊ ငိုကြွေးရခြင်း၊ ကိုယ်ဆင်းရဲခြင်း၊ စိတ်ဆင်းရဲ ခြင်း ပြင်းစွာ ပင်ပန်းရခြင်းတွေထဲမှာ နစ်မြုပ်နေရသည်၊ ဒုက္ခတွင်းမှာ နစ်မြုပ်နေရသည်၊ ဒုက္ခညှဉ်းပန်း နှိပ်စက်မှုကို ခံနေရသည်၊ ချမ်းသာဟူ၍ ဘာမျှ ရှာမရ၊ ဤဆင်းရဲထုကြီး ကို

ဖျက်ဆီးနိုင်တန်ရဲ့ ဤဆင်းရဲထုကြီး ကုန်ဆုံးနိုင်တန်ရာ ဆိုသော ရည်ရွယ်ချက်မျိုးနဲ့ သင်တို့တစ်တွေ ရဟန်းပြုလာ ကြသည် မဟုတ်ပါလော"

"မှန်ပါသည် မြတ်စွာဘုရား"

ရှင်အနုရုဒ္ဓါ၏ စကားအဆုံးတွင် ဘုရားရှင်က ယုံကြည်ချက်နှင့် ရဟန်းပြုသောသူသည် အဘိဇ္ဈာ ဗျာပါဒ စသော တရားဆိုးတို့၏ နှိပ်စက်ခံရမှုမှ လွတ်ကင်းမည့် အနည်းဆုံး ပဌမဈာန်၊ ဒုတိယဈာန်လောက် ရအောင် အားထုတ်သင့်ကြောင်း ဆက်လက် မိန့်ကြားတော်မူပါသည်။

အလားတူပင် အင်္ဂုတ္တိုရ် ပါဠိတော်၌ ယုံကြည်ချက်နှင့် (သဒ္ဓါပဗ္ဗဇိတ) ရဟန်းပြုသူများနှင့် ပတ်သက်၍ ဘုရားရှင် ကိုယ်တော်တိုင် ရှင်သာရိပုတ္တရာကို မိန့်ကြားထားသည်မှာ -

"သာရိပုတ္တရာ၊ အချို့သူတွေဟာ ယုံကြည်မှု (သဒ္ဓါတရား) မရှိကြ။ ယုံကြည်မှု မရှိဘဲ ဝမ်းရေးအတွက် ရဟန်းပြုလာကြသည်။ စဉ်းလဲဝတ်ကြသည်။ လှည့်ပတ်ဟန်ဆောင်တတ်ကြသည်။ ကောက်ကျစ်ကြသည်။ ပျံ့လွင့်ကြသည်။ ထောင်လွှားကြသည်။ လျှပ်ပေါ်လော်မာကြသည်။ အထင်ကြီး ဘဝင်မြင့်ကြသည်။ နှုတ်ထွက် ကြမ်းကြသည်။ တောင်စဉ်ရေမရ ပြောတတ်ကြသည်။ ဣန္ဒြေ စောင့်စည်းမှု မရှိကြ။ အစားအစာမှာလည်း အတိုင်းအရှည် ပမာဏကို မသိကြ။ နိုးကြား ထကြွမှုလည်း

မရှိကြ။ ရဟန်းအဖြစ်မှာ ငဲ့ကွက်မှုလည်း မရှိကြ။ သိက္ခာကျင့်ဝတ်များမှာ ထက်သန်မှု၊ ရိုသေမှုလည်း မရှိကြ။ ပစ္စည်းလေးပါး ပေါများအောင်သာ ကျင့်ကြသည်။ ပေါ့ပေါ့တန်တန် ကျင့်ကြသည်။ အောက်သို့ ဆွဲဆောင်သွားမည့် နီဝရဏ တရားတော်တွေကို ရှေ့တန်းတင်ကြသည်။ ဆိတ်ငြိမ်မှုမှာ တာဝန်မဲ့ ဖြစ်နေကြသည်။ ပျင်းရိကြသည်။ ယုတ်လျော့သော လုံ့လ ဝီရိယ ရှိကြသည်။ သတိလက်လွတ် ဖြစ်နေကြသည်။ ဆင်ခြင်ရာလည်း မရှိကြ။ တည်ကြည်မှုလည်း မရှိကြ။ ပျံ့လွင့်သော စိတ် ရှိကြသည်။ ပညာလည်း မရှိကြ။ သွားရည်တများများ ဖြစ်နေကြသည်။ မက်မောမှု ဖြစ်နေကြသည်။ ဤရဟန်းမျိုးတွေကို ထားပါဦး။

"သာရိပုတ္တရာ ... အမျိုးကောင်းသားတွေဟာ ယုံကြည်မှု သဒ္ဓါတရားများနှင့် ရဟန်းပြုလာကြသည်။ စဉ်းလဲမှု ကင်းကြသည်။ လှည့်ပတ်မှု ကင်းကြသည်။ တည်ကြည်ကြသည်။ မာန်မာနလည်း မရှိကြ။ လျှပ်ပေါ်လော်လည်မှုလည်း မရှိကြ။ တည်ကြည် လေးနက်ကြသည်။ နှုတ်ထွက်လည်း မကြမ်းကြ။ တောင်စဉ်ရေမရ ပရမ်းပတာ စကားမပြောကြ။ ဣန္ဒြေစောင့်စည်းမှုလည်း ရှိကြသည်။ စားရာမှာလည်း အတိုင်းအရှည် ပမာဏကို သိသည်။ နိုးကြား ထကြွမှုလည်းရှိသည်။ ရဟန်းအဖြစ်မှာလည်း ငဲ့ ကွက်မှု ရှိသည်။ အကျင့်သိက္ခာမှာလည်း ထက်မြက်လေးစားမှု

ရှိ သည်။ ပစ္စည်းလေးပါး ပေါများအောင်လည်း မကျင့်ကြ။ ပေါ့ လျော့မှုလည်း မရှိကြ။ အောက်သို့ဆွဲဆောင်မည့် နိဝရဏ တရားများကိုလည်း ရှေ့တန်းမတင်ကြ။ ဆိတ်ငြိမ်မှုမှာ ရှေ့သွား ခေါင်းဆောင် ဖြစ်ကြသည်။ အားထုတ်လုံ့လဝီရိယ ရှိကြသည်။ နိဗ္ဗာန်ကို စိတ်ဝင်စားကြသည်။ တည်တံ့သော သတိလည်း ရှိသည်။ ဆင်ခြင်ဉာဏ်လည်း ရှိသည်။ တည်ကြည်သည်။ စိတ် တည်ငြိမ်သည်။ ပညာရှိသည်။ သွားရည်တမျှားမျှားလည်း မဖြစ်ကြ။ ပစ္စည်းမက်မောမှု မရှိကြ။

"သာရိပုတ္တရာ၊ ဤသို့သဘောရှိသော ရဟန်းမျိုးတွေကို သင်က ပြောဆိုစမ်းပါ။ သီတင်းသုံးဖော်တွေကို မသူတော် တရားမှ ထ,စေပြီး သူတော်ကောင်းတရားများ တည်စေမယ် ဆိုသော စိတ်စေတနာမျိုးနဲ့ သီတင်းသုံးဖော်တွေကို ဆုံးမရ မည်၊ သွန်သင်ရမည်။ သာရိပုတ္တရာ သင်က သည်းခွာပဲ ကျင့် ရမည်။ ပရိယတ် – ပဋိပတ်ကို အမိက ထမ်းဆောင်နေကြ သော ရဟန်းသာမဏေများသည် ပရိယတ် ပဋိပတ်တာဝန်သာ အဓိက ဖြစ်သည်။ ရဟန်းသာမဏေများသည် ပရိယတ်၊ ပဋိပတ်မှတစ်ပါး အခြားလုပ်ငန်း တစ်စုံတစ်ရာ မရှိပါချေ"

အခြားလုပ်ငန်း ကျွမ်းကျင်တတ်မြောက်စေကာမူ ဘုရား ရှင်က ရဟန်းသာမဏေများအား ကိုယ်တိုင်လုပ်ကိုင် စား

သောက်ရန် ခွင့်မပြုချေ။ သို့ဖြစ်၍ ပစ္စည်းလေးပါးအတွက် ဒါယကာ၊ ဒါယိကာမတို့ကို မှီခိုရသည်။ သူတို့ထံမှ အပ်စပ်သော နည်းဖြင့် ခံယူစားသုံးနေရသည်။

ဒါယကာ၊ ဒါယိကာမတို့သည် မိမိတို့၏ စားဝတ်နေရေး နေထိုင်ရေး၊ ကျန်းမာရေးအတွက် ရှာဖွေ လုပ်ကိုင်နေရသည်။ တစ်ဘက်ကလည်း ရဟန်းသံဃာတော်များ ဓမ္မဝိနယကို အေးချမ်းစွာ အားထုတ်နိုင်ရန် မိမိတို့ စွမ်းအားအလျောက် ထောက်ပံ့လှူဒါန်း ကူညီနေကြသည်။

ဒါယကာ၊ ဒါယိကာမတို့သည် အချိန်ရှိသရွေ့ စီးပွားရှာနေရသည်။ ဓမ္မဝိနယကို လေ့လာခွင့် သင်ခွင့်မရကြ။ ထိုသူတို့ ပရိယတ်ကို နားမလည်လျှင် ပဋိပတ် ကျင့်စဉ်မှန်ကိုလည်း နားလည်နိုင်စရာ မရှိတော့ပေ။ ဓမ္မဝိနယ အသိတရားကို ရရန်မှာ ရဟန်းသာမဏေတို့အပေါ်မှာ မှီခိုနေရသည်။ ရဟန်း သာမဏေတို့ ဟောပြောပြသသည့်အတိုင်း လိုက်နာကျင့်သုံး နေထိုင်ကြရသည်။

သို့အတွက် ရဟန်းသာမဏေများသည် တစ်ဘက်ကသာသနာကို စောင့်ရှောက်သလို တစ်ဘက်ကလည်း မိမိတို့ကို ကျေးဇူးပြု ထောက်ပံ့နေသော ဒါယကာ၊ ဒါယိကာမတို့၏ ကောင်းကျိုးစီးပွားကို စောင့်ရှောက်လမ်းညွှန်ပေးရမည့် တာဝန်ရှိနေပါသည်။

ထို့ကြောင့် ရဟန်းသာမဏေများသည် အမှုမဲ့ အမှတ်မဲ့ မနေသင့်ပါ။ ၂ ငါသည် သဒ္ဒါတရားနှင့် ရဟန်းပြုသူ ဟုတ်မဟုတ်၊ ပရိယတ် ပဋိပတ်နှင့် ပြည့်စုံသူ ဟုတ်မဟုတ်၊ ကိုယ့်ကိုယ်ကို လေ့လာစုံစမ်း နေကြရပါမည်။ မပြည့်စုံ လိုနေမှု၊ ဟာနေမှု ရှိက မိမိအတွက်လည်း အကျိုးများ၊ မိမိကို မှီခိုဆည်းကပ် ကိုးကွယ်နေသော ဒါယကာ၊ ဒါယိကာမများလည်း အကျိုးများအောင် ပြုပြင် ဖြည့်စွက် ကြိုးစားအားထုတ်သင့်ကြပါသည်။

**ရှင်ရဟန်းတို့ သာသနာ့တာဝန်များ**

"ရဟန်းကိစ္စ၊ နှစ်ရပ်ရှိ၍၊ လုံ့လအားသည်း၊ ဟိတ်ဟန်ကြီး၍၊ ပစ္စည်းမသို၊ စိတ်မတို၊ ခင်ပျို ကြီးပွားကြောင်း"

(ဝိသုဒ္ဓါရုံဆရာတော်)

ဘုရားရှင်မြတ်၏ သာသနာတော်ဝယ် သဒ္ဓါတရားဖြင့် ရဟန်းအဖြစ်ကို ခံယူသော ပုဂ္ဂိုလ်သည် –

ဂန္ထဓုရ = ပိဋကတ်စာပေ သင်ကြားခြင်း

ဝိပဿနာဓုရ = တရားဓမ္မ အားထုတ်ခြင်း

ဟူသော ကိစ္စတာဝန်များကို ထမ်းဆောင် ဆောင်ရွက်ကြရပါမည်။

ထိုကိစ္စတာဝန်မှ တစ်ပါးသော ကိစ္စတာဝန်များသည်ကား ရဟန်းကိစ္စ မဟုတ်။ ပြင်ပ ပလိဗောဓများသာ ဖြစ်ပါသည်။

## ဂန္ထဓုရ - ပိဋကတ်ကျမ်းဂန်စာပေ သင်ခြင်းဟူသည်

ရဟန်းပုဂ္ဂိုလ်၏ ဂန္ထဓုရကိစ္စနှင့် ပတ်သက်၍ ဓမ္မပဒအဋ္ဌကထာ (ပ - ၅) သုတ္တနိပါတအဋ္ဌကထာ (ပ - ၁၉၃) ၌ -

မိမိတို့၏ ပညာစွမ်းရည် သတ္တိရှိသည့်အားလျော်စွာ

- တစ်ပါးသော နိကာယ်ကိုလည်းကောင်း
- နှစ်ပါးသော နိကာယ်ကိုလည်းကောင်း
- သုံးလေးပါးသော နိကာယ်ကိုလည်းကောင်း
- နိကာယ်ငါးရပ်လုံးတို့ကို လည်းကောင်း

ဆရာကောင်းထံ နည်းနာခံ၍ သင်အံ လေ့ကျင့်ပြီးလျှင် ထိုပန်ကြားအပ်ပြီးသော ကျင့်ဝတ်တို့ကို မပျောက်မပျက်ရလေအောင် သင်အံပို့ချခြင်း၊ နှုတ်တွင် ဆောင်ထားခြင်းများသည် ဂန္ထဓုရကိစ္စမည်၏ဟု ဖွင့်ဆို ရှင်းပြထားပါသည်။

ထိုဂန္ထဓုရ အားထုတ်ရမည့် အချိန်ကာလနှင့် ပတ်သက်၍ ပါထိကဝဂ္ဂသံဂီတိသုတ် အဋ္ဌကထာ (စာ - ၂၂၂)အဖွင့်၌ -

- ဉာဏ်ပညာ ထက်သန်သော ရဟန်းသည် ရဟန်းအဖြစ်သို့ ရောက်လာသည်မှ စ၍ ငါးဝါရသည်

တိုင်အောင် ပါဠိအားလုံး နှုတ်ငုံရအောင် သင်ကြားရမည်။

- ဉာဏ်ရှိသော ရဟန်းသည် ဆယ်ဝါရသည့်တိုင်အောင် ပါဠိအားလုံး နှုတ်ငုံရအောင် သင်ကြားရမည်။
- ရဟန်းတို့သည် အထက်ပါဉာဏ်ထက် ဉာဏ်နုံ့သတ်မှတ်ချက်အတိုင်း ပါဠိတော် အဋ္ဌကထာ၊ ဋီကာကျမ်းကြီးများကို အနက်အဓိပ္ပာယ်၊ အဖွင့်သံဝဏ္ဏနာ၊ ဝိနိစ္ဆယ အဆုံးအဖြတ်များနှင့်တကွ အထွက်၊ အတက်စုပ်စောဒနာ ကျမ်းရိုး ကျနအောင် သင်ကြားလေ့လာ အားထုတ်ရသည်။
- ဉာဏ်ထက်သော ပုဂ္ဂိုလ်အား (၁၀) ဝါ ရပြီးနောက် ဉာဏ်နုံ့သော ပုဂ္ဂိုလ်အား ဝါ (၂၀) ရပြီးနောက်တွင် သမထ၊ ဝိပဿနာကို လွန်စွာ ကြိုးကုတ် အားထုတ်ရသည်။

ထိုဂန္ထဓုရ၊ ဝိပဿနာဓုရ အားထုတ်ရာကို ခွဲခြားသိသော ပုဂ္ဂိုလ်ကို အချိန်ကာလကို သိသောပုဂ္ဂိုလ် (ကာလညူပုဂ္ဂိုလ်) ဟူ၍ ဘုရားရှင်က ဟောကြားခဲ့သည်။

ထို့ကြောင့် ရဟန်းများသည် အလိုမပြီး အချည်းနှီး

သော မောဟကာလဖြင့် မကုန်ခန်းစေဘဲ ကာလကို ပိုင်းခြား၍ သိရမည်ဟု ဟောဖော်ထားသည်ကို တွေ့ရမည် ဖြစ်ပါသည်။

ထို့ကြောင့် ရဟန်းဟူသမျှတို့သည် ဂန္ထဓုရကို မလွဲမသွေ သင်ကြားရမည် ဖြစ်ပါသည်။

## ဂန္ထဓုရ အားထုတ်သင်ကြားခြင်းနည်းသုံးသွယ်

ဂန္ထဓုရဟူသော ပရိယတ္တိကိစ္စကို အားထုတ် သင်ကြားရာမှာလည်း -

(၁) မြွေဖမ်းသမားလျှင် ဥပမာရှိသော အလဂဒ္ဒူပမာ သင်ကြားခြင်း၊

(၂) သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်စေခြင်းငှာ ဟူသော နိဿရဏတ္ထ သင်ကြားခြင်း၊

(၃) ဘဏ္ဍာစိုးကဲ့သို့ ထိန်းသိမ်းခြင်းဟူသော ဘဏ္ဍာဂါရိက သင်ကြားခြင်း။

ဟူ၍ သင်ကြားခြင်း သုံးပါးရှိသည်။

### (၁) အလဂဒ္ဒူပမာ သင်ကြားခြင်း

သူတစ်ပါးကို ချုပ်ခြယ် လွှမ်းမိုးလို၍ သင်ကြားခြင်း

ကို အလင်္ကာဒ္ဒပမာ သင်ကြားခြင်းဟု ခေါ်သည်။

မြွေဖမ်းယောက်ျား အလမ္ဗာယ်သမားသည် မြွေကို မဖမ်းတတ် မကိုင်တတ်လျှင် ထိုမြွေခဲ၍ သေခြင်းသို့ လည်းကောင်း၊ သေလောက်နီးပါး ဒုက္ခများသို့ သော်လည်းကောင်း ရောက်တတ်လေသည်။ ထို့အတူ ပရိယတ္တိဓမ္မကို သင်ကြားသောသူသည်လည်း မသင်ကြားတတ်လျှင် သင်ကြားရခြင်း၏ အကျိုးထူးကို မခံစားရဘဲ ထိုသင်ကြားသော ပရိယတ္တိဓမ္မကို အကြောင်းခံ၍ ပျက်စီးခြင်းသို့ ရောက်တတ်သည်။ ဓမ္မအတ္ထတို့၌ ကျနစွာ သင်ကြားခြင်း မရှိသဖြင့် အဓိပ္ပာယ် အယူအဆ သဘောမထိဘဲ အကျင့်လွဲ၍ ပျက်စီးတတ်သည်ဟု ဆိုလိုသည်။

## (၂) နိဿရဏတ္ထ သင်ကြားခြင်း

နိဿရဏတ္ထ သင်ကြားခြင်း ဆိုသည်ကား ဘုရားစကားတော်ဟူသော ပရိယတ္တိကို သင်ကြားရာတွင် သီလကို ဟောကြားသော အရာဌာနနှင့် သီလကို ဖြည့်ကျင့်၍ သမာဓိကို ဟောကြားသော အရာဌာနနှင့် မဂ်ကို ပွားအံ့၊ ဖိုလ်ကို မျက်မှောက်ပြုအံ့ဟု နှလုံးပိုက်၍ သင်ကြားခြင်းပင်တည်း။ ထိုသို့ နှလုံးသွင်း၍ သင်ကြားခြင်းသည်သာလျှင် နိဿရဏတ္ထ သင်ကြားခြင်း မည်၏။

## (၃) ဘဏ္ဍာဂါရိက သင်ကြားခြင်း

ဘဏ္ဍာဂါရိက သင်ကြားခြင်း ဆိုသည်ကား မြတ်စွာဘုရား စကားတော်ဟူသော ပါဠိအစဉ် မပျောက်မကွယ် စိမ့်သောငှာ မြတ်စွာဘုရား၏ အနွယ်အဆက် မပျက်စိမ့်သောငှာ စောင့်ရှောက်သောအားဖြင့် သင်ကြားခြင်းသည် ဘဏ္ဍာဂါရိက သင်ကြားခြင်း မည်၏။ ဤဘဏ္ဍာဂါရိက သင်ကြားခြင်းမျိုးကို ရဟန္တာ အရှင်မြတ်တို့အားသာ ရသင့်လေသည်။ ယခုအခါ ဘုရားစကားတော် အနွယ်အဆက် မပျောက်ကွယ်စေခြင်းငှာ နှလုံးပြု၍ သင်ကြားသော ပုဂ္ဂိုလ်တို့မှာ နိဿရဏတ္ထ သင်ကြားခြင်းမျိုးထဲ သို့ ထည့်သွင်းရလေသည်။

## ပရိယတ္တိကို သင်ကြားရခြင်းအကျိုး

(၁) ဝိနည်း ပိဋကတ်ကို သင်ကြားရခြင်းသည် ဝိနည်းအရာ၌ လိမ္မာ၍ မိမိ၏ သီလလည်း ကောင်းစွာ လုံခြုံခြင်း ရှိလေသည်။

(၂) ကုက္ကုစ္စဖြင့် နှိပ်စက်ကုန်သော ရဟန်းတို့၏ ကိုးကွယ်ရာ၊ မှီခိုရာ၊ အားထားရာလည်း ဖြစ်လေသည်။

(၃) သံဃပရိသတ်အလယ်၌လည်း ကြောက်ရွံ့ခြင်း မရှိ ပြောဆို ဆုံးဖြတ်ဝံ့လေသည်။

(၄) သာသနာတော်၏ ရန်သူဖြစ်ကုန်သော ပုဂ္ဂိုလ်တို့ကိုလည်း အကြောင်းပြု၍ ကောင်းမွန်စွာ နှိမ်နင်းနိုင်လေသည်။

(၅) သာသနာတော် သုံးပါး အစွန့်ရှည်စွာ တည်တံ့ခိုင်မြဲစေခြင်းငှာ ကျင့်နိုင်သည်လည်း ဖြစ်လေသည်။

ဤသို့ အကျိုးငါးပါး ရရှိ၏။

ထို့ပြင် ပရိယတ္တိ သင်ယူခြင်းနှင့် ပတ်သက်၍ ပရိဝါပါဠိတော် (၂၃၆–၃၂၀) ၌ –

- ဝိနည်းကို ကောင်းစွာ သင်ယူ၍ ကောင်းစွာ ကျင့်သော ရဟန်းသည် သီလပြည့်စုံခြင်းကို အမှီပြု၍ တေဝိဇ္ဇပတ္တ ရဟန္တာအဖြစ်သို့ ရောက်နိုင်သည်။ ဝိနည်း ပိဋကတ်၊ ဝိနည်းအကျင့်သည် ဝိဇ္ဇာသုံးပါးကို ရခြင်း၏ အခြေခံ ပိဋကတ်၊ အခြေခံ အကျင့်မြတ် ဖြစ်သည်။
- သုတ္တန်ပိဋကတ်ကို ကောင်းစွာ သင်ယူ၍ သုတ္တန်၌ ကောင်းစွာကျင့်သော ရဟန်းသည် သမာဓိနှင့် ပြည့်စုံနိုင်သည်။

သမာဓိ ပြည့်စုံခြင်းကို အကြောင်းပြု၍ ဆဠာဘိညာ ရဟန္တာအဖြစ်သို့ ရောက်နိုင်လေသည်။

သုတ္တန် ပိဋကတ်၊ သုတ္တန်အကျင့်သည် ခြောက်ပါးသော အဘိညာဉ်ကို ရနိုင်ခြင်း၏ အကြောင်းအခြေခံ ပိဋကတ် အခြေခံ အကျင့်မြတ် ဖြစ်သည်။

- အဘိဓမ္မာ ပိဋကတ်ကို ကောင်းစွာ သင်ယူ၍ အဘိဓမ္မာ၌ ကောင်းစွာ ကျင့်သော ရဟန်းသည် ပညာနှင့်ပြည့်စုံ၏။

ပညာ၏ ပြည့်စုံခြင်းကို အမှီပြု၍ ပဋိသမ္ဘိဒါပတ္တ ရဟန္တာအဖြစ်သို့ ရောက်နိုင်လေသည်။

အဘိဓမ္မာ ပိဋကတ်၊ အဘိဓမ္မာအကျင့်သည် လေးပါးသော သမ္ဘိဒါကို ရနိုင်ခြင်း၏ အခြေခံ ပိဋကတ်၊ အခြေခံ အကျင့်မြတ် ဖြစ်လေသည်ဟု ဘုရားရှင် ဟောကြားထားသည်ကို တွေ့ရပါသည်။

## သင်ကြားမှုမဟုတ်က ပျက်စီးတတ်သည်

အပြစ်အားလျော်စွာ ဆုံးမတတ်သည်ဖြစ်၍ 'ယထာပရာဓသာသနာ'ဖြစ်သော ဝိနည်းပိဋကတ်၌ ဘုရားဟောတော်မူလိုရင်းဖြစ်သော ဝိနည်းဒေသနာနည်း ကျနအောင် ကောင်းစွာ

သင်ယူခြင်း မရှိသဖြင့် ဝိနည်းပိဋကတ်၌ ဟောလိုရင်းနည်းကို မသိ သောသူသည် မကြာမြင့်မီ သီလပျက်စီးခြင်းသို့ ရောက်တတ်လေသည်။

သတ္တဝါတို့၏ စရိုက် နှလုံးသွင်းအားလျော်စွာ ဆုံးမတတ်သည် ဖြစ်၍ 'ယထာနုလောမသာသနာ' ဖြစ်သော သုတ္တန် ပိဋကတ်၌ ဘုရားဟောတော်မူလိုရင်းဖြစ်သော သုတ္တန်နည်း ကျနအောင် ကောင်းစွာ သင်ယူခြင်း မရှိသဖြင့် သုတ္တန် ပိဋကတ်၌ ဟောလိုရင်းနည်းကို မသိသောသူသည် မကြာမြင့်မီ မိစ္ဆာဒိဋ္ဌိ အဖြစ်သို့ ရောက်တတ်လေသည်။

ရုပ်နာမ်ဓမ္မ အစုမျှ၌ 'ငါ – ငါ၏ ဥစ္စာ" စသည်ဖြင့် စွဲလန်းလျက်ရှိသော သတ္တဝါတို့ကို 'ငါမရှိ၊ သူမရှိ၊ ပုဂ္ဂိုလ်မရှိ၊ သတ္တဝါမရှိ၊ ယောကျ်ားမရှိ၊ မိန်းမ,မရှိ' ဟု ဟုတ်မှန်သည့်အတိုင်း ဆုံးမတတ်သည်ဖြစ်၍ 'ယထာဓမ္မသာသနာ' ဖြစ်သော အဘိဓမ္မာ ပိဋကတ်၌ ဘုရားဟောတော်မူလိုရင်း ဖြစ်သော အဘိဓမ္မာနည်း ကျနအောင် ကောင်းစွာသင်ယူခြင်း မရှိသဖြင့် အဘိဓမ္မာ ပိဋကတ်၌ဟောလိုရင်းနည်းကို မသိသောသူသည် မိမိတို့၏ ဉာဏ်ဖြင့် မလိုက်နိုင်၊ မနိုက်နိုင်၊ မမီနိုင်သော အရာဌာန၌ ကြံဆသဖြင့် လိုရင်းသဘာဝသို့ မရောက်ဘဲ စိတ်ပျံ့လွင့်၍ ပျက်စီးခြင်းသို့ ရောက်တတ်သည်။

ထို့ကြောင့် ဝိနည်း၌ ဟောတော်မူလိုရင်း သဘော၊ သုတ္တန်၌ ဟောတော်မူလိုရင်းသဘော၊ အဘိဓမ္မာ၌ ဟောတော်မူလိုရင်းသဘော အသီးသီးကို သိရှိအောင် သင်ယူကြည့်ရှုသင့်ကြလေသည်။

- ဝိနည်းပိဋကတ် ဒေသနာတော်ကိုကား ကရုဏာပြဋ္ဌာန်း၍ ဟောတော်မူ၏။
- သုတ္တန်ပိဋကတ် ဒေသနာတော်ကိုကား ကရုဏာ၊ ပညာ နှစ်ပါး ပြဋ္ဌာန်း၍ ဟောတော်မူ၏။
- အဘိဓမ္မာ ပိဋကတ်ဒေသနာတော်ကိုကား ပညာပြဋ္ဌာန်း၍ ဟောတော်မူ၏။

**ဝိပဿနာဓုရ**

ဉာဏ်ပညာ ထက်မြက်သော ရဟန်းကား (၁၀) ဝါရပြီးနောက်၊ ဉာဏ်ပညာ နုံ့သော ပုဂ္ဂိုလ်ကား ဝါ (၂၀) ရပြီးနောက် သမထ ဝိပဿနာ နှစ်ဖြာသော ဘာဝနာကို ကျင့်ကြံအားထုတ်ရမည်ဟု ဆိုခဲ့ပါသည်။

ဝိပဿနာဓုရကိစ္စဟူသည်ကား –

- ဆရာ ဥပဇ္ဈာယ်တို့ထံ၌ ငါးဝါပတ်လုံးနေ၍ ဥပဇ္ဈာယ် ဆရာတို့အား ပြုအပ်သော ဝတ်ကြီး

ဝတ်ငယ်ကို ပြုပြီးလျှင် ပါတိမောက်ကို လည်းကောင်း၊ ကမ္မဋ္ဌာန်းနှင့် ဆိုင်ရာ သုတ်ပါဠိတော်များကိုလည်း နှစ်ဘာဏဝါရ သုံးဘာဏဝါရမျှလောက် ရအောင် လေ့လာ၍ စင်ကြယ်သော သီလ၌ တည်ရမည်။

- ဗလိဗောဓကြီး ဆယ်ပါးကိုလည်း ဖြတ်တောက်ရမည်။
- ကမ္မဋ္ဌာန်း ပေးတတ်သော ပိယ ဂရုဘာဝနီယ စသော ဂုဏ်အင်္ဂါနှင့် ပြည့်စုံသော ဆရာကောင်းထံသို့ ကပ်ကာ မိမိ စရိုက်အား လျော်သော ကမ္မဋ္ဌာန်းကို ယူပြီးလျှင် ဆိတ်ငြိမ်ရာသို့ ချဉ်းကပ်ပြီး မဂ်ဖိုလ်ရအောင် ကျင့်ကြံအားထုတ်ရပါမည်။

ယင်းသည်ကား ဝိပဿနာဓုရကိစ္စပင် ဖြစ်ပါသည်။

ဤအချိန်ကား ကျမ်းဂန်စာပေ သင်ရမည့် ကာလ၊ ဤအချိန်ကား သမထ ဝိပဿနာ နှစ်ဖြာသော ဘာဝနာကို လွန်စွာ ကြိုးကုတ် အားထုတ်ရမည့် အချိန်အရွယ်တည်းဟု ဂန္ထဓုရ၊ ဝိပဿနာဓုရ အားထုတ်ရမည့် အချိန်ကာလကို ပိုင်းခြားသိသော ရဟန်းပုဂ္ဂိုလ်ကို ကာလညူပုဂ္ဂိုလ်ဟူ၍ ဘုရားရှင် ဟောကြားခဲ့သည်။

ဤအချိန်ကား စားချိန်ကာလ၊ ဤအချိန်ကား အိပ်ရန်ကာလ၊ ဤအချိန်ကား ပရိယတ်၊ ပဋိပတ် အားမထုတ်ဘဲ မြို့ရွာထဲသို့ သွားရန်ကာလ၊ လူတို့အမှုကိစ္စ ဆောင်ရွက်ပေးရန် ကာလ စသည်ဖြင့် အချည်းနှီးကာလကို သိသော ရဟန်းကို ကာလညူရဟန်းဟူ၍ ဘုရား မဟောခဲ့ပေ။ ထိုရဟန်းကို မောဃပုရိသ မဂ်ဖိုလ်မှ အချည်းနှီး ရဟန်းဟူ၍သာ ဟောသည်။

သို့အတွက် ရဟန်းတို့သည် သာသနာ့ဘောင်ဝယ် ဘုရားစကားကို နားထောင်၍ မိမိလည်း အကျိုးပြီးမြောက်၊ ပစ္စည်းလေးပါး ဒါယကာတို့လည်း အကျိုးကြီးရောက်၍ ခံစားနိုင်ရန် ဂန္ထဓုရ ဝိပဿနာဓုရကို ကြိုးစားအားထုတ်၍ နေသင့်ကြပေသည်။

## ရှင်ရဟန်းတို့၏ မြတ်သောအကျင့်များ

သာသနာတော်အတွင်း ဝင်လာကြသော ရဟန်း သာမဏေ များသည် ရှင်ရဟန်းနှင့် သင့်တော်သော အကျင့်ကို ကိုယ်ပိုင် ဉာဏ်နှင့် မြင်အောင်ကြည့်၍ ကျင့်ဆောင် အားထုတ်ရပါမည်။ ဤသာသနာတော်အတွင်းဝယ် ရှင်ရဟန်းများသည် -

အဆွေခင်ပွန်းကောင်းကို မှီခို ဆည်းကပ်နိုင်ကြသည်။ ကြီးကျယ် မြင့်မြတ်သော နိဗ္ဗာန်သို့ ပို့ဆောင်တတ်သော –

– အဓိသီလသိက္ခာ

– အဓိစိတ္တသိက္ခာ

– အဓိပညာသိက္ခာ

ဟူသော သိက္ခာသုံးပါးကို လွယ်လွယ်ကူကူ ခံယူ ဆောက်တည်နိုင်ပါသည်။

အဓိသီလသိက္ခာဆိုသည်မှာ – ပါတိမောက္ခသံဝရသီလ

အဓိစိတ္တသိက္ခာဆိုသည်မှာ – ဈာန်သမာဓိနှင့်ယှဉ်သောစိတ်

အဓိပညာသိက္ခာဆိုသည်မှာ – ဝိပဿနာမဂ်ပညာ

ဤသိက္ခာသုံးပါး မဖြစ်သေးလျှင် ဖြစ်အောင်၊ မပြည့်သေးလျှင် ပြည့်အောင် အားထုတ်ခြင်းကိုပင် သိက္ခာသုံးပါး ဖြည့်ကျင့်သည်ဟု ဆိုပါသည်။

စီးပွားရေးလုပ်ခြင်း၊ လူမှုရေးကိစ္စ ဆောင်ရွက်ခြင်း၊ ဆေးဝါးကု၊ ဗေဒင်ဟော စသည်များသည် ရှင်ရဟန်း၏ အလုပ် မဟုတ်ပါချေ။ ထိုအလုပ်များကို လုပ်ခြင်းဖြင့် ရှင်ရဟန်း၏ နိဗ္ဗာန်ချမ်းသာ ပန်းတိုင်သို့ ရောက်နိုင်မည် မဟုတ်ချေ။

ထိုသို့ ကျင့်ရာဝယ် မိမိကိုယ်တိုင် ကျင့်စဉ်ကျင့်နည်းများကို မသိနိုင်သေးက ဆရာ ဥပဇ္ဈာယ်တို့၏ ဆိုဆုံးမစကား

ကို လိုက်နာမှတ်သား နာယူပြီး ကျင့်ကြံကြိုးကုတ် အားထုတ်ကြရပါမည်။

သို့မှသာ ကိလေသာငြိမ်းအောင် ကျင့်သော ရှင်ရဟန်းမြတ် ဖြစ်ပါမည်။

ရဟန်းမြတ်တို့၏ မြတ်သောအကျင့်နှင့် ပတ်သက်၍ ဘုရားရှင်သည် မဟာသမယ အခါတော်၌ ရာဂစရိက်အားကြီးသော နတ်, ဗြဟ္မာတို့အား ရည်ရွယ်၍ ဟောကြားတော်မူအပ်သော သုတ္တနိပါတ်၊ စူဠဝဂ်သမ္မာပရိဗ္ဗာဇနိယသုတ်၌ -

"ကာမဂုဏ်တို့ကို ပယ်စွန့်၍ အိမ်ရာတည်ထောင် လူ့ဘောင်မှ ထွက်သော ထိုရဟန်းသည် အဘယ်သို့ လောက၌ ကောင်းစွာ ကျင့်ရာဟူသနည်း"

ဟု မေးခွန်းနှင့် ပတ်သက်၍ ရဟန်းမြတ်တို့၏ လောက၌ ကောင်းစွာ ကျင့်အပ်သော အကျင့်တို့ကို ဘုရားရှင်က ဟောကြား အဖြေပေးခဲ့ပါသည်။

"အကြင်ရဟန်းသည် ဒိဋ္ဌ၊ သုတ စသော မင်္ဂလာတို့ကို လည်းကောင်း ဥပ္ပါတကျမ်း၊ အိပ်မက်ကျမ်း၊ လက္ခဏာကျမ်း တို့၌ ယုံကြည်ခြင်းတို့ကို လည်းကောင်း ကောင်းစွာ ပယ်အပ်၏။ ဒိဋ္ဌ၊ သုတ စသော မင်္ဂလာအပြစ်ကို ပယ်ပြီးသော ထိုရဟန်းသည် လောက၌ ကောင်းစွာ ကျင့်ရာသည် မည်ပါ၏"

"အကြင်ရဟန်းသည် လူ၌ဖြစ်သော ကာမဂုဏ်တို့၌ လည်းကောင်း၊ နတ်၌ဖြစ်သော ကာမဂုဏ်တို့၌လည်းကောင်း တပ်ခြင်း (ရာဂ) ကို ပယ်ဖျောက်ရာ၏။ ထိုရဟန်းသည် သစ္စာတရားကို ဉာဏ်ဖြင့် သက်ဝင်လျက် ဘဝကို လွန်မြောက်၍ လောက၌ ကောင်းစွာကျင့်ရာသည် မည်ပါ၏။

"အကြင်ရဟန်းသည် ကုန်းတိုက်ခြင်းတို့ကို နောက်ကျော ပြု၍ အမျက်ထွက်ခြင်း၊ ဝန်တိုခြင်းတို့ကို ပယ်စွန့်ရာ၏။ နှစ်သက်သော ဝတ္ထု၊ မနှစ်သက်သော ဝတ္ထုတို့၌ ရာဂ ဒေါသ ကို ပယ်၏။ ထိုရဟန်းသည် လောက၌ ကောင်းစွာ ကျင့်ရာသည် မည်ပါ၏။

"အကြင်ရဟန်းသည် ချစ်အပ်သည်ကို လည်းကောင်း၊ မချစ်အပ်သည်ကို လည်းကောင်း ပယ်စွန့်၍ တစ်စုံတစ်ခုသော အာရုံ၌ မစွဲလန်း မမှီမူ၍ သံယောဇဉ်၏ အာရုံတရားတို့မှ လွတ်၏။ ထိုရဟန်းသည် လောက၌ ကောင်းစွာ ကျင့်ရာသည် မည်ပါ၏။

"အကြင်ရဟန်းသည် စွဲလမ်း၍ ယူအပ်သော ခန္ဓာကိုယ်၌ ဆန္ဒရာဂကို ပယ်ဖျောက်၍ ခန္ဓာဟူသော ဥပဓိလေးပါး ဖြစ်သော –

(က) အာရုံငါးပါး ကာမဂုဏ်တရားဟူသော ကာမုပဓိ

(ခ) ခန္ဓာငါးပါးသည် ခန္ဓုပဓိ
(ဂ) ရာဂ, ဒေါသ စသော ကိလေသာတို့သည် ကိလေသုပဓိ
(ဃ) ကုသိုလ်ကံ၊ အကုသိုလ်ကံဟူသော သင်္ခါရတို့သည် အဘိသင်္ခါရုပဓိ

တို့၌ အနှစ်ဟု ယူခြင်းသို့ မရောက်။

ထိုရဟန်းသည် တဏှာ၊ ဒိဋ္ဌိတို့ကို မမှီဘဲ မသ်အပ်သေးသည်ကို ကောင်းစွာသိ၏။ ထိုရဟန်းသည် လောက၌ ကောင်းစွာ ကျင့်ရာသည် မည်ပါ၏။

"အကြင်ရဟန်းသည် တရားကို ကောင်းစွာသိ၍ နှုတ်ဖြင့်လည်းကောင်း၊ စိတ်ဖြင့် လည်းကောင်း၊ ကိုယ်အမှုဖြင့်လည်းကောင်း မဆန့်ကျင်၊ နိဗ္ဗာန်ကို အလွန်တောင့်တ၏။ ထိုရဟန်းသည် လောက၌ ကောင်းစွာ ကျင့်ရာသည် မည်ပါ၏။

"အကြင်ရဟန်းသည် အကြင်သူသည် ငါ့ကို ရှိခိုး၏ဟု ဝမ်းမမြောက်ဘဲ ဆဲဆိုသော်လည်း ရန်ငြိုးမထား၊ သူတစ်ပါးတို့ ပေးလှူအပ်သော ဘောဇဉ်ကို ရ၍လည်း မာန်မယစ်။ ထိုရဟန်းသည် လောက၌ ကောင်းစွာ ကျင့်ရာသည် မည်ပါ၏။

"အကြင်ရဟန်းသည် လောဘကို လည်းကောင်း၊ ဘဝကိုလည်းကောင်း စွန့်ပယ်၍ သတ်ဖြတ်ခြင်း၊ နှောင်ဖွဲ့ခြင်းမှ

ကြဉ်၏။ ထိုရဟန်းသည် ကူးမြောက်ပြီးသော ယုံမှားခြင်း ရှိ၏။ ရာဂမြား၊ ဒေါသမြား၊ မောဟမြား၊ မာနမြား၊ ဒိဋ္ဌိမြား၊ သောကမြား၊ တွေးတောယုံမှား မြားဟူသော မြားကြောင့် ခုနစ်ပါးမှ ကင်း၏။ ထိုရဟန်းသည် လောက၌ ကောင်းစွာ ကျင့်ရာသည် မည်ပါ၏။

"အကြင်ရဟန်းသည် မိမိ၏ လျှောက်ပတ်သော အကျင့်ကို သိ၍ လောက၌ တစ်ယောက်ကိုမျှ မညှဉ်းဆဲ။ ထိုရဟန်းသည် မဖောက်မပြန်သော တရားကိုသိ၍ လောက၌ ကောင်းစွာကျင့်ရာသည် မည်ပါ၏။

"အကြင်ရဟန်းအား တစ်စုံတစ်ခုသော အနုသယတို့သည် မရှိကုန်။ အကုသိုလ်အမြစ်အရင်းတို့ကိုလည်း ကောင်းစွာ ပယ်နုတ်အပ်ကုန်၏။ ထိုရဟန်းသည် တဏှာကင်း၏။ တောင့်တခြင်း မရှိ။ ထိုရဟန်းသည် လောက၌ ကောင်းစွာ ကျင့်ရာသည် မည်ပါ၏။

"အကြင်ရဟန်းသည် အာသဝေါကုန်ပြီး၏။ မာန်ကို ပယ်ပြီး၏။ အလုံးစုံသော ရာဂ၏ လမ်းကြောင်းကို လွန်၏။ ယဉ်ကျေးပြီး၏။ ကိလေသာမီး ငြိမ်းအေးပြီး၏။ မတုန်မလှုပ် တည်တံ့သော သဘောရှိ၏။ ထိုရဟန်းသည် လောက၌ ကောင်းစွာကျင့်ရာသည် မည်ပါ၏။

"အကြင်ရဟန်းသည် ယုံကြည်ခြင်း (သဒ္ဓါ) ရှိ၏။ အကြားအမြင်လည်း ရှိ၏။ မြဲသောမဂ်ကို မြင်ပြီး ဖြစ်၏။ (၆၂) ပါးသော ဒိဋ္ဌိတို့ဖြင့် အစုစုကွဲသော သတ္တဝါတို့၏ မိစ္ဆာအယူဖြင့် အစုတစ်ခုခုသို့ လားရောက်ခြင်း မရှိ။ တည်တံ့၏။ ထိုရဟန်းသည် လောဘကိုလည်းကောင်း၊ ဒေါသကိုလည်းကောင်း၊ အမျက်ကို လည်းကောင်း ပယ်ဖျက်၍ လောက၌ ကောင်းစွာ ကျင့်ရာသည် မည်ပါ၏။

"အကြင်ရဟန်းသည် ကောင်းစွာ စင်ကြယ်သော အရဟတ္တမဂ်ဖြင့် အောင်ပြီးသော ကိလေသာ ရှိ၏။ ပွင့်အပ်ပြီးသော (ရာဂ, ဒေါသ, မောဟ) အမိုးရှိ၏။ သစ္စာတရားတို့၌ လေ့လာခြင်းရှိ၏။ နိဗ္ဗာန်ကမ်းတစ်ဘက်သို့ ရောက်၏။ တဏှာဟူသော တုန်လှုပ်ခြင်း မရှိ။ သင်္ခါရ၏ ချုပ်ရာနိဗ္ဗာန်ဖြစ်သော မဂ်ဉာဏ်၌ လိမ္မာ၏။ ထိုရဟန်းသည် လောက၌ ကောင်းစွာ ကျင့်ရာသည် မည်ပါ၏။

"အကြင်ရဟန်းသည် လွန်ပြီးသော ခန္ဓာတို့၌ လည်းကောင်း၊ လာလတ္တံ့သော ခန္ဓာတို့၌လည်းကောင်း၊ ငါ-ငါ့ဉစ္စာ ဟု ကြံသော တဏှာဒိဋ္ဌိကို လွန်၏။ အလွန် စင်ကြယ်သော ပညာရှိ၏။ အာယတန အလုံးစုံတို့မှ လွတ်၏။ ထိုရဟန်းသည် လောက၌ ကောင်းစွာကျင့်ရာသည် မည်ပါ၏။

"အကြင်ရဟန်းသည် နိဗ္ဗာန်ကို (ပုဗ္ဗဘာဂ၊ ဝိပဿနာ ပညာဖြင့်) သိ၍ သစ္စာလေးပါးတရားကို မဂ်ဉာဏ်ဖြင့် သက်ဝင်၍ (သိ၍) အာသဝေါတရားလေးပါးတို့ကို ပယ်၍ အလုံးစုံသော ဥပဓိတို့၏ ကုန်ခြင်းသို့ ရောက်၏။ ထိုရဟန်းသည် လောက၌ ကောင်းစွာ ကျင့်ရာသည် မည်ပါ၏"

ဘုရားရှင်က ရဟန်းမြတ်တို့၏ ကျင့်ရမည့် တာဝန်များကို လမ်းညွှန် ဟောကြားထားသည်ကိုလည်း အစဉ်သိရှိ နှလုံးသွင်းပြီး ကျင့်ကြံကြိုးကုတ် အားထုတ်ရန် လိုအပ်ပါသည်။

## ရတနာသုံးပါး ရိုသေလေးစားပါ

သာသနာတော်၌ ရှင်ရဟန်းသည်

- ဘုရားကို ရိုသေလေးစားမှု
- တရားကို ဟုတ်တိုင်းမှန်စွာ ပူဇော်မှု
- သံဃာကို ရိုသေလေးစား မြတ်နိုးကော်ရော် ပူဇော်မှု

ဟူသော မြတ်သောအကျင့် ရှိရပါမည်။

ဘုရားရှင်ကို ရိုသေလေးစားမှု ဆိုသည်မှာ ဘုရားရှင် ပရိနိဗ္ဗာန် စံယူပြီးနောက်ဖြစ်သော ယခုလိုအချိန်တွင် စေတီတော်များ၊ ဗောဓိပင်များသို့ သွားရောက်ပူဇော်ခြင်း၊ ဘုရားဆင်းတုတော်၊ စေတီတော်ရှေ့ ရိုရိုသေသေ ပြုမူ ဆောင်ရွက်

ခြင်း စသော အလုပ်များ ဖြစ်ပါသည်။

တရားတော်ကို ပူဇော်မှု ဆိုသည်မှာ

- တရားနာကိုယ်တိုင် သွားခြင်း၊
- တရားကျမ်းဂန်များကို ကိုယ်တိုင် သင်အံ လေ့ကျက်သရဇ္ဈာယ်ခြင်း၊
- အခြားသူများကို တရားစကား ဟောပြောခြင်း၊ သင်ကြား ပို့ချခြင်း၊
- တရားကို ကိုယ်တိုင် ယုံကြည်စွာဖြင့် အားထုတ်ခြင်း စသည်တို့ ဖြစ်ပါသည်။

သံဃာတော်ကို မြတ်နိုးကော်ရော်မှု ဆိုသည်မှာ

- ရဟန်းကြီးငယ်တို့ကို အရိုအသေ ခရီးဦး ကြိုဆိုခြင်း၊
- ဥပုသ်ကျောင်း၊ ကမ္မဋ္ဌာန်းကျောင်း စသည်၌ ကိုယ်, နှုတ် အမူအရာ မကြမ်းတမ်းခြင်း၊
- ကြီးစဉ်ငယ်လိုက် ရိုသေစွာ ရှိခိုးဦးချခြင်း

စသည်များ ဆောင်ရွက်ရပါမည်။

ဤကဲ့သို့ မပြုကျင့်ဘဲ ဖောက်ပြန်ချွတ်ယွင်းလျှင် ရတနာသုံးပါး အရိုအသေပြုရာ မရောက်ဘဲ မသင့်တော်သော အကျင့်ကို ကျင့်သည် မည်ပါသည်။

**ရဟန်းမြတ်တို့၏ အကျင့်မြတ်နှင့် ကျက်စားရာ**

သာသနာတော်အတွင်းသို့ ဝင်ရောက်ကြသော ရှင်ရဟန်းများသည် အကျင့်ကျက်စားရာနှင့်လည်း ပြည့်စုံရပါမည်။

- ပညာရှိတို့ ကဲ့ရဲ့ပြစ်တင်စရာ မရှိအောင် စင်ကြယ်သော အသက်မွေးမှု ရှိရပါမည်။
- စက္ခုစသော တံခါးခြောက်ပေါက်က အကုသိုလ်တွေ မဝင်အောင် စိတ်ကိုလည်း ကောင်းစွာထားရပါမည်။

အကျင့်ဆိုသည့်အရာတွင် –

- သင့်လျော်သောအကျင့်
- မသင့်လျော်သောအကျင့် ဟူ၍ နှစ်မျိုးရှိပါသည်။
- ရှင်ရဟန်းဖြစ်လျက် ကိုယ်, နှုတ် လွန်ကျူးမှုများ၊
- သီလ ပျက်စရာ အကျင့်များ၊
- ဒါယကာ၊ ဒါယိကာမများအား သစ်သီး၊ သစ်ရွက်ပေးခြင်း စသော ကုလဒူသက အလုပ်များဟူသော အကျင့်ဆိုးများ၊

ဤအကျင့်များသည် မသင့်လျော်သော အကျင့်များ ဖြစ်ကြပါသည်။ မသင့်လျော်သော အကျင့်တွင် ကိုယ်ကျင့်၊ နှုတ်ကျင့်ဟူ၍ နှစ်မျိုးရှိပါသည်။

- သာသနာ့ဝန်ထမ်း ရှင်ရဟန်းသည် သံဃာ အစည်း အဝေးသို့ ရောက်လာပြီး ရဟန်းကြီးများကို ရိုသေ လေးစားမှု မပြုဘဲ တိုးဝှေ့ထိပါး၍နေခြင်း၊
- တိုးဝှေ့ထိပါးလိုခြင်း၊
- ရှေ့တည့်တည့်မှ ရပ်နေခြင်း၊
- မြင့်သောနေရာမှာ ထိုင်ခြင်း၊
- ခေါင်းကို ခြုံ၍ ထိုင်ခြင်း၊
- ရပ်လျက်စကားပြောခြင်း၊
- လက်ရုံးလက်မောင်း ဆန့်တန်း၍ စကားပြော ခြင်း၊
- ရဟန်းကြီးများက ဖိနပ်မစီးဘဲ လမ်းလျှောက်နေ စဉ် မိမိက ဖိနပ်စီး၍ လမ်းလျှောက်နေခြင်း၊
- ရဟန်းကြီးများက မြေပြင်မှာနေ၍ မိမိက အပေါ် က လမ်းလျှောက်ခြင်း၊
- ရဟန်းငယ်တွေကို နေရာနှင့် တားမြစ်ခြင်း၊
- ချွေးဇရုံအိမ်မှာ ရဟန်းကြီးတွေကို မပန်းကြားဘဲ မီးထည့်ခြင်း၊ တံခါးပိတ်ခြင်း၊
- ရေချိုးဆိပ်မှာ မထေရ်ကြီးတို့ကို တိုးဝှေ့ထိပါး၍ ရေချိုးဆင်းခြင်း၊ ရေချိုးခြင်း တက်ခြင်း၊

- ရွာတွင်းသို့ ဝင်သည့်အခါ မထေရ်ကြီးများကို တိုးဝှေ့ ထိပါး၍ ရှေ့ကသွားခြင်း၊ ကျော်တက်ခြင်း၊
- အိမ်များတွင် မိန်းမကြီးငယ်တို့ နေရအောင် လုံလုံခြုံခြုံ ကာထားသော အခန်းကို အဆောတလျင် ဝင်ခြင်း၊
- ကလေးများကို ဦးခေါင်းကို ပွတ်သပ် ကိုင်တွယ်ခြင်း၊
- ရွာတွင်းသို့ ဝင်သောအခါ မိန်းမကြီးကို ဖြစ်စေ၊ မိန်းမပျိုကို ဖြစ်စေ၊ ဟော့ ... ဒါယိကာမကြီး၊ ဟော့ ... ခင်ခင်၊ ဟော့ ... ချစ်ချစ်၊ ဟော့ ... တင်တင် စသည်ဖြင့် ခေါ်ခြင်း၊
- ဟော့ ... ဘာဟင်းချက်သလဲ၊ ဘာရှိသလဲ၊ ငါ့ကို ပေးစမ်းပါဦး စသည်ဖြင့် လူတို့ကဲ့သို့ ပရမ်းပတာ ပြောဆိုခြင်း၊

ဤကဲ့သို့သော မသင့်လျော်သော နှုတ်အကျင့်များကို မပြုသင့်ပါ။

ရှင်ရဟန်းသည် -
လေးစားရိုသေမှု ရှိရပါမည်။
ကျိုးနွံမှု ရှိရပါမည်။

အရှက်အကြောက်နှင့် ပြည့်စုံရပါမည်။
သေခိယသိက္ခာပုဒ်များနှင့်အညီ သက်န်းဝတ်ပုံ ညီညာခြင်း၊ သွားလာရာ၌ ဣန္ဒြေသိက္ခာ ရှိရပါမည်။
ပစ္စည်းလေးပါး ခံယူရာ၌လည်း အတိုင်းအရှည် သိရပါမည်။
နိုးနိုးကြားကြား ကြိုးစား၍ တရားကို အားထုတ်ရပါမည်။
သတိ သမ္ပဇဉ်ဉာဏ်နှင့် ပြည့်စုံရပါမည်။
အလိုနည်းရပါမည်၊ ကိုယ့်ရှိတာနှင့် ရောင့်ရဲနိုင်ရပါမည်။
ခန္ဓက ကျင့်ဝတ်လာ ကျင့်ဝတ်တွေကို ရိုသေစွာ လေးစား လိုက်နာ လုပ်ရပါမည်။

## ရှင်ရဟန်း မကျက်စားရာများ

ရှင်ရဟန်းသည် ရင်းရင်းနှီးနှီး ချဉ်းကပ်သွားလာ ဝင်ထွက်သည်ကို ကျက်စားရာဟု ဆိုပါသည်။ ကျက်စားရာတွင်လည်း -

- သင့်လျော်သော ကျက်စားရာ
- မသင့်လျော်သော ကျက်စားရာဟူ၍ နှစ်မျိုး ရှိပါသည်။

- ပြည့်တန်ဆာမ၊ မုဆိုးမ၊ အပျိုကြီး၊ ပဏ္ဍုက်၊ ဘိက္ခုနီမ၊ အရက်ဆိုင်တို့ကို ရှင်ရဟန်းသည် ရင်းရင်းနှီးနှီး ဝင်ထွက်သွားလာမှု မရှိရသည့် နေရာတို့ကို ရင်းရင်းနှီးနှီး ဝင်ထွက်သွားလာခြင်း၊
- မင်း၊ မင်းအမတ်၊ အာဏာရှိသည့် ပုဂ္ဂိုလ်တို့နှင့် သူတို့၏ တပည့်များတဲ့ မသင့်မလျော် ရောနှော ဆက်ဆံနေခြင်း၊
- သဒ္ဓါတရား မရှိ၊ ရတနာသုံးပါး မကြည်ညို၊ ရတနာသုံးပါးကို ဆဲရေး ကြိမ်းမောင်းပြီး အကျိုးမဲ့ကို အလိုရှိနေကြသော လူများ အိမ်သို့ ရင်းရင်းနှီးနှီး ဝင်ထွက်သွားလာနေခြင်း၊

ဤအရာများသည် မသင့်လျော်သော ကျက်စားရာများ ဖြစ်ကြပါသည်။

ရှင်ရဟန်းတို့ ကျက်စားရာတွင်လည်း -

- အမှီသဟဲ ကောင်းဖြစ်သော ကျက်စားရာ၊
- စိတ်၏ အစောင့်အရှောက်ဖြစ်သော ကျက်စားရာ၊
- စိတ်ကို ဖွဲ့ချည်ရာဖြစ်သော ကျက်စားရာ

ဟူ၍ ၃ မျိုးရှိပါသည်။

အမှီသဟဲ ကောင်း ကျက်စားရာဆိုသည်မှာ ကထာဝတ္ထု ဂုဏ် (၁၀) ခုနှင့် ပြည့်စုံသော မိတ်ဆွေကောင်း ဖြစ်ပါသည်။

ထိုမိတ်ဆွေကောင်းကို အကြောင်းပြုပြီး -

- မကြားဖူးသေးသော တရားကို ကြားနာရသည်။
- ကြားဖူးပြီး တရားကို ရှင်းရှင်းလင်းလင်း သိနားလည်ရသည်။
- ယုံမှားသံသယကို ပယ်ဖျောက်နိုင်သည်။
- ဉာဏ်အမြင်ကို ဖြောင့်မတ်စေနိုင်သည်။
- စိတ်ကို ကြည်လင်စေနိုင်ပါသည်။

သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာတို့ပွားအောင် အတုယူကာ လိုက်နာ ကျင့်သုံးသင့်သော ပုဂ္ဂိုလ်များလည်း အမှီသဟဲကောင်း ကျက်စားရာများ ဖြစ်ပါသည်။

စိတ်၏ အစောင့်အရှောက်ဖြစ်သော ကျက်စားရာဆိုသည်မှာ -

ရှင်ရဟန်းသည် မြို့ထဲသို့ ကြွသွားသည့်အခါ

- မျက်နှာကို လေးတောင်ချပြီး ဣန္ဒြေ စောင့်စည်း၍ ကြွရပါမည်။
- ဆင်, မြင်း, ရထား, ကား စသည် ကြည့်၍ မကြွရပါ။
- မိန်းမ, ယောကျာ်း ကြည့်၍ မကြွရပါ။
- အထက်မော့၊ အောက်ငုံ့ မကြွရပါ။

– စက္ခုန္ဒြေကို စောင့်ထိန်းပြီး ကြည့်ရပါသည်။

စိတ်ကို ဖွဲ့ချည်ရာဖြစ်သော ကျက်စားရာ ဆိုသည်မှာ ဘာဝနာစိတ်ကို ကပ်၍ချည်ရာ သတိပဋ္ဌာန် လေးပါးဖြင့် စိတ်ကို ဖွဲ့ချည်ထားခြင်း ဖြစ်ပါသည်။

## ရဟန်းဘဝ၏ ကောင်းခြင်းရှစ်မျိုး

ရှင်ရဟန်း၏ ကောင်းခြင်းဂုဏ်အင်္ဂါ ရှစ်ပါးရှိသည်။ ရဟန်းကောင်း ရှစ်မျိုး သချ်ာပြထားသော်လည်း ထိုရှစ်မျိုးထက် အပိုအလွန် အရာအထောင် မရေမတွက်နိုင်သော အခြားအင်္ဂါများစွာလည်း ရှိပါသည်။

သာသနာမျိုးဆက်များ ဖြစ်ကြသော ရှင်ရဟန်းငယ်၊ ရှင်ငယ်တို့သည် ရဟန်းငယ်ကောင်း၊ ရှင်ငယ်ကောင်း ဖြစ်ပြီး နည်းယူလိုက်နာ ကျင့်သုံးပြီး ပစ္စည်းလေးပါး ဒါယကာတို့၏ လယ်ယာမြေကောင်းသဖွယ်ဖြစ်အောင် မိမိတို့အတွက်လည်း ရဟန်းအကျိုး ခံစားနိုင်ရန် ကြိုးစားကျင့်ကြံအားထုတ်ကြရပါမည်။

,ပစ္စည်းလေးပါး ဒါယကာတို့ကလည်း ရှင်ကောင်း၊ ရဟန်းကောင်းများကို စိစစ် စစ်ဆေး ရွေးချယ်လျက် အားပေး ကူညီ လှူဒါန်း ထောက်ပံ့ရပါမည်။

ဒါယကာ – ရဟန်း နှစ်ဖက်စလုံးက ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီ ပြုပြင်သွားပါက ဗုဒ္ဓမြတ်စွာသာသနာသည် ရောင်ဝါတိုးတက် ထွန်းကားလာပြီး သတ္တဝါများအတွက် အကျိုးများကြမည် ဖြစ်သည်။

ဘုရားရှင်သည် ရှင်ရဟန်းတို့၏ ကောင်းခြင်းရှစ်ဖြာကို အောက်ပါအတိုင်း ဟောကြားထားခဲ့သည်။

၁။ ရဟန်းတော်တို့သည် ဥစ္စာစပါးကို ကျီ (စည်၊ ဂိုဒေါင်) စသည်၌ သိမ်းမထားကြ။ တောင်း၊ အိုးတို့၌လည်း သိမ်းမထားကြ။ အဓိသီလ၊ အဓိစိတ္တ ၊ အဓိပညာသိက္ခာသုံးပါးကို ကောင်းစွာ ကျင့်နေကြသော ရဟန်းများသည် သူတစ်ပါး အိမ်မှာ ကျက်ပြီးသား အစာကို သင့်တော်သော အချိန် ဝယ် သင်္ကန်းရုံပြီး သပိတ်ကို ပွေ့ပိုက်ကာ တစ်အိမ်ဝင် တစ်အိမ်ထွက် အိမ်စဉ်အတိုင်း ရပ်ကာ ဆွမ်းခံကြသည်။ ရလာသော အစာဖြင့်ပင် မျှတနေကြသည်။ ထိုရလာသော အစာကို ကိုးပါးသော စက်ဆုပ်ဖွယ်သဘောဖြင့် ဆင်ခြင်သုံးစွဲလျက် အသက်မွေးမှု ပြုကြသည်။

ထို့ကြောင့် ဥစ္စာစပါး မရှိ၊ အိမ်ထောင်သားမွေး ရှုပ်

ထွေးခြင်း မရှိသော ရဟန်း၏ ဆွမ်းခံစားခြင်း အကျင့်သည် အခါခပ်သိမ်း ကောင်းသည်။

ဘုရားရှင်ကလည်း ဆွမ်းခံစားသော ရဟန်းသည် ခရော နှောင်ပါ ချမ်းသာသုခ ပြည့်ဝနိုင်သည်ဟူ၍ ဟောတော်မူခဲ့ ပါသည်။

ရဟန်းတို့၏ ဆွမ်းခံဝတ်နှင့် ပတ်သက်၍ မည်သို့မည် ပုံ ဆွမ်းခံဝင်ကာနီး သင်္ကန်းဝတ်ရုံရသည်၊ ရွာထဲသို့ မည်သို့ မည်ပုံ ကြည့်၍ ဝင်ရသည်၊ မည်သို့ တရားမှတ်၍ ဝင်ရသည်၊ ရလာသော ဆွမ်းမျိုးစုံကို ဘယ်လိုသဘောထားပြီး ဘုဉ်းပေး သုံးဆောင်ရသည်တို့ကို မဟာစည်သူအမတ် ရေးသော မဟာ ဇနကပျို့ (၉၄) ၌ –

"ငါတို့သူငါ၊ ရဟန်းမှာကား၊ နေအရုဏ်တက်၊
ထွန်းလျှံပြက်က၊ နံနက်ခင်းဝယ်၊ ကြီးငယ်ကိစ္စ၊
ကျန်ရမကြွင်း၊ ပြီးစေလျှင်း၍၊ ရွာတွင်းရင်ခွင်၊
ဝင်ချိန်တန်သော်၊ သင်းပိုင်ခေါက်ဖြင့်၊ ချက်ထက်
လွှန့်လျက်၊ တိုင်းမှန်းပုဆစ်၊ အောက်ရစ်သစ်နှင့်၊
နှစ်ခဲ့ဒုကုဋ်၊ ဆုတ်ခဲ့မိုက်ဝက်၊ လေးသစ်ထက်ဝယ်၊
ပတ်ယှက်သေသတ်၊ ကမ္ဗတ်ဖွဲ့ချည်၊ လည်လက်
ကောက်ဝတ်၊ ဖုံးလွှမ်းပတ်ပြီး၊ ကောင်းမြတ်အာရုံ၊
ရေလုပ်ငုံသို့၊ လေဟုန်ငြိမ်သက်၊ ကိုယ်လက်ဦးနား၊

လှူပ်ရှားမမှု၊ တူရူတည့်နိုး၊ ကြည့်မြော်ရိုးလည်း၊ ထမ်းပိုးတိုင်းမှန်၊ တာတစ်ပြန်ထက်၊ မလွန်စေရ၊ သီလမြဲသို၊ ထီးရိပ်ခိုလျက်၊ အိမ်ကြိုအိမ်ကြား၊ သွားလာခြိုးခြံ၊ ဆွမ်းရပ်ခံသော်၊ ခွက်သံဖွန်းသံ၊ နာခံနားပါး၊ ဈာန်ငြားသို့၊ ဖဝါးရပ်တန့်၊ ရဟန်း တရား၊ မှတ်သားရှေးရှု၊ သူလျှင်လှူသား၊ ညဥ့်ဦး ယာမ်ကျော်၊ နံ့တော်ချစ်တူး၊ ပြောင်းလူးပဲဆပ်၊ ပိစပ်မုယော၊ ရောနှောစိမ်းဆပ်၊ နှံ့ထပ်ထပ်နှင့်၊ ဟင်းဖတ်ဟင်းရွက်၊ ပြုတ်ချက်စိမ်းဘန်၊ ချဥ်ငံ စပ်ရှား၊ အပြားပြားကို၊ ဝမ်းအားမျှတတ်၊ ကေဘတ် ဖြင့်၊ မပြတ်ဆောက်တည်၊ ရည်ရသောအား၊ ရှင်စော များတို့၊ မိုးဖျားထက်ဆန်၊ ကောင်းကြီးထွန်၏၊ ကေန် ကြိုက်ကြစမြဲတည်း။

ဟူ၍ စပ်ဆိုရေးသားထားသည်ကို တွေ့ရပါသည်။

၂။ အပြစ်မရှိသော ဆွမ်းကို စားသုံးသော ရဟန်း အား ရာဂ၊ ဒေါသ စသော ကိလေသာတို့သည် အနည်းငယ်မျှ မနှိပ်စက်နိုင်ပေ။

ထို့ကြောင့် ဥစ္စာစပါးလည်း မရှိ၊ အိမ်ထောင်သားမွေး ရှုပ်ထွေးမှုလည်း မရှိသော ရဟန်း၏ အပြစ်မရှိသော ဆွမ်းကို စားခြင်း (တရားသဖြင့်ရသော ဆွမ်းကို ပစ္စဝေက္ခဏာ ဆင်ခြင်

၍ စားသုံးခြင်း)သည် နှစ်ခုမြောက်ကောင်းခြင်း မည်ပါသည်။

**ဆွမ်းနှစ်မျိုး**

ရဟန်းတို့သုံးဆောင်သော ဆွမ်းတွင် -

(၁) အပြစ်ရှိသော ဆွမ်း

(၂) အပြစ်မရှိသော ဆွမ်း

ဟူ၍ နှစ်မျိုးရှိပါသည်။

(၁) အပြစ်ရှိသော ဆွမ်းဟူသည်

- ဆေးဝါးကုသမှု အစရှိသည့် မအပ်သော ရှာဖွေခြင်းဖြင့်သော် လည်းကောင်း ဖြစ်စေ၊
- အံ့ဩဖွယ်ဖြစ်အောင် သုံးစွဲနေထိုင်ခြင်း၊
- ပစ္စည်းလာဘ်လာဘရအောင် ဆွယ်၍ ပြောဆိုခြင်း၊
- ပေးလှူခြင်းနှင့် စပ်၍ အရိပ်နိမိတ်ကို ပြုခြင်း၊
- သူတစ်ပါး၏ အပြစ်ကို ပြောပြီး လာဘ်ကို ရှာခြင်း၊
- နည်းသောလက်ဖြင့် များသောလာဘ်ကို ရှာခြင်း၊

ဤသို့သဘောရှိသော မှားယွင်းသော အသက်မွေးမှုဖြင့်

သော်လည်းကောင်း ဖြစ်စေ၊ အပ်သောဆွမ်းနှင့် တရားနှင့် လျော်စွာပင် ရရှိပါသော်လည်း ပစ္စဝေက္ခဏာ ဆင်ခြင်မှု မပြု ဘဲ သုံးဆောင်သော ဆွမ်းတို့သည် အပြစ်ရှိသော ဆွမ်းများ ဖြစ်ပါသည်။

ဤအပြစ်ရှိသော ဆွမ်းကို စားသုံးပါလျှင် ကိလေသာ တို့၏ နှိပ်စက်ခြင်းကို ခံနေရသောကြောင့် ရဟန်းကောင်း မဖြစ်နိုင်ပါ။

(၂) အပြစ်မရှိသော ဆွမ်းဟူသည်

မအပ်သော ရှာဖွေခြင်းကို ပယ်ကာ မှားသော အသက် မွေးမှုကို ရှောင်ခွာ၍ တရားနှင့်အညီ ရှာဖွေရလာသည့်အပြင် ပစ္စဝေက္ခဏာ ဆင်ခြင်၍ သုံးဆောင်သော ဆွမ်းသည် အပြစ် မရှိသောဆွမ်း ဖြစ်ပါသည်။

ဤအပြစ်မရှိသော ဆွမ်းကို စားသုံးပါလျှင် ကိလေသာ တို့၏ နှိပ်စက်မှုကို မခံရသောကြောင့် ရဟန်းကောင်း ဖြစ် ပါသည်။

ယင်းဆွမ်းများနှင့် ပတ်သက်၍ ရှင်အဂ္ဂသမာဓိ၏ သုဝဏ္ဏသျှံ သူဌေးခန်းပျို့၌ –

"သားများသေဌ်နင်း၊ ခြသေ့်မင်းလျှင်၊ မွတ်ခြင်း
သည်းစွာ၊ ဖြစ်သောအခါလည်း၊ ရသာချိုခါး၊ မြက်
ပန်းပြားကို၊ မစားလှည့်မြို့၊ သဘောတို့ဖြင့်၊ နွားနို့

အတူ၊ ဆဒ္ဒန်ဖြူ၏၊ တူရူဦးကင်း၊ ခြေစုံနင်း၍၊ ရှင်းရှင်းထုတ်ချီ၊ ဦးနှောက်ဆီကို၊ စားဤသရွေ့၊ အခလေ့သို့၊ ခြသေ့်တူပျော်၊ ကြင်သူတော်တို့၊ မွှတ်သော်မွှတ်ကာ၊ ဝမ်းတစ်ထွာကြောင့်၊ လယ်ယာပန်ဘက်၊ ကုန်ဝယ်ဝှက်၍၊ အသက်ရှင်ကြောင်း မပြုကောင်း ဟူ၍ စပ်ဆို ဆုံးမထားသည်ကို လည်းကောင်း၊

မန်လည်ဆရာတော် ဘုရားကြီးက မဃဒေဝလင်္ကာပျို့ (၃၂၇) ၌ –

"ရှင်နှင့်မတော်၊ ပစ္စည်းမျှော်၍ မလျော်လျောက်ပတ်၊ မြေကြန်တတ်က၊ နက္ခတ်ပညာ၊ စေပါဒူတ၊ အင်္ဂဝိဇ္ဇာ၊ တိရစ္ဆာဖြင့်၊ ယုတ်မာဝမ်းရေး၊ သက်မွေးကြငြား၊ လေ့ကျက်မှားသည့်၊ ငုံ့စားမော်စား၊ အမျှော်စားနှင့်၊ ထောင့်စားခေါ်ရိုး၊ ရဟန်းဆိုးကို၊ စားမျိုးလေးဖြာ၊ မိစ္ဆာဇီဝ၊ နေသနနှင့်၊ စိတ်မျှတရံ မကြံမဆန်း၊ မှဲ့မစွမ်းတည်း" ဟူ၍ စပ်ဆို ဆုံးမထားတော်မူပါသည်။

၃။ အေးပြီးသော ဆွမ်းကို စားသုံးသော ရဟန်းကား အနည်းငယ်မျှသော ကိလေသာသော်မျှ မနှိပ်စက်နိုင်ပါချေ။

ထို့ကြောင့် ဥစ္စာစပါး မရှိ၊ အိမ်ထောင်သားမွေးမှုလည်း မရှိသော ရဟန်း၏ အေးပြီးဆွမ်းကို စားသုံးခြင်းသည် သုံးခု မြောက် ကောင်းခြင်းပင် ဖြစ်သည်။

ဤ၌ ရဟန်းစားသော ဆွမ်းတွင် နှစ်မျိုးရှိသည်။

(၁) ဆွမ်းပူဆွမ်းလောင်

(၂) ဆွမ်းအေး၊ ဆွမ်းချမ်း

အနေသနမိစ္ဆာဇီဝဖြင့် ဖြစ်ပေါ်လာသော ဆွမ်းနှင့် တရားအားလျော်စွာ ဖြစ်ပေါ်စေကာမူ ပစ္စဝေက္ခဏာ မဆင်ခြင်ဘဲ စားသုံးသော ဆွမ်းများသည် ပင်ကိုယ်သဘာဝအားဖြင့် မည်မျှပင် အေးစက်နေစေကာမူ ဆွမ်းပူဆွမ်းလောင်သာ ဖြစ်ပါသည်။

ပုထုဇဉ် ရဟန်း၏ တရားနှင့်လျော်စွာ ဖြစ်ပေါ်လာသည့်အပြင် ပစ္စဝေက္ခဏာ ဆင်ခြင်သုံးစွဲသော ဆွမ်းသည်ကား ပင်ကိုယ်သဘာဝအားဖြင့် မည်မျှပင် ပူနေစေကာမူ ဆွမ်းအေးသာ ဖြစ်ရပါတော့သည်။

ဆွမ်းကို ပစ္စဝေက္ခဏာ ဆင်ခြင်သုံးစွဲလျှင် တဏှာတည်းဟူသော အပူလောင် ငြိမ်းအေးသွားရပါသည်။

ယင်းဆွမ်းနှင့် တဏှာ နှစ်မျိုးတွင် ဆွမ်းသည် အဘိဓမ္မာသဘောအားဖြင့် အာရုံအကြောင်း ဖြစ်သည်။ တဏှာသည် အာရမ္မဏိက အကျိုးဖြစ်သည်။

ထို့ကြောင့် အကြောင်းဖြစ်သော ဆွမ်း၏ အေးမှုဂုဏ်ကို ဆိုထားစေကာမူ အကျိုးဖြစ်သော တဏှာအပူ၏ အေးမှုဂုဏ် ကိုသာ ယူရပါသည်။

ရဟန္တာပုဂ္ဂိုလ်တို့မှကား ပရိဘောဂလေးပါးတို့တွင် သာမိ ပရိဘောဂဖြင့်သာ စားသုံးသည်။ တဏှာ၏ ကျွန်သဘောကို လည်း ကျော်လွန်ပြီး ဖြစ်သည်။ သို့ဖြင့် အနည်းငယ်မျှသော ကိလေသာ၏ နှိပ်စက်မှုကိုမျှ မခံရတော့ပါ။ ထို့ကြောင့် ရဟန္တာ ပုဂ္ဂိုလ် စားသုံးသော ဆွမ်းကသာ ဆွမ်းအေးအစစ် ဖြစ်ရပါ သည်။

မာန်လည်ဆရာတော် ဘုရားကြီးက မဃဒေဝလင်္ကာ (၃၃၈) ၌ -

"နှုတ်လျှာပေါ့ပျက်၊ သွမ်းသော့သွက်နှင့်၊ မကျက် နည်းပါ၊ အကျက်များသည်၊ ကြိုးကြားကျန်ကြွင်း၊ ပဲနောက်ဟင်းသို့၊ ချွတ်ယွင်းဖောက်ပြန်၊ လျှာ နှုတ်မြန်တိုင်း၊ အမှန်ကနည်း၊ မမှန်သည်းလျက်၊ စောင့်စည်းမပြု၊ ဝစီမှုနှင့်၊ အနိဗ္ဗုတ၊ ပိဏ္ဍဟူသည်၊ ဆွမ်းပူဆွမ်းအေး၊ အသက်မွေးဖြင့်၊ ဝမ်းရေးမိစ္ဆာ၊ မယုတ်မာဘဲ၊ စားကာအိပ်မွေ့၊ လျှော့မေ့လျှော့ လည်း၊ ရှင်ကြည်ကြည်နှင့်၊ ပစ္စည်းလာဘ်မျှော်၊ တမော်မော်ကို၊ လိုတော်မညွတ်၊ လွတ်ကြီးလွတ်၏"

ဟူ၍ စပ်ဆို ဆုံးမထားသည်ကို တွေ့ရပါသည်။

၄။ မြူခိုးတိမ်စင် ထက်ကောင်းကင်ကဲ့သို့ လည်းကောင်း၊ ရာဟု ခံတွင်းမှ ကင်းလွတ်ရှင်းရှင်း အညစ်အကြေးကင်းသော လမင်းကဲ့သို့လည်းကောင်း၊ အလုပ်အကျွေး ဒါယကာ စသည်တို့၌ ငြိကပ်တွယ်တာစိတ် မရှိဘဲ နိုင်ငံအတွင်းဝယ် လွတ်လွတ်ကျွတ်ကျွတ် လှည့်ပတ်သွားလာနေသော ရဟန်းများမှာ ရာဂဟူသော ငြိခြင်း (ကပ်ငြိတတ်သော ရာဂ)၊ ကပ်ငြိတတ်သော ဒေါသ၊ ကပ်ငြိတတ်သော မောဟ၊ ကပ်ငြိတတ်သော မာန၊ ကပ်ငြိတတ်သော ဒိဋ္ဌိ၊ ကပ်ငြိတတ်သော ကိလေသာဟူသော ကပ်ငြိတတ်သော ဒုစရိုက် ခုနစ်ပါး၊ လွန်ဆိုးဝါးသော ငြိကပ်တွယ်တာခြင်းများအနက် တစ်ပါးတလေမျှပင် မရှိနိုင်တော့ချေ။

ထို့ကြောင့် ဥစ္စာလေးပါးလည်းမရှိ၊ အိမ်ထောင်သားမွေး ရှုပ်ထွေးမှုလည်း မရှိသော ရဟန်း၏ အလုပ်အကျွေး ဒါယကာ စသည်တို့၌ ငြိကပ်တွယ်တာစိတ် မရှိခြင်းသည် လေးခုမြောက် ကောင်းခြင်း ဖြစ်သည်။

၅။ ပရိက္ခရာ ဘဏ္ဍာခမ်းနား ပစ္စည်းများသော ရဟန်းသည် ခိုးပြ၊ သူပုန်၊ လူဆိုးသူဆိုးတို့ လုယူခံရမည်ကို စိတ်က တထင့်ထင့်ဖြင့် အမြဲစိုးရိမ်နေရသည်။ သို့ဖြင့်

ပိုလျှံနေသော သက်န်း စသည်တို့ကို မြို့တွင်း ရွာတွင်း အလုပ်အကျွေး ဒါယကာရင်းတို့ထံမှာ အပ်နှံထားရသည်။ ဘယ်မြို့ဘယ်ရွာကို မီးလောင်တယ်၊ **ဘယ်သူ့**အိမ်၊ ဘယ်သူ့အိမ်တွေ မီးထဲ ပါ**သွားတယ်ဟု** ကြားပါလျှင် စိုးရိမ်ပူပန်ရသည်။ **ဤသို့လျှင် ပရိက္ခရာ** ဘဏ္ဍာ ခမ်းနားပစ္စည်းများသော **ရဟန်း၏** အကောင်းမည်သည် မရှိနိုင်တော့ပါ။

ဝမ်းဖြင့်သာ လွယ်**ဆောင်၍ အ**တောင်မျှသာ ဝန်ရှိသော ငှက်တို့၏ အကျင့်**မျိုးကို** ဖြည့်ကျင့်နေလျက် ကိုယ်နှင့်စပ်သော ပရိက္ခ**ရာမျှသာ** ရှိနေသော ရဟန်းမျိုးမှာ ဘာပစ္စည်းမျှ **မီးလောင်ခံစရာ** မရှိပေ။

ထို့ကြောင့် ဥစ္စာစပါး မရှိ၊ အိမ်ထောင်သားမွေး ရှုပ်ထွေးမှု မရှိသော ရဟန်း၏ မည်သည့်ပစ္စည်းမျှ မီးမလောင်ခံရခြင်းသည်လည်း ငါးခုမြောက် ကောင်းခြင်း မည်ပါသည်။

မန်လည်ဆရာတော်က မဃဒေဝလင်္ကာ (၃၂၈) ၌ –

"ရသေ့ရဟန်း၊ ကျင့်ခန်းသိမ်မွေ့၊ ပြကတေ့ကား၊ ရှင်လေ့ရှင်မှု၊ ကိုယ်တစ်ခုဖြင့်၊ ဝတ္ထုပစ္စည်း၊ သိမ်းဆည်းကြွက်လို၊ စုမသိုဘူး၊ တစ်ကိုယ်တစ်ဝမ်း၊ ဖုံးလွှမ်းကာမျှ၊ နည်းကိစ္စဖြင့်၊ အင္ဂနဝ၊ ဒသတစ်ဖြာ၊ ဧကာဒသ၊ ဒွါဒသဟု၊ ဤမျှ ပရိက္ခရာ၊ ကိုယ်တွင်

ပါ၍၊ သွားလာဆောင်လျက်၊ ငှက်၏ပမာ၊ ဝန်
ပေါ့စွာနှင့်၊ တဏှာလော့လမ်း၊ မျှော့နှယ်လှမ်း၍၊
တောင်းယမ်းဖွေရှာ၊ မလော့ရာတည်း”

ဟူ၍ ရဟန်းများ နည်းယူကျင့်သုံးဖွယ်ရာများကို စပ်ဆို ဆုံးမ ထားသည်ကို တွေ့ရပါသည်။

၆။ တောတောင် စသည်တို့မှ ထွက်၍ သူပုန်၊ ဓားပြတို့က တိုင်းနိုင်ငံကို လုယက် တိုက်ဖျက်သောအခါမှာ ပစ္စည်း ပရိက္ခရာ ဘဏ္ဍာများစွာကို သိမ်းသိမ်းထားသော ရဟန်း ၏ ရပ်ထဲရွာထဲ၌ အပ်နှံထားသော ပစ္စည်းဥစ္စာတို့ကို လုယက် ယူဆောင်သွားတတ်ကြသည့်အတွက် ရဟန်း များ အကောင်းပစ္စည်း မရှိနိုင်တော့ပါ။

ထိုသို့ ဥစ္စာပစ္စည်း များစွာ မရှိဘဲ ကိုယ်နှင့် ဆက်စပ်နေသော ပရိက္ခရာမျှသာရှိသော ရဟန်းမျိုးကား တစ်စုံတစ်ရာမျှ လုယက် ယူဆောင်သွားမှုကို မခံရပေ။

ထို့ကြောင့် ဥစ္စာပစ္စည်း မရှိ၊ အိမ်ထောင်သားမွေး ရှုပ်ထွေးခြင်း မရှိသော ရဟန်း၏ သူပုန်၊ ဓားပြလက်သို့ ဥစ္စာပစ္စည်း ပါမသွားခြင်းသည် ခြောက်ခုမြောက် ကောင်းခြင်း မည်ပါသည်။

ယင်းကို သုခါဝဟန္တပျို့၌ –

“နည်းသည့်ကိစ္စ၊ သမဏာတို့၊ လူ ဖဘုရား၊

ပညတ်ထားသည်၊ တရားသိက္ခာ၊ လျော်လှစွာလျှင်၊
ဥစ္စာ မဆည်း၊ ပစ္စည်းမစု၊ အမှုနည်းအောင်၊
လုပ်ဆောင်ပြစ်လွတ်၊ ကြောင့်ကြဖြတ်၍၊ သူမြတ်ပီပီ၊
ဆိတ်ညံမှီလျက်၊ လိုဏ်ရှိမှု၊ ပြည်ရွာသူဒွ၊ မှုစကား
လျှင်၊ စင်စွာ သီလ၊ ကျင့်ပါကြလော့"
ဟူ၍ စပ်ဆို ဆုံးမထားသည်ကို တွေ့ရပါသည်။

၇။ သူပုန်၊ ဓားပြများအတွက်လည်း အသုံးမကျ၊ အကောက်ခွန်ရုံး အမှုထမ်းတို့အတွက်လည်း အကောက်ခွန် ပေးရန် မလိုသော မြေသပိတ်၊ ခိုင်ခန့်အောင် ထပ်ကာ ချုပ်လုပ်ထားသော ပံ့သုကူသင်္ကန်း (သုံးထည်)၊ တန်ဖိုးနည်းသော ခါးပန်းကြိုး ရေစစ်၊ အပ်၊ ဓားငယ်ဟူသော ပရိက္ခရာ ရှစ်ပါးနှင့် သပိတ်အိတ်တို့ကို ကိုယ်ဖြင့် တစ်ပါတည်း ဆောင်လျက် ဓားပြ၊ သူခိုးရှိသောလမ်း၊ အကောက်ခွန်ရုံးရှိသောလမ်းသို့ သွားသော ရဟန်းသည် မည်သူတစ်ဦး တစ်ယောက်ကမျှ မနှိပ်စက်ပေ။

ထိုသို့မဟုတ်ဘဲ တွေ့မြင်နေသူတို့ လိုချင်မက်မောစရာ ဖြစ်သော အကောင်းစား သင်္ကန်း စသည်တို့ကို ဝတ်ရုံ သုံးဆောင်သွားသည်ကို တွေ့ရပါလျှင် သူပုန်၊ ဓားပြတို့ကလည်း လုယက် ယူဆောင်သွားတတ်သည်။ အကောက်ခွန် ရုံးအမှုထမ်း

တို့ကလည်း ဒီရဟန်းမှာ ဒီပြင် ဘာပါလာဦးမလဲ ဟု မွေနှောက်ရှာဖွေခံရပေမည်။

ကောင်းစွာ ကျင့်သည်ဖြစ်၍ ပေါ့ပါးသော အသက်မွေးမှုရှိသော ရဟန်းမှာမူကား ထိုသူများ ကြည့်နေစဉ်မှာပင် ချမ်းသာစွာ သွားရသည်။

ထို့ကြောင့် အနှောင့်အယှက်ကင်း ချမ်းသာစွာ သွားရခြင်းသည်လည်း ဥစ္စာပစ္စည်း မရှိ၊ အိမ်ထောင်သားမွေး ရှုပ်ထွေးခြင်းမရှိသော ရဟန်း၏ ခုနစ်ခုမြောက် ကောင်းခြင်း မည်ပါသည်။

မဟာစည်သူအမတ် ရေးသော ဇနကပျို့(၈၄)၌–

"အာပတ်မပြောက်၊ ပါတိမောက်နှင့်၊ စောင့်ရှောက်ဣန္ဒြေ၊ ရှာဖွေပစ္စည်း၊ လိမ်လည်းမတွန့်၊ သက်မွေးသန့်သား၊ ရဟန်းအလား၊ ကြည်ဖွယ်သားနှင့် ရှစ်ပါးပရိက္ခရာ၊ ကိုယ်ကြပ်ပါလျက်"

ဟူ၍ ဖွဲ့ဆို ရေးပြထားသည်ကို တွေ့ရပါသည်။

၈။ ကိုယ်မှာ ဝတ်ရုံ သုံးစွဲနေသည်ထက် ဥစ္စာပစ္စည်း ပရိက္ခရာ တစ်စုံတစ်ခုကိုမျှ ကျောင်းမှာ စုဆောင်းသိမ်းဆည်းမထားသော ရဟန်းသည် အရပ်တစ်ပါးသို့ ကြွသွားလိုပါလျှင် နေရာအရပ်ကို ငဲ့စောင်း ပြန်လှည့်၍ ကြည့်စရာ မလိုပါ။ ကပ်ငြိစုံမက်မှု ကင်းရှင်းစွာဖြင့် လိုရာအရပ်သို့ ကြွသွားနိုင်ပါသည်။

ထို့ကြောင့် မငဲ့မကွက် လိုရာအရပ်သို့ ထွက်ခွာ ကြွသွားနိုင်ခြင်းသည် ပစ္စည်းဥစ္စာမရှိ၊ အိမ်ထောင်သားမွေး ရှုပ်ထွေးခြင်းမရှိသော ရဟန်း၏ ရှစ်ကြိမ်ခ ကောင်းခြင်း မည်ပါသည်။

မာန်လည်ဆရာတော်ဘုရားကြီးက မဃဒေဝလင်္ကာ (၃၃၅) ၌ -

"ငါ့ကျောင်း ငါ့ကန်၊ ငါ့ဗိမာန်က၊ လေးတန်ပစ္စယ၊ ရိခမြွတ်လေး၊ သဒ္ဓါရေး၍၊ လုပ်ကျွေးတတ်စွာ၊ ငါ့တကာဟု၊ တွယ်တာတတ်ငြား၊ ရဟန်းများတို့၊ တရားကွာလွင့်၊ တဏှာဖြင့်သာ၊ လူနှင့်ဒွေးဘော်၊ လွန်မွေ့လျော်လျက်၊ စိုးဘော်ပျော်ဘက်၊ တသက်သက်နှင့်၊ စုံမက်စွန်းမက်၊ မခွာရက်သို့၊ ငဲ့ကွက်မရှိ၊ ကပ်မငြိဘူး၊ ရွယ်မိရာသွား၊ ညို့လွတ်မြားသို့၊ ဖဝါးခြေဦး၊ ရှူးရှူးလှည့်ကာ၊ ရည်တိုင်းသာလျှင်၊ လိုရာရပ်သို့၊ ကြွနိုင်တို့လျက်၊ ကြံ့ချိုမမည်း၊ တစ်ကိုယ်ချည်းမျှ၊ ဖော်နည်းပျော်မွေ့၊ ရှင်တို့လေ့၌၊ ညနေ့မလစ်၊ အားတော်သစ်၍၊ နောက်နစ်ဝမ်းတွင်း၊ ကြံ့ဘော်ကင်း၏"

ဟူ၍ ရဟန်းတော်များ၏ ကျင့်နည်းကို လမ်းညွှန်းဆုံးမ ပြထားပါသည်။

ရဟန်းတို့၏ ကောင်းဂုဏ် ရှစ်ပါးသည်ပင် ရဟန်းတို့၏

ချမ်းသာသုခဟူ၍ ဆိုပါသည်။

မာန်လည်ဆရာတော်ဘုရားကြီးက မဃဒေဝလင်္ကာ၌ "ခနရွှေငွေ၊ ဆန်ရေတစ်သီး၊ သိုမှိုးမဲ့ခြင်း၊ ပြစ်ကင်းဆွမ်းရှာ၊ တစ်ဖြာမှတ်ရေး၊ ဆွမ်းအေးမျိုစား၊ ပြည်တိုင်းကားနှိုက်၊ လျှပ်ဝါးကလူ၊ မပူဝေးစွာ၊ ပရိက္ခရာ မမက်၊ လုယက်ဘေးကင်း၊ မင်းမင်းအမတ်၊ ဖူးမှတ်မကပ်၊ လေးရပ်မျက်နှာ၊ လေ့ပမာလျင်၊ လိုရာမတွန့်၊ သွားမတန့်တည်း၊ ရဟန်းသုခယူတုံစွသား၊ အဋ္ဌသမဏ ၊ ဘဒြဖြင့်"ဟူ၍ ဖွဲ့ဆိုပြထားပါသည်။

အကျဉ်းချုပ်မှာ –

၁။ ဥစ္စာစပါးကို မသိမ်းဆည်းဘဲ ဆွမ်းစားခြင်း၊

၂။ တရားသဖြင့် ရလာသော ဆွမ်းကို ပစ္စဝေက္ခဏာဆင်ခြင်၍ စားခြင်း၊

၃။ ရာဂအပူ ငြိမ်းအောင် ဆင်ခြင်၍ အေးပြီးသော ဆွမ်းကို စ. သုံးခြင်း၊

၄။ အလုပ်အကျွေး ဒါယကာတို့၌ ငြိကပ်တွယ်တာစိတ် မရှိခြင်း၊

၅။ ပရိက္ခရာပစ္စည်းနှင့် စပ်၍ မိးဘေးကို မစိုးရိမ်ရခြင်း၊

၆။ ခိုးသားဓားပြတို့ ခိုးယူ လုယက်မည်ကို မစိုးရိမ်ရခြင်း၊

၇။ သွားလိုရာ အရပ်ကို အနှောင့်အယှက်မရှိ သွားနိုင်ခြင်း၊

၈။ နေရာပြောင်းကို မငဲ့မကွက် သွားလိုရာဘက်သို့ သွားနိုင်ခြင်းတို့ ဖြစ်သည်။

**ရှင်ရဟန်းမြတ်တို့၏ ပန်းတိုင်စခန်း**

လောကဝယ် သတ္တဝါတို့မည်သည် နိဗ္ဗာန်မရောက်မီ ကာလပတ်လုံး (ဝါ) ဘဝအဆုံးမသတ်မီ ကာလပတ်လုံး (၃၁) ဘုံ သံသရာကျော့ဝယ် ကျင်လည်မျှောပါ သွားလာနေရသည်။

ထိုသို့ ကျင်လည် မျှောပါရင်းပင် မိမိတို့ ပြုလုပ်ခဲ့သော ကုသိုလ်ကံ၊ အကုသိုလ်ကံအားလျော်စွာ ဘဝအမျိုးမျိုးကို ရရှိတတ်ကြပေသည်။

- ရံခါ ယုတ်နိမ့်သောဘဝ
- ရံခါ မြင့်မြတ်သောဘဝ
- ရံခါ သေးငယ်သော ဘဝ
- ရံခါ ကြီးကျယ်သော ဘဝ
- ရံခါ ဆင်းရဲသော ဘဝ

- ရုံခါ ချမ်းသာသောဘဝ
- ရုံခါ အသက်တိုသော ဘဝ
- ရုံခါ အသက်ရှည်သော ဘဝ

ဟူ၍ ဘဝအသီးသီးကို ရရှိကြပါသည်။

ရဟန်းဟူသည် ထိုဆူကြုံနိမ့်မြင့် ဘဝအဆင့်ဆင့်ကို မလိုလား မတောင့်တ၊ ဘုရားရှင် လိုလားတော်မူသော ဘဝကင်းပြတ် နိဗ္ဗာနဓာတ်ကိုသာ လိုလားတောင့်တပြီး ဘဝကို အဆုံးသတ်ရန် ကြိုးစားကြသူများ (ဝါ) ဘဝလွတ်မြောက်ရေးကို ကြိုးပမ်းအားထုတ်ကြသူများ ဖြစ်ကြပါသည်။

ဘုရားရှင်ကလည်း လောကသတ္တဝါတို့၏ ဆူကြုံနိမ့်မြင့် ဘဝအဆင့်ဆင့်ကို မြတ်နိုးချီးမွမ်းတော် မမူပါ။ ဘဝဟူသမျှ ဆင်းရဲအတိသာဟု ဟောတော်မူပြီး ဘဝကင်းပြတ် မင်္ဂဖိုလ် နိဗ္ဗာန်ရရှိရေး၊ ရောက်ရေးကိုသာ လမ်းညွှန်ခဲ့ပါသည်။

ရဟန်းဟူသည် ထိုလမ်းညွှန်ချက်ကို နှစ်သက် မြတ်နိုး၍ ကြိုးစားအားထုတ်နေကြသူများ ဖြစ်ကြပါသည်။

ဘုရားရှင်လက်ထက်က ရဟန်းတော်အချို့သည် –

"ငါတို့က အကျင့်သီလနှင့် ပြည့်စုံသည်၊ ငါတို့က ဓုတင် ဆောင်ကြသည်၊ ငါတို့က စာပေပရိယတ် ကျွမ်းကျင် တတ်မြောက်ကြသည်၊ ငါတို့က ဆိတ်ငြိမ်သော တောရကျောင်း

မှာ နေကြသည်။ ငါတို့က ဈာန်ရထားသူတွေ ဖြစ်သည်၊ ငါတို့ အတွက် အရဟတ္တဖိုလသည် မခဲယဉ်းပါ၊ အလိုရှိသော အချိန်မှာ ရနိုင်ပါသည်” ဟု ဆိုကာ မိမိတို့လက်ရှိ ကျင့်နေ၊ အားထုတ်နေသော တရား ရရှိထားသော တရားထူးမျှဖြင့် နှစ်သက် ကျေနပ်နေကြသည်။ တင်းတိမ် အားရနေကြသည်။ ရှေ့ကို ဆက်လက် အားမထုတ်ဘဲ မေ့လျော့ ပေါ့ဆနေကြသည်။

‘ယခုနေမှာ ငါတို့အတွက် အရဟတ္တဖိုလ်ဟာ မခဲယဉ်းတော့ဘူး။ လက်တစ်လှမ်းမှာပဲ ရှိနေတော့တယ်’

အနာဂါမိဖိုလ်ထိ ရရှိထားသော ရဟန်းအချို့က ဤသို့ ကြံစည် စဉ်းစား ထင်မြင်ယူဆနေသည်။

တစ်နေ့သောအခါတွင် ဘုရားရှင်သည် ဇေတဝန်ကျောင်း၌ မိမိထံသို့ ချဉ်းကပ် ရောက်လာကြသော ထိုရဟန်းများကို –

“ရဟန်းတို့ … သင်တို့၏ ရဟန်းကိစ္စသည် အထွဋ် အထိပ်သို့ ရောက်ရှိပြီလား” ဟု မေးတော်မူသည်။

ထိုအခါ ရဟန်းများသည် မိမိတို့၏ ထင်မြင် ယူဆချက်နှင့် စိတ်ထဲက ကြံစည် စဉ်းစားမိပုံ အလုံးစုံကို ဘုရားရှင်အား မထိမ်မဝှက် လျှောက်ထားကြသည်။

“ရဟန်းတို့ … ရဟန်းမည်သည် သီလစင်ကြယ်ရုံမျှ

စသည်မျှနှင့်ပဲဖြစ်ဖြစ် အနာဂါမိဖိုလ် ချမ်းသာကို ရရုံမျှနှင့်ပဲ ဖြစ်ဖြစ် ငါတို့ဘဝ ဆင်းရဲသည် နည်းသွားပြီဟု မဆိုသင့်ပါ။ အရဟတ္တဖိုလ်သို့ မရောက်ဘဲ ငါချမ်းသာလှပေတယ်လို့ စိတ်သော်မျှ မကူးသင့်ပါ” ဟု ဘုရားရှင်က မိန့်ကြားသည်။ ထို နောက် အောက်ပါတရားတော်ကို ဆက်လက် ဟောကြားတော်မူပါသည်။

“ရဟန်းဟူသည် ရဟန္တာ မဖြစ်သေးဘဲ စတုပါရိသုဒ္ဓိသီလ ပြည့်စုံရုံမျှ၊ ဓုတင်အကျင့်များ ကျင့်သုံးရုံမျှ၊ ပိဋကတ်သုံးပုံကို သင်ယူတတ်ကျွမ်းရုံမျှ၊ သမာပတ်ရှစ်ပါး (လောကီဈာန် ကိုးပါး) ကို ရရှိထားရုံမျှ၊ ဆိတ်ငြိမ်ရာ ဌာနမှာ နေရုံမျှ၊ ပုထုဇဉ်တို့၏ အရာမဟုတ်သော (သောတာပတ္တိဖိုလ်၊ သကဒါဂါမိဖိုလ်၊ အနာဂါမိဖိုလ် ချမ်းသာကို ခံစားရရုံမျှဖြင့် ယုံကြည်အားထားခြင်းသို့ မရောက်သင့်၊ ဆက်လက် အားမထုတ်ဘဲ မေ့လျော့ပေါ့ဆစွာ မနေသင့်။

“မစင်မည်သည် နည်းပင်နည်းစေကာမူ အနံ့ဆိုးဝါးသည်သာ ဖြစ်သကဲ့သို့ ဘဝမည်သည် နည်းပင်နည်းစေကာမူ ဆင်းရဲလှသည် ဖြစ်သောကြောင့် ရဟန်းမည်သည် သီလ စသည် ပြည့်စုံ

ရှုံ့မှုဖြင့် ငါ့ဘဝဟာ နည်းသွားပြီ၊ တိုသွားပြီဟု
အရဟတ္တဖိုလ်ကို မရပါဘဲ ယုံကြည်အားထားခြင်း
သို့ မရောက်သင့်။

"ရဟန်းတို့ အနည်းငယ်မျှသော ကျင်ကြီး
ကျင်ငယ်၊ တံတွေး၊ နှပ်၊ ပြည်၊ သွေးသည်
မကောင်းသော အနံ့ရှိသကဲ့သို့ ထို့အတူ အနည်းငယ်
သော ဘဝကိုသော်မျှ ချီးမွမ်းတော် မမူ၊ အယုတ်
ဆုံးအားဖြင့် လက်ဖျစ်တစ်တီးမျှကြာသော ဘဝကို
သော်မှ ငါဘုရား ချီးမွမ်းတော် မမူပေ"

(အံ-ပါ ၁)

ဤသို့လျှင် ဘုရားရှင်သည် ထိုထိုဘဝ၌ သတ္တဝါတို့
ခဏတဖြုတ် ဖြစ်ရခြင်းကို အလိုမရှိပါ။ ဘဝကင်းပြတ် နိဗ္ဗာန်
ဓာတ် ရရှိရေးကိုသာ အလိုရှိတော်မူပါသည်။

သို့တွက် ဘုရားရှင် သာသနာ့ဝယ် ဘုရားသား အမည်ခံ
ယူတော်မူထားကြသော ရဟန်းသံဃာတော်များ၏ ရည်မှန်း
ချက် ပန်းတိုင်သည် နိဗ္ဗာန်စခန်းသာ ဖြစ်ပါသည်။ ထိုနိဗ္ဗာန်
ရရှိရေးအတွက် ရဟန်းသည် ဂန္ထဓုရ၊ ဝိပဿနာဓုရ အဆင့်
ဆင့်ဖြင့် ကြိုးစား အားထုတ်ကြရပေမည်သာ။

## လက်ဦးဆရာ၏ အဆုံးအမနှင့် ကျေးဇူးဂုဏ်

ဘုရားရှင် သာသနာတော်ဝယ် ရှင်ရဟန်းကောင်း၊ ရှင်ရဟန်းမြတ် ဖြစ်မှုနှင့် ရှင်ရဟန်းဆိုး၊ ရှင်ရဟန်းယုတ် ဖြစ်မှုသည် တပည့်မကောင်း ဆရာ့ခေါင်း ဆိုသကဲ့သို့ အများအားဖြင့် ဆရာအပေါ်မှာ မူတည်နေတတ်ပါသည်။

သို့အတွက် သာသနာတော်၌ ဆရာတပည့် ဆက်ဆံမှုသည် အလွန်ပင် အရေးကြီးလှပါသည်။ လက်ဦးဆရာကောင်းလျှင် တပည့်ကောင်း၍ လက်ဦးဆရာညံ့လျှင် တပည့်ပါ ညံ့လာတတ်သည်။

သာသနာတော်သို့ ဝင်လာသော ရှင်ရဟန်းသည် ရှင်ရဟန်းအဖြစ်၏ ရသင့်သော စင်ကြယ်မှုကို မရခြင်းကြောင့် အဆင့်ဆင့် ပိုမို ညစ်နွမ်းလာတတ်သည်။ ရှင်ရဟန်း၏ ပိုမိုညစ်နွမ်းမှုမည်သည် အသက်မွေးမှု ပျက်စီးခြင်းကြောင့်လည်း ဖြစ်နိုင်သည်။ အကျင့်၊ အယူ၊ သီလ စသည်တို့တွင် တစ်ပါးပါး ပျက်စီးခြင်းကြောင့်လည်း ဖြစ်နိုင်ပါသည်။

ရှင်ရဟန်းတစ်ဦးသည် ဆေးကုသမှု၊ ဗေဒင်ဟောမှု စသည်တို့ကို ပြုလုပ်နေသော ပုဂ္ဂိုလ်၏ထံပါး၌ ရှင်ရဟန်းအဖြစ်ကို ရလာခဲ့သည်ရှိသော် ထိုရှင်ရဟန်းသည် မကြာခင်ပင် ထိုဆရာ၏ နည်းကိုလိုက်၍ ဆေးကုသမှု စသည်တို့ကို ပြုလုပ်လာတတ်ပါသည်။

ထိုရှင်ရဟန်းသည် ထိုအသက်မွေး ပျက်စီးမှုမှာ တည်လျက် ရာဂ စသော ကိလေသာနှင့်အတူ သေသွားရပေတော့မည်။ နောက်တစ်ဆင့် အပြစ်ကြီးသော ပါစိတ်၊ သံဃာဒိသိသ်၊ ပါရာဇိက အပြစ်တို့ကို ကျူးလွန်လာတတ်သည်။ နောက်ဆုံး အမိသတ်ခြင်း စသော အနန္တရိယကံကိုလည်း ပြုလုပ်လာတတ်သည်။

ဤအယူသီလ ပျက်စီးမှုမှာ မူတည်လျက် ရာဂစသော ကိလေသာနှင့် တကွပင် သေသွားရတတ်သည် (မူပဏ်–၄–၁၁၄၆)

ရှင်ရဟန်းသည် သီလကို အသက်အသွင် ခင်မင်မြတ်နိုးသော သီလပြည့်စုံသော ဆရာ့ထံ၌ ရှင်ရဟန်းအဖြစ်ကို ရလာခဲ့ပါက ထိုသီလဝန္တပုဂ္ဂိုလ်က ဆုံးမမည်။ သွန်သင်မည်။ အနည်းငယ် မေ့လျော့မှုကို တွေ့သောအခါ သဲဒဏ်၊ ရေဒဏ်ပေး၍ ပြုပြင်ပေးကြမည်။

ထိုရှင်ရဟန်းသည် ဆရာကို အတုယူကာ ကျင့်သုံးလာပါမည်။ မကြာခင်ပင် ဝတ်အကျင့်နှင့် ကောင်းစွာ ပြည့်စုံလာပါတော့သည်။ ထိုရှင်ရဟန်းသည် စင်ကြယ်သော သီလမှာ တည်လျက် ရာဂစသော ကိလေသာ မရှိဘဲ သေဆုံးရမည်။

ထို့နောက် အဆင့်ဆင့်သော သီလ၌တည်၍ မိမိနှင့် သင့်လျော်သော ပရိယတ်စာပေကို သင်ယူသည်။ ခုတင်ကို-

ဆောက်တည်သည်။ မိမိနှင့် **သင့်လျော်သော ကမ္မဋ္ဌာန်းကို** အားထုတ်သည်။ ထို့နောက် **ရှာကျောင်းကို စွန့်၍** တောရကျောင်း ဆောက်တည်နေတော့သည်။

ထို့နောက် အဆင့်ဆင့် **ကသိုဏ်း ပရိကမ်ကို** ပြုလုပ် ၍ သမာပါတ်ရှစ်ပါးကို ဖြစ်စေခြင်းဖြင့် **ကိလေသာကို** ပယ်ခွာသည်။ ဝိပဿနာ အခြေခံဖြစ်သော ဈာန်မှထ၍ ဝိပဿနာဖြင့် ကိလေသာတို့ကို အခိုက်အတန့် တားမြစ်သည်။ သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုနေသည်။

ဤအရဟတ္တဖိုလ်မှာ တည်လျက် ရာဂစသော ကိလေသာတို့ မရှိဘဲ သေဆုံးသွားပါက ပရိနိဗ္ဗာန် ဝင်စံရတော့သည်။ (မူပဏ္ဏ-၄ -၁၁၄၆)

ရဟန်း၏ စင်ကြယ်မှုသည် အောက်ထစ်ဆုံးအားဖြင့် -

- သီလစင်ကြယ်မှုကြောင့်ဖြစ်သည်၊
- ကမ္မဋ္ဌာန်းအားထုတ်မှုကြောင့် ဖြစ်သည်၊
- ဆိတ်ငြိမ်ရာ၌ နေခြင်းကြောင့်လည်း ဖြစ်သည်၊
- ဈာန်ကို ရခြင်းကြောင့်လည်း ဖြစ်သည်၊
- ဝိပဿနာကို ပွားများခြင်းကြောင့်လည်း ဖြစ်သည်၊
- ရဟန်းပြုခြင်း၏ အကျိုးဖြစ်သော ဖိုလ်ကို ရခြင်း

ကြောင့်လည်း ဖြစ်သည်၊

ထို့ကြောင့် စဇ်ကြယ်လိုသော ရဟန်းသည် အောက်ထစ်ဆုံးအားဖြင့် –

- မိမိသီလကို စင်ကြယ်အောင် စောင့်ထိန်းရပါမည်၊
- ကမ္မဋ္ဌာန်းကို အားထုတ်ရပါမည်၊
- ဆိတ်ငြိမ်ရာမှာ နေရပါမည်၊
- တတ်နိုင်လျှင် ဈာန်ကို ဖြစ်စေရမည်၊
- ဈာန်ကို အခြေခံကာ ဝိပဿနာ ပွားများ၍ မဂ်ဖိုလ်ကို အရယူရမည်။

ဤသာသနာတော်ဝယ် ဆရာနှင့်တပည့်သည် ကိုယ့်တာဝန်ကို ကိုယ်ကျေအောင် လုပ်ဆောင်ရပါမည်။

ဆရာသည် တပည့်၏ ကြီးပွားရာ ကြီးပွားကြောင်းနည်းလမ်းကောင်းကို ညွှန်ရပါမည်။ ဆိုဆုံးမ ဩဝါဒပေးရပါမည်။ မကောင်းမှုမှ ရှောင်ကြဉ်စေပြီး ကောင်းမှုကို ဆည်းပူးစေရန် လမ်းညွှန်မှု ပြုရမည်။

တပည့်ကလည်း ဆရာကောင်း၏ လမ်းညွှန်မှုကို လိုလိုချင်ချင် နာယူရမည်။ ကျင့်ကြံကြိုးကုပ် အားထုတ်ရပါမည်။

ဤသို့ ပြုကျင့်သော တပည့်သည် ဆရာကို မိတ်ဆွေအရာမှာ ထား၍ ကျင့်ရာရောက်သည်။ ယင်းပုဂ္ဂိုလ်သည် ကောင်းကျိုး အမျိုးမျိုး တိုးပွားနိုင်သည်။ ချမ်းသာသုခ ရနိုင်ပါသည်။

တပည့်သာဝကတို့အား သနားစောင့်ရှောက် ချီးမြှောက် တော်မူတတ်သော ဘုရားရှင်၏ တာဝန်ကိစ္စဟူသည်မှာ မှန်ကန် တိကျသော တရားတော်ကို ဟောပြောရုံသာ ဖြစ်ပါသည်။

တရားတော်ကို ကြားနာပြီးသည်နောက် လိုက်နာပြုကျင့် ခြင်းသည်ကား တပည့်သာဝကတို့၏ တာဝန်ကိစ္စသာ ဖြစ် သည်။

ပုဂ္ဂိုလ်၊ သတ္တဝါအများသည် များသောအားဖြင့် ကိုယ်ပိုင် ဉာဏ် မရှိကြ။ အဆုံးအမ ပေးတတ်သော ပညာရှိကို မှီး၍ ကျင့်ဝတ်စသော ဥပဒေတို့ကို ကောင်းစွာ မသင်ယူခဲ့ပါလျှင် ချုံနွယ် စသည်တို့ဖြင့် ရှုပ်ထွေးလျက်နေသော တောထဲ၌ ကျွဲ ကန်းကြီးတစ်ကောင်သည် စားကျက်အရပ်၊ စားကျက်မဟုတ် သော အရပ်၊ ဘေးရန်ရှိသောအရပ်၊ ဘေးရန်မရှိသော အရပ် ဟူ၍ မသိနိုင်ဘဲ စမ်းတဝါးဝါး သွားလာနေရသကဲ့သို့ ဖောက် လွဲဖောက်ပြန် ကျင့်နေတတ်ရသည်။

သတ္တဝါအပေါင်းသည် လူဖြစ်က မိမိတို့အမျိုးအနွယ် အားလျော်သော အကျင့်ကို သင်ယူကြရမည်။

ရှင်ရဟန်း ဖြစ်လျှင်လည်း ရှင်ရဟန်းအားလျော်သော အကျင့်ကို သင်ယူရပေမည်။

လူတို့သည် မိမိတို့အမျိုးအနွယ်အားလျော်သော လယ်ထွန်မှု၊ နွားကျောင်းမှု စသည်တို့ကို သင်ယူတတ်မြောက်ထားမှသာ မှန်ကန်သော အသက်မွေးမှု ဖြစ်အောင် တည်တံ့စွာဆောင်ရွက် ပြုကျင့်နိုင်ပေမည်။

အလားတူ ရှင်ရဟန်းတို့သည်လည်း ရှင်ရဟန်းအားလျော်သော ကြည်ညိုဖွယ်ရာ သွားလာမှု စသည်နှင့် အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာတို့ကို သင်ကြား တတ်မြောက်ထားမှသာ ပျံ့လွင့်ခြင်းကင်းပြီး တည်ကြည်ခြင်း အပြည့်ဖြင့် တရားကျင့်နိုင်ပေမည်။

ရွှေအိုးကို ညွှန်ကြား ပြောပြတတ်သူအလား တရားစွမ်းရည်နှင့် ပညာပြည့်ဝသော အပြစ်ကို ဆိုဆုံးမတတ်သူ၊ ဖိနှိပ် ပြောဆိုတတ်သူမျိုးကို တွေ့ရပါလျှင် ပညာအမြော်အမြင်ရှိသူသည် ထိုပုဂ္ဂိုလ်မျိုးကို ဆည်းကပ်ရပါမည်။ ထိုဆရာမျိုးကို ဆည်းကပ်သော တပည့်သည် ကောင်းမြတ် တိုးတက်မှုသာ ဖြစ်တော့သည်။ ယုတ်ညံ့ ကောက်ကျစ်မှု မရှိတော့ချေ။ တစ်နေ့တခြား ကြီးပွားတိုးတက်ရာသာ ရှိပေသည်။

"ဩဝါဒ ပေးရမည်၊ ဆုံးမရမည်၊ မလျော်သော တရား

မှ တားမြစ်၍ သင့်လျော်သော တရားမှာ တည်စေရမည်၊ ဤ ပုဂ္ဂိုလ်မျိုးကို သူတော်ကောင်းများက ချစ်မြတ်နိုးကြသည်”

- တရားသဘောကို မသိနားမလည်သောသူ
- တမလွန်လောကကို မလွှတ်မြောက်သေးသူ
- ပစ္စည်းလေးပါးကိုသာ ကြည့်တတ်သူ
- အသက်မွေးဝမ်းကျောင်းအတွက် ရဟန်းပြုလာသူ

ဟူသော သူတော်ကောင်း အတုအယောင်များကမူ ဩဝါဒ ပေးတတ်၊ ဆုံးမတတ်သော ပုဂ္ဂိုလ်ကို အရှင်ဘုရားဟာ တပည့်တော်တို့၏ ဆရာမဟုတ်ဘူး။ ဆုံးမစရာ မလိုဘူး။ ဘာလို့ လာဆုံးမနေရသလဲဟု နှုတ်လှံထိုးကာ အာခံလျက် ချစ်ခင်မြတ်နိုးမှု မပြုနိုင်ကြချေ (ထေရ-၄-၂-၄၀၁)

“အာနန္ဒာ ... ဤသာသနာတော်၌ ဆရာဟူသည် တပည့်များကို သနားကြင်နာသည်၊ အစီးအပွားကို ရှာတတ်သည်၊ ကောင်းကျိုး တိုးပွားအောင် လုပ်ဆောင်ပေးတတ်သည်။ သနားကြင်နာသည့်အတွက်ကြောင့်ပင် သင်တို့ဟာ ဒီအကျင့်ကို ကျင့်ရင် ကောင်းကျိုးအမျိုးမျိုး တိုးပွားမည်။ ဒီအကျင့်ကို ကျင့်ရင် ချမ်းသာမည်။ ဤသို့ တပည့်တို့အား တရားဟောတတ်သည်။

“ထိုတရားကို တပည့်များက လိုလိုချင်ချင် မနာကြ။

နားမထောင်ကြ။ သိနားလည်အောင် ရှုးစိုက်မှု မရှိကြ။ ဆရာ အဆုံးအမမှ သွေဖည်ကျင့်သုံးကြသည်။

"ဤသို့ ကျင့်ပါလျှင် တပည့်များက ဆရာကို ရန်သူ အရာထား၍ ကျင့်ရာရောက်သည်။ မိတ်ဆွေအရာထား၍ ကျင့် ရာ မရောက်ပေ။

"ဆရာက ဟောသောတရားကို တပည့်များက လိုလို ချင်ချင် နာကြသည်။ နားထောင်ကြသည်။ သိနားလည်အောင် ရှုးစိုက်ကြသည်။ စိတ်ပါဝင်စားကြသည်။ ဆရာ့အဆုံးအမမှ သွေဖည်၍ မကျင့်ကြကုန်။

"ဤသို့ပြုကျင့်လျှင် တပည့်များက ဆရာကို မိတ်ဆွေ အရာမှာထား၍ ကျင့်ရာရောက်သည်။ ရန်သူအရာမှာ ထား၍ ကျင့်ရာမရောက်ပေ။

"အာနန္ဒာ... ထို့ကြောင့် ငါဘုရားကို မိတ်ဆွေအရာမှာ ထား၍ ကျင့်ကြကုန်လော့။ ရန်သူအရာမှာထား၍ မကျင့်ကြ ကုန်နှင့်။ ငါဘုရားကို မိတ်ဆွေအရာမှာထား၍ ကျင့်ပါလျှင် သင်တို့မှာ ကြာရှည်လေးမြင့် ကောင်းကျိုးအမျိုးမျိုး တိုးပွား ပေးလိမ့်မည်။ ချမ်းသာသုခ ရကြပေလိမ့်မည်။

အာနန္ဒာ... အိုးထိန်းသည်က အိုးစိမ်းတွေကို ကြောင့်ကြ စိုက်သကဲ့သို့ ငါဘုရားက သင်တို့အပေါ်မှာ ကြောင့်ကြစိုက် မည် မဟုတ်။ ငါဘုရားက နှိပ်ကွပ်၍ ပြောရပေလိမ့်မည်။

ထပ်ကာထပ်ကာ ဆုံးမမှု ပေးရမည်။ အပြစ်တွေကို ပယ်စွန့်စေ၊ မစွန့်မချင်း ပြောရပေလိမ့်မည်။ လောကီ လောကုတ္တရာ အနှစ်သာရသည် သင်တို့သန္တာန်မှာ တည်ရပေလိမ့်မည်။ ကျန်နေပေလိမ့်မည်။

အိုးထိန်းသည်,သည် ကောင်းစွာ မခြောက်သေး၊ မဖုတ်ရသေးသော အိုးစိမ်းကို ပွဲမှာစိုးသည့်အတွက် အသာအယာကိုင်တွယ်ရသည်။ ဤသို့ အိုးလုပ်သမားက အိုးစိမ်းတွေအပေါ်မှာ ပြုကျင့်သကဲ့သို့ ငါဘုရားက သင်တို့အပေါ်မှာ ပြုကျင့်မည် မဟုတ်။ တစ်ကြိမ်လောက် ဆုံးမပြီးသည့်နောက် တိတ်တိတ်နေမည် မဟုတ်။ နှိပ်ကွပ်၍ အထပ်ထပ် ဆုံးမ ဩဝါဒပေးရလိမ့်မည်။ အပြစ်များ ကင်းစင်အောင် ဆိုဆုံးမရလိမ့်မည်။

"အိုးထိန်းသည်, သည် ဖုတ်ထားသော အိုးများထဲမှ ကွဲသောအိုး၊ ပေါက်သောအိုး၊ အက်နာနေသော အိုးများကို ပယ်စွန့်၍ တစ်နေရာမှာ ထားလိုက်သည်။ ထို့နောက် အကျက်ညီသော အိုးတို့ကိုသာ ခေါက်၍ ခေါက်၍ယူသည်။

"ထို့အတူ ငါဘုရားသည် ပယ်စွန့်သည် ဖြစ်စေ၊ မစွန့်မချင်း ထပ်ကာထပ်ကာ ဆုံးမ တားမြစ်ရပေလိမ့်မည်။ ဆုံးမခံနေကြရတဲ့ သင်တို့သန္တာန်မှာ မဂ်ဖိုလ်ဟူသော အနှစ်သာရသည် တည်ရှိနေပေလိမ့်မည်။ (ဥပဏ် – ပါ – ၁၅၉)

"အာနန္ဒာ... ဆရာတစ်ဦးကို အကြောင်းပြု၍ တပည့်ဖြစ်သော ပုဂ္ဂိုလ်သည် သရဏဂုံ တည်၏။ ငါးပါးသီလ စောင့်ထိန်း၏။ ရတနာသုံးပါးကို နှစ်ခြိုက်ယုံကြည် လက်ခံ၏။ အရိယာတို့ နှစ်သက်အပ်သော သီလနှင့် ပြည့်စုံ၏။ သစ္စာလေးပါးကို အမှန်အတိုင်း သိမြင်၏။

ယင်းဆရာမျိုးကို တပည့်ဖြစ်သော ပုဂ္ဂိုလ်က ရှိခိုးမှု၊ ခရီးဦးကြိုဆိုမှု၊ လက်အုပ်ချီမှု၊ အရိုအသေပြုမှု၊ ပစ္စည်းလေးပါး လှူဒါန်းမှုတို့ဖြင့် ကျေးဇူး တုံ့ပြန်မှုကို ပြုသော်လည်း ဆရာအား သင့်လျော် လျောက်ပတ်သော ကျေးဇူးတုံ့ပြန်မှုကို ပြုနိုင်သည်ဟု ငါဘုရား မပြောလိုပေ။ သင့်လျော် လျောက်ပတ်သော အမှုကို ပြုခြင်းငှာ မစွမ်းနိုင်သောကြောင့် ဖြစ်ပါသည်။

"ဆရာကို တွေ့မြင်ရသည့်အခါ ရှိခိုးခြင်း၊ ဆရာရှိရာဘက်သို့ ကိုယ်ကို ကိုင်းညွတ်လျက် လက်အုပ်ချီသွားခြင်း၊ ရှိခိုး၍ အိပ်ခြင်း၊ ရှိခိုး၍ ထိုင်ခြင်းတို့ကို ပြုလုပ်သူသည် ရှိခိုးမှုဖြင့် ဆရာကို ကျေးဇူးတုံ့ပြန်ရာ ရောက်သည်။

"ဆရာ ကြွလာသည်ကို အဝေးမှ တွေ့မြင်ရသည့်အခါ နေရာမှထ၍ ခရီးဦး ကြိုဆိုမှုပြုခြင်းသည် ခရီးဦး ကြိုဆိုမှုဖြင့် ကျေးဇူးတုံ့ပြန်ရာ ရောက်သည်။

"ဆရာကို တွေ့ရသည့်အခါ လက်အုပ်ချီမြှောက်၍

ခေါင်းပေါ်တင်ထားလျက် ဆရာကို ဦးညွှတ်၏။ ထိုင်ရင်လည်း လက်အုပ်ချီ ဦးညွှတ်၏။ ဤသို့ ပြုလုပ်သူသည် လက်အုပ်ချီမှုဖြင့် ဆရာကို ကျေးဇူး တုံ့ပြန်ရာရောက်သည်။

"ဆရာ့အတွက် သင့်လျော်သော အလုပ်ကို ပြုလုပ်ပေးသူ၊ ဝတ်ကြီးဝတ်ငယ် ပြုလုပ်နေသူတို့သည် အရိုအသေ ပြုခြင်းဖြင့် ကျေးဇူးတုံ့ပြန်ရာ ရောက်သည်။

"ပစ္စည်းလေးပါးကို ပေးသည့်အခါ သာမန်တန်ဖိုးရှိမပေးဘဲ၊ အဖိုးတန် ဆွမ်း၊ သင်္ကန်း စသည်တို့ဖြင့် ပေးလှူခြင်းသည် ပစ္စည်းလေးပါးဖြင့် တုံ့ပြန် ကျေးဇူးဆပ်ရာ ရောက်ပေသည်" (ဥပဏ် – ပါ – ၂၉၇)

ဆရာတို့၏ ကျေးဇူးသည် အလွန် ကြီးမားလှပါသည်။ ဆရာ့အပေါ် တပည့်က –

- အကြိမ်ရာပေါင်း ထောင်ပေါင်းများစွာ တည်ခြင်းငါးပါးဖြင့် တုပ်ကွ၍ ရှိခိုးသော်လည်းကောင်း၊
- နေရာမှထ၍ ခရီးဦးကြိုဆိုသော်လည်းကောင်း၊
- တွေ့ရသမျှ မြင်ရသမျှသော ခဏမှာ လက်အုပ်ချီမိုး ရှိခိုးသော်လည်းကောင်း၊
- ဆရာအား သင့်လျော်သော ရိုသေမှုကို ပြုသော်လည်းကောင်း၊

- နေ့စဉ်နေ့တိုင်း ပစ္စည်းလေးပါး ရာပေါင်းထောင်ပေါင်း များစွာ ပေးလှူသော်လည်းကောင်း
- ဆရာပြုလုပ်ထားသော ကျေးဇူးကို တုံ့ပြန်ဆပ်ရာ မရောက်ချေ။

(အံ - ပါ - ၁ - ၁၂၁)

**နှစ်ဖက်ရှုံးသမား ရှင်ရဟန်းဘဝ မဖြစ်ရလေအောင်**

"အမျိုးကောင်းသားတို့သည် အရဟတ္တဖိုလ်ကို ရ၍ ရဟန္တာဖြစ်ကြရန် အိမ်ရာတည်ထောင် လူ၏ဘောင်မှ ထွက်ခွာ၍ ရဟန်းဘောင်၌ ကောင်းစွာသာလျှင် ရဟန်းပြုကြသည်"

သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ရန်ဟူသော ဦးတည်ရည်မှန်းချက်ဖြင့် လူတို့၏ အသုံးအဆောင်၊ စည်းစိမ်ဥစ္စာအားလုံးကို စွန့်လွှတ်၍ ရဟန်းတို့၏ အသုံးအဆောင်ဥစ္စာဖြစ်သော မဂ်ဖိုလ်နိဗ္ဗာန်ကို အရယူရန် စိတ်အားထက်သန်နေသော ရဟန်းတို့သည် လာဘ်လာဘ ပူဇော်မှုကို မက်မောနေသူ၊ အကုသိုလ်တရားဆိုးကို လက်ခံထားသူများ ဖြစ်နေပါက -

- လူတို့၏ အသုံးအဆောင်လည်း မခံစားရ
- ရဟန်းတို့၏ စည်းစိမ်ဥစ္စာလည်း မခံစားရဘဲ

နှစ်ဖက်ရှုံးသမားဖြစ်တတ်သည်ဟု ဘုရားရှင်က ဟောကြားခဲ့ပါသည်။

ဘုရားရှင်သည် သာဝတ္ထိတွင် ဝါကပ်ပြီး၍ ပဝါရဏာပြုပြီးသောအခါ ရဟန်းများ ခြံရံလျက် ကပိလဝတ္ထု နိဂြောဓာရုံ ကျောင်းသို့ ကြွခဲ့သည်။

ထိုနိဂြောဓာရုံကျောင်းအရောက်တွင် ရဟန်းများ ပစ္စည်းခွဲခြမ်း ဝေဖန်ကြရာ၌ အသံဆူညံစွာ ပြောဆိုသည့်အတွက် ရှင်အာနန္ဒာကို ထိုရဟန်းများကို နှင်ထုတ်စေသည်။

ရဟန်းတော်များကို နှင်ထုတ်ပြီးနောက် ရဟန်းတော်များသည် ဘုရားရှင်ထံသို့ တစ်ပါးချင်း နှစ်ပါးချင်း ကြောက်ရွံ့ ထိတ်လန့်သော သဘောရှိကြလျက် ဘုရားရှင်ထံသို့ ချဉ်းကပ် ရောက်လာကြသည်။

ယုဂန္ဓိုရ်စသော တောင်စဉ်ခုနစ်ထပ်တို့၏ အကြား၌ ငြိမ်သက်စွာ တည်နေသော သိဒန္တရသမုဒ္ဒရာ ရေကဲ့သို့လည်းကောင်း၊ လေငြိမ်ရာ အရပ်၌ ထွန်းထားသော ဆီမီးကဲ့သို့လည်းကောင်း မလှုပ်မရှက် ငြိမ်သက်စွာ ထိုင်နေကြသော ရဟန်းငါးရာကို ဘုရားရှင်က အောက်ပါအတိုင်း တရားဟောခဲ့ပါသည် –

"ရဟန်းတို့၊ အသက်မွေးမှု အမျိုးမျိုး ရှိတဲ့အနက် ထမင်းတောင်းစား အသက်မွေးရမှုဟာ အောက်တန်းအကျဆုံး

ဖြစ်သည်။ ထမင်းရှာဖွေရင်း ခွက်လက်စွဲကာ လှည့်လည်နေရပါစေဆိုသော စကားသည် လူ့လောကဝယ် ကျိန်ဆဲသော စကားဖြစ်သည်။ သို့သော် အကျိုးထူးကို အံ့လိုရှိကြသော အမျိုးကောင်းသားများသည် အကျိုးထူး ကို အကြောင်းပြုပြီး ထိုထမင်း တောင်းစား အသက်မွေးရသော ငါဘုရားရှင်၏ သာသနာသို့ ဝင်ရောက်လာကြသည်။ ထိုသူတို့သည် မင်းပြစ်မင်းဒဏ်သင့်၍ ဝင်ရောက်လာကြသည်လည်း မဟုတ်။ ခိုးသားဓားပြတွေ ဖမ်းယူ နှိပ်စက်မှုကို ခံရ၍လည်း ဝင်ရောက်လာကြသည် မဟုတ်။ သား မယား မကျွေးနိုင်၍လည်း ဝင်ရောက်လာကြသည် မဟုတ်။

"အမှန်မှာ ပဋိသန္ဓေနေရသော ဆင်းရဲ၊ အိုရသော ဆင်းရဲ၊ သေရသော ဆင်းရဲ၊ စိုးရိမ်ပူဆွေးရသော ဆင်းရဲ၊ ငိုကြွေးမြည်တမ်းရသော ဆင်းရဲ၊ ကိုယ်ပင်ပန်းရသော ဆင်းရဲ၊ စိတ်ပင်ပန်းရသော ဆင်းရဲများက တို့တစ်တွေကို ဝင်ရောက်နှိပ်စက်နေသည်။ တို့တစ်တွေသည် ဆင်းရဲတွင်းသို့ သက်ဆင်းနေကြရသည်။ ဆင်းရဲတွင်း နက်နေကြသည်။ တို့တစ်တွေသည် ဆင်းရဲဒုက္ခ၏ လွှမ်းမိုးနှိပ်စက်မှုကို ခံနေရသည်။ ချမ်းသာမဖက် ဤဆင်းရဲသက်သက် ကုန်ဆုံးသွားအောင် လုပ်နိုင်တန်ကောင်းရဲ့ဟူသော ရည်ရွယ်ချက်ဖြင့် ဝင်ရောက်လာကြသည်။

"ဤကဲ့သို့သော ရည်ရွယ်ချက်နှင့် ဝင်ရောက်လာကြသော အမျိုးကောင်းသားများသည် -

- မက်မောမှုများသူ၊
- ကာမဂုဏ်အမှားမှာ ထက်ထက်သန်သန် ကပ်စွဲနေသူ၊
- သူတစ်ပါးကို ဖျက်လိုဖျက်ဆီးစိတ် ရှိနေသူ၊
- ပျက်စီးစေလိုသော စိတ်အကြံရှိနေသူ၊
- မေ့လျော့ပေါ့ဆနေသူ၊ သတိကင်းလွတ်သူ၊
- ဆင်ခြင်တိုင်းတာဉာဏ် မရှိသူ၊
- မတည်ကြည် (သမာဓိ) မရှိသူ၊
- စိတ်ဓာတ်မခိုင်မြဲသူ၊
- ဣန္ဒြေမဲ့သူ (ဂနာမငြိမ်သူ)

မျိုး ဖြစ်နေခဲ့လျှင် အစွန်းနှစ်ဖက်မှာလည်း မီးရှိနေ၊ အလယ်မှာလည်း မစင်ပေနေသည့်အပြင် (အရှည်လက်ရှစ်သစ်မျှသာရှိသော ထင်းတလား (လူသေကောင် မီးသင်္ဂြိုဟ်ရာမှ မီးသွေးမဖြစ်ဘဲ ကျန်ရစ်နေသော မီးလောင်ထင်းစ) သည် သစ်သားတစ်ခု အနေဖြင့် ရွာမှာလည်း အသုံးမဝင်၊ တောမှာလည်း အသုံးမဝင်တော့သကဲ့သို့ ထိုပုဂ္ဂိုလ်မျိုးများသည် လူများ၏ ပစ္စည်းဥစ္စာကလည်း ဆုတ်ယုတ်သူ၊ ရဟန်းကိစ္စလဲ မပြီးစီး

စေနိုင်သူဟူ၍ ဆိုရပေတော့မည်။

"ဤပုဂ္ဂိုလ်မျိုး၏ ထင်းတလားနှင့်တူသော သဘောကို အမိအဘတို့ကလည်း ပေးလိုက်သည်လည်း မဟုတ်။ ဆရာဥပဇ္ဈာယ်တို့က ပြုလုပ်ပေးလိုက်သည်လည်း မဟုတ်။ အမှန်မှာ ကာမဝိတက် စသည်တို့က ပြုလုပ်ပေးနေခြင်း ဖြစ်သည်" ဟူ၍ ဘုရားရှင်က ဟောကြားပြရာ ရဟန်းငါးရာသည် ထိုနေရာမှာပင် ပဋိသမ္ဘိဒါနှင့်တကွ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်လေသည်။

သို့အတွက် သာသနာအတွင်း ဝင်ရောက်၍ နိဗ္ဗာန်အကျိုးငှာ ကျင့်ကြံအားထုတ်ကြသော ရှင်ရဟန်းများသည် နှစ်ဖက်ရှုံးသမား မဖြစ်ရလေအောင်

- မိမိတို့၏ ကိုယ်ကျင့်သီလကို လုံခြုံစေရပါမည်၊
- သတိပဋ္ဌာန် ဝိပဿနာအလုပ်ကိုလည်း ကြိုးစားအားထုတ်နေသင့်ပါသည်။

သို့မှသာ ကောင်းစွာ ကျင့်သော မြတ်ရဟန်း၊ စင်ကြယ်မြင့်မြတ်သော မြတ်ရဟန်းများ ဖြစ်ကြပါမည်။

## ရဟန်းဘဝ တိုးတက်ရေးဖြစ်လိုလျှင်

ရဟန်းဘဝ တိုးတက်ရေးသည် အလွန်အရေးကြီးပါသည်။ ရဟန်းဘဝ တိုးတက်ရေးနှင့် ပတ်သက်၍ နတ်သား

တစ်ပါးက ဘုရားကို လျှောက်ထားသော အချက်ခုနစ်ချက် ရှိပါသည်။

၁။ မြတ်စွာဘုရား၌ အလေးဂရုပြုမှုသူဖြစ်ခြင်း၊

၂။ လောကုတ္တရာတရားကိုးပါးကို အလေးပြုသူ ဖြစ်ခြင်း၊

၃။ သံဃာတော်၌ အလေးပြုသူဖြစ်ခြင်း၊

၄။ သိက္ခာသုံးပါး၌ အလေးဂရုပြုသူဖြစ်ခြင်း၊

၅။ သမာဓိ၌ အလေးဂရုပြုသူဖြစ်ခြင်း၊

၆။ ဒုစရိုက်အကုသိုလ်ကို ရှက်ခြင်း၊ စက်ဆုပ်ခြင်း၌ အလေးဂရုပြုသူ ဖြစ်ခြင်း၊

၇။ ဒုစရိုက် အကုသိုလ်ကို ကြောက်လန့်ခြင်း၌ အလေး ဂရုပြုသူ ဖြစ်ခြင်း။

ဤခုနစ်ပါးသော တရားတို့သည် ရဟန်း၏ ရရှိပြီး ဂုဏ်တို့မှ မဆုတ်ယုတ်ခြင်း၊ တိုးတက်ခြင်းငှာ ဖြစ်သည်ဟု နတ်သားက လျှောက်ထားခဲ့ပါသည်။

ဒုစရိုက်အကုသိုလ်ကို ရှက်ခြင်း၊ စပ်ဆုပ်ခြင်း ပြုလုပ်ရန် ကြောက်လန့်ခြင်း၌ အလေးဂရုပြုခြင်း မရှိပါက ရဟန်းသည် မည်သည့်သိက္ခာပုဒ်မှ စောင့်ရှောက်တော့မည် မဟုတ်ပေ။ ရဟန်းကျင့်ဝတ်များ တိုးတက်မည် မဟုတ်ပေ။ ရန်းကျင့်ဝတ်

မတိုးတက်လျှင် ရဟန်းဘဝ တိုးတက်မည် မဟုတ်ပါ။

အရှက်၊ အကြောက်တရားနှစ်ပါးကို အလေးဂရုပြုကာ မရှောင်ကြဉ်က ယင်းတရား နှစ်ပါးကို အကြောင်းခံ၍ မကောင်းကျိုးများ ဆက်လက် ဖြစ်ပွားပါလိမ့်မည်။ အရှက်အကြောက် မရှိသော ရဟန်းအား -

- ဣန္ဒြိယသံဝရသီလ ပျက်စီးသော အကြောင်း ရှိသည်၊
- ဣန္ဒြိယသံဝရသီလ ချို့တဲ့သော ရဟန်းအား ပါတိမောက္ခသံဝရသီလ ပျက်ရသော အကြောင်း ရှိသည်။
- ပါတိမောက္ခသံဝရသီလ ချို့တဲ့သော ရဟန်းအား သမ္မာသမာဓိသည် ပျက်စီးရသောအကြောင်း ရှိသည်။
- သမ္မာသမာဓိ ချို့တဲ့ပါက ဟုတ်တိုင်းမှန်စွာသိသော ဉာဏ်အမြင်သည် ပျက်စီးရသောအကြောင်း ရှိသည်။
- ဟုတ်တိုင်းမှန်စွာ သိသော ဉာဏ်အမြင် ချို့တဲ့ပါက ဝင်္ဆင်းရဲ၌ ငြီးငွေ့သော ဉာဏ်၊ ဝဋ်ဆင်းရဲ၌ တပ်ခြင်းကင်းသောဉာဏ်သည် ပျက်စီး

ရသောအကြောင်းရှိသည်။

– ထိုဉာဏ်များ ချို့တဲ့သော ရဟန်းအား အရဟတ္တဖိုလ်ကို ဆင်ခြင်သော ပစ္စဝေက္ခဏာဉာဏ် ပျက်စီးရသောအကြောင်းရှိသည်။

ဘုရားရှင်က ထိုအကြောင်းကို ဥပမာဖြင့် တင်စားဟောကြားခဲ့ပါသည်။

"ရဟန်းတို့ ဥပမာသော်ကား ... သစ်ပင်သည် အခက်အရွက် ပျက်စီးခဲ့လျှင် ထိုသစ်ပင်၏ အပွေးတို့သည်လည်း ပြည့်စုံခြင်းသို့မရောက်၊ အခွံသည်လည်းကောင်း၊ အကာသည်လည်းကောင်း၊ အနှစ်သည်လည်းကောင်း ပြည့်စုံခြင်းသို့ မရောက်"

အရက်အကြောက်နှင့် ပြည့်စုံသော ရဟန်းအား ရရှိနိုင်သော အကျိုးများမှာ အထက်ဖော်ပြပါ ဆိုးကျိုးများ၏ ဆန့်ကျင်ဘက် ကောင်းကျိုးများသာ ဖြစ်ကြောင်း ဘုရားရှင်က အကျယ်တဝင့် ဟောထားခဲ့ပါသည်။

တရား ခုနစ်ပါးလုံး ပြည့်စုံသော ရဟန်းသည် ဆုတ်ယုတ်သော ရဟန်းဘဝ မဖြစ်နိုင်ပေ။ သဒ္ဓါပညာ စသော တရားများ အဆင့်ဆင့် တိုးပွားသဖြင့် ရဟန်းဘဝ တိုးတက်ရေးသည် ပြောဖွယ်မရှိပေ။

ရဟန်းဘဝ တိုးတက်ရေးကို လိုလားလျှင် -

- ဘုရား၌ ရိုသေမှု
- တရား၌ ရိုသေမှု
- သံဃာ၌ ရိုသေမှု
- အကျင့်သိက္ခာ၌ ရိုသေမှု
- သမာဓိ၌ ရိုသေမှု
- မမေ့မလျော့ခြင်း၌ ရိုသေမှု
- အစေ့အစပ်ပြုခြင်း (ပဋိသန္ထာရ)၌ ရိုသေမှု
- မကောင်းမှုမှ ရှက်ခြင်း၌ ရိုသေမှု
- မကောင်းမှုမှကြောက်ခြင်း၌ ရိုသေမှု

ဟူသော ဤတရားများနှင့် ရှင်ရဟန်းတို့သည် ပြည့်စုံရန် အထူး လိုအပ်ပါသည်။

❀ ❀ ❀

# အခန်း(၂)

# သီလသည့်သာ မြတ်အင်္ဂါ

## ရှင်ရဟန်းတို့၏ သီလစင်ကြယ်မှုများ

ရဟန်းသာမဏေများသည် မိမိတို့နှင့် သက်ဆိုင်ရာ သီလများကို စောင့်ထိန်း ဖြည့်ကျင့်နေသူများ ဖြစ်ကြပါသည်။ မိမိတို့ သီလညစ်နွမ်းမှု၊ စင်ကြယ်မှုတို့ကို အမြဲတစေ သတိပြုဆင်ခြင် နေရပါမည်။

ပုထုဇဉ်ရဟန်းသာမဏေများ ဖြစ်သည့်အားလျော်စွာ ရံဖန်ရံခါ သီလညစ်နွမ်းလာတတ်ပါသည်။ ထိုအခါ သီလစင်ကြယ်အောင် ကုစားမှု ပြုလုပ်သင့်ပါသည်။ ညစ်နွမ်းသွားသော မိမိ၏သီလကို စင်ကြယ်အောင် ကုစားနိုင်ရန် အောက်ပါ (၄)မျိုး

ကို နားလည်ထားရပါမည်။

**(၁) ပါတိမောက္ခသံဝရသီလ (ဒေသနာသုဒ္ဓိ)**

ကိုယ်နှုတ်ကို စောင့်စည်းကြောင်းဖြစ်သော ဝိနည်းတော်လာ သီလကို "ပါတိမောက္ခသံဝရသီလ"ဟု ခေါ်ပါသည်။

ဤပါတိမောက္ခသံဝရသီလသည် သဒ္ဓါပြဋ္ဌာန်းပါသည်။ သဒ္ဓါတရားရှိသော၊ ဘုရားရှင်ကို ကြည်ညိုသောအားဖြင့် ဤသီလကို လုံခြုံအောင် စောင့်ထိန်းနိုင်ပါသည်။

ဒေသနာကြားခြင်းဖြင့် စင်ကြယ်နိုင်သောကြောင့် ဤပါတိမောက္ခသံဝရသီလကိုပင် ဒေသနာသုဒ္ဓိဟု ခေါ်ပါသည်။

(**သံဃာ** ဒိသိသ်**အာပတ်**မှ စင်ကြယ်စေရန် ပရိဝါသ်မာနတ် ဆောက်တည်၍ ဝုဋ္ဌာန**ကံ**ပြုခြင်း၊ ပါရာဇိကအာပတ်မှ စင်ကြယ်စေရန် ရဟန်းအဖြစ်မှ **စွန့်လွှတ်**ခြင်းတို့သည် ဒေသနာသုဒ္ဓိပင် ဖြစ်ပါသည်။)

ဝိသုဒ္ဓိအဋ္ဌကထာ (၁) (၃၅) ၌-

"ဘုရားရှင် ပညတ်ခဲ့သော ပါတိမောက္ခသံဝရသီလကို ရဟန်းများသည် သေချင်သေပါစေ ကိုယ်အသက်ကို မငဲ့မကွက်ဘဲ မပျက်စေရန် စောင့်ရှောက်ထိန်းသိမ်း ကျင့်ရပါမည်။"

ဟု ဖွင့်ဆိုထားပါသည်။

ယင်းကို သုခါဝဟန္တ ပျို့ (၄၃)၌-

"အပေါင်းထက်ဝန်း၊ ရှင်ရဟန်းတို့။ ဖြောင့်တန်း အဟုတ်၊ သိက္ခာပုဒ်ကို၊ ကိုယ်နှုတ်မလွန်၊ ရိုကျိုးနွံလျက်၊ ရေးကံ အလျောက်၊ သေဆေားရောက်လည်း၊ စောင့်ရှောက်လျက်သာ၊ စုတေရာ၏။ ရံခါတစ်၊ လွန်ကျူးမိလည်း၊ မီးထိယောက်ျား၊ မနေအားသို့၊ လျင်လျားစင်မှု၊ ဆေးကြောကုလော့" ဟူ၍ ဖွဲ့ဆို ဆုံးမထားသည်ကို တွေ့ရပါသည်။

ဤ (၁၀)မျိုးဖြင့် ရှင်ရဟန်းသည် လာဘ်လာဘကို မရှာရပါ။

ဤအိမ်ကရသောပစ္စည်းကို ဟိုအိမ်ပို့၊ ဟိုအိမ်ကရသော ပစ္စည်းကို ဒီအိမ်ပို့၊ ယူဆောင်လာပြီး ပစ္စည်းနည်းနည်းနှင့် ပစ္စည်းများများရအောင် လှည့်ပတ်ကာ အဆင့်ဆင့် အတန်တန် တစ်ဖန်ရှာဖွေခြင်းမျိုးကို ရပြီးသောလာဘ်ဖြင့် မရသေးသော လာဘ်ကို ရင်းနှီးရှာဖွေခြင်းဟု ဆိုပါသည်။

ဤဆိုအပ်ခဲ့သော မှားသော အသက်မွေးမှုများကို ရှောင်ကြဉ်ပြီး တရားနည်းလမ်းအတိုင်း ရှာဖွေပြီး အပြစ်မရှိသော ပစ္စည်းမျိုးကို မှီဝဲသုံးဆောင်၍ အသက်မွေးမှု စင်ကြယ်၍ အာဇီဝပါရိသုဒ္ဓိ သီလ ပြည့်စုံရပါမည်။

## (၂)ဣန္ဒြိယသံဝရသီလ

မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ် စိတ်ဟူသောဣန္ဒြေခြောက်ပါး (ဒွါရခြောက်ပါး)တို့ကို စောင့်စည်းကြောင်း သီလကို ဣန္ဒြိယသံ

ဝရသီလဟု ခေါ်သည်။ ဤသီလသည် သတိပြဋ္ဌာန်းသည်။

မျက်စိစသော တံခါးခြောက်ပေါက်တို့ကို သတိတည်း ဟူသော တံခါးရွက်ဖြင့် ပိတ်ဆို့ထားလိုက်မှ အကုသိုလ်တရားတို့ ဝင်မလာဘဲ ရှိပါမည်။

အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့၊ သဘောဆိုသော အာရုံ၌ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်ဆိုသော တံခါးခြောက်ပေါက်ကနေပြီး အဘိဇ္ဈာ၊ ဒေါမနဿစသော အကုသိုလ်တရားများ ဝင်မလာအောင် မဖြစ်ရလေအောင် မြင်လျှင်မြင်ရုံ၊ ကြားလျှင်ကြားရုံ၊ နံလျှင်နံရုံ၊ လျက်လျှင်လျက်ရုံ၊ ထိလျှင်ထိရုံ၊ သိလျှင်သိရုံ စိတ်ကိုထားရပါသည်။

ထားပုံမှာ မျက်စိအဆင်းကို မြင်သည့်အခါ အပေါင်းအစု အနေနှင့် မိန်းမပဲ ယောကျ်ားပဲဟု မှတ်ရမည်။ အသေးစိတ် အနေနှင့် လက်၊ ခြေ၊ မျက်နှာ၊ ပြုံးပုံ၊ ရယ်ပုံ၊ ကြည်ရှုပုံ စသည် များကို မှတ်ယူမည်ဆိုပါက မျက်စိဆိုသော တံခါးပေါက်ကနေ မောဟ ဝင်လာပါမည်။ သို့တွက် ဤကဲ့သို့ မမှန်မကန်မှတ် ယူတာမျိုးကို မောဟဖြစ်စရာ ရလဒ်နိမိတ်ဟု ဆိုရပါသည်။

ချောတယ်၊ လှတယ်၊ တင့်တယ်တယ်၊ နှစ်သက်စရာ ကောင်းတယ်ဟူ၍ မှတ်ယူပြန်ကလည်း မျက်စိဆိုသော တံခါး ပေါက်က ရာဂဝင်လာလိမ့်မည်။ ထို့ကြောင့် ထိုကဲ့သို့ မှတ်ယူ တာမျိုးကို ရာဂဖြစ်ရာ သုဘနိမိတ်ဟု ခေါ်ပါသည်။

မချောဘူး၊ မလှဘူး၊ အကျည်းတန်တယ်၊ ရွံ့စရာကောင်းတယ်ဟု မှတ်ယူပြန်က မျက်စိဆိုသော တံခါးပေါက်ကနေပြီး ဒေါသ ဝင်လာတတ်ပါသည်။ ဤသို့ မှတ်တာမျိုးကို ဒေါသဖြစ်ရာ ပဋိဃနိမိတ်ဟု ခေါ်ပါသည်။

ဤကဲ့သို့သော မှတ်ယူမှုမျိုးကို မမှတ်ယူသင့်ပါ။ ဆံပင် မွေးညှင်းတွေ၊ ရေမွေး၊ ပေါင်ဒါ ဝတ်စားတန်ဆာ မဆင်ယင်ထားပါက နှစ်သက်စရာမရှိ၊ အသုဘကာရ ခတ်ကြီးလေးပါးတို့၏ စက်ဆုပ်ဖွယ်ရာသဘောတွေ ဖြစ်သည်ဟူ၍သာ မှတ်ယူရပါမည်။

ဤကဲ့သို့ အာရုံခြောက်ပါးမှာ တံခါးခြောက်ပေါက်က နေပြီး အကုသိုလ်တွေ မဝင်အောင် တားမြစ်သည်ကိုပင် ဣန္ဒြိယသံဝရသီလဟု ခေါ်ပါသည်။

သတိချုတ်ယွင်း နှလုံးသွင်း ပျက်ခဲ့ပါလျှင် နောင် ဒီလို မလုပ်တော့ပါဟု စိတ်ကို ပြန်လည်တည်ဆောက်မှုဖြင့် စင်ကြယ်သည့်အတွက် ဣန္ဒြိယပါရိသုဒ္ဓိဟု ခေါ်ပါသည်။

## (၃) အာဇီဝပါရိသုဒ္ဓိသီလ

မသင့်လျော်သော ရှာဖွေမှုကိုပယ်စွန့်ပြီး တရားနှင့်အညီ ပစ္စည်းလေးပါးကို ရှာဖွေပါက စင်ကြယ်သောကြောင့် အာဇီဝပါရိ သုဒ္ဓိသီလဟု ခေါ်သည်။

အသက်မွေးမှုကို အကြောင်းပြုပြီး ပညတ်ထားသော သိက္ခာပုဒ်များကို ကျူးလွန်ပြီး အသက်မွေးမှုများကို မှားယွင်းသော အသက်မွေးမှုဟု ခေါ်ပါသည်။

၁။ အသက်မွေးမှုကို အကြောင်းပြုပြီး ယုတ်ညံ့သော အလိုနှင့် မိမိမှာရှိလည်းမရှိ၊ ရလည်း မရသော စျာန်မဂ်ဖိုလ်တရားတွေကို ဝါကြွားပလွှား ပြောဆိုသော ရဟန်းသည် ပါရာဇိကကျပါသည်။

၂။ မိန်းမ၊ ယောကျာ်း နှစ်ဦးသားရဲ့ကြားမှာ အောင်သွယ်မှုပြုသော ရဟန်းသည် သံဃာဒိသိသ် အာပတ်သင့်သည်။

၃။ ဒါယကာကျောင်းမှာနေသော ရဟန်းသည် ရဟန္တာပဲလို့ မိမိကိုယ်ကို ရည်ညွှန်းပြောဆိုမည်၊ ဒါယကာကလည်း နားလည်မည်ဆိုက ထုလ္လစ္စည်း အာပတ်သင့်သည်။

၄။ ကျန်းမာပါလျက် အမွန်အမြတ် သတ်မှတ်နားလည်သော ဘောဇဉ်ကို ကိုယ့်အတွက် တောင်းစားသော ရဟန်းသည် ပါစိတ် အာပတ်သင့်ပါသည်။

၅။ ကျန်းမာပါလျက် ဟင်းကိုဖြစ်စေ၊ ထမင်းကိုဖြစ်စေ ကိုယ့်အတွက် တောင်းစားသောရဟန်းသည် ဒုက္ကဋ် အာပတ်သင့်သည်။

၆။ ကျန်းမာလျက် မွန်မြတ်သောဘောဇဉ်ကို ကိုယ့်အတွက် တောင်းစားသော ရဟန်းသည် ပါဋိဒေသနီအာပတ်

သင့်ပါသည်။

ထို့ပြင်– သူများအထင်ကြီးအောင် ပလွှားဟန်ဆောင်ခြင်း (ကုဟန)

– ပစ္စည်းရရေး လမ်းကြောင်းပေးကာ ပြောဆိုခြင်း (လပန)

– လှူလိုတဲ့အမှတ်သညာ ဖြစ်ပေါ်လာအောင် အရိပ်နိမိတ်ပြခြင်း (နေမိတ္တိကတာ)

– မလှူဘဲ မနေရဲအောင် ဖိနှိပ်ပြောဆိုခြင်း( နိပ္ပေသိကတာ)

– ရပြီးသားလာဘ်နှင့် မရသေးတဲ့လာဘ်ကို ရင်းနှီးရှာဖွေခြင်း (လာဘေနလာဘံနိဇိဂီသနတာ)

စသော အကျင့်ယုတ်များနှင့် အသက်မွေးခြင်းသည်လည်း များယွင်းသောအသက်မွေးမှုများပင် ဖြစ်ပါသည်။

သူများ အထင်ကြီးအောင် ပလွှားဟန်ဆောင်ခြင်း (ကုဟန)တွင်–

(၁) လာဘ်ပူဇော်မှု အကျော်အစောကိုတောင့်တမှု ယုတ်မာသော သဘော နှိပ်စက်ခံနေရသည့်အတွက် ဒါယကာများက ပစ္စည်းများနှင့် ဖိတ်မန်လှူဒါန်းသောအခါဝယ် အလိုနည်းဟန် ပယ်လှန်ပြုပြီး လှည်းနှင့် တိုက်ရသည်အထိ လှူအောင်ပြုသော အံ့ဖွယ် နည်းပရိယာယ်မျိုးပြုလုပ်ခြင်း (ပစ္စယပဋိသေဝနဟနာ)

(၂) ချာန်မင်္ဂရသယောင်၊ ချာန်မင်္ဂဖိုလ်နီးသယောင် မြွတ်ဟ

ပြောဆို အံ့ဖွယ်ပြုခြင်း (သာမန္တဇပ္ပနကုဟနာ)

(၃) ချီးမွမ်းခံလိုသော အလိုဆိုးနှင့် ဣရိယာပုတ်ကို ပြု ပြင်ထိန်းချုပ် မျက်မှောင်ကုတ်ပြီး အဟုတ်သဖွယ် ညာဘယ်မရှု အံ့ဖွယ်ပြုခြင်း (ဣရိယာ ပထသိန္နိဿိတ ကုဟနာ)

ဟူ၍ သူများအထင်ကြီးအောင် ပလွှားဟန်ဆောင်ရခြင်း (၃)မျိုးရှိပါသည်။ ရှင်ရဟန်းတို့သည် ထိုကုဟနမျိုးကို လုံးဝ မလုပ်ရပါ။

ပစ္စည်းလှူရေး လမ်းကြောင်းပေးကာ ပြောဆိုခြင်း (လပနာ) တွင်–

(၁) ကျောင်းသို့ ရောက်လာသော ဒါယကာများကို "ငါ့ကို လာပင့်တာလား ယော့–ဘာကိစ္စရှိလဲ" စသည်ဖြင့် စကား ဆွယ်ခြင်း" ငါက မင်းဆရာ– မင်းက ကိုးကွယ်သော ဘုန်းကြီး" စသည်ဖြင့် မိမိကိုယ်ကို ကြိုတင်ပြောကြား ခြင်း (အလပန)

(၂) သူများတကာက မေးလာ၍ ပြောဆိုခြင်း( လပန)

(၃) အခွင့်အလမ်းပေးကာ ညာ၍ပြောဆိုခြင်း (အလ္လပဖန)

(၄) မြှောက်ပင့်ခေါ်ဝေါ်ပြောဆိုခြင်း (ဥလ္လပန)

(၅) ဘက်စုံ မြှောက်ပင့်ပြောဆိုခြင်း (သမုလ္လပန)

(၆) တုပ်ပြီး နှောင်ပြီးဖြစ်အောင် ပြောဆိုခြင်း (ဥန္နဟန)

(၇) တုပ်ပြီး နှောင်ပြီးဖြစ်အောင် ဘက်စုံဖန်တလဲလဲ ပြော
ဆိုခြင်း (သုမ္ဗနှာ)

(၈) ဒါယကာဂုဏ်ကို မြှောက်ပင့်ပြောဆိုခြင်း (ဥက္ကာစန)

(၉) ဘက်စုံမြှောက်ပင့် ပြောဆိုခြင်း (သမုဥက္ကာစနာ)

(၁၀) အမှန်ကိုမငဲ့၊ တရားသဘောကိုလည်းမငဲ့ ချစ်စဖွယ်
ကိုသာ ပြောဆိုခြင်း (အနုပိယဘာဏိက)

(၁၁) အောက်ကျို့ကာ ပြောဆိုခြင်း (စာတုကမျတာ)

(၁၂) မနပ်တချို့ နပ်တချို့ ပဲနှောက်ဟင်းလို မမှန်တချို့
မှန်တချို့ ပြောဆိုခြင်း (မုဂ္ဂသုမုတာ)

(၁၃) ကလေးသူငယ်များကို ထိန်းကျောင်းယုယ ချီပိုးခြင်း
(ပါရဘဋျတာ)ဟူ၍ (၁၃)မျိုးရှိပါသည်။

ယင်းဝတ္ထု (၁၃)မျိုးဖြင့် ရှင်ရဟန်းသည် လာဘ်လာဘ
ရအောင် ပေါ်များအောင် မပြုလုပ်ရပါ။

လှူလိုသောအမှတ်သညာ ဖြစ်ပေါ်လာအောင် အရိပ်နိမိတ်
ပြုခြင်းတွင်–

(၁) ပစ္စည်းဝတ္ထုကို ပေးလှူရန် ဒါယကာများမှ အမှတ်
သညာဖြစ်ပေါ်လာအောင် ကိုယ်အမူအရာနှင့်ပင် ဖြစ်ဖြစ်၊
နှုတ်အမူအရာနှင့်ပင် ဖြစ်ဖြစ် အရိပ်နိမိတ်ပြုခြင်း
(နိမိတ္တ)

(၂) စားစရာကိုင်ယူသွား သူတို့တွေ့သောအခါ ဘယ်ကိုလဲ

ဟော့ –စားစရာတွေပါလား၊ ရခဲ့သလားစသော စကားမျိုးဖြင့် နိမိတ်ပြုခြင်း (နိမိတ္တကမ္မ)

(၃) ပစ္စည်းနှင့်စပ်သော စကားပြောဆိုခြင်း (ဩဘာသ)

(၄) ထပ်ဆင့်စကားဖြင့် မိမိ၏အလိုကို အရိပ်အမြွက် ပြုခြင်း (ဩဘာသကရကာ)

(၅) မိမိအလိုရှိသောဝတ္ထုကို ပွတ်ကာသီကာ မလှူဘဲ မနေသာအောင် ပြောဆိုခြင်း (သာမန္တဇပ္ပန)

(၆) အလိုရှိသော ပစ္စည်းကို မရ,ရအောင် တလည်လည် ပြောဆိုခြင်း (ပရိကထာ)

ဟူ၍ နေမိတ္တိကကထာ ဝတ္ထု (၆)မျိုးရှိသည်။ ဤ (၆)မျိုးဖြင့်လည်း ရှင်ရဟန်းသည် လာဘ်ရအောင် မပြုကောင်းပါ။

မလှူဘဲ မနေရဲအောင် ဖိနှိပ်ပြောဆိုခြင်း (နိပ္ပေသိကထာ) တွင် –

(၁) မလှူဘဲ မနေရအောင် ဆဲရေးခြင်း (အက္ကောသ)

(၂) ရှုတ်ချပြောဆိုကာ နှိပ်နှိပ်စက်စက် ချိုးဖဲ့ပြောဆိုခြင်း (ဝမ္ဘန)

(၃) ကဲ့ရဲ့ပြစ်တင်ဆိုခြင်း (ဂရဟာ)

(၄) စကားဖြင့် လှူသူအဖြစ်စသည်မှ ဝိုင်းပယ်ခြင်း၊ အလို–အလှူရှင်ကြီးပါကလားစသော စကားမျိုးကိုပြောပြီး မြှောက်သလို ပြုလုပ်ကာ ကဲ့ရဲ့ရှုတ်ချခြင်း (ဥက္ခေပန)

(၅) ဘက်စုံအကြောင်းပြပြီး ဝိုင်းပယ်ကာ အတိုင်းထက် အလွန် ချီးမွမ်းခြေကျောက်သဘော ပြောဆိုခြင်း (သမုက္ကွေပန)
(၆) ပြက်ရယ်ပြောင်လှောင် သရော်ခြင်း (ခါပန)
(၇) ပြင်းစွာ ပြက်ရယ်ပြောင်လှောင်သရော်ခြင်း (သံခါပန)
(၈) ကျေးဇူးမဲ့သို့ ရောက်စေကာ မကောင်းသတင်း လွှင့်ခြင်း (ပါပန)
(၉) ဘက်စုံ မကောင်းသတင်း လွှင့်ခြင်း (သမ္ပာပန)
(၁၀) အရပ်တစ်ပါးသို့ ကျေးဇူးမဲ့စကား သတင်းလွှင့်ခြင်း (ဘ၀ဏ္ဏဟာရိတ)
(၁၁) မျက်မှောက် မျက်ကွယ်ကျေးဇူးမဲ့ အတင်းပြောဆိုခြင်း (ပါရပိဋ္ဌိမံသိ)

ဟူ၍ နိပ္ပေသိကထာ (၁၁)မျိုးရှိသည်။

## အပြစ် (၈)ပါးမြင် ရှင်ရဟန်းအသွင်

ရဟန်းသာမဏေဟူသည် သာသနာ့ဘောင်သို့ စဝင်ကတည်းက သံသာရဝဋ္ဋဒုက္ခတော မောစနတ္ထာယ (သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ပါရစေခြင်း အကျိုးငှာ)ဟူသော ခံယူချက်၊ ယုံကြည်ချက်ဖြင့်ပင် လာရောက်သူများ ဖြစ်ကြပါသည်။

ရဟန်းသာမဏေတို့သည် သံသရာဝဋ်ဆင်းရဲဟူသော (၃၁)

ဘုံ လောကမှ လွတ်မြောက်ပြီး နိဗ္ဗာန်ဟူသော သောင်ကမ်းသို့ဆိုက်ရောက်နိုင်ရန် မြင့်မြတ်သော ရည်ရွယ်ချက် ပန်းတိုင်ထားပြီး သာသနာ့ဘောင်သို့ ဝင်လာသူများပီပီ မိမိတို့ သန္တာန်ဝယ် အကုသိုလ်အပြစ် တစ်စုံတစ်ရာ မဝင်ရလေအောင် ကြိုးစားအားထုတ် ထိန်းသိမ်းစောင့်ရှောက်ကြရပါမည်။

ဘုရားရှင်က သံယုတ္တနိကာယ်၌ "အပြစ် (၈)မျိုးမှ ကင်းလွတ်သော သစ်တုံးသည် သမုဒ္ဒရာသို့ ဝင်ရောက်နိုင်သကဲ့သို့ အပြစ် (၈)မျိုးမှ ကင်းလွတ်သောရဟန်းသည် နိဗ္ဗာန်တည်းဟူသော သမုဒ္ဒရာသို့ ဝင်ရောက်နိုင်သည်။ အပြစ် (၈)မျိုးအနက် တစ်မျိုးမျိုးရှိနေသော သစ်တုံးတို့ကား သမုဒ္ဒရာသို့ မဝင်ရောက်နိုင်သကဲ့သို့ အပြစ်(၈)မျိုးအနက် တစ်မျိုးမျိုးရှိနေသော ရဟန်းသာမဏေတို့သည် နိဗ္ဗာန်တည်းဟူသော သမုဒ္ဒရာသို့ မရောက်နိုင်တော့ချေ"ဟူ၍ ဟောတော်မူခဲ့ပါသည်။

ဘုရားရှင်သည် ဤအကြောင်းကို ကောသမ္ဗီပြည် ဂင်္ဂါမြစ်ကမ်းအနား၌ နေတော်မူစဉ် ဂင်္ဂါမြစ်ရေစီးကြောင်းတွင် မျောပါလာသော သစ်တုံးကြီးကိုမြင်၍ ထိုသစ်တုံးကို ဥပမာ ပြုလုပ်ပြီး ငါဘုရား၏ သာသနာတော်မှာ ယုံကြည်မှု (သဒ္ဓါတရား)နှင့် ရဟန်းပြုလာသော အမျိုးကောင်းသားများကို တရားပြရလျှင် ကောင်းမည်ဟု အကြံဖြစ်တော်မူသည်။

ထိုသစ်တုံးသည် လေးထောင့်ရွေ့ချောထားပြီး တောင့်ကြား

၍ လူတို့ထားပစ်ခဲ့သော သစ်တုံးဖြစ်သည်။ လေ၊ နေပူကြောင့် သစ်တုံးသည် ခြောက်သွေ့နေသည်။ မိုးရာသီရောက်၍ မိုးရေကြောင့် ဂင်္ဂါမြစ်ထဲသို့ မျောပါလာခြင်း ဖြစ်သည်။

"ရဟန်းတို့ ဂင်္ဂါမြစ်ရေစီးကြောင်းမှာ မျောပါလာတဲ့ ထိုသစ်တုံးကြီးကို သင်တို့ မြင်ကြရဲ့လား"

ဘုရားရှင်က သစ်တုံးကို လက်ညှိုးညွှန်ပြီး ရဟန်းတို့ကို မေးသည်။ ရဟန်းများသည် ဘုရားရှင်လက်ညှိုးညွှန်ရာသို့ အားလုံး လှမ်းကြည့်မိကြသည်။

"မြင်ကြပါတယ် အရှင်ဘုရား"

"ရဟန်းတို့ ကိုသစ်တုံးကြီးဟာ အကယ်၍သာ ဒီ ကမ်းကိုလဲ မကပ်ဘူး၊ ဟိုဘက်ကမ်းကိုလဲ မကပ်ဘူး၊ မြစ်ထဲမှာလဲ နစ်မသွားဘူး၊ သောင်လဲ မတင်ဘူး၊ လူတွေလဲ ဆယ်မယူဘူး၊ နတ်တွေလဲ ဆယ်မယူဘူး ဝဲလည်း မစုပ်ဘူး၊ အတွင်းဆွေးလဲ ဆွေးမသွားဘူးဆိုရင် သမုဒ္ဒရာသို့ ရောက်သွားပေလိမ့်မည်။ ဘာကြောင့်လဲဆိုတော့ ဂင်္ဂါမြစ်ရေဟာ သမုဒ္ဒရာသို့ စီးဝင်နေတဲ့အတွက်ကြောင့် ဖြစ်တယ်။

"ရဟန်းတို့ ထို့အတူပဲ သင်တို့လဲပဲ အကယ်၍ ဒီဘက်ကမ်းကိုလဲ မကပ်ဘူး၊ ဟိုဘက်ကမ်းကိုလဲ မကပ်ဘူး၊ အလယ်မှာလဲ နစ်မသွားဘူး၊ သောင်လဲ မတင်ဘူး၊ လူတွေကလဲ ဖမ်းမယူဘူး၊ နတ်တွေကလဲ ဖမ်းမယူဘူး၊ ဝဲလဲမစုပ်ဘူး၊ အတွင်းဆွေးလဲ

ဆွေးမသွားဘူးဆိုရင် နိဗ္ဗာန်ကို ဝင်ရောက်ကြပေလိမ့်မယ်။ ဘာကြောင့်လဲဆိုတော့ အမြင်မှန်မှု (သမ္မာဒိဋ္ဌိ)ဆိုတာဟာ နိဗ္ဗာန်သို့ ဦးလှည့်နေသည့်အတွက်ကြောင့်ပဲ ဖြစ်ပါတယ်”

ထိုအခါ ရဟန်းတော်တစ်ပါးသည် ဘုရားရှင်ကို ရိုသေစွာ ရှိခိုးပြီး လျှောက်ထားသည်။

- ဒီဘက်ကမ်းဆိုတာ ဘာပါလဲဘုရား
- ဟိုဘက်ကမ်းဆိုတာ ဘာပါလဲဘုရား
- အလယ်မှာနစ်သွားတယ်ဆိုတာ ဘာပါလဲဘုရား
- သောင်တင်တယ်ဆိုတာ ဘာပါလဲဘုရား
- လူတွေဖမ်းယူတယ်ဆိုတာ ဘာပါလဲဘုရား
- နတ်တွေ ဖမ်းယူတယ်ဆိုတာ ဘာပါလဲဘုရား
- ဝဲစုပ်တယ်ဆိုတာ ဘာပါလဲဘုရား
- အတွင်းဆွေး ဆွေးသွားတယ်ဆိုတာ ဘာပါလဲဘုရား

“ရဟန်း–ဒီမှာ ဘက်ကမ်းဆိုတာက စက္ခု၊ သောတ၊ ဃာန၊ ဇိဝှာ၊ ကာယ၊ မန ဆိုသော အတွင်း အာယတန (၆)ပါး ဖြစ်တယ်”

ငါ့မျက်လုံးကလေးသည် အလွန်ကြည်လင်သည်။ အလွန်သေးသည့်အရာကိုပင် မြင်ရသည်ဟု မိမိမျက်လုံးကို သာယာသောသူသည် စက္ခုဟူသော ဤမှာ ဘက်ကမ်းသို့ ကပ်ရောက်သည်မည်ပါသည်။

ငါဟာ မျက်စိရောဂါ ဖြစ်နေသည်။ ငါ၏ မျက်လုံးဟာ နှစ်သက်စရာ မရှိတော့၊ အလွန်ကြီးတာတွေတောင် မမြင်နိုင်တော့ ဟု နှလုံးမသာမယာ ဖြစ်သူသည်လည်း စက္ခုဟူသော ဤမှာ ဘက်ကမ်းကို ကပ်ရောက်သူပင်ဖြစ်သည်။

ငါ၏ မျက်စိဟာမမြဲဘူး၊ ဆင်းရဲတယ်၊ အလိုသို့ မလိုက်ဘူး ဟူ၍ ရှုသော ပုဂ္ဂိုလ်သည်ကာ စက္ခုဟူသော ဤမှာဘက်ကမ်း သို့ ကပ်ရောက်သည် မမည်ပါ။

(သောတ၊ ဃာနစသည်လည်း အလားတူပင် ဖြစ်ပါ သည်။)

"ငါ့စိတ်ကလေးက သိပ်ကျေနပ်စရာကောင်းတယ်။ အမှား ဆိုလို့ နည်းနည်းမှ မတွေးခေါ်မဉ်းစားဘူး။ မှန်တာကိုချည်း တွေးခေါ်စဉ်းစားတယ်။ ငါကြံလိုက်သမျှ မရတာမရှိဘူး စသည်ဖြင့် သာယာသောသူသည် မနာယတန စိတ်ဟူသော ဤမှာ ဘက်ကမ်းကို ကပ်ရောက်သည် မည်ပါသည်။

"မကောင်းတဲ့ အကြံအစည်တွေ ကြံစည်နေတဲ့ငါဟာ ယုတ် ညံ့လှချည်လား စသည်ဖြင့် နှလုံးမသာမယာမှုကို ဖြစ်စေ သောသူသည်လည်း မနာယတန (စိတ်)ဟူသော ဤဘက် ကမ်းကို ကပ်ရောက်သည် မည်ပါသည်။"

(စိတ်ကို သတိပဋ္ဌာန်ဖြင့် ဆင်ခြင်ရှုမှတ်နေသူသည် ဤ ဘက်ကမ်းကို ကပ်ရောက်သည်မမည်ပါ။)

"ရဟာန်း ဟိုဘက်ကမ်းဆိုသည်က ရူပ၊ သဒ္ဒ၊ ဂန္ဓ၊ ရသ၊ ဖောဋ္ဌဗ္ဗ၊ ဓမ္မဆိုသော အပြင်အာယတန ခြောက်ပါးဖြစ်တယ်"

လှပသော အဆင်း၌ တပ်မတ်မှုဖြစ်သောရဟာန်း၊ မလှပသောအဆင်း၌ ဒေါသဖြစ်သောရဟာန်းများသည် ရူပါယတန ဟူသော ဤဘက်ကမ်းသို့ ကပ်ရောက်သည်မည်ပါသည်။

(အလားတူ သဒ္ဒါအာယတန စသည်တို့၌လည်း ထိုနည်းအတိုင်းသိပါလေ)။

"ရဟာန်း၊ အလယ်၌ နစ်သွားသည်ဆိုသည်မှာ နှစ်သက်စွဲလမ်းမှု ဖြစ်တယ်"

(ရေလယ်နစ်သွား၍ အောက်ခြေသို့ ရောက်သွားသော သစ်တုံးကို သဲနှ၊ သဲကြမ်းတွေ ဖုံးလွှမ်းသွားသဖြင့် အပေါ်သို့ တက်လာရန် မလွယ်တော့သကဲ့သို့ တပ်မက်စွဲလမ်းမှုကြောင့် အပါယ်ဘုံသို့ ကျရောက်ပြီး ဆင်းရဲဒုက္ခကြီးမားစွာ ဖုံးလွှမ်းခံထားရသော ပုဂ္ဂိုလ်သည် နှစ်ပေါင်း ထောင်ပေါင်းများစွာ ကြာသော်လည်း အပါယ်ဘုံက လွတ်ရန် မစွမ်းနိုင်ပါချေ။)

"ရဟာန်း- သောင်တင်တယ်ဆိုတာ ထောင်လွှားတတ်ကြွငါဆိုတဲ့ မာန်ပဲ ဖြစ်တယ်"

(သောင်တင်နေသော သစ်တုံးသည် အောက်ဖက်ကလည်း မြစ်ရေဖြင့် စိုစွတ်သည်။ အထက်ကလည်း မိုးရေဖြင့်စိုစွတ်သည်။

သို့ဖြင့် တစ်စတစ်စ ရေညှိတွေဖုံးလွှမ်းလာပြီး ဒါဟာ ကျောက်များ ဖြစ်လေသလား၊ သစ်ငုတ်များ ဖြစ်လေသလားဟု တွေးတော ပြောစရာ ဖြစ်သကဲ့သို့ ငါဟူသောမာန်မာနဖြင့် နေရာတကာမှာ ထင်ပေါ်လိုသောသူသည် ပံ့သုကူစုတင်ဆောင် ပုဂ္ဂိုလ်တို့၏ နေရာရောက်လျှင် ပံသုကူစုတင်ဆောင် ပုဂ္ဂိုလ် ဖြစ်နေသည်။ ဓမ္မကထိကတို့၏ နေရာရောက်လျှင် ဓမ္မကထိ ပုဂ္ဂိုလ်ဖြစ်နေသည်။ ဆေးကုသပေးသူတို့၏ နေရာရောက်လျှင် ဆေးဆရာဖြစ်နေ သည်။ အမျိုးမျိုးသော မသင့်မြတ်သော ရာဇ္ဇမှုဖြင့်နေသည်။ ကိုယ့်ကိုယ်ကို အထင်ကြီးလာပြီး ထေရ်ကြီး ဝါကြီး ပုဂ္ဂိုလ်များ ကိုပင် ရှိသေရမှန်းမသိ ဖြစ်လာသည်။ ထိုပုဂ္ဂိုလ် ၏ ကိုယ်တွင်းမှ သီလအကပ်လေးမှ ရှိသေးရဲ့လား၊ သို့မဟုတ် လုံးလုံးလျားလျား မရှိတော့ဘူလားဟု ပြောစရာဖြစ်လာသည်။ သူသည် လူလား တောသတ္တဝါလားဟု တွေးတောစရာဖြစ်လာသည်။ ထို့ကြောင့် သောင်တင်သည်ဟု ဆိုသည်မှာ ထောင်လွှား တတ်ကြွ ငါဆို သော မာန်ဖြစ်သည်ဟု ဆိုပါသည်။)

"ရဟန်း ဤသာသနာတော်မှာ ရဟန်းတစ်ပါးဟာ လူ တွေနဲ့ အရောတဝင်နေတယ်။ နှစ်သက် ဝမ်းသာစရာရှိရင်လဲ အတူတူပဲ။ စိုးရိမ်စရာ စိတ်ညစ်စရာ ရှိရင်လဲ အတူတူပဲ။ လူ တွေချမ်းသာရင် သူချမ်းသာတယ်။ လူတွေဆင်းရဲရင် သူဆင်းရဲ တယ်။ လုပ်စရာကိစ္စ တစ်စုံတစ်ရာ ပေါ်လာရင်လဲ ကိုယ်တိုင်

ပါဝင်လုပ်ကိုင် ကြိုးစားတယ်။ ဤကဲ့သို့ လူတွေနဲ့အတူ အေးအတူ ပူအမျှ အရောတဝင် နေထိုင်သည်ကိုပင် လူတွေ ဖမ်းယူတယ်လို့ ဆိုတယ်။

"ရဟန်း ဤသာသနာတော်မှာ ရဟန်းတစ်ပါးဟာ ငါဟာ ဒီသီလ ဒီကျင့်ဝတ်၊ ခြိုးခြံမှု၊ ဒီမြင့်မြတ်တဲ့ အကျင့်တွေကြောင့် ထင်ရှားတဲ့ နတ်ပဲဖြစ်ဖြစ်၊ မထင်ရှားတဲ့ နတ်ပဲဖြစ်ဖြစ် နတ်တစ်မျိုးမျိုးတော့ ဖြစ်ရလိမ့်မယ်ဆိုပြီး နတ်ဘဝကို တောင့်တပြီး ရဟန်းကျင့်ဝတ်ကို ကျင့်နေသည်။ ဤကဲ့သို့ နတ်ဘဝ တောင့်တပြီး ကျင့်သည်ကိုပင် နတ်တွေက ဖမ်းယူထားတယ်လို့ ဆိုပါသည်။

ရဟန်း ဝဲစုပ်တယ်ဆိုတာဟာ ကာမဂုဏ်ငါးပါးပဲ **ဖြစ်တယ်**။

(ဝဲထဲမှာ ကျရောက်နေသော သစ်တုံးသည် ဝဲအတွင်းမှာ ရှိသော ကျောက်အစရှိသည်တို့၏ အဖန်တလဲလဲ ပြင်းထန်စွာ တိုက်ခိုက်မှုကြောင့် အစိတ်စိတ်အမွှာမွှာ ပဲ့ပြတ်သွားရသကဲ့သို့ ကာမဂုဏ်ငါးပါးတည်းဟူသော ဝဲထဲမှာကျရောက် နစ်မြုပ်နေသော ပုဂ္ဂိုလ်သည် အပါယ်လေးဘုံတို့၌ ညှဉ်းပန်းနှိပ်စက်ခံရမှု၊ မွတ်သိပ်ဆာလောင်မှုစသော ဒုက္ခတို့က အဖန်ဖန် ပြင်းထန်စွာ တိုက်ခိုက်လာသည့်အတွက် ကြာရှည်လေးမြင့် အစိတ်စိတ် အမွှာမွှာ ပြိုကွဲပျက်စီးရလေသည်သာ)။

"ရဟန်း ဤသာသနာတော်မှာ အချို့အချို့သော ပုဂ္ဂိုလ်

တွေဟာ သီလလဲ မရှိဘူး၊ သဘောထားကလဲ ယုတ်မာတယ်၊ ကိုယ်မှုနှုတ်မှုလဲ မစင်ကြယ်ဘူး၊ တစ်ဖက်သား ယုံမှားစရာ အကျင့်မျိုးတွေ ရှိနေကြတယ်။ မိမိကိုယ်တိုင်ကလဲ ယုံမှားတွေးထင်စရာ အကျင့်မျိုး ရှိနေတယ်။ ဖုံးကွယ်ထားရမဲ့ အလုပ်ရှိနေတယ်။ ရဟန်းမဟုတ်တော့ဘဲ ရဟန်းလို့ မဟုတ်မတရား ဝန်ခံတယ်။ အတွင်းမှာ သီလဂုဏ်တွေ ပုပ်ဆွေးနေတယ်။ ရာဂနဲ့ စိုစွတ်နေတယ်။ သာသနာတော်မှာ အမှိုက်သရိုက်သဖွယ် ဖြစ်နေတယ်။ ဒီလို သီလပျက်စီးနေတာကို အတွင်းဆွေးနေတယ်လို့ ဆိုတယ်"

## ရဟန်းတို့ ဆိတ်ငြိမ်ခြင်းဟူသည်

ရဟန်းသည် ဆိတ်ငြိမ်ခြင်းကို နှစ်သက်မြတ်နိုးအပ်ရပါသည်။ ထိုဆိတ်ငြိမ်းခြင်းဟူသည်–

### (၁) ကိုယ်၏ ဆိတ်ငြိမ်မှု

ဤသာသနာတော်၌ ရဟန်းသည်–

- ဆိတ်ငြိမ်သော အိပ်ရာနေရာကို မှီဝဲ၏။
- တော၊ သစ်ပင်ရင်း၊ တောင်၊ ချောက်၊ တောင်စောင်း၊ သုသာန်၊ တောအုပ်၊ လွင်တီးခေါင်၊ ကောက်ရိုးပုံတို့ကို မှီဝဲ၏။
- ဆိတ်သော ကိုယ်ဖြင့်နေသည်။

- တစ်ပါးတည်းနေ၏၊ တစ်ပါးတည်းသွား၏။
- တစ်ပါးတည်းရပ်၏၊ တစ်ပါးတည်းထိုင်၏။
- တစ်ပါးတည်း အိပ်ခြင်းကိုပြု၏။
- တစ်ပါးတည်း ရွာသို့ဆွမ်းခံဝင်လိုက ဝင်၏။
- တစ်ပါးတည်း ဖဲခွာ၏။
- တစ်ပါးတည်း ဆိတ်ကွယ်ရာ၌နေ၏။
- တစ်ပါးတည်း စင်္ကြံကို ဆောက်တည်၏။
- တစ်ပါးတည်း နေ၏။ သွား၏၊ ဣရိယာပုတ်ကို ဖြစ်စေ၏၊ စောင့်၏၊ မျှ၏၊ မျှစေ၏။

ဤသည်ကား ကိုယ်၏ဆိတ်ငြိမ်မှုပင်ဖြစ်သည်။

**(၂) စိတ်၏ ဆိတ်ငြိမ်မှု**

- ပထမဈာန်ကို ဝင်စားသောရဟန်းကား အပိတ်အပင်တရား (နီဝရဏ)တို့မှ စိတ်သည် ဆိတ်၏။
- ဒုတိယဈာန်ဝင်စားသော ရဟန်းကား ကြံစည်ခြင်း သုံးသပ်ခြင်း စိတ်သည် ဆိတ်၏။
- တတိယဈာန်ဝင်စားသော ရဟန်းကား နှစ်သိမ့်ခြင်း စိတ်သည် ဆိတ်၏။
- စတုတ္ထဈာန်ဝင်စားသောရဟန်းကား ချမ်းသာဆင်းရဲတို့မှ စိတ်သည် ဆိတ်၏။
- အာကာသာနဉ္စာယတနဈာန်ကို ဝင်စားသောသူကား

ရုပ်၌ဖြစ်သော အမှတ်၊ ပဋိဃသညာ၊ အထူးထူးသော အမှတ်များမှ စိတ်သည် ဆိတ်၏။

– ဝိညာဏဉ္စာယတနစျာန်ဝင်စားသောသူအား အာကာသာနဉ္စာယတနစျာန်၌ဖြစ်သော အမှတ်မှ စိတ်သည် ဆိတ်၏။

– အာကိဉ္စညာယတနစျာန်ကို ဝင်စားသောသူအား ဝိညာဏဉ္စာယတနစျာန်၌ ဖြစ်သော အမှတ်မှ စိတ်သည် ဆိတ်၏။

– နေဝသညာနာသညာယတနစျာန်ကို ဝင်စားသောသူအား အာကိဉ္စညာယတနစျာန်၌ ဖြစ်သော အမှတ်မှ စိတ်သည် ဆိတ်၏။

– သောတာပန်ပုဂ္ဂိုလ်အား ထင်ရှားရှိသော ကိုယ်၌ အမှားမြင်မှု (သက္ကာယဒိဋ္ဌိ)မဆုံးဖြတ်နိုင်မှု (ဝိစိကိစ္ဆာ) အလေ့အကျင့်၌ မှားသောအားဖြင့် သုံးသပ်မှု (သီလဗ္ဗတပရာမာသ) အစဉ်ကိန်းနေသော အယူများ (ဒိဋ္ဌာနုသယ)၊ အစဉ်ကိန်းနေသော မဆုံးဖြတ်နိုင်မှု (ဝိစိကိစ္ဆာ နုသယ)၊ ထိုတရားတို့နှင့် (ပယ်ဘက်အားဖြင့်တူသော) တည်ရာရှိသော ကိလေသာတို့မှ စိတ်သည် ဆိတ်၏။

– သကဒါဂါမ် ပုဂ္ဂိုလ်အား ရုန့်ရင်းသော ကာမဂုဏ်၌ တပ်မက်မှု နှောင်ကြိုး (ကာမရာဂသံယောဇဉ်)

ထိပါးမှုနှောင်ကြိုး (ပဋိဃသံယောဇဉ်)
ရန့်ရင်းသော အစဉ်ကိန်းနေသော ကာမဂုဏ်၌ တပ်
မက်မှု (ကာမရာဂနုသယ)
အစဉ်ကိန်းနေသော ထိပါးမှု (ပဋိဃာနုသယ) ထိုတရား
တို့နှင့်တူသော တည်ရာရှိသော ကိလေသာတို့မှ စိတ်
သည် ဆိတ်၏။

- အနာဂါမ်ပုဂ္ဂိုလ်အား သိမ်မွေ့ကုန်သော ကာမဂုဏ်၌
တပ်မက်မှု နှောင်ကြိုး (ကာမရာဂသံယောဇဉ်)
ထိပါးမှုနှောင်ကြိုး (ပဋိဃသံယောဇဉ်)
သိမ်မွေ့ကုန်သော အစဉ်ကိန်းနေသော ကာမဂုဏ်၌
တပ်မက်မှု (ကာမရာဂါနုသယ)
အစဉ်ကိန်းနေသော ထိပါးမှု (ပဋိဃာနုသယ)
ထိုတရားတို့နှင့် (ပယ်ဘက်အားဖြင့်တူသော) တည်ရာရှိ
သော ကိလေသာတို့မှ စိတ်သည် ဆိတ်၏။

- ရဟန္တာပုဂ္ဂိုလ်အား ရူပဘုံ၌ တပ်မက်မှု (ရူပရာဂ)
ထောင်လွှားမှု (မာန)
ပြန့်လွင့်မှု (ဥဒ္ဓစ္စ)
မသိမှု (အဝိဇ္ဇာ )
အစဉ်ကိန်းနေသော ထောင်လွှားမှု (မာနနုသယ)
အစဉ်ကိန်းနေသော ဘဝတပ်မက်မှု (ဘဝနုသယ)

အစဉ်ကိန်းနေသော မသိမှု (အဝိဇ္ဇာနုသယ)
ထိုတရားတို့နှင့် (ပယ်ဘက်အားဖြင့်)တူသော တည်ရာရှိ
သော ကိလေသာ၊ အပဥ္စလည်း အလုံးစုံသော သင်္ခါရ
နိမိတ်တို့မှ စိတ်သည် ဆိတ်၏။ ဤသည်တို့မှာ စိတ်
၏ ဆိတ်ငြိမ်မှုများပင် ဖြစ်ပါသည်။

**(၃) ဥပဓိဆိတ်ငြိမ်မှု**

ကိလေသာ၊ ခန္ဓာ၊ ပြုပြင်စီရင်မှု (အဘိသင်္ခါရ)တို့ကို ဥပဓိဟု ခေါ်ပါသည်။

သေခြင်း မရှိသော နိဗ္ဗာန်ကို ဥပဓိဝိဝေကဟု ဆိုပါသည်။ အကြင်တရားသည် အလုံးစုံသောသင်္ခါရတို့၏ ဆိတ်ငြိမ်ရာဖြစ်၏။ အလုံးစုံသော ဥပဓိတို့၏ စွန့်ရာဖြစ်၏။

- တဏှာတို့၏ ကုန်ရာဖြစ်၏။
- ရာဂကင်းရာ ဖြစ်၏။
- ရာဂချုပ်ရာ ဖြစ်၏။
- တဏှာမှ ထွက်မြောက်ကြောင်းဖြစ်၏။

ဤသည်တို့မှာ ဥပဓိ၏ ဆိတ်ငြိမ်မှုပင်ဖြစ်ပါသည်။

ဆိတ်ငြိမ်ရာ၌ တည်သောကိုယ်ရှိကုန်သော၊ ထွက်မြောက်ခြင်း၌ မွေ့လျော်ကုန်သော ပုဂ္ဂိုလ်တို့အား ကိုယ်၏ ဆိတ်ငြိမ်မှုသည် ဖြစ်၏။

- ကိလေသာ မရှိသဖြင့် စင်ကြယ်သောစိတ်ရှိကုန်သော၊ အလှုန်ဖြူစင်ခြင်းသို့ ရောက်ကုန်သောသူတို့အား စိတ်၏ ဆိတ်ငြိမ်မှုသည်ဖြစ်၏။
- ဥပဓိ မရှိကုန်သော ကုန်ပြီးသော သင်္ခါရ ရှိကုန်သော ပုဂ္ဂိုလ်တို့အား ဥပဓိ၏ဆိတ်ငြိမ်မှုသည် ဖြစ်၏။

**(မဟာနိဒ္ဒေသပါဠိ- တုဝဋ္ဋကသုတ်)**

**သေက္ခရဟန်းတို့၏ အေးရန်ကျင့်မှု**

ကိုယ်၏ ဆိတ်ငြိမ်ခြင်း၊ ရူပ၊ သဒ္ဒ၊ ဂန္ဓ၊ ရသ၊ ဖောဋ္ဌဗ္ဗ၊ ဓမ္မတဏှာဟူသော တဏှာ (၆)ပါးတို့ ကင်းဝေးငြိမ်းအေးရာ နိဗ္ဗာန်တို့ကို အဘယ်သို့ ရှုမြင်၍ ကလျာဏပုထုဇဉ်နှင့် သေက္ခရဟန်း သည် လောကဥ္ဇ ဥပါဒါန်လေးပါးတို့ဖြင့် ရပ်စသော တစ်စုံတစ်ခုကို မစွဲလမ်းမူ၍ ငြိမ်းအေးရပါသနည်း။

ချဲ့တတ်သော တဏှာဒိဋ္ဌိဟူသော ပပဉ္စတရား၏ အရင်းမူလ (အဝိဇ္ဇာ)စသည်ကိုလည်းကောင်း၊ ရုပ်စသော ခန္ဓာငါးပါး၌ ငါဟူသော ထောင်လွှားမှုကို လည်းကောင်း အလုံးစုံကို ပညာဖြင့်အကြွင်းမဲ့ချုပ်စေရာ ၏။

အတွင်းသန္တာန်၌ ရူပ၊ သဒ္ဒစသော တဏှာတို့သည် ဖြစ်ကုန်၏။ ထိုတဏှာတို့ကို ပယ်ဖျောက်ရန် အခါခပ်သိမ်း သတိနှင့် ပြည့်စုံသည်ဖြစ်၍ ကျင့်ရပါမည်။

အလုံးစုံသော မိမိဂုဏ် (အဇ္ဈတ္တဂုဏ်)ကို သိရမည်။

ထိုမှတစ်ပါး ဆရာဥပဇ္ဈာယ် (ဗဟိဒ္ဓ) တို့၏ ဂုဏ်ကိုလည်း သိ ရမည်။

ထိုမိမိ၏ဂုဏ်၊ သူတစ်ပါး၏ဂုဏ်ဖြင့် အားအစွမ်းကို မပြုရ

ထိုအားအစွမ်းပြုခြင်းကို ငြိမ်းချမ်းခြင်းဟူ၍ ဘုရားမဟော သူတော်ကောင်းတို့က မဟောကြားပါ။

- ငါသည် အမျိုးအနွယ်အားဖြင့် မြတ်သောသူဟူ၍ လည်းကောင်း၊ ယုတ်သောသူဟူ၍ လည်းကောင်း၊ တူသောသူ ဟူ၍လည်းကောင်း မမှတ်ထင်ရ။ များစွာသော အခြင်းအရာတို့ဖြင့် တွေ့ထိ(ပြည့်စုံ)သောသူဟူ၍ မိမိကိုယ်ကို အထူးကြံစည် (အထင်ကြီး) လျက်မနေရပါ။
- ရဟန်းသည် မိမိသန္တာန်၌ဖြစ်သော ရာဂစသော ကိလေသာကိုသာလျှင် ငြိမ်းစေရာ၏။

သတိပဋ္ဌာန်ကိုထား၍ တစ်ပါးသော မိစ္ဆာပဋိပဒါဟူသော အကြောင်းဖြင့် ငြိမ်းအေးခြင်းကို မရှာမှီးရပါ။

မိမိသန္တာန်၌ဖြစ်သော ရာဂစသော ကိလေသာငြိမ်းပြီးသော သူအား မိမိကိုယ်ဟူသော အယူ(အတ္တဒိဋ္ဌိ)သည် မရှိတော့ပါ။ အတ္တမှကင်းသော အယူ(ဥစ္ဆေဒဒိဋ္ဌိ)ကား အဘယ်မှာ ရှိတော့အံ့နည်း။

သမုဒ္ဒရာအောက် အထက်တို့၏ အလယ်၌ လှိုင်းတံပိုးတို့

သည် မဖြစ် မတည် မလှုပ်တည်သကဲ့သို့ တဏှာကင်းသောသူ သည် လောကဓံတရား (၈)ပါး၌ မတုန်မလှုပ် တည်သည်။

ရဟန်းသည် တစ်စုံတစ်ရာ၌ ရာဂစသည်ပြောခြင်း–

- တပ်မက်မှုရာဂဟူသော ပွားများခြင်း
  အမျက်ထွက်မှု ဒေါသဟူသော ပွားများရခြင်း
  တွေဝေမှု မောဟဟူသော ပွားများခြင်း
  ထောင်လွှားမှု မာနဟူသော ပွားများခြင်း
  အမြင်မှားမှု ဒိဋ္ဌိဟူသော ပွားများခြင်း
  ကိလေသာဟူသော ပွားများခြင်း
  ကံဟူသော ပွားများခြင်း
  ဤ (၇)ပါး ပွားများခြင်းကို မပြုရပါ။

**ရဟန်း၏ ကောင်းသောကျင့်စဉ်နှင့် မြတ်သော စောင့်ထိန်းမှုသီလ**

ရဟန်းသည် မျက်စိတို့ဖြင့် လျှပ်ပေါ်သည်မဖြစ်ရပါ။ မင်္ဂဖိုလ်မှ ဖီလာဖြစ်သော စကား၊ တိရစ္ဆာနကထာဟူသော ရွာသူတို့၏ စကားမှ နားကို ပိတ်ပင်တားဆီးထားရမည်။

- ရသစုံ၌လည်း မမက်မောရာ။
- လောက၌ တစ်စုံတစ်ခုမျှလည်း (တဏှာဒိဋ္ဌိ) တို့ဖြင့် မမြတ်နိုးရာ။
- အကြင်အခါ၌ မျက်စိရောဂါစသော အနာရောဂါဟူ

သော အတွေ့ဖြင့် တွေ့သည်ဖြစ်ရာ၏။

- ရဟန်းသည် ထိုတွေ့ကြုံသောအခါ ငိုကြွေးရခြင်းကို မပြုရာ။
- ကာမရူပ အရူပဘဝကိုလည်း မတောင့်တရာ။
- ကြောက်မက်ဖွယ်သော ဘေးရန်တို့ကြောင့်လည်း မတုန်လှုပ်ရာ။
- ထမင်း (မုန့်၊ ငါး၊ အမဲစသည်) စသည်တို့ကို လည်းကောင်း၊ (၈)ပါးသော အဖျော်တို့ကိုလည်းကောင်း၊ မုံ့ညက်စသော ခဲဖွယ်တို့ကိုလည်းကောင်း၊ အဝတ်တို့ကိုလည်းကောင်း တရားသဖြင့် ရကုန်၍ သိုမှီးခြင်းကို မပြုရာ။
- ထိုထမင်းအဖျော်စသည်တို့ကို မရသော်လည်း မထိတ်လန့်ရာ။
- ပထမဈာန်စသော ဈာန်ကိုရသော ရဟန်းသည် (အာရမ်စသည်သို့ သွားရခြင်းဟူသော) လျှပ်ပေါ်လော်လီသော ခြေရှိသည် မဖြစ်ရာ၊ လက်ခြေဆော့ခြင်းစသော ကုက္ကုစ္စမှ ရှောင်ကြဉ်ရသည့်၊ မမေ့လျော့ရ။
- ထို့ပြင် အသံတိတ်၍ အသံနည်းသောနေရာ ကျောင်းတို့၌ နေရာ၏။
- ကိလေသာကို ပူပန်စေတတ်သော လုံ့လရှိသော သူ

သည် အိပ်ခြင်းကိုများစွာ မပြုရ။ ညဥ့်နေ့ကို ၆-ပုံ ပုံ၍ တစ်ပုံ (၄-နာရီ)မျှသာ အိပ်ရာ၏။
နိုးကြားခြင်းကို ဆည်းကပ်ရာ၏။

- ပျင်းရိခြင်း၊ လှည့်ပတ်ခြင်း၊ ရယ်ရွှင်ခြင်း၊ မြူးတူး ကစားခြင်း၊ ပြုပြင်စီရင်ခြင်း၊ အခြံအရံနှင့်တကွဖြစ်သော မေထုန် အကျင့်တို့ကို ပယ်စွန့်ရာသည်။
- ဘုရား၊ တရား၊ သံဃာကို မြတ်နိုးသောသူသည် သူတစ်ပါးကို နှိပ်စက်ကြောင်းဖြစ်သော အာထဗ္ဗဏမန္တန်၊ အိမ်မက်ကျမ်း၊ ပတ္တမြားစသည်တို့၏ လက္ခဏာကို ပြောသော ကျမ်းတို့ကို မစီရင်ရ။
- ထို့ပြင် နက္ခတ်ကျမ်းတို့ကို၊ သားငှက်စသည်တို့ မြည်သောအသံကိုသိသောအတတ်၊ ကိုယ်ဝန်တည်အောင် ပြုခြင်း အတတ်၊ ဆေးကုခြင်းအတတ်တို့ကို မစီရင်ရာ။
- ရဟန်းသည် ကဲ့ရဲ့ခြင်းဖြင့် မတုန်လှုပ်ရာ။
အချီးမွမ်းခံရသော် ဝမ်းမတက်ကြွရာ။
ဝန်တိုခြင်းနှင့်တကွ လိုခြင်း (လောဘ)၊အမျက်ထွက်ခြင်း၊ ချောပစ်ကုန်းတိုက်ခြင်းတို့ကို ပယ်ဖျောက်ရသည်။
- ရဟန်းသည် ဝယ်ခြင်း၊ ရောင်းခြင်း မပြုရ။
- တစ်စုံတစ်ခု၌ ရန့်ရင်းသော ကိလေသာ၊ အလတ်စားဖြစ်သော ကိလေသာ၊ သိမ်မွေ့သော ကိလေသာတို့ဖြင့်

စွပ်စွဲခြင်းကို မပြုရာ။ စွပ်စွဲခြင်းကို ပြုတတ်သော ကိလေသာတို့ကို ပယ်ထွန့်ရာ၏။

- ရှာဉ်လည်း လူတို့နှင့် မနီးနှော မကပ်ငြိရ။
- လာဘ်ဟူသောအကြောင်းကြောင့် (လာဘ်ကိုဖြစ်စေခြင်းငှာ) လူတို့ကို မပြောမဆိုရ။
- ရဟန်းသည် ဝိနယရေးနှင့် ပြည့်စုံ၏ စသည်ဖြင့် ဝါကြွားတက်သည် မပြုရ။ သင်္ကန်းစသော ပစ္စည်းရရေးနှင့် ပတ်သက်၍ စကားမပြောဆိုရ။ ကိုယ်နှုတ်၊ စိတ်ကြမ်းတမ်း ရိုင်းစိုင်းခြင်းကို မပြောဆိုရ။ အငြင်းအခုန်နှင့် သက်ဆိုင်သောစကားကို မပြောဆိုရ။ ဆင်ခြင်ဉာဏ်(သမ္ပဇဉ်) ရှိသည်ဖြစ်၍ မုသားစကားတို့ မပြုရ။
- ခေါင်းပါးသော မွန်မြတ်သော အသက်မွေးခြင်းဖြင့်လည်းကောင်း၊ ပညာနှင့် ပြည့်စုံခြင်းဖြင့်လည်းကောင်း၊ စောင့်ထိန်းမှု သီလပြည့်စုံခြင်းဖြင့်လည်းကောင်း၊ သူတစ်ပါးကို မထေမဲ့မြင် မအောက်မေ့ရ။ (မာနကို မဖြစ်စေရ)
- သူတစ်ပါးတို့ကဲ့ရဲ့ ဖျက်ဆီးခံရသော ရဟန်းသည် သာသနာမှအပဖြစ်သော ပရဗိုဇ်ရဟန်း၊ များစွာသော ခတ္တိယ ဗြာဟ္မဏစသောသူတို့၏ အလိုမရှိအပ်သော၊

မနှစ်အပ်သော စကားများစွာတို့ကို ကြား၍ ထိုသူတို့ကို ကြမ်းကြုတ်သဖြင့် စကားတုံ့ပြန် မပြုရာ။

(ရာဂစသည် ငြိမ်းပြီးသော သူတော်ကောင်းသည် ရန်တုံ့မှုကို မပြုချေ)

- ဖြစ်ခြင်းသဘောရှိသော တရားသည် ချုပ်ခြင်းသဘော ရှိ၏ စသည်ဖြင့် စုံစမ်းဆ[illegible]လေ့ရှိသော ရဟန်းသည် ထိုဟောခဲ့ပြီးသော တရား[illegible]ကိုသိ၍ အခါခပ်သိမ်း သတိနှင့် ပြည့်စုံသည်ဖြစ်၍ ကျင့်ရာ၏။
- ရာဂစသည်တို့၏ ငြိမ်းရာ နိဗ္ဗာန်ကို ငြိမ်းအေး၏ဟုသိ၍ ဂေါတမဘုရားရှင် သာသနာတော်၌ မမေ့လျော့ရာ။ ဘုရားရှင် သာသနာတော်၌ မမေ့မလျော့၊ အခါခပ်သိမ်း ရှိသေ ကိုင်းညွတ်သည်ဖြစ်၍ အလေးပြုကာ ကျင့်ရာ၏။

**(တုဝဋ္ဋက ပဋိပဒါသုတ်)**

**ရဟန်းများ၏ အညစ်အကြေးများ**

သာသနာဝန်ထမ်း ရှင်ရဟန်းများသည် အောက်ပါ အလိုဆိုးများ ထိုက်သည့်အားလျော်စွာ ဖြစ်ပေါ်လာတတ်ပါသည်။ မိမိ အလိုရှိတိုင်း ဖြစ်မလာသောအခါ ဒေါသထွက်မှု စိတ်မချမ်းမြေ့မှုများ ဖြစ်လာတတ်ပါသည်။ အလိုဆိုးကြောင့် အမျက်ထွက်မှု စိတ်မချမ်းမြေ့မှု ဖြစ်ရတော့သည်။

အလိုဆိုးများမှာ–

**၁။ မိမိမှာအပြစ်ရှိနေသည်ကို မသိစေလိုခြင်း**

သာသာနာတော်ဝယ် အချို့သော ရှင်ရဟန်းသည် မိမိ ၌ အာပတ် အပြစ်ကျရောက်နေသည်။ အခြားရဟန်းများ မသိရင် ကောင်းမှာပဲဟု အလိုဆိုးရှိတတ်သည်။ ယင်းအာပတ် အပြစ် ဖြစ်နေသည်ကို အခြားရဟန်းတွေ သိသွားပါက ငါ အာပတ် အပြစ်သင့်နေတာကို အခြားရဟန်းတွေ သိနေပါကလားဟု ထို ရဟန်းသည် အမျက်ထွက်၏။ စိတ်မချမ်းမြေ့တော့ချေ။

ဤအမျက်ထွက်မှု စိတ်မချမ်းမြေ့မှု နှစ်ပါးသည်ပင် အညစ် အကြေး ဖြစ်တော့သည်။

ရဟန်းတော်တစ်ပါး အာပတ်သင့်နေကြောင်းကို ရဟန်း ကြီး သိသွားက ရဟန်းလတ်အား ပြောကတတ်သည်။ ရဟန်းလတ်က ရဟန်းငယ်အား ပြောပြတက်သည်။ ရဟန်းငယ်များက ကျောင်း တွင်းရှိသော ကိုရင် ကျောင်းသားများကို ပြောတတ်သည်။ သူ တို့ကတစ်ဆင့် ဆွမ်းဝါဒခံရန် လာကြသော ရဟန်းမ,များကို ပြောတတ်ကြသည်။

ဤသို့လျှင် အဆင့်ဆင့် ပရိသတ်လေးပါးလုံး သိသွားပြီး မကောင်းသတင်း ကျယ်ပြန့်သွားသဖြင့် ထိုရဟန်းအတွက် လာဘ်ရမှုအတွက် အနှောက်အယှက် အန္တရာယ်ဖြစ်လာတော့ သည်။

ပင်ကိုယ်က ဘုန်းကံအထိုက်အလျောက်ရှိ၍ လူတို့၏ ရိုသေလေးစားမှုကို ခံနေရသည့်အပြင် လာဘ်လာဘ ပစ္စည်းကို လိုလားမက်မောသော ရဟန်းမျိုးသည် မိမိအာပတ်ရောက်နေသည်ကို မသိစေလိုပေ။ တတ်နိုင်သမျှ ဖုံးဖိတတ်ကြလေ့ရှိသည်။

ထိုရဟန်းမျိုးကို အများရွာသူရွာသား ဒါယကာတို့ကလည်း ဒုဿီလဟုဆိုကာ ဆွမ်းစသည့် လာဘ်လာဘကို မလှူတော့ချေ။

ထိုအခါ ထိုရဟန်းသည် မိမိအလိုရှိသည့်အတိုင်း ဖြစ်မလာခဲ့၍ "ငါဟာ ရဟန်းတွေရဲ့ ဖျက်ဆီးခံနေရတာပဲ"ဟု ဒေါသဖြစ်လာပါတော့သည်။ စိတ်ချမ်းမြေ့မှုလည်း မရတော့ချေ။

## ၂။ အပြစ်ပေါ်လာသည့်အခါ ဆိတ်ကွယ်ရာမှာ စစ်ဆေးစေလိုခြင်း

အာပတ်အပြစ်သို့ ရောက်နေသော ရဟန်းသည် အာပတ်သင့်နေသော ငါ့ကို သံဃာ့အလယ်မှာ မစစ်ဆေးဘဲ သင့်လျော်သော ဆိတ်ကွယ်ရာမှာ စစ်ဆေးလျှင် ကောင်းမှာပဲဟု အလိုဆိုးရှိတတ်သည်။

ထိုရဟန်းကို သံဃာများက သံဃာအလယ်မှာ စစ်ဆေးခဲ့လျှင် "ရဟန်းများက ငါ့ကို သံဃာအလယ်မှာ စစ်ဆေးနေကြသည်၊ သင့်တော်ရာ ဆိတ်ကွယ်ရာမှာ မစစ်ဆေးကြဘူး"ဟု အမျက်ထွက်လာတတ်သည်။ စိတ်ချမ်းမြေ့မှုလည်း မရှိနိုင်တော့ချေ။

## ၃။ မိမိနှင့် အဆင့်တန်းတူသော ပုဂ္ဂိုလ်၏ စစ်ဆေးမှုကို ခံလိုခြင်း

အာပတ်အပြစ်ရောက်နေသောရဟန်းသည် အာပတ်သင့်နေသော ငါ့ကို အဆင့်အတန်း မတူတဲ့ ပုဂ္ဂိုလ်က မစစ်ဆေးဘဲ အဆင့်အတန်းတူတဲ့ ပုဂ္ဂိုလ်က စစ်ဆေးရင်ကောင်းမှာပဲဟု အလိုဆိုး ရှိတတ်သည်။

တိုရဟန်းသည် သူမျှော်မှန်းထားသည့်အတိုင်း မဖြစ်သော် ငါ့ကို အဆင့်အတန်းမတူတဲ့ ပုဂ္ဂိုလ်က စစ်ဆေးနေပါကလားဟု ဆိုကာ အမျက်ထွက်တတ်သည်။ စိတ်ချမ်းမြေ့မှု မရှိနိုင်တော့ချေ။

ဤနေရာ၌ အဆင့်အတန်းတူ ပုဂ္ဂိုလ်ဆိုသည်မှာ မိမိကဲ့သို့ အာပတ်သင့်နေသော ပုဂ္ဂိုလ်မျိုးကို ဆိုလိုပါသည်။ ထိုပုဂ္ဂိုလ်များက စစ်ဆေးလျှင် အရှင်ဘုရားမှာလဲ ဤအာပတ်တွေ သင့်နေတာပဲ၊ ကိုယ့်အာပတ်တွေကိုပဲ ကိုယ်အရင်စင်အောင်လုပ်ပါဦး၊ ပြီးမှ တပည့်တော်ကိုလဲ စစ်လိုရင် စစ်ပေါ့ဟု ပြောနိုင်သည်ဟူသော အမှတ်ဖြင့် အာပတ်သင့်ခြင်းဟူသော ရဟန်း၏ အစစ်ဆေးကိုသာ ခံယူလိုသည်။

တဖန်မိမိနှင့် ဇာတ်တူသော ပုဂ္ဂိုလ်မျိုးဖြစ်စေလိုသည်။ မိမိနှင့်အမျိုးဇာတ် ဗဟုသုတရှိမှု ထက်မြက်မှု စတင်စသည်တို့ဖြင့် အဆင့်အတန်းတူသော ပုဂ္ဂိုလ်က ပြောဆိုသောစကားသည် များစွာ နာကျည်းစရာမရှိဟူသော အမှတ်ဖြင့် မိမိနှင့်အမျိုးဇာတ်

စသည်ဖြင့် အဆင့်အတန်းတူသူ၏ စစ်ဆေးမှုကို အလိုရှိသည်။

အဆင့်အတန်းမတူသော ပုဂ္ဂိုလ်ဟူသည်မှာ အာပတ်ကင်းစင်သော ပုဂ္ဂိုလ်မျိုးဖြစ်သည်။ မိမိနှင့်ဆန့်ကျင်ဘက်ရန်သူဖြစ်နေသည့် ထိုပုဂ္ဂိုလ်မျိုးက စစ်ဆေးပါက အမျက်က ထွက်တော့သည်။ စိတ်မချမ်း မြေ့တော့ပါချေ။

## ၄။ ဘုရားရှင်တရားဟောရာမှာ အမေးခံလိုခြင်း

အချို့သောရဟန်းသည် ဘုရားရှင်က အခြားရဟန်းကို မေး၍ မေး၍ တရားမဟောပဲ ငါ့ကိုသာ မေး၍မေး၍ ရဟန်းတော်တို့အား တရားဟောရင်ကောင်းမှာပဲဟု အလိုဆိုး ရှိတတ်သည်။

ဤရဟန်းမျိုးသည် လာဘ်လာဘကို မတ်မောသည်ဖြစ်၍ ဘုရားရှင် မေးမှုကိုအလိုရှိနေသည်။ မိမိသည် မျှော်မှန်းသလို ဖြစ်မလာသောအခါ အမျက်ထွက်တတ်သည်။ စိတ်မချမ်းမြေ့စွာ ခံစားရသည်။

## ၅။ ဦးစီးခေါင်းဆောင် လုပ်လိုခြင်း

အချို့သောရဟန်းသည် အခြားရဟန်းတွေကို ရှေ့ကမထားဘဲ ငါ့ကိုသာ ရှေ့ကထားပြီး ရွာထဲ ဆွမ်းခံဝင်ကြရင် ကောင်းမှာပဲဟု အလိုဆိုးရှိသည်။

ဤရဟန်းသည် ပစ္စည်းလာဘ်လာဘကို မက်မောသူပင် ဖြစ်သည်။ မိမိရှေ့ကသွားက ပစ္စည်းများစွာရမည်၊ လူအများ၏ လေးစားကြည်ညိုမှု ခံရမည်ဟူသော သဘောဆိုးဖြင့် ဦးစီး ခေါင်းဆောင် သွားလိုသည်။

ထိုသို့ မဖြစ်သောအခါ အမျက်ထွက်လာသည်။ စိတ်မချမ်း မြေ့တော့ချေ။

## ၆။ နေရာဦးဆွမ်းဦး ရလိုခြင်း

အချို့သော ဆွမ်းစားရာဌာနသို့ ရောက်သောအခါ နေရာဦး ရေဦး၊ ဆွမ်းဦး အခြားရဟန်းမရဘဲ ငါရလျှင် ကောင်းမှာပဲဟု အလိုဆိုး ရှိတတ်သည်။

နေရာဦးဆိုသည်မှာ သံဃာထေရ်၏ နေရာဖြစ်သည်။

ရေဦးဆိုသည်မှာ လှူဖွယ်ဝတ္ထုအစားကပ်လှူသော ရေ ဖြစ်သည်။ ဆွမ်းဦးဆိုသည်မှာ သံဃာထေရ်အတွက် ဆွမ်းပင် ဖြစ်သည်။

- မျှော်လင့်သလို မရသောအခါ အမျက်ထွက်သည်၊စိတ် မချမ်းမြေ့စွာ ခံစားရပါသည်။
- ငါရသင့်တာပဲဟူသော အလိုဆိုးသည် အလွန်အပြစ်ကြီး လှသကဲ့သို့ အခြားရဟန်းတွေ မရရင်ကောင်းမှာပဲ ဟူသော အလိုဆိုးသည်လည်း အလွန်အပြစ်ကြီးလှသည်။

### ၇။ အနုမောဒနာတရား ဟောလိုခြင်း

အချို့ရဟန်းသည် ဆွမ်းစားပြီး၍ ဆွမ်းအနုမောဒနာ တရား ဟောချိန်တွင် ငါသာ အနုမောဒနာတရား ဟောရရင် ကောင်းမှာပဲ ဟု အလိုဆိုးရှိတတ်သည်။

သူမျှော်လင့်သလို ဖြစ်မလာသောအခါ အမျက်ထွက်သည်။ စိတ်မချမ်းမြေ့စွာ ခံစားရသည်။

### ၈။ သံဃာများအား တရားဟောလိုခြင်း

အချို့သော ရဟန်းသည် ကျောင်းသို့ရောက်လာသော ရဟန်းများကို ငါသာ ဟောရရင်ကောင်းမှာပဲဟု အလိုဆိုးရှိတတ်သည်။

ထိုရဟန်းသည် ပစ္စည်းလာဘ်လာဘကို လိုချင်မက်မောသူ ဖြစ်သည်။ သူမျှော်လင့်သလို ဖြစ်မလာသောအခါ အမျက်ထွက်သည်။ စိတ်မချမ်းမြေ့စွာ ခံစားရသည်။

### ၉။ ဘိက္ခုနီမတို့အား တရားဟောလိုခြင်း

အချို့သော ရဟန်းများသည် ကျောင်းထဲသို့ ရောက်လာကြသောရဟန်းမတွေကို မိမိကသာ တရားဟောလိုသော အလိုဆိုး ရှိတတ်သည်။

ဤရဟန်းမျိုးသည်လည်း ပစ္စည်းလာဘ်လာဘကို မက်မော

သော ရဟန်းမျိုးဖြစ်သည်။

မိမိမျှော်လင့်သလို ဖြစ်မလာသောသောအခါ အမျက်ထွက်သည်။ စိတ်မချမ်းမြေ့စွာ ခံစားရသည်။

## ၁၀။ ရဟန်းများ ရှိသေမြွတ်နိုးမှုခံလိုခြင်း

အချို့သော ရဟန်းသည် ရဟန်းများသည် အခြားရဟန်းအား မြွတ်နိုးကော်ရော် ပူဇော်မှုမပြုဘဲ ငါ့ကိုသာ ပူဇော်မြွတ်နိုးရင် ကောင်းမှာပဲဟု အလိုဆိုးရှိတတ်သည်။

ထိုရဟန်းသည် မိမိမျှော်လင့်သလို ဖြစ်မလာသောအခါ အမျက်ထွက်သည်။ စိတ်မချမ်းမြေ့စွာ ခံစားရသည်။

## ၁၁။ ဘိက္ခုနီ၊ ဒါယကာ၊ဒါယိကာမများ၏ ရှိသေမှုကို ခံယူလိုခြင်း

အချို့သော ရဟန်းသည် ဘိက္ခုနီ ဥပသကာ ဥပါသိကာမများသည် ငါ့ကိုသာ ရှိသေလေးစား မြွတ်နိုး ပူဇော်ရင်ကောင်းမှာပဲဟု အလိုဆိုး ရှိတတ်ကြသည်။

ထိုသို့ မဖြစ်သော် အမျက်ထွက်တတ်သည်။ စိတ်မချမ်းမြေ့စွာ ခံစားရပါသည်။

## ၁၂။ သက်န်းကောင်းကို ရလိုခြင်း။

အချို့သောရဟန်းသည် အကောင်းဆုံးသင်္ကန်းကို ငါ ရလျှင်

ကောင်းမှာပဲဟု အလိုဆိုးရှိတတ်ကြသည်။
တိုသို့ မရခဲ့သော် အမျက်ထွက်တတ်သည်။ စိတ်မချမ်းမြေ့စွာ ခံစားရသည်။

**၁၃။ ဆွမ်းကောင်း၊ ကျောင်းကောင်း၊ ဆေးကောင်းကို ရလိုခြင်း**

အချို့သော ရဟန်းများကို အကောင်းဆုံးဆွမ်း၊ အကောင်းဆုံးကျောင်း၊ အကောင်းဆုံးဆေးကို ပါသာရလျှင် ကောင်းမှာဘဲဟု အလိုဆိုး ရှိတတ်ကြသည်။

ထိုသို့ မရခဲ့လျှင် ထိုရဟန်းသည် အမျက်ထွက်သည်။ စိတ်မချမ်းမြေ့စွာ ခံစားရသည်။

ရဟန်းတစ်ပါးတွင် ယုတ်ညံ့ဆိုးဝါး အကုသိုလ်တရားများ ဖြစ်ကြသော အလိုဆိုးကြောင့် ဒေါသထွက်မှု၊ စိတ်မချမ်းမြေ့မှုများ ရှိနေ၍ မြင်ရကြားရပါလျှင် ထိုရဟန်းသည်–

ဘာကျောင်းနေ၍ အရည်ကင်ဓုတင်ဆောင်သူ
ပိဏ္ဍပါတ်ဓုတင်ဆောင်သူ
အိမ်စဉ်မပြတ် ဆွမ်းခံရပ်သူ
ပံ့သကူ သင်္ကန်းဆောင်သူ

ကြမ်းတမ်းသောသင်္ကန်းကို ဆောင်သူပင် ဖြစ်စေဦးတော့ ထိုရဟန်းကို သီတင်းသုံးဖော်တို့က မရိုသေ မလေးစား မမြတ်နိုးကြတော့ပေ။ မပူဇော်ကြတော့ပေ။

ထိုသည်မှာ အဘယ်ကြောင့်နည်းဆိုသော် ထိုရဟန်း၏ ယုတ်ညံ့ဆိုးဝါးသော အကုသိုလ်ဖြစ်သော အလိုဆိုးကြောင့် ဖြစ်သော အမျက်ထွက်မှု၊ စိတ်မချမ်းမြေ့မှုကို အခြားရဟန်းများက မြင်လည်းမြင် ကြားလည်း ကြားရသောကြောင့် ဖြစ်ပါသည်။

အလိုဆိုးကြောင့် ဖြစ်ပေါ်လာရသော ဒေါသထွက်မှု စိတ်မချမ်း မြေ့မှုတို့ဟူသည် မနောဝိညာဉ်ဖြင့် သိနိုင်သည့်အတွက် မျက်စိ ဖြင့်မြင်ရန်၊ နားဖြင့်ကြားရန် မရှိသော်လည်း အလိုဆိုး အရှိန်ကြောင့် ဖြစ်ပေါ်လာသော ဒေါသထွက်မှု၊ စိတ်မချမ်းမြေ့မှု ရှိနေသော ပုဂ္ဂိုလ်၏ ယင်းအရှိန်ကြောင့် ဖြစ်ပေါ်လာရသော ကိုယ်အမူအရာ၊ နှုတ်အမူအရာများကို တွေ့ရသည့်အခါမှာ တပ်အပ် မြင်ရသလို ကြားရသလို ဖြစ်နေပါသည်။

ဥပမာ– စင်ကြယ်ပြောင်လက်နေသော ကြေးခွက်တစ်ခုကို တစ်နေရာမှ ယူခဲ့သည်။ ပိုင်ရှင်များက ထိုကြေးခွက်မှာ မြွေကောင်ပုပ်၊ ခွေးကောင်ပုပ်၊ လူအသေကောင်ပုပ်တစ်ခုခုကို ဖြစ်စေ ထည့်ထားရာ၏။ ယင်းကြေးခွက်ကို အခြားခွက်တစ်ခုဖြင့် ဖုံးအုပ်၍ ဈေးအတွင်းသို့ ယူဆောင်သွားရာ၏။ ယင်းခွက်ကို တွေ့မြင်ရသူများက–

"မိတ်ဆွေ ဘာကိုများ ယူလာပါသလဲ။ နှစ်လိုဖွယ်ရာ လက်ဆောင်ကောင်း ဖြစ်ပုံရတယ်"

ဟုပြောဆိုပြီး ဖွင့်ကြည့်ရာ၏။ အကောင်ပုပ်ကိုမြင်ရ

သည်နှင့်တပြိုင်နက် ထိုသူများမှာ မနှစ်မြို့မှု ရွံ့ရှာစက်ဆုပ်မှု ဖြစ်ရာ၏။

အဆိုပါ ရဟန်းသည် ဤဥပမာနှင့်တူသည်။ ယင်း ရဟန်း၏

- ရှင်ရဟန်းအသွင်သည် စင်ကြယ်သော ကြေးခွက်နှင့်တူသည်။
- အလိုဆိုးကြောင့်ဖြစ်သော အမျက်ထွက်မှု၊ စိတ်မချမ်းမြေ့မှုသည် အကောင်ပုပ်နှင့်တူသည်။
- အရည်ကင် ဓုတင်ဆောက်တည်ခြင်း စသည်တို့ဖြင့် အလိုဆိုးဖြစ်သော အမျက်ထွက်မှု၊ စိတ်မချမ်းမြေ့မှုတို့ကို ဖုံးကွယ်ထားခြင်းသည် အခြားခွက်တစ်ခုနှင့် ဖုံးအုပ်ထားသည်နှင့်တူသည်။
- ထိုအမျက်ထွက်မှုစသည်ကိုသိ၍ အခြားရဟန်းတို့က မြတ်နိုးမှု၊ ပူဇော်မှု မပြုခြင်းသည် မြွေကောင်ပုပ်ကို တွေ့ရ၍ လူများ၏ မနှစ်မြို့မှု၊ ရွံ့ရှာစက် ဆုတ်မှုနှင့်တူပါသည်။
- ရှင်ရဟန်းတွင် ထိုအလိုဆိုးများ မရှိဟု ကြားသိရပါက ထိုရဟန်းသည် ရွာ ကျောင်းနေသူ၊ ပင့်ဖိတ်ဆွမ်းကို ခံယူသူ၊ ဒါယကာလှူသော သင်္ကန်းကိုဝတ်ရုံ သုံးဆောင်နေသူပင် ဖြစ်လင့်ကစား ထိုရဟန်းကို သီတင်းသုံးဖော်တို့က ရိုသေကြသည်။ လေးစားကြသည်။ မြတ်နိုး

ပူဇော်ကြပါသည်။

ဥပမာမှာ– စင်ကြယ်ပြောင်လက်သော ကြေးခွက်ထဲတွင် ကောင်းမွန်သော အစားအသောက်များ ထည့်လာပါက လက်ဆောင်ရယူသူသည် အားရပါးရ ကျေနပ်နှစ်သက်စွာ လက်ခံယူပါမည်။

အလားတူပင် ရဟန်းသည် ထိုသို့သဘောရှိပါမည်။

## အပြစ်ရှိသော တဏှာကိုသိပါ

သတ္တဝါများကို သံသရာဝဋ်ဆင်းရဲကမလွတ်အောင် ဒုက္ခပေးနေသူမှာ တဏှာပင် ဖြစ်ပါသည်။

ရှင်ရဟန်းများတွင်လည်း–

- ဘယ်နေရာက သင်္ကန်းကောင်း ရပါလိမ့်မလဲဟု သင်္ကန်းဟူသော အကြောင်းကြောင့် တဏှာဖြစ်တတ်သည်။
- ဘယ်နေရာက ဆွမ်းကောင်းရပါလိမ့်မလဲဟု ဆွမ်းဟူသော အကြောင်းကြောင့် တဏှာဖြစ်တတ်သည်။
- အကောင်းဆုံးဖြတ်သော့ ထောပတ်ဆီဦးစသည်တို့ကို ဘယ်က ရပါလိမ့်မလဲ ဟု ဆေးပစ္စည်းဟူသော အကြောင်းကြောင့် တဏှာဖြစ်တတ်သည်။

ထို့ကြောင့် ရဟန်းသည် ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးဟူသော အကြောင်းကြောင့် တဏှာမဖြစ်ရအောင် စောင့်ထိန်း

ရပါမည်။ ရှိတာရတာလေးနှင့် ကျေနပ်နှစ်သက်ရမည်။ တဏှာ မဖြစ်အောင် မစောင့်ထိန်းနိုင်ပါက ရဟန်းသည် သံသရာက လွတ်နိုင်မည် မဟုတ်ပါ။

တဏှာလျှင် အဖော်ရှိသော ပုဂ္ဂိုလ်သည် ရှည်ကြာသော ကာလပတ်လုံး ကျင်လည်ရသည်ဖြစ်၍ လူ့ဘဝဟူသော သံသရာက မလွတ်တော့ပါ။

အစမထင်သံသရာ၌ ကျင်လည်နေကြသော သတ္တဝါတို့ဟူ သမျှသည် အဖော်မပါ တစ်ဦးတည်းကျင်လည်နေရသည် မဟုတ် ပါ။ တဏှာဟူသော အဖော်သဟဲရမှာသာ ကျင်လည်နိုင်ပါသည်။

သတိရှိသော ရဟန်းသည် ဤအပြစ်ရှိသော တဏှာကို ဆင်းရဲကြောင်းတရားဟု အမှန်သိ၍ တဏှာကင်းကြောင်း မမ္ဂ ကို ကြိုးစားအားထုတ်၍ တဏှာကင်းရာ ပဋိသန္ဓေမယူရသော နိဗ္ဗာန်သို့ သွားရတော့သည်။

## သီလနှင့်ပြည့်စုံသော ပုဂ္ဂိုလ်၏ ဂုဏ်ရည်

ရှင်ရဟန်းကောင်းဖြစ်ရန် ရှင်ရဟန်းများသည် မိမိ၏ဘဝ၊ မိမိ၏ အခြေအနေကို ထပ်ကာထပ်ကာ ပြန်လည် သုံးသပ်နေရ ပါမည်။ အမြင်မှန်ရအောင် ဆင်ခြင်သင့်ပါသည်။ အမှန် လက် တွေ့လိုက်နာကျင့်သုံးကြည့်ပါက မှိုင်းဝသောမီးပုံးပျံသည် အပေါ် သို့ လွတ်တင်လိုက်သလို မိမိ၏ ဘဝအခြေအနေမှာလည်း ခဏချင်း တရိုန်ထိုး တက်ရမည် ဖြစ်ပါသည်။

ရှင်ရဟန်းများသည်

- ငါသည် အဆင်း ဖောက်ပြန်ခြင်းသို့ ရောက်ခဲ့ပြီ၊
- ငါ၏ အသက်မွေးမှုသည် သူများနှင့် ဆက်စပ်နေသည်၊
- ငါသည် လူပုံသဏ္ဌာန်နှင့်မတူဘဲ ရဟန်းပုံသဏ္ဌာန်ကို ပြန်လုပ်သင့်သည်ဟူ၍ ရဟန်းဟူ၍ဖြစ်သော အမှတ်သညာတို့ကို ထပ်ကာထပ်ကာ ပွားများဆင်ခြင်ခဲ့ပါလျှင်–

(၁) သီလကို မပြတ် ဖြည့်ကျင့်တတ်သည်၊

(၂) အဘိဇ္ဈာ မများတော့ချေ၊

(၃) ဆင်းရဲခြင်းကင်းသည်၊

(၄) အလွန်မာန်မူခြင်းမရှိ၊

(၅) သိက္ခာကို လိုလားသည်၊

(၆) ပစ္စည်းလေးပါးကို ပစ္စဝေက္ခဏာ ဆင်ခြင်သုံးစွဲသည်၊

(၇) အားထုတ် လုံ့လဝီရိယ ရှိသည်ဟူ၍ ခုနစ်မျိုးတို့ကို ပြည့်စုံစေနိုင်သည်ဟု ဘုရားရှင်က ဟောကြားခဲ့ပါသည်။

(အံ–ပါ–ရုံ–၄၂၇)

ဤသမဏသညာ(ရဟန်းဟူ၍ ဖြစ်သော အမှတ်သညာ)ကို အကြောင်းပြု၍ ရလာသော သီလနှင့်ပြည့်စုံမှု စသောဂုဏ်သည် မိမိအတွက်မျှသာမဟုတ်။ ရဟန်းရှင်လူတို့အတွက်ဖြစ်၍ အကျိုးများလှပါသည်။

သီလနှင့်ပြည့်စုံသော ရဟန်းနှင့် ပတ်သက်၍ မိလိန္ဒမင်းကမေး၍ ရှင်နာဂသိန်က ဖြေကြားရာ၌–

"မင်းမြတ်–သီလရှိသောပုဂ္ဂိုလ်၊ သီလနှင့်ပြည့်စုံသောပုဂ္ဂိုလ်သည်

- သတ္တဝါတို့၏ ကိလေသာအဆိပ်ကို ဖျက်ဆီးရာ၌ အဆိပ်ဖြေဆေးနှင့် တူသည်။
- သတ္တဝါတို့၏ ကိလေသာအနာကို ငြိမ်းစေရာ၌ ဗိန္ဓောဆေးဝါးနှင့် တူသည်။
- သတ္တဝါတို့၏ ကိလေသာမြူ အညစ်အကြေးကို ပယ်ရှားရာ၌ ရေနှင့် အလားတူသည်။
- သတ္တဝါတို့အား အလုံးစုံသော စည်းစိမ်ချမ်းသာကို ပေးရာ၌ ပတ္တမြားရတနာနှင့် တူသည်။
- သတ္တဝါတို့ သြဃလေးပါး၏ တစ်ဖက်ကမ်းသို့ သွားရာ၌ လှေသင်္ဘောနှင့် တူသည်။
- သတ္တဝါတို့၏ ဇာတိတည်းဟူသော ခရီးခဲကို ကျော်လွန်ရာ၌ လှည်းအုပ်ခေါင်းဆောင်နှင့် တူသည်။
- သတ္တဝါတို့ သုံးပါးသော မီးပူကို ငြိမ်းရာ၌ လေနှင့်တူသည်။
- သတ္တဝါတို့၏ စိတ်နှလုံးကို ပြည့်ဝစေရာ၌ မိုးကြီးနှင့်တူသည်။

- သတ္တဝါတို့အား ကုသိုလ်ကျင့်စေရာ၌ ဆရာနှင့် တူသည်။
- သတ္တဝါတို့အား ဘေးကင်းရာခရီးကို ပြောကြားရာ၌ လိမ္မာကျွမ်းကျင်သော ခရီးလမ်းညွှန်သဖွယ် ဖြစ်သည်။

"မင်းမြတ်၊ သီလရှိသောပုဂ္ဂိုလ်သည် ဤသို့ သဘောရှိ၏။ များသောဂုဏ်ရှိ၏။ ပေါကြွယ်သော ကျေးဇူးရှိ၏။ အတိုင်းမသိသော ကျေးဇူးရှိ၏။ ဂုဏ်ကျေးဇူးတို့ စုဝေးရာဖြစ်၏။ သတ္တဝါတို့ကို ကြီးပွားတိုးတက်အောင်ပြု၏"ဟူ၍ သီလရှိသော ရဟန်း၏ ဂုဏ်များကို ဖော်ကျူးပြထားသည်ကို တွေ့ရပါသည်။

(မိလိန္ဒ–ပါ–၁၉၃)

သာသနာ့ဝန်ဆောင် ရှင်ရဟန်းများသည် မိမိတို့ရလာသော ရှင်ရဟန်းဘဝ၏ ကြီးကျယ်မြင့်မြတ်သော ဂုဏ်ထူးတို့ကို သိနားလည်သင့်ပါသည်။

ထိုသို့ သိနားလည်ပြီး တစ်ဆင့်ထက်တစ်ဆင့် တိုးတက်မြင့်မြတ်သော ဂုဏ်ထူးများကို မရမနေ ကြိုးစားအားထုတ်သင့်ပါသည်။ သာသနာတော်ဝယ် ကြီးကျယ်မြင့်မြတ်သော မဂ်လေးတန်၊ ဖိုလ်လေးတန်၊ နိဗ္ဗာန်ဟူသော ဂုဏ်ထူးများ ရှိနေပါသည်။

မိဘက် ဘဘက် နှစ်ပါးစုံ မျိုးရိုးသန့်စင်သော မင်းသားတစ်ပါးသည် ဆင်စီးလျက် မြို့တွင်း လှည့်လည်ရင်း ဆင်ပေါ်မှ ကျခဲ့ပါလျှင် အကြီးအကျယ် ဆင်းရဲဒုက္ခ ရောက်ရသကဲ့သို့

သာသနာတော်မှ ဆုတ်ယုတ်သော ရှင်ရဟန်းသည် လောကုတ္တရာတရား(၉)ပါးမှ ဆုတ်ယုတ်ရသည်ဟု ဘုရားရှင်က ဟောကြားခဲ့ပါသည်။

(ဥပဏ-၄-၁၁၈)

**သီလအကျင့်၏ အဆင့်အတန်း**

ဗုဒ္ဓသာသနာပြင်ပ တိတ္ထိသာသနာ၌

မေထုန်အမှုမှ ရှောင် ကြဉ်ရှံမှုဖြစ်သော သီလသည် အောက်တန်းစား ဖြစ်သောအကျင့် ဖြစ်သည်။ ထိုအကျင့်ကြောင့် မင်းမျိုး၌ ဖြစ်ရတတ်သည်။

- ဈာန်ဥပစာရသမာဓိမှုသည် အလတ်တန်းစားဖြစ်သော အကျင့်ဖြစ်သည်။ ထိုအကျင့်ကြောင့် နတ်ပြည်၌ ဖြစ်ရသည်။
- သမာပါတ်(၈)ပါး (ဈာန်ကိုးပါး)သည် မြင့်မြတ်ဆုံးသောအကျင့်ဖြစ်သည်။ ထိုအကျင့်ကြောင့် ဗြဟ္မာပြည်မှာဖြစ်ရသည်။

ဘုရားရှင် သာသနာတော်၌ သီလနှင့်ပြည့်စုံသော ရှင်ရဟန်းသည်

- နတ်ဖြစ်ရန် ရည်မှန်းကျင့်က အောက်တန်းစားအကျင့်၊
- သမာပါတ်ရှစ်ပါးကိုကျင့်က အလတ်စားအကျင့်၊

- ဝိပဿနာကို ပွားလျက် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်အောင်ကျင့်က အမြတ်ဆုံးသော အကျင့်ဖြစ်သည်။

(ဇာတ်-၄-၃-၄၄၉)

## ဂါမဝါသီ(ကျောင်းထိုင်ဘုန်းကြီးများ)၏ တာဝန်

မြန်မာနိုင်ငံအတွင်းဝယ် ကျေးရွာပေါင်းများစွာ ရှိသကဲ့သို့ ထိုကျေးရွာအသီးသီး၏ ရွာထိပ်ဝယ် ဘုန်းကြီးကျောင်းများ ထားရှိ ကိုးကွယ်ကြလေ့ရှိပါသည်။ ထိုရွာအသီးသီးရှိ ရွာဦးကျောင်း၊ ကျောင်းထိုင်ဆရာတော်များသည် လူတို့အား အစဉ်သနား စောင့်ရှောက်ကြရပါသည်။

မည်ကဲ့သို့ သနားစောင့်ရှောက်ကြရမည်ဆိုသော်-

- ငါးပါးသီလ ဆောက်တည်စေရပါမည်။
- သစ္စာလေးပါးတရားကို ရှုမြင်မှု၌ တည်စေရပါမည်။
- မကျန်းမာသူထံ သွားရောက်၍ ရတနာသုံးပါး၌ လေးစားရိုသေမှုသတိ ဖြစ်စေကြပါဟု သတိပေးရပါမည်။
- အာဂန္တုက ရဟန်းတော်များ ကြွလာသောအခါ လူဒါယကာတို့ထံ သွား၍ ဒါယကာတို့ ဒေသအသီးသီးက ဆရာတော်တွေ ကြွလာပါသည်၊ ကုသိုလ်ကောင်းမှု ပြုကြပါ၊ ကုသိုလ်ကောင်းမှုပြုကြရန် အခွင့်အခါကောင်း ဖြစ်သည်ဟု ပြောကြားရပါမည်။

– အဆိုးအကောင်းမရွေး ပေးလှူသောဆွမ်းကို ကိုယ်တိုင် ဘုဉ်းပေးခြင်း၊ သဒ္ဓါတရားဖြင့် လှူသော ဆွမ်းကိုမဖျက် ဆီးခြင်း စသော ဂုဏ်အင်္ဂါများဖြင့် ပြည့်စုံကြရပါမည်။ (အံ–ပါ–၂–၂၃၀)

**သီလရှိသော ရဟန်းတို့၏သဘော**

သီလရှိသော ပုဂ္ဂိုလ်ကို နတ်နှင့်လူဟူသော ဌာန(၂)ခုတို့ကသာ သိမ်းပိုက်ကြသည်ဟု ဘုရားရှင်က မိန့်ကြားထားပါသည်။(အံ–ပါ-၁-၆၂)

ကာသိတိုင်းဖြစ် အဝတ်သည် အသစ်ဖြစ်စေ၊ တစ်ပတ်ရစ်ဖြစ်စေ၊ အဟောင်းဖြစ်စေ မည်သည့်အမျိုးအစားပင် ဖြစ်စေကာမူ အရောင်အသွေးလည်း ကောင်းသည်၊ အတွေ့လည်းကောင်းသည်၊ အဖိုးလည်း ထိုက်တန်သည်၊ ဟောင်းနွမ်းသွားသည့်အခါ ရတနာ ထုပ်ရာ၌သော်လည်း အသုံးချသည်၊ နံ့သာပြုလုပ်ရာ၌သော်လည်း ထည့်ကြသည်။

ထို့အတူ ရှင်ရဟန်းများသည် အငယ်ဖြစ်စေ၊ အလတ်ဖြစ်စေ၊ အကြီးဖြစ်စေ သီလရှိသူ၊ ကောင်းသောသဘောရှိသူ ဖြစ်နေပါက ထိုသီလဝန္တပုဂ္ဂိုလ်၏ အသွေးအရောင် ကောင်းမှုပင် ဖြစ်ရသည်။

ထိုပုဂ္ဂိုလ်အား လှူရသော ဒါယကာတို့မှာလည်း ကြီးကျယ်ဖွံ့ ဖြိုးသော အကျိုးအာနိသင်ရှိသည်။ ဒါယကာတို့၏ ပေးလှူမှု

အကျိုးကြီးခြင်းသည်ပင် ထိုရှင်ရဟန်း၏ အဖိုးထိုက်တန်မှုပင် ဖြစ်သည်။

ဘုရားစသော ပုဂ္ဂိုလ်တို့ကို မှီဝဲဆည်းကပ်သူတို့မှာ ကြာရှည်စွာ စီးပွားချမ်းသာ အလို့ငှာဖြစ်သကဲ့သို့ သီလရှိသော ပုဂ္ဂိုလ်တို့ကို မှီဝဲဆည်းကပ်သူများလည်း ကြာရှည်လေ အကျိုးစီးပွား ချမ်းသာ အလို့ငှာ ဖြစ်ရလေ ဖြစ်ရပါသည်။

သီလဝန္တ ပုဂ္ဂိုလ်ကြီးတစ်ပါးက ပရိသတ်အလယ်တွင် ပြောဟောခဲ့ပါလျှင် အရှင်ဘုရားတို့ တိတ်တိတ်နေကြပါ၊ မထေရ်ကြီးက ဓမ္မဝိနယ ဟောပြောနေပါသည်ဟု ရဟန်းများက ဆိုပါသည်။

ကာသိတိုင်းဖြစ် အဝတ်ကို နံ့သာကြုတ်ထဲ ထည့်ထားသကဲ့သို့ မထေရ်ကြီး၏ အကျိုးစီးပွားကိုမှီသော ထိုစကားကို အမြတ်ဆုံး အင်္ဂါဖြစ်သည့် ဦးခေါင်းဖြင့် ခံယူ၍ နှလုံးအိမ်အတွင်း ထည့်သွင်း သိမ်းထားကြရပါသည်။

မင်းသားတစ်ယောက်သည် မင်းမျိုးမင်းနွယ် စစ်မှန်၏၊အဘိသိက်သွန်းထိုက်သော သားကြီးဖြစ်၏၊ အဘိသိက်ကား မသွန်းရသေး၊ အရွယ်ရောက်ပြီးဖြစ်၏၊ ထိုမင်းသားသည် အဘယ်မင်းသားကို အဘိသိက်သွန်း မင်းမြှောက်ပြီဟု ကြားသိရသောအခါ ငါလည်း ဘယ်တော့ အဘိသိက်သွန်းပြီး မင်းဖြစ်ရမလဲဟု ကြံစည်စိတ်ကူးတတ်၏၊ မျှော်လင့်တောင့်တတတ်၏။

ထိုအတူ သာသနာဝန်ထမ်း ရှင်ရဟန်းသည်လည်း သီလရှိ၏၊ ကောင်းသော ကိုယ်ကျင့်တရားရှိ၏၊ ထိုရဟန်းသည် ဘယ်ရဟန်း ရဟန္တာဖြစ်သွားပြီဟု သတင်းစကား ကြားရသည့်အခါ ငါလည်း ဘယ်တော့ ရဟန္တာ ဖြစ်မည်လဲဟု ကြံစည်စိတ်ကူးတတ်၏၊ မျှော်လင့်တောင့်တတတ်၏။ ဤပုဂ္ဂိုလ်မျိုးသည် အရဟတ္တဖိုလ်တောင့်တသော ပုဂ္ဂိုလ်မျိုးဖြစ်သည်။

သီလနှင့်ပြည့်စုံသော သီလဝန္တ ပုဂ္ဂိုလ်နှင့်ပတ်သက်၍ ဘုရားရှင်က–

"ရဟန်းတို့ အခက်အရွက်နှင့်ပြည့်စုံသော သစ်ပင်မှာ အဖွေးလည်းပြည့်စုံနိုင်သည်၊ အခေါက်အခွံလည်း ပြည့်စုံနိုင်သည်၊ အကာနှင့်လည်း ပြည့်စုံနိုင်သည်၊ အနှစ်လည်း ပြည့်စုံနိုင်သည်။

အလားတူပင် သီလဝန္တ ပုဂ္ဂိုလ်များမှာ–

- စိတ်နှလုံး ကြည်လင်အေးမြမှုလည်း ဖြစ်နိုင်သည်။
- ဝမ်းသာမှုလည်း ဖြစ်နိုင်သည်။
- နှစ်သက်မှုလည်း ဖြစ်နိုင်သည်။
- ကိုယ်စိတ် ငြိမ်းအေးမှုလည်း ဖြစ်နိုင်သည်။
- ဟုတ်တိုင်း သိမှု၊ နသော ဝိပဿနာဉာဏ်လည်း ဖြစ်နိုင်သည်။
- ဝင့်ဆင်းရဲ၌ ငြီးငွေ့နိုင်ကြောင်း အားအကောင်းဆုံး

ဝုဋ္ဌာနဂါမိနီ ဝိပဿနာဉာဏ်နှင့် ဝင့်ဆင်းရဲ၌ တပ်ခြင်း ကင်းကြောင်း အရိယာမဂ်ကိုလည်း ဖြစ်နိုင်သည်။

- ကိလေသာတို့မှ လုံးဝ လွတ်မြောက်သော အရဟတ္တဖိုလ်နှင့် ပစ္စဝေက္ခဏာဉာဏ်တို့ကိုလည်း ဖြစ်နိုင်သည်။

(အံ-ပါ-၃-၂၅၉)

- အရှက်အကြောက်နှင့် ပြည့်စုံသော ရဟန်းသည် ဣန္ဒြိယသံဝရသီလနှင့် ပြည့်စုံနိုင်သည်။ ဣန္ဒြိယသံဝရသီလနှင့် ပြည့်စုံသောရဟန်းမှာ ပါတိမောက္ခ သံဝရသီလနှင့် ပြည့်စုံနိုင်သည်။

ကောင်းသောကိုယ်ကျင့်ရှိသော သီလဝန္တ ပုဂ္ဂိုလ်ကို မှီခိုပေါင်းသင်း ဆည်းကပ်ကိုးကွယ်သူသည် သီလဝန္တပုဂ္ဂိုလ်၏ အပြုအမူကို အတုလိုက်၍ မကျင့်နိုင်ပါသော်လည်း ဒီပုဂ္ဂိုလ်ဟာ ကောင်းတဲ့ မိတ်ဆွေရှိသည်၊ ကောင်းသောသူတွေနှင့်သာ ရောနှောယှက်တင် ကျွမ်းဝင်နေသည်ဟု ကောင်းသောသတင်း ဖြစ်ပေါ်မှုကို ရရှိတတ်သည်။ အချီးမွမ်းခံရတတ်သည်။

ထို့ကြောင့် ကောင်းသောကိုယ်ကျင့်ရှိသော သီလဝန္တပုဂ္ဂိုလ်မျိုးကိုသာ ပေါင်းသင့်သည်”ဟု ဘုရားရှင်က ဟောထားသည်။

(ပုဂ္ဂလ-ပါ-၁၆၁)

## သီလနှင့် ပြည့်စုံသူ၏အကျိုးမှာ

သီလရှိသော ပုဂ္ဂိုလ်၏ အကျိုးငါးပါးကိုလည်း အင်္ဂုတ္တိုရ် ပါဠိတော်(စာ–၆၂)၌ ဟောထားပါသည်။

၁။ စီးပွားဥစ္စာအများအပြားရရှိခြင်း။

၂။ ကောင်းသောဂုဏ်သတင်း ပျံ့သင်းထွက်ခြင်း။

၃။ ပရိသတ်ထဲ ရဲတင်းစွာ ဝင်ရောက်နိုင်ခြင်း။

၄။ မတွေဝေဘဲသေရခြင်း။

၅။ သေပြီးနောက် လူ့ပြည်နတ်ရွာတို့၌ ဖြစ်ရခြင်း။

ဤကား သီလနှင့်ပြည့်စုံသော ပုဂ္ဂိုလ်တိုင်း ရရှိခံစားအပ်သော အကျိုးများ ဖြစ်ပါသည်။

ထို့ပြင် သီလနှင့် ပြည့်စုံသည့်ပြင် သမထ ဝိပဿနာကမ္မဋ္ဌာန်း အားထုတ်နေသော ရဟန်းသည်–

၁။ သီတင်းသုံးဖော်များ၏ ချစ်ခင်မြတ်နိုးမှုကို ခံရသည်။

၂။ ပစ္စည်းလာဘ်လာဘ ပေါများသည်။

၃။ အလှူဒါယကာတို့၏ အလှူဒါနကို အကျိုးကြီးမားစေသည်။

၄။ ဆွေကောင်း မျိုးကောင်းတို့က အောက်မေ့သောစေတနာကို အကျိုးများစေသည်။

၅။ မမွေ့လျော်မှု–မွေ့လျော်မှုကို သည်းခံနိုင်သည်။

၆။ ကြောက်ခြင်းနှင့် ကြောက်မက်ဖွယ်အာရုံတို့ကို သည်းခံနိုင်သည်။

၇။ ရူပါဝစရ ဈာန်လေးပါးကို အလိုရှိတိုင်း အလွယ်တကူရနိုင်သည်။

၈။ အရူပါဝစရ ဈာန်ကိုလည်း ရနိုင်သည်။

၉။ သောတာပတ္တိဖိုလ်ကို ရနိုင်သည်။

၁၀။ သကဒါဂါမိဖိုလ်ကို ရနိုင်သည်။

၁၁။ အနာဂါမိဖိုလ်ကို ရနိုင်သည်။

၁၂။ ဣဒ္ဓိဝိဓအဘိညာဏ်ကို ရနိုင်သည်။

၁၃။ ဒိဗ္ဗသောတအဘိညာဉ်ကို ရနိုင်သည်။

၁၄။ ပရစိတ္တဝိဇာနန အဘိညာဉ်ကို ရနိုင်သည်။

၁၅။ ပုဗ္ဗေနိဝါသ အဘိညာဉ်ကို ရနိုင်သည်။

၁၆။ ဒိဗ္ဗစက္ခု အဘိညာဉ်ကို ရနိုင်သည်။

၁၇။ အာသဝက္ခယဉာဏ်(အရဟတ္တဖိုလ်)ကို ရနိုင်သည်။

(မူပက်-ပါ-၃၉)

## သီလကင်းမဲ့သူ ရှင်ရဟန်း၏ ဆိုးကျိုးများ

သာသနာ့ဝန်ဆောင် ရှင်ရဟန်းသည် သီလစင်ကြယ်ရန် အလွန် အရေးကြီးသည်။ သီလမစင်ကြယ်သော ဒုဿီလဖြစ်ခဲ့သော်-

**၁။ စီးပွားဥစ္စာ ပျက်စီးခြင်း မကောင်းကျိုးကို ခံစားရသည်။**

အဘယ်သို့ ခံစားရပါသနည်းဆိုသော်-သီလမရှိသော ရဟန်းသည် မေ့လျော့ပေါ့ဆမှုကြောင့် (သီလ)လည်း ဆုံးရှုံးရသည်။

ဘုရားရှင်ဟောကြားသော တရားတော် သိနားလည်မှုလည်းဆုံး ရှုံးရသည်။ ဈာန်တရားမှုလည်း ဆုံးရှုံးရသည်။ သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ဟိရီ၊ ဩတ္တပ္ပ၊ ပညာဆိုသော အရိယာတို့၏ ဥစ္စာခု နှစ်ပါးမှုလည်း ဆုံးရှုံးရသည်။

ဤသည်မှာ သံသယမရှိသော ရဟန်း၊ သာမဏေတို့၏ ဥစ္စာ ပျက်စီးကြောင်း ဖြစ်ပါသည်။

**၂။ မကောင်းသတင်းလည်း ယွက်ပေါ်တတ်ပါသည်။**

ဘယ်ရှင် ဘယ်ရဟန်းဟာဖြင့် သီလမရှိဘူး၊ စာပေပရိယတ် လည်း မသင်နိုင်ဘူး၊ ဒီဘုန်းကြီးကတော့ ဗေဒင်ဟော ဆေးကု နေတာပါပဲ

- ဘုရား၌ မရှိသေမှု၊
- တရား၌ မရှိသေမှု၊
- သံဃာ၌ မရှိသေမှု၊
- အကျင့်သိက္ခာ၌ မရှိသေမှု၊
- အပ္ပမာဒ၌ မရှိသေမှု၊
- အာမိသဓမ္မတို့ဖြင့် နေ့စဉ် ညီညွတ်အောင်ပြုခြင်း သီလ မရှိမှုသတင်းသည် ပျံ့နှံ့နေတတ်သည်။

ထိုအကြောင်းနှင့် ပတ်သက်၍ သဠာယတနဝဂ္ဂသံယုတ်၊ အပ္ပမာဏကောပမသုတ်၌-

"ရဟန်းတို့၊ ကိုယ်ခန္ဓာ၌ မှည့်ရင့်ပေါက်ပြဲနေသော အနာရှိ

သူတစ်ယောက်သည် ဆူးတောသို့ ဝင်ရောက်၏။ ထိုသူ၏ခြေတို့ကိုလည်း စူးကုန်ရာ၏။ သမန်းမြက်တို့သည်လည်း အနာရှိသော ကိုယ်ကို ရှကုန်ရာ၏။ ရဟန်းတို့၊ ဤသို့လျှင် ထိုသူသည် ယင်း ဆူးစူးမှု၊ သမန်းမြက် စူးရှမှုဟူသော အကြောင်းကြောင့် အတိုင်းထက်အလွန် ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှုကို ခံစားရာ၏။

"ဤအတူပင်လျှင် ဤသာသနာတော်၌ ဒုဿီလရဟန်းသည် ရွာသို့ရောက်သည်ဖြစ်စေ၊ တောသို့ ရောက်သည်ဖြစ်စေ ရောက်ရာအရပ်တိုင်းမှာ–ဤရဟန်းသည် ဆေးကုသမှု၊ တမန်သွားမှုများကို ပြုလုပ်နေသည်၊ မုဆိုးမ, အပျိုကြီးအိမ် စသော မကျက်စားရာ နေရာမှာ ကျက်စားနေသည်၊ သီလ စင်ကြယ်မှုမရှိ၊ မထိုက်တန်ဘဲနှင့် ရွာသူ ရွာသားများ၏ အလှူကို ခံယူနေသည့်အတွက် ရွာသူ ရွာသားတွေကို စူးဝင်နှိပ်စက်နေသော ဆူးသဖွယ် ဖြစ်သည်ဟူသော ပြစ်တင်စကား ပြောကြားမှုကို ခံရတတ်သည်"ဟု ဟောထားသည်ကို တွေ့ရပါသည်။

**၃။ လူစုလူဝေးရှိရာသို့ မရဲမဝံ့ မကြည်မသာ သွားလာဝင်ထွက်မှု ရှိရခြင်း**

သီလမရှိသော ဒုဿီလ ရဟန်းသာမဏေသည် ဤအစည်းအဝေးမှာ ရဟန်းတွေများလှချည်လား၊ တစ်ပါးပါးက ငါရဲ့အပြု

အမှုကို အမှန်အတိုင်း သိနေမှာပဲ၊ သို့အတွက် ငါ့ကို ဥပုသ်ကို ပဲဖြစ်ဖြစ် ရပ်တန့်ထားကြလိမ့်မယ်၊ ငါ့ကို လူဝတ်လဲပြီး အများကြားက ဆွဲထုတ်လိမ့်မယ်။ ဤသို့ မိမိသိက္ခာကို စိတ်မချနိုင် ဖြစ်တတ်သည်။ ကြောက်ကြောက်လန့်လန့် သံဃာအစည်းအဝေး သို့ ဝင်ရောက်ရသည်။ ရဲဝံ့စွာလည်း မပြောဝံ့ချေ။

သို့သော် အချို့ရှင်ရဟန်းသည် သီလမရှိသော ဒုဿီလဖြစ် နေသော်လည်း ဟန်ဆောင်ကာ ကြည်ရွှင်လန်းသကဲ့သို့ လုပ်လည် သွားလာနေတတ်ကြသည်။ မည်သို့ပင် သွားလာနေစေကာမူ မိမိအကြောင်းကို မိမိသိ၍ နှလုံးမသာယာမှု အမြဲ ခံစားနေရတတ် သည်။

## ၄။ မိန်းမောတွေဝေ၍ သေရခြင်း ဖြစ်တတ်သည်

သေခါနီးအချိန်ဝယ် သီလမရှိသော ပုဂ္ဂိုလ်၏ တကက်တက် ကြွကြွ ပြုလုပ်ခဲ့သမျှသောအကြောင်း အာရုံသည် ဒွါရတစ်ပါးပါး မှာ ထင်လာတတ်သည်။ သူသည် မျက်စိကို ဖွင့်လိုက်လျှင် ဤလောကကို တွေ့နေရသည်။ မျက်စိကို မှိတ်လိုက်လျှင် တမ လွန်လောကကို တွေ့နေရသည်။ အပါယ်လေးပါး အာရုံများက ထင်လာကြသည်၊ လှံပေါင်းတစ်ရာဖြင့် ဦးခေါင်းကို ထိုးနှက်ခံနေရ သကဲ့သို့ ဖြစ်နေသည်။ ကယ်ကြပါ ကယ်ကြပါဟု တစာစာအော် ရင်း သေသွားကြရသည်။

## ၅။ ခန္ဓာကြွေပျက်ပြီးနောက် အပါယ်ဘုံသို့ ရောက်ရသည်

ဘုရားရှင် ဇေတဝန်ကျောင်း၌ သီတင်းသုံးစဉ်အချိန်ဖြစ်သည်။ ရဟန်းတစ်ပါးသည် အမှတ်တမဲ့ စေတနာမရှိဘဲ မြက်တစ်ပင်ကို ဖြတ်မိသည်။ ထိုအတွက် သံသယ ကုက္ကုစ္စဖြစ်မိ၍ ရဟန်းတစ်ပါး ထံသို့သွားကာ–

"ငါ့ရှင်၊ မြက်ကိုဖြတ်မိသော ရဟန်းမှာ ဘာအပြစ်ရှိပါသလဲ"

ဟု မေးမိသည်။

"ငါ့ရှင်က မြက်ကိုဖြတ်မိသည့်အတွက် အပြစ်တစ်စုံတစ်ရာ ရှိတယ်လို့ မှတ်ထင်ပါဘိတယ်။ ဤမြက်ကို ဖြတ်သည့် အတွက် ဘာအပြစ်မှ မရှိပါဘူး။ ရှိတောင်မှ ဒေသနာပြော ကြားလိုက်ရင် လွတ်ကင်း ပြေပျောက်သွားတာပဲ"ဟုပြော ပြောဆိုဆို ကိုယ် တိုင်လည်း လက်နှစ်ဖက်တို့ဖြင့် မြက်ပင်ကို ဆွဲငင်ယူပြမိုက်သည်။

ရဟန်းတော်များသည် ယင်းအကြောင်းကို ဘုရားရှင်ထံသို့ သွားရောက် လျှောက်ထားပြကြသည်။ ဘုရားရှင်သည် ထိုရဟန်း ကို များစွာ ကဲ့ရဲ့တော်မူ၍–

"သမန်းမြက်ပမာ အသွားထက်သော မြက်အလုံးစုံသည် အယုတ်ဆုံးအားဖြင့် တစ်ရွက်ပင် ဖြစ်စေဦးတော့ မကောင်း သဖြင့် ကိုင်သူ၏လက်ကို ခွဲရှလှီးဖြတ်သကဲ့သို့ ရဟန်းတရား သည်လည်း မကောင်းသဖြင့် သုံးသပ်ခဲ့ပါလျှင် ယင်းသို့ သုံးသပ်ပြုကျင့်သော ရဟန်းယုတ်ကို ငရဲသို့ ဆွဲဆောင်သွား

တတ်သည်။ ငရဲမှာ မုချဖြစ်ရမည်”

“လျော့လျော့ပြုအပ်သော အလုံးစုံသောအမှု(ပြည့်တန်ဆာမ စသည်တို့၌ ကျက်စားခြင်းဖြင့်)ညစ်နွမ်းသောအကျင့်၊ (သံ ဃာအစည်းအဝေးသို့ မဝင်ရဲလောက်အောင်)သည်းထိတ်ရင်ဖို ဖြစ်ရသော ရဟန်းတရားမျိုးသည် ထိုပုဂ္ဂိုလ်အတွက် အကျိုး မများလှပေ။ ထိုပုဂ္ဂိုလ်အတွက် အကျိုးမများမှုကြောင့် ထို ရဟန်းအား ပေးလှူသော-ဒါယကာအတွက်လည်း အကျိုး မများလှပေ”

“မိမိလုပ်ရမည့်အလုပ်ကို ဝတ်ကျေတမ်းကျေ သဘောမထား ဘဲ မရှောင်မလွှဲ ပြုလုပ်ရမည်။ ယင်း(ကိုယ့်)အလုပ်ကို နောက်တွန့်မကျန် မြဲမြဲကြီးကုတ် အားထုတ်ရမည်။ လျော့တိ လျော့ရဲ ပြုအပ်သော ရဟန်းအကျင့်သည် လွန်စွာ ကိလေ သာမြူကို လောင်းထည့်တတ်သည်။ ဤကဲ့သို့ ရဟန်းအကျင့် မျိုးသည် ကိုယ်တွင်းမှာရှိသော ရာဂ စသောမြူကို မပယ်ရှား နိုင်သည့်အပြင် ယင်းရှိရင်းစွဲရာဂ စသော မြူအပေါ်ဝယ် အခြားရာဂ စသောမြူကို လောင်းထည့်တတ်သေးသည်။

(ခ-၅-၂-၃၀၂)

“ရဟန်းတို့ သီလမရှိသော (ဒုဿီလ)ပုဂ္ဂိုလ်ကို ငရဲနှင့် တိရစ္ဆာန်ဟူသော ဌာနနှစ်ခုတို့က လက်ခံသိမ်းပိုက် ကြသည်”

(အံ-ပါ-၁၆၂)

(၁) မြတ်သောအကျင့်ကို မကျင့်ဘဲ ကျင့်၏ဝန်ခံသူ (ရဟန်းတု ရဟန်းယောင်)

(၂) သီလစင်ကြယ်ကြောင်း သိပါလျက် သီလဝန္တရဟန်းကို ပါရာဇိကာဝတ္ထုဖြင့် စွပ်စွဲဆဲရေးသူ

ဤသူနှစ်ယောက်တို့သည် မိမိတို့၏ ယုတ်မာသောတရားကို မပယ်စွန့်ပါလျှင် အပါယ်သို့ ရောက်ရလေမည်။

"သင်္ကန်းကို လည်ပင်း၌ ပတ်ထားကြသော ရဟန်းယုတ်အများတို့သည် ယုတ်မာသောသဘော ရှိကြကုန်၏၊ ကိုယ်နှုတ်နှလုံးကိုလည်း မစောင့်စည်းကြကုန်၊ ထိုသူတို့သည် မိမိတို့၏ မကောင်းမှုကြောင့် ငရဲ၌ ဖြစ်ကြရကုန်၏၊စောင့်စည်းမှုမရှိသည့် ဒုဿီလပုဂ္ဂိုလ်အတွက် တိုင်းသူပြည်သားတို့က သဒ္ဓါကြည်ဖြူ ပေးလှူသော ဆွမ်းကို စားရသည်ထက် မီးလျှံကဲ့သို့ ပူလောင်နေသော သံလုံးကို စားရခြင်းက ပို မြတ်ပေသည်"

ဟူ၍ ဘုရားရှင်သည် ရဟန်းအယုတ်အများတို့၏ မကောင်းသဖြင့် ပြုလုပ်ထားအပ်သော အကုသိုလ် ကံအကျိုးကို ပြခြင်းဖြင့် ထိတ်လန့်မှု ဖြစ်စေရန် သံဝေဂ ဖြစ်စေရန် ဟောတော်မူပါသည်။

မှန်ပါသည်။ ဝိနည်းခံမှုကံအရ ပါရာဇိကကျပြီးသော ရဟန်းသည် ရဟန်းအဖြစ်၌ တည်၍ ဈာန်စသည်တို့ကို မရထိုက်ပါတော့ချေ။ ရဟန်းယောင်ဆောင်၍နေခြင်းသည် နတ်ပြည်၏

အန္တရာယ်လည်း ဖြစ်သည်။ မဂ်၏ အန္တရာယ်လည်း ဖြစ်သည်။

သို့အတွက် ရဟန်းသည် ရဟန်းတရားကို မကောင်းသဖြင့်သုံးသပ်ခဲ့ပါလျှင်လည်း အပြစ်အာပတ်များ ကျရောက်ကာ သီလစင်ကြယ်ခြင်း မရှိတော့သည့်အတွက် မိမိလည်း အကျိုးမရှိ။ မိမိအား ပစ္စည်းလေးပါး လှူဒါန်းသော သူတို့မှာ အကျိုးမပြီး။ သာသနာအတွက် ဆူးငြောင့် ခလုတ်သဖွယ်သာ ဖြစ်မည်ဖြစ်ကြောင်း ဘုရားရှင်က သတိပေးထားပါသည်။

ထို့ပြင် သီလမရှိသော ဒုဿီလပုဂ္ဂိုလ်သည် သီလမရှိခြင်းကြောင့် -

- နတ်လူတို့၏ နှစ်သက်မြတ်နိုးမှုကို မခံရ။
- သီတင်းသုံးဖော်တို့၏ ဆုံးမဩဝါဒလည်း မခံရ။
- ဒုဿီလကို ကဲ့ရဲ့ခြင်းကြောင့် လွန်စွာ ဆင်းရဲရသည်။
- သီလဝန္တ ပုဂ္ဂိုလ်တို့အား ချီးမွမ်းခြင်းကြောင့် (ငါကားကောင်းကောင်းမကျင့်မိခဲ့ဘူး စသည်ဖြင့် တွေးမိတိုင်း) စိတ်နှလုံး မသာမယာ ဖြစ်ရသည်။
- ပိုက်ဆံလျှော်အဝတ်ကဲ့သို့ အဆင်းလည်း မလှ။
- အပါယ်ဆင်းရဲကိုသာ ဆောင်တတ်သောကြောင့် ဆင်းရဲသောအတွေ့ရှိ၏။
- မိမိအား လှူဒါန်းသော ဒါယကာများအတွက် အကျိုးများစွာ မဆွမ်းဆောင်နိုင်သောကြောင့် အဖိုးလည်း အနည်း

ယေသာ ထိုက်သည်။

ပိုက်ဆံလျှော်အဝတ်သည် အသစ်ဖြစ်စေ၊ တစ်ပတ်ရစ်ဖြစ်စေ၊ အဟောင်းဖြစ်စေ မည်သည့်ဟာမျိုးဖြစ်ဖြစ် မကောင်းသော အသွေး အရောင်ရှိသည်။ မကောင်းသော အတွေ့အထိရှိသည်။ တန်ဖိုးလည်း နည်းသည်။

ယင်းပိုက်ဆံလျှော်အဝတ် ဟောင်းနွမ်းလာသည့်အခါ လက်နှီး သော်လည်း လုပ်သည်၊ အမှိုက်ပုံမှာလည်း စွန့်ပစ်ကြလေ့ရှိသည်။

အလားတူပင် ရှင်ရဟန်းဟူသည် အငယ်ဖြစ်စေ၊ အလတ် ဖြစ်စေ၊ အကြီးဖြစ်စေ ယုတ်ညံ့သောအကျင့်ရှိသော ဒုဿီလပုဂ္ဂိုလ် ဖြစ်နေပါက ထိုပုဂ္ဂိုလ်အား မကောင်းသော အသွေးအရောင် ရှိနေခြင်း မည်ပါသည်။

ပရိသတ်အလယ်၌ ထိုင်နေသည့်အခါဝယ် အရှိန်အဝါမရှိ သည့်အတွက် ကိုယ်အဆင်းမျှပင် မပြည့်စုံပေ။ ဂုဏ်အဆင်းကား ပြောစရာပင် မလိုတော့ပါ။

ထိုသီလမရှိသော ပုဂ္ဂိုလ်ကို မှီဝဲဆည်းကပ်မှု၊ အတုယူလိုက်နာ ကျင့်မှု မှန်သမျှသည် ထိုပုဂ္ဂိုလ်အတွက် ကြာရှည်လေးမြင့် စီးပွားချမ်းသာ ကင်းကွာရန် ဆင်းရဲဒုက္ခ ရောက်စေရန်သာ ဖြစ်ပါတော့သည်။

တိတ္ထိဆရာကြီးများကို မှီဝဲဆည်းကပ်သော မိစ္ဆာဒိဋ္ဌိတို့ကဲ့သို့ လည်းကောင်း၊ ဒေဝဒတ်ကို ဆည်းကပ်မိသောသူတို့ကဲ့သို့

လည်းကောင်း နေ့ညဥ့်ရှည်စွာ ကာလပတ်လုံး စီးပွားကင်းမဲ့ ဆင်းရဲခြင်းငှာ ဖြစ်ရသည်။

သီလမရှိသော ပုဂ္ဂိုလ်တို့အား ပစ္စည်းလေးပါး လှူဒါန်းသော ဒါယကာတို့အဖို့ ကြီးကျယ်ဖွံ့ဖြိုးသော အကျိုးအာနိသင်မရသည့် အတွက် ဒုဿီလပုဂ္ဂိုလ်သည် တန်ဖိုးနည်းပါးသူ ဖြစ်ရသည်။

သီလမရှိသော ရဟန်းတစ်ပါးသည် သံဃာပရိသတ် အလယ်မှာ ပြောဟောခဲ့ပါလျှင် ထိုရှင်ရဟန်းကို အများက–

"အရှင်ဘုရား–ဝိနည်းနှင့် ပတ်သက်၍ ကျွမ်းကျင်မှုလည်းမရှိ၊ နားလည်းမလည်၊ ထက်မြက်မှုလည်းမရှိ။ အရှင်ဘုရား–ထိုပုဂ္ဂိုလ်မျိုး ဟောပြောလို့ ဘာအကျိုးရှိမှာလဲ။ အရှင်ဘုရားလို ပုဂ္ဂိုလ်မျိုးက ပရိသတ်ထဲမှာ ဟောပြောသင့်တယ်လို့ ထင်ပါ သလား"

စသည်ဖြင့် ပြောဆိုကြပေလိမ့်မည်။ ထိုအခါ ထိုသီလမရှိသော ရဟန်းက စိတ်ဆိုး အမျက်ထွက်လာပါမည်။ ထိုအခါ ရဟန်းများက ပိုက်ဆံလျှော်အဝတ်ဟောင်းကို အမှိုက်ပုံမှာ စွန့်ပစ်ရသည့် အလား သံဃာအများက နှင်ထုတ် စွန့်ပစ်မှုကို ပြုလုပ်ကြပေလိမ့်မည်။

သီလမရှိသော ပုဂ္ဂိုလ်သည် နှစ်ပေါင်းများစွာ စုဝေးအပ်သော မစင်တို့ဖြင့် ပြည့်သောတွင်းကဲ့သို့ သုတ်သင်ခြင်းငှာ မတတ်ကောင်း။

တံစူးဝါးကဲ့သို့ ရဟန်းစည်းစိမ်, လူ့စည်းစိမ်တို့မှအပ ဖြစ်၍၊

- ရဟန်းဟု ဝန်ခံနေသော်လည်း နွားအုပ်နောက်လိုက်နေသော မြည်းကဲ့သို့ ရဟန်းမဟုတ်သည်သာ။
- လူတိုင်းနှင့် ရန်ဖြစ်နေသော ယောကျ်ားကဲ့သို့ အမြဲမပြတ်ထိတ်လန့် နေရသည်။
- အများအလယ်ဝယ် လူသေကောင်ကဲ့သို့ ရဟန်းတို့အလယ်ဝယ် ပေါင်းသင်းဆက်ဆံမှု သုံးမျိုးမထိုက်။
- သူသေကောင်ဖုတ်သော သုသာန်မီးသည် ပုဏ္ဏားတို့၏ ပူဇော်ခြင်းကို မထိုက်သကဲ့သို့ အကြား–အမြင်–သုတစသော ဂုဏ်ကျေးဇူးတို့ ရှိနေပါသော်လည်း သီတင်းသုံးဖော် သံဃာတော်တို့ ပူဇော်ခြင်းငှာ မထိုက်ပါ။
- မျက်စိနှစ်ဘက် ကန်းသောသူသည် အဖြူ အနီစသော ရူပါရုံကို မြင်ခြင်းငှာ မထိုက်သကဲ့သို့ ဈာန်မဂ်ဖိုလ်ကို ရခြင်းငှာမထိုက်။
- ဒွန်းစဏ္ဍား သားငယ်သည် မင်းအဖြစ်ကို အလိုအာသာကင်းသကဲ့သို့ ပဋိပတ္တိသဒ္ဓမ္မ, ပဋိဝေဓသဒ္ဓမ္မ အလိုအာသာကင်းပါသည်။

အိမ်ထောင်စု တစ်ခုသည် အောက်တန်းကျ ဆင်းရဲလှ၏။ စားသောက်ရေးမပြည့်စုံ။ ဆင်းရဲစွာ အသက်မွေးရ၏။ ပင်ပန်းစွာလုပ်မှ စားရရုံရှိသည်။ ထိုမိသားစုမှ မွေးဖွားလာသောသူသည် အရုပ်ဆိုး အကျည်းတန်၏။ မျက်စိလည်းကန်း၏။ လက်လည်း

ကောက် ခြေလည်းခွင်သည်။ ကိုယ်လည်း တစ်ခြမ်းသေနေ၏။ လူ့အသုံးအဆောင်ပစ္စည်း ဘာတစ်ခုမျှမရှိ။

ထိုပုဂ္ဂိုလ်သည် ဘယ်မင်းသားကလေး မင်းအဖြစ် အဘိသိက် သွန်းအပ်ပြီဟု ကြားရစေကာမူ ငါလည်း ဘယ်တော့ အဘိသိက် သွန်းခံ မင်းဖြစ်ရပါလိမ့်မည်လဲဟု စိတ်ကူး ကြံစည်မိမည် မဟုတ်သကဲ့သို့ အချို့ရှင်ရဟန်းသည် သီလမရှိ၊ ယုတ်မာသော သဘောရှိ၏။ သူတစ်ပါးတို့ ယုံမှား တွေးတောထင်အပ်၊ မိမိ ကိုယ်တိုင်လည်း ယုံမှားတွေးတော ထင်အပ်သော အကျင့်ရှိသည်။ ဖုံးကွယ်ထားသော မကောင်းမှုရှိသည်။ ရဟန်းမဟုတ်တော့ဘဲ ရဟန်းဟု မဟုတ် တရားဝန်ခံ၏။ မမြတ်သောအကျင့်ကို ကျင့်နေပါလျက် မြတ်သောအကျင့်ကို ကျင့်နေသည်ဟု မဟုတ် မမှန် ဝန်ခံတတ်၏။ အတွင်း၌ သီလပျက်စီးခြင်းဟူသော အပုပ်အသိုးရှိနေ၏။ ဒွါရခြောက်ပါးတို့မှ ရာဂစသော ကိလေသာ သည် ယိုစီးမှုဖြင့် စိုစွတ်နေ၏။ ရာဂစသော ကိလေသာအပြစ် များလှသည့်အတွက် သီလရှိသော ပုဂ္ဂိုလ်တို့၏ စွန့်ပယ်မှုကို ခံနေရ၏။

ထိုသီလမရှိသော ပုဂ္ဂိုလ်သည် ဘယ်ရဟန်းဟာဖြင့် ရဟန္တာ ဖြစ်သွားပြီဟု ကြားရသောအခါ ငါလည်း ဘယ်တော့ ရဟန္တာ ဖြစ်မလဲဟု ကြံစည် စိတ်ကူးတော့မည် မဟုတ်ပါချေ။

ထိုဒုဿီလနှင့် ပတ်သက်၍ ဘုရားရှင်က အောက်ပါအတိုင်း

ဟောကြားထားပါသည်။

"ရဟန်းတို့ အခက်အရွက် ပျက်စီးနေသော သစ်ပင်မှာ အပွေး လည်း ပြည့်စုံမှုမရှိ၊ အခေါက်အကာလည်း မပြည့်စုံနိုင်၊ အနှစ်လည်း မပြည့်စုံနိုင်သကဲ့သို့ သီလမရှိသော ပုဂ္ဂိုလ်မှာ–

– စိတ်နှလုံး ကြည်လင်အေးမြရန် အကြောင်းမရှိ။
– စိတ်နှလုံး မကြည်လင်သော ပုဂ္ဂိုလ်မှာ ဝမ်းမြောက်ဝမ်းသာ ဖြစ်ရန်အကြောင်းမရှိ။
– ဝမ်းမြောက်ဝမ်းသာ မရှိသောသူမှာ နှစ်သက်ကျေနပ်မှု (အားကောင်းသောပီတိ)ဖြစ်ရန် အကြောင်းမရှိပါ။
– အားကောင်း ပီတိမဖြစ်သူမှာ ကိုယ်စိတ်ငြိမ်းအေးမှု မဖြစ်နိုင်။
– ကိုယ်စိတ်မငြိမ်းအေးသူမှာ ကိုယ်စိတ်ချမ်းသာမှု ဖြစ်ရန် အကြောင်း မရှိပါ။
– ကိုယ်စိတ် ချမ်းသာမှုမရှိသူမှာ စိတ်တည်ကြည်မှု သမာဓိဖြစ်ရန် အကြောင်းမရှိ။
– စိတ်တည်ကြည်မှု မရှိသူမှာ နသောဝိပဿနာ (ဥဒယဗ္ဗယ)ဉာဏ်ဖြစ်ရန် အကြောင်းမရှိ။
– နသောဝိပဿနာဉာဏ်မရှိသူမှာ ဝဋ်ဆင်းရဲမှ ငြီးငွေ့နိုင်ကြောင်း အားအကောင်းဆုံး ဝုဋ္ဌာနဂါမိနီ ဝိပဿနာဉာဏ်နှင့် တပ်ခြင်းကင်းကြောင်း အရိယာမဂ်တို့ ဖြစ်ရန်

အကြောင်းမရှိ။

- ဝုဋ္ဌာနဂါမိနိဝိပဿနာနှင့် အရိယာမဂ် မဖြစ်သူမှာ ကိလေသာတို့မှ လုံးဝလွတ်မြောက်သော အရဟတ္တဖိုလ်နှင့် ထိုဖိုလ်ကို သိမြင်တတ်သော ပစ္စဝေက္ခဏာဉာဏ်တို့ဖြစ်ရန် အကြောင်းမရှိပါ။ ထို့ပြင် အရှက်အကြောက်ပျက်သူမှာ ဣန္ဒြိယသံဝရ ပျက်စီးနိုင်သည်။ ဣန္ဒြိယသံဝရသီလ ပျက်သောရဟန်းမှာ ပါတိမောက္ခသံဝရသီလ ပျက်စီးနိုင်သည်။
- တစ်ယောက်သောသူသည် ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ဗုဒ္ဓသာဝက ဟူသော ကောင်းသောအကျင့်ရှိသူတို့၏ အသွင်အပြင်ကိုယူ၍ ရဟန်းတို့အသွင်သို့ ဝင်ရောက်ခဲ့သည်။ ဒါယကာတို့၏ ကြည်ညိုမှုကို အသွင်အားမလျော်သော အကျင့်ဖြင့် ဖျက်ဆီးတတ်သည်။

ကိုယ်နှုတ်နှလုံး ကြမ်းတမ်းသည်။ မိမိအပြစ်ကိုလည်း ဖုံးကွယ်လှည့်ပတ်တတ်သည်။ ကိုယ် နှုတ် နှလုံးကို မစောင့်စည်းစပါးအဖျင်း နှင့်တူ၏။ အယောင်ဆောင်လျက် လှည့်ပတ်သွားလာနေ၏။ ထိုသူသည် မိမိ၏ လောကလွတ်မြောက်ရေးလမ်း၊ သူတစ်ပါး၏ သုဂတိသွားရာလမ်းကို ဖျက်ဆီးသူမည်၏။ (သုတ္တနိ-၂၉၄)

- မစင်ကို မြက်သစ်ရွက်စသည်တို့ဖြင့် ဖုံးအုပ်ရသကဲ့သို့

သီလမရှိသောပုဂ္ဂိုလ်သည် မိမိသီလမရှိသောသဘောကို ဖုံးအုပ်ရန် ရဟန်းကောင်းတို့၏ အကာအကွယ်ကို ယူရသည်။ ငါလည်း ရဟန်းပါပဲဟု ရဟန်းကောင်းတို့၏ အလယ်သို့ ဝင်ရောက်ရသည်။

ဒီပစ္စည်းကို ဘယ်နှစ်ဝါ ရဟန်းက ခံယူရမည်ဟု ပစ္စည်းလာဘ်လာဘပေးဝေရာ၌လည်း ငါက ဘယ်နှစ်ဝါရပြီဟု ပြောဆို၍ ခံယူရန် ဝင်ရောက်လာတတ်သည်(သုတ္တန်-၅-၁၄၇)

- စပါးအဖျင်းသည် အတွင်း၌ အဆန်မရှိပါသော်လည်း ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် အတွင်း၌သီလစသော ဂုဏ်အနှစ်သာရ မရှိပါသော်လည်း ရဟန်းကောင်းတို့၏ အသွင်အပြင်ကိုယူလျက် ရဟန်းကောင်းကဲ့သို့ပင် ထင်ရသည်(သုတ္တန်-၅-၂၄၈)

ကျိုးကန်တွင်

- ဂုဏ်ကျေးဇူးကို ချေဖျက်ခြင်း၊
- ရဲတင်းခြင်း၊
- တဏှာနှင့် ပြည့်စုံခြင်း၊
- အစားကြီးခြင်း၊
- ကြမ်းကြုတ်ခြင်း၊
- သနားကြင်နာမှုမရှိခြင်း၊
- အားနည်းခြင်း၊

- မြည်တွန်တတ်ခြင်း၊
- သတိမေ့ခြင်း၊
- မစုဆောင်းခြင်း” ဟူသော မသူတော်တရား ဆယ်မျိုးရှိသကဲ့သို့ ရဟန်းယုတ်မှာလည်း မသူတော်တရား ဆယ်ပါးရှိနေသည်(အံ-ပါ-၃-၂၅၇)
- မစင်တွင်း၌ ကျနေသော ငန်းစောင်းမြွေကို မစင်တွင်းမှ ထုတ်ယူသူသည် မြွေကိုက်မခံရသော်လည်း မစင်ပေကျံမှုကို ခံရသကဲ့သို့ ယုတ်မာသောသဘောရှိသော သီလမရှိသော ပုဂ္ဂိုလ်ကို မှီခို ပေါင်းသင်း ဆည်းကပ်သူသည် သီလမရှိသူ၏ အပြုအမူကို အတုလိုက်ကာ မကျင့်ပါသော်လည်း ဤသူမှာ မကောင်းသောမိတ်ဆွေရှိသည်၊ မကောင်းသူတွေနှင့် ရောယှက်နေထိုင်သည်ဟု မကောင်းသတင်းကို ဖြစ်တတ်ပါသည်။

သို့တွက် သီလမရှိသော ပုဂ္ဂိုလ်ကို မစင်ကျင်ကြီးကဲ့သို့ စက်ဆုပ်သင့်သည်။ မမှီဝဲ မပေါင်းသင်း မဆည်းကပ်သင့်။

**သီလပျက်ရဟန်းတို့ကို ဆုံးမသော မီးပုံပမာတရား**

ဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေစဉ်ဖြစ်သည်။

- အချို့သော ရဟန်းများသည် ဘုရားရှင်၏ အာဏာ

ဒေသနာတော်ဖြစ်သော ဝိနည်းသိက္ခာပုဒ်များကို ဖောက်ဖျက်ကျူးလွန်နေကြသည်။

- အချို့ရဟန်းများက အကြီးလေးဆုံးဖြစ်သော ပါရာဇိက သိက္ခာပုဒ်ကို လွန်ကျူး၍ ဒုဿီလပုဂ္ဂိုလ် ဖြစ်နေသည်။
- အချို့ရဟန်းက အပေါ်စားသိက္ခာပုဒ်များကို လွန်ကျူးကြသည့်အတွက် အလဇ္ဇီပုဂ္ဂိုလ်များ ဖြစ်နေသည်။

တစ်နေ့သောအခါ ဘုရားရှင်သည် မိုးသောက်ယံ အချိန်၌ သတ္တလောကကို ကြည့်တော်မူသည်။

'ငါဘုရား ကောသလတိုင်းအတွင်း ဒေသစာရီ လှည့်လည်ကြွချီ ရင်း မီးပုံကြီး ဥပမာပြုပြီး တရားစကား ဟောကြားလို့ရှိရင် ရဟန်းခြောက်ကျိပ် အရဟတ္တဖိုလ်ကို ဆိုက်ရောက်ကြလိမ့်မည်၊ ရဟန်းခြောက် ကျိပ် သွေးအန်လိမ့်မည်၊ ရဟန်းခြောက်ကျိပ် လူဝတ်လဲကြလိမ့်မည်'

ဤအကြောင်းအရာများသည် ဘုရားရှင်၏ ဉာဏ်တော်တွင် ထင်လာသည်။

'ထိုရဟန်းသုံးမျိုးထဲက အရဟတ္တဖိုလ်ကို ဆိုက်ရောက်ကြမည့် ရဟန်းတော်များသည် တရားတစ်မျိုးမျိုးကို ကြားနာရလို့ရှိရင် မလွဲ မသွေ အရဟတ္တဖိုလ်ကို ရရှိကြပေလိမ့်မည်၊ သူတို့အတွက် အထူးချီးမြှောက်ရန်မလို။ သွေးအံမည့် ရဟန်း၊

လူဝတ်လဲကြမည့် ရဟန်းများကမူ ချီးမြှောက်ရမည့် သူတွေ ဖြစ်နေကြသည်။ ငါဘုရား၏ ချီးမြှောက်မှု မရကြပါ က (ဒီတရားတော်ကို မနာရပါက) သူတို့တွေ သံသရာမှာ နစ်မွန်းကြတော့မည်'

ဤသို့ သနားကြင်နာ မဟာကရုဏာ၏ လှုံ့ဆော်ချက်ဖြင့် ထိုရဟန်းတို့ကို ချီးမြှောက်ရန် ဒေသစာရီ ကြွချီလိုသောဆန္ဒ ဖြစ်ပေါ်လာသည်။

"အာနန္ဒာ–ငါဘုရားရှင် လူအပေါင်းကို ချီးမြှောက်ရန် ဒေသစာရီ ကြွချီလိုတယ်၊ လိုက်လိုတဲ့ပုဂ္ဂိုလ် လိုက်ခဲ့ကြပါ"

ဘုရားရှင်၏ စကားအရ ရှင်အာနန္ဒာ မထေရ်သည် ကျောင်းဝင်းတစ်ခုမှ တစ်ခုသို့ လှည့်လည်ကာ ဘုရားရှင်၏ စကားကို ပြောကြားသည်။ ထိုစကားကို ကြားရသော ရဟန်းအပေါင်းသည် များသော လာဘ်ကို ရသူများပမာ အလွန် ဝမ်းမြောက်ကြလေသည်၊

"လူအပေါင်းကို တရားဟောနေသော ဘုရားရှင်၏ ရွှေအဆင်းလို ဝါဝင်းနေသော ကိုယ်တော်ကို ဖူးမြော်ခွင့်၊ ချိုမြသာယာသောတရား တော်ကို ကြားနာခွင့် ရကြတော့မည်တကား"

ဤသို့ စသည်ဖြင့် မျှော်မှန်းချက် ကိုယ်စီဖြင့် ဆံရှည်နေသော ရဟန်းများက ခေါင်းရိတ်ကြသည်။ သပိတ်ဖုတ်စရာရှိသူတို့က

ဖုတ်ကြသည်။ သက်န်းညစ်နွမ်းသူများက သင်္ကန်းလျှော်ကြသည်။ ခရီးသွားရန် အဆင်သင့် ပြင်ဆင်ကြသည်။

ဘုရားရှင်သည် ဇေတဝန်ကျောင်းမှ ထွက်ခဲ့သည်။ ရွာစဉ်အားဖြင့် တစ်နေ့တစ်ဂါဝုတ်, ယူဇနာဝက်၊ သုံးဂါဝုတ်, အလွန်ဆုံး တစ်ယူဇနာမျှ ကြွသည်။ ဘုရားရှင်နှင့် လိုက်လာသော ရဟန်းပေါင်းများစွာ ရှိလေသည်။

တစ်နေရာအရောက်တွင် ပတ်ဝန်းကျင်ကို မီးစွဲလောင်နေသော အခေါင်းရှိသည့် သစ်ပင်ကြီးတစ်ပင်ကို တွေ့မြင်တော်မူသည်။

'ဤမီးပုံကြီးကိုပင် အကြောင်းဝတ္ထုပြု၍ ခုနစ်ပါးအင်္ဂါတို့ဖြင့် တန်ဆာဆင်ပြီး တရားဟောကြားရတော့မည်'

ဟု ကြံစည်စဉ်းစားတော်မူလျက် ခရီးဆက်လက်မကြွသေးဘဲ လမ်းခရီးမှခွာ၍ သစ်ပင်အောက်သို့ ဝင်ရောက်ကာ ထိုင်လိုသော အမူအရာကို ပြတော်မူသည်။ ရှင်အာနန္ဒာကလည်း အလိုက်သိစွာဖြင့် လေးထပ်သင်္ကန်းကြီးကို ခင်းပေးတော်မူသည်။ ဘုရားရှင်သည် ထိုင်တော်မူပြီးနောက် ရဟန်းတို့ကို မေးသည်။

"ရဟန်းတို့၊ မီးပုံကြီးသည် အလွန်တောက်လောင်နေသည်။ မီးဖွား,မီးလျှံများ တဖွားဖွားနှင့် တောက်နေသည်။ မီးတောက် မီးညွန့်များ၏ အရောင်တွေကလည်း တစ်စုတစ်ရုံးတည်း ဖြစ်နေသည်။ အဲဒီမီးပုံကြီးကို သင်တို့ မြင်ကြရဲ့လား"

"မှန်လှပါ၊ မြင်ပါသည်ဘုရား"

၁။ "ရဟန်းတို့၊ ယခု ငါဘုရားရှင် မိန့်ကြားသည့် အကြောင်းအရာကို သင်တို့ ဘယ်လိုထင်ကြသလဲ၊ ဘယ်လိုသဘောရသလဲ"

(ဘုရားရှင်က ရဟန်းများ စိတ်ထဲရှိသည့်အတိုင်း ဖြေနိုင်ရန် လမ်းဖွင့်ပေးသည်)

"ရဟန်းတို့၊ ငါဘုရား သင်တို့ကို ညွှန်ပြတဲ့ မီးပုံကြီးကို ပွေ့ဖက်ထိုင်မယ် အိပ်နေမယ်ဆိုပါစို့။ ဒါမှမဟုတ် မိန်းမပျို လေးတစ်ဦးဟာ နူးညံ့ပျော့ပျောင်းသော လက် ခြေ ရှိမယ်၊ အမျိုးအနွယ်အားဖြင့်လည်း အထက်တန်းစားဖြစ်တဲ့ မင်းမျိုးမင်း နွယ်ရဲ့သမီးပျိုလေးဖြစ်မယ်၊ ပုဏ္ဏားမျိုးရဲ့ သမီးပျိုလေး ဖြစ်ကောင်း ဖြစ်လိမ့်မယ်၊ အိမ်ထောင်ဦးစီး ငွေရှင်ကြေးရှင်၏ သမီးပျိုလေး ဖြစ်ကောင်းဖြစ်လိမ့်မယ်၊ အဲဒီမိန်းမပျိုလေးကို ပွေ့ဖက်ထိုင်နေ မယ်၊ အဲဒီနှစ်မျိုးအနက် ဘယ်ဟာက ကောင်းမလဲ၊ ဘယ်ဟာက မြတ်သလဲ"

"မြတ်စွာဘုရား၊ မိန်းမပျိုလေးကို ပွေ့ဖက်ထိုင်ရတာ၊ ပွေ့ဖက် အိပ်ပျော်နေရတာ ပိုကောင်းပါတယ်။ မီးပုံကြီး ပွေ့ဖက်နေရ တာ အိပ်ရတာ ကြောက်ဖွယ်လိလိ ဆင်းရဲအတိပါဘုရား"

"ရဟန်းတို့၊ သင်တို့ မြင်သိနားလည်အောင် ပြောရဦးမယ်။ သီလမရှိသောပုဂ္ဂိုလ်သည်–ယုတ်ညံ့သောသဘော ရှိသူဖြစ်တယ်။ မစင်ကြယ်သည့်အတွက် ယုံမှားသံသယဖြစ်စရာ အကျင့်ရှိသူ

လည်း ဖြစ်တယ်။ ဖုံးကွယ်ထားရမယ့် မကောင်းမှုရှိသူလည်း ဖြစ်တယ်။ မြတ်သောအကျင့်ကို မကျင့်ဘဲ မြတ်သောအကျင့်ကို ကျင့်နေတယ်ဟု မဟုတ်တရား ဝန်ခံနေ သူမျိုးလည်းဖြစ်တယ်။ ကိုယ်တွင်းမှာ ကိလေသာ အပုပ်အသိုးတွေ၊ သီလပျက်စီးခြင်း ဆိုသော အပုပ်အသိုးတွေနှင့် ပြည့်နှက်နေသူမျိုးလည်းဖြစ်တယ်၊ ကိလေသာဆိုသော မိုးရေ,မိုးပေါက်တွေ စိုစွတ်နေသူမျိုးလည်း ဖြစ်တယ်၊ သီလ သမာဓိပညာဆိုတဲ့ အနှစ်သာရ မရှိလို့ သီလ ရှိတဲ့ရဟန်းများ၏ စွန့်ပယ်မှုကို ခံနေရသည့်အတွက် အမှိုက်နှင့် အလားတူသော ပုဂ္ဂိုလ်မျိုးလည်း ဖြစ်တယ်။

"ထိုသီလမရှိသော ပုဂ္ဂိုလ်တွက် ဆိုရင်ဖြင့် အဲဒီမီးပုံကြီးကို ပွေ့ဖက်ထိုင်နေရတာ၊ ပွေ့ဖက် အိပ်နေရတာကပဲ ကောင်းလေမည် ဖြစ်ပေမည်။

"ရဟန်းတို့၊ မီးပုံကြီးကို ပွေ့ဖက်ထိုင်နေရ အိပ်နေရသည့် အတွက် ထိုသီလမရှိသော ပုဂ္ဂိုလ်သည် သေရင်လည်း သေသွားမယ်။ မသေရင်လည်း သေလုမျှောပါး ဒုက္ခရောက်ရုံပဲ ရှိမယ်။ ထိုမီးပုံကြီးကို ပွေ့ ဖက်အိပ်နေရ၊ ထိုင်နေရမှုကြောင့် ခန္ဓာပျက်ကြွေ သေပြီးနောက် ဘယ်နည်းနှင့်မှ ငရဲရောက်စရာ မရှိဘူး။

"အမျိုးသမီးလေးကို ပွေ့ဖက်ထိုင်နေတာ ပွေ့ဖက်အိပ်နေ တာကသာ ထို သီလမရှိသောသူအတွက် ရှည်ကြာလေးမြင့် စီးပွားချမ်းသာ ကင်းကွာပျက်ပြားဖို့ ဆင်းရဲဒုက္ခရောက်ဖို့ ဖြစ်တယ်၊

ခန္ဓာပျက်ကြွေပြီး နောက်မှာလည်းပဲ ထိုသီလမရှိသော ပုဂ္ဂိုလ်ဟာ ငရဲမှာ ဖြစ်ရလေဦးမယ်။

"ဒါကြောင့် သီလမရှိတဲ့ပုဂ္ဂိုလ်တွေဆိုရင် မီးပုံကြီး ပွေ့ဖက်နေရတာ ပွေ့ဖက်အိပ်နေရတာက ကောင်းပေလိမ့်မယ်။ မြတ်ပေလိမ့်မယ်။ မိန်းမပျိုကလေးကို ပွေ့ဖက်ရတာ၊ အိပ်ရတာက မမြတ်ပါဘူး၊ မကောင်းပါဘူး။

၂။ "ရဟန်းတို့ ဗလကောင်းသော ယောက်ျားတစ်ယောက်သည် ခိုင်မာပြီး ကြမ်းတမ်းလှတဲ့ သားမြီးကြိုးနှင့် ခြေသလုံးသားနှစ်ဖက်ကို ရစ်ပတ်ပွတ်တိုက်မယ်၊ အဲဒီသားမြီးက အပေါ်ယံအရေပါးကို လှီးဖြတ်မယ်၊ အရေပါးကို လှီးဖြတ်ပြီးနောက် အတွင်းအရေထူကို လှီးဖြတ်မယ်၊ အရေထူကို လှီးဖြတ်ပြီးနောက် အသားကို လှီးဖြတ်မယ်၊ အသားကို လှီးဖြတ်ပြီးနောက် အကြောကိုလှီးဖြတ်မယ်၊ အကြောကို လှီးဖြတ်ပြီးနောက် အရိုးကို လှီးဖြတ်မယ်၊ အရိုးကို လှီးဖြတ်ပြီးနောက် ရိုးတွင်းခြင်ဆီကို ရောက်သွားမယ် ဆိုပါစို့။

"နောက်တစ်ခုကတော့ မင်းမျိုးမင်းနွယ်ထဲက ပစ္စည်းဥစ္စာချမ်းသာကြွယ်ဝသူတွေရဲ့ ရှိခိုးမှု၊ ပုဏ္ဏားမျိုးထဲက ကြွယ်ဝချမ်းသာသူတွေရဲ့ ရှိခိုးမှု၊ အိမ်ထောင်ဦးစီး ပုဂ္ဂိုလ်တွေရဲ့ ရှိခိုးမှုကို သာယာမယ် ကျေနပ်နှစ်သက်မယ်ဆိုပါစို့။

"ထိုနှစ်မျိုးအနက် ဘယ်ဟာက မြတ်သလဲ၊ ဘယ်ဟာက ကောင်းသလဲ"

"မြတ်စွာဘုရား–ဒါယကာ ဒါယိကာမတွေရဲ့ ရှိခိုးမှုကို သာယာနှစ်သက်တာ ကောင်းပါတယ်။ သားမြီးကြိုးဖြင့် ရိုးတွင်းခြင်ဆီထိ ပွတ်တိုက်မှုခံရတာက ကြောက်ဖွယ်လိလိ ဆင်းရဲအတိဖြစ်ပါတယ် ဘုရား"

"ရဟန်းတို့–သင်တို့နားလည်အောင် ညွှန်ပြရဦးမယ်။ သီလ မရှိသော ပုဂ္ဂိုလ်ဆိုရင်ဖြင့် အားကောင်းတဲ့ယောကျာ်းက သားမြီးကြိုးဖြင့် ရိုးတွင်းခြင်ဆီထိ ပွတ်တိုက်ခံရတာကပဲ မြတ်ပါသေးတယ်၊ ကောင်းပါသေးတယ်"

"ထိုကဲ့သို့ ပွတ်တိုက်ခံရသည့်အတွက် ထိုသီလမရှိသော ပုဂ္ဂိုလ်ဟာ သေရင်လည်း သေသွားမယ်။ မသေရင်လည်း သေလုမျှောပါး ဆင်းရဲဝေဒနာကို ခံစားရပါမယ်။ ထိုပုဂ္ဂိုလ်ဟာ သေပြီးနောက်မှာ ငရဲရောက်စရာ အကြောင်းမရှိပါဘူး။

ဒါယကာ ဒါယိကာမတွေ ရှိခိုးခြင်းကို သာယာနှစ်သက်နေ တာကတော့ ထို သီလမရှိသော ပုဂ္ဂိုလ်အတွက် ကြာရှည် လေးမြင့်စွာ ဆင်းရဲဖို့ ဖြစ်ပါတယ်။ သေပြီးနောက် ထိုသီလ မရှိသောပုဂ္ဂိုလ်ဟာ ငရဲရောက်မှာ အမှန်ဖြစ်ပါတယ်။

"ထို့ကြောင့် သီလမရှိသော ပုဂ္ဂိုလ်အတွက် သားမြီးကြိုးနှင့် ရိုးတွင်းခြင်ဆီထိ ပွတ်တိုက်ခံရတာက မြတ်ပါသေးတယ်၊

ကောင်းပါသေးတယ်။ ဒါယကာ၊ ဒါယိကာမတွေ ရှိခိုးမှုကို သာယာတာက မကောင်းပါဘူး၊ မမြတ်ပါဘူး။

၃။ "ရဟန်းတို့၊ ငါဘုရား မိန့်ကြားသည့်အကြောင်းကို သင်တို့ မည်သို့ သဘောရကြပါသလဲ။ အားကောင်းတဲ့ ယောကျ်ားတစ်ယောက်ဟာ ဆီနှင့်သွေးထား၍ အလွန် ထက်သောလှံနှင့် ရင်ညွန့်ကို ထိုးမယ်ဆိုပါစို့။

"နောက်တစ်မျိုးက ဒါယကာ, ဒါယိကာမတွေ လက်အုပ်ချီမှုကို သာယာကျေနပ် နှစ်သက်နေမယ် ဆိုပါစို့။

ထိုနှစ်မျိုးအနက် အဘယ်ဟာ ပိုကောင်းမလဲ။ ပိုမြတ်ပါမလဲ။"

"မြတ်စွာဘုရား ဒါယကာ ဒါယိကာမများရဲ့ လက်အုပ်ချီမှုကို သာယာကျေနပ်နှစ်သက်တာက သာကောင်းပါတယ်ဘုရား။ အသွားထက်တဲ့ လှံသွားနဲ့ ထိုးခံရတာက ကြောက်ဖွယ်လိလိ ဆင်းရဲအတိပါဘုရား"

"ရဟန်းတို့-သင်တို့နားလည်မှုရအောင် ရှင်းပြဦးမယ်။ သီလ မရှိတဲ့ ပုဂ္ဂိုလ်အတွက်ဆိုက လှံနှင့် အထိုးခံရတာက ကောင်းပါသေးတယ်၊ မြတ်ပါသေးတယ်။ ထိုသို့ အထိုးခံရသည့်အတွက် ထိုသီလမရှိသော ပုဂ္ဂိုလ်ဟာ သေရင်လည်း သေသွားမယ်၊ သေလုမျောပါး ရောဂါခံစားရရင်လည်း ခံစားရပါမယ်။ ဒါပေမယ့် သေပြီးနောက် ငရဲသို့ မရောက်နိုင်ပါဘူး။

"ဒါယကာ၊ ဒါယိကာမတွေရဲ့ လက်အုပ်ချီမှုကို သာယာနှစ်သက်နေသော သီလမရှိသော ပုဂ္ဂိုလ်အတွက်မူ ရှည်ကြာမြင့်စွာ ချမ်းသာစီးပွားကင်းပြီး ဒုက္ခရောက်ဖို့ပဲ ရှိပါတယ်။ သေပြီးနောက် မှာချ ငရဲမှာ ဖြစ်ရပါလိမ့်မယ်။

"ဒါကြောင့် လုံနှင့် ရင်းလွှန့်ကို ထိုးခံရတာက ကောင်းပါသေးတယ်၊ မြတ်ပါသေးတယ်။ ဒါယကာ ဒါယိကာမတို့ ရှိခိုးမှုကို သာယာနှစ်သက်နေတာ မကောင်းပါဘူး။

၄။ "ရဟန်းတို့-ငါဘုရား မိန့်ကြားမည့်အကြောင်းကို သင်တို့ မည်သို့သဘောရပါသလဲ၊ သံပြားတစ်ခုဟာ အလွန် ပူနေမယ်၊ နီရဲနေမယ်။ မီးလျှံမီးပွား တဖွားဖွားနှင့် တောက်ပနေမယ်။ အရောင်များကလည်း တစုတရုံးတည်းဖြစ်နေမယ်။ ထိုကဲ့သို့ အဆမတန် ပူနေသော သံပြားဖြင့် အားကောင်းသော ယောက်ျားက တစ်ကိုယ်လုံးကိုရစ်ပတ်မယ် ဆိုကြပါစို့။

"နောက်တစ်မျိုးက ဒါယကာ၊ ဒါယိကာမတွေ သဒ္ဓါတရားနှင့် လှူသော သင်္ကန်းကို ဝတ်ရုံမယ် ဆိုကြပါစို့။

"ထိုနှစ်မျိုးအနက် ဘယ်ဟာက ကောင်းမလဲ၊ ဘယ်ဟာက မြတ်မလဲ။

"မြတ်စွာဘုရား ဒါယကာ ဒါယိကာမတွေ သဒ္ဓါတရားနှင့်

လျှသော သက်န်းကို ဝတ်ရုံရတာ မြတ်ပါသည်။ ပူလောင်နေသော သံပြားနှင့် တစ်ကိုယ်လုံး ပတ်ခံရတာက ကြောက်စရာလန့်စရာအတိဖြစ်ပါသည်ဘုရား”

“ရဟန်းတို့-သင်တို့နားလည်အောင် ရှင်းပြရဦးမယ်။ သီလမရှိသော ပုဂ္ဂိုလ်အတွက်မူ သံပြားနှင့်အပတ်ခံရတာ ကောင်းပါလိမ့်မယ်။ ထိုကဲ့သို့ သံပြားနှင့် အပတ်ခံရသည့်အတွက် သေရင်လည်း သေမယ်၊ မသေကလည်း သေလုမျောပါးဆင်းရဲဝေဒနာ ခံစားရပါမယ်။ ဒီလိုရစ်ပတ်နေသည့်အတွက် ထိုပုဂ္ဂိုလ်သေပြီးနောက် ငရဲရောက်စရာ မရှိပါဘူး။ ဒါယကာဒါယိကာမတွေ သဒ္ဓါတရားနှင့် လှူသောသင်္ကန်းကို ဝတ်ရုံသုံးစွဲသော သီလမရှိသော ပုဂ္ဂိုလ်အတွက်မှာမူ ရှည်ကြာလေးမြင့်စွာ စီးပွားကင်းဘို့ ဆင်းရဲဒုက္ခရောက်ဖို့ပဲ ဖြစ်ပါတယ်။ ထိုပုဂ္ဂိုလ်ဟာ သေပြီးနောက် ငရဲသို့ရောက်မှာ သေချာလှပါတယ်။

“ထို့ကြောင့် သီလမရှိတဲ့ပုဂ္ဂိုလ်အတွက်မူ ပူလောင်တဲ့သံပြားနဲ့အပတ်ခံရတာက ကောင်းပါတယ်၊ မြတ်ပါသေးတယ်။ သက်သာရာရပါလိမ့်မယ်။ သဒ္ဓါတရားနှင့် လှူတဲ့သင်္ကန်းကို သုံးဆောင်တာကတော့ မကောင်းပါဘူး၊ သက်သာခွင့်ရစရာ မရှိပါဘူး။

၅။ “ရဟန်းတို့-ငါဘုရား မိန့်ကြားမည့် အကြောင်းအရာကို

မည်သို့ထင်ပါသလဲ။ သံလုံးတစ်လုံးဟာ အလွန်ပူလောင်နေမယ်၊ နီရဲနေမယ်၊ မီးလျှံမီးပွားများ တဖွားဖွားတောက်ပနေမယ်။ အရောင်များကလည်း တစ်စုတရုံးတည်းဖြစ်နေမယ်။ ဗလကောင်းသောယောကျ်ားတစ်ယောက်သည် အဆမတန် ပူလောင်နေသော သံချိတ်နှင့် ပါးစပ်ကိုဖွင့်ပြီး ထိုသံလုံးကို ပါးစပ်ထဲသို့ ထည့်မယ်။ ထိုသံလုံးသည် အထည့်ခံရသူ၏ ပါးစပ်ကိုလည်းလောင်မယ်၊ နှုတ်ခမ်းကိုလည်းလောင်မယ်၊ လျှာကိုလည်းလောင်မယ်။ လည်ချောင်းကိုလည်းလောင်မယ်။ ဝမ်းကိုလည်းလောင်မယ်။ အူမနှင့် အူသိမ်ကိုယူပြီး အောက်ကထွက်သွားမယ် ဆိုပါစို့။

"နောက်တစ်မျိုးက ဒါယကာ ဒါယိကာမတွေ သဒ္ဓါတရားနှင့် လှူသောဆွမ်းကို စားမယ်ဆိုကြပါစို့။

"ထိုနှစ်မျိုးအနက် ဘယ်ဟာက ကောင်းမလဲ၊ ဘယ်ဟာက မြတ်မလဲ"

"ဒါယကာ ဒါယိကာမတွေ သဒ္ဓါနှင့် ပေးလှူသော ဆွမ်းကိုစားရတာက သာမြတ်ပါတယ်၊ ကောင်းပါတယ်ဘုရား"

"ရဟန်းတို့–သင်တို့ နားလည်သဘောပေါက်အောင် ပြောရဦးမယ်။

"သီလမရှိသော ပုဂ္ဂိုလ်အတွက် သံပူလုံး ပါးစပ်ထဲသို့ ဖြဲထည့်တာက သေရင်သေသွားမယ်၊ သေလုမျောပါး ခံစားရင်

ခံစားရမယ်။ သေပြီးနောက် ထိုပုဂ္ဂိုလ်ဟာ ငရဲသို့ မရောက်နိုင်ပါဘူး။ ဒါယကာ၊ ဒါယိကာမတွေ သဒ္ဓါတရားနှင့်လှူသောဆွမ်းကို စားတာကတော့ သီလမရှိသော ပုဂ္ဂိုလ်အတွက် ရှည်မြင့်စွာ ကာလပတ်လုံး စီးပွားချမ်းသာ ကင်းကွာဖို့၊ ဆင်းရဲဒုက္ခရောက်ဖို့သာ ရှိပါသည်။ သေပြီးနောက်မှာလည်း ငရဲသို့ မုချရောက်ရပါမယ်။

၆။ "ရဟန်းတို့–ငါဘုရားရှင် မိန့်ကြားသည်ကို မည်သို့သဘော ပေါက်ကြပါသနည်း။ အားကောင်းမောင်းသန်သော ယောကျ်ားတစ်ယောက်က ဦးခေါင်းကို ကိုင်၍ဖြစ်စေ၊ ပခုံးကို ကိုင်၍ဖြစ်စေ အလွန်ပူလောင်နေသော သံခုတင်နှင့် အလွန့် အလွန် ပူလောင်နေသော သံထိုင်ခုံပေါ်မှာ အတင်းအကြပ် အအိပ်ခိုင်းမယ်၊ အထိုင်ခိုင်းမယ် ဆိုပါစို့။

"နောက်တစ်မျိုးက ဒါယကာ ဒါယိကာမတွေ သဒ္ဓါတရားနှင့် ပေးလှူဒါန်းသော ခုတင်နှင့် ထိုင်ခုံကို သုံးစွဲကြမယ် ဆိုပါစို့။

"ထိုနှစ်မျိုးထဲက ဘယ်ဟာက ကောင်းမလဲ၊ ဘယ်ဟာက မြတ်မလဲ"

"မြတ်စွာဘုရား–ဒါယကာ ဒါယိကာမတွေ သဒ္ဓါတရားနှင့် ပေးလှူသော ခုတင်၊ ကုလားထိုင်များမှာ အိပ်ရတာ,ထိုင်ရတာက ပိုကောင်းပါတယ်၊ မြတ်ပါတယ်၊ အလွန်ပူတဲ့ သံ

ခုတင်နှင့် ထိုင်ခုံ ပေါ်မှာ အတင်းအကြပ်ထိုင်ခိုင်းတာ အိပ်ခိုင်းတာက ကြောက်ဖွယ်လိလိ ဆင်းရဲပါလိမ့်မယ်"

"ရဟန်းတို့–သင်တို့ အမြင်မှန်ရအောင် ပြောပြဦးမယ်။သီလ မရှိသောပုဂ္ဂိုလ်ဆိုရင်ဖြင့် အလွန်ပူတဲ့ ခုတင်ပေါ် အိပ်ရတာ ကုလားထိုင် ပေါ်ထိုင်ရတာကပဲ ကောင်းပါလိမ့်မယ်၊ မြတ်ပါ လိမ့်မယ်၊ သက်သာပါ လိမ့်မယ်။ ထိုခုတင် ကုလားထိုင် ပေါ်မှာ ထိုင်ရ အိပ်ရသည့်အတွက် သီလမရှိသော ပုဂ္ဂိုလ်ဟာ သေလျှင် သေသွားမယ်။ မသေကလည်း သေလုမျောပါး ခံစားရပါမယ်။ ဒါပေမယ့် သေပြီးနောက် ငရဲသို့ မရောက် နိုင်ပါဘူး။ ဒါယကာ ဒါယိကာမတွေ သဒ္ဓါ၍ ပေးလှူသော ခုတင် ကုလားထိုင်ပေါ် ထိုင်အိပ်တဲ့ သီလမရှိတဲ့ ပုဂ္ဂိုလ် အတွက်မှု ရှည်ကြာလေးမြင့်စွာ စီးပွားချမ်းသာ ကင်းကွာဖို့ ဆင်းရဲဒုက္ခရောက်ဖို့ ဖြစ်တယ်။ သေပြီးနောက်လည်း ငရဲသို့ မုချ ရောက်ရပါမယ်။

၇။ "ရဟန်းတို့–ငါဘုရားမိန့်ကြားရာကို သင်တို့ မည်သို့ သဘောရပါသလဲ။

"သံအိုးကြီး တစ်လုံးဟာ အရည်ပျော်လုမတတ် နီရဲနေမယ်။ မီးလျှံ မီးပွားတွေ တဖွားဖွားနှင့် တောက်ပနေမယ်။ အရောင်တွေက လည်း တစ်စုတစ်ဝေးကြီး ဖြစ်နေမယ်။ အားကောင်းသော ယောက်ျားတစ်ယောက် က ခြေနှစ်ချောင်းကို အပေါ်ကထောင်

ခေါင်းကို စောက်ထိုးထားပြီး အလွန်ပူတဲ့ သံအိုးထဲသို့ ပစ်ချမယ်။ အထည့်ခံရသူလည်းပဲ သံအိုးကြီးထဲမှာ အမြုပ်တစီစီနှင့် ဆူပွက်လျက်နေမယ်။ အပေါ်ရောက်လိုက် အောက်ရောက်လိုက် ဘေးရောက်လိုက် ဖြစ်နေမယ် ဆိုကြပါစို့။

"နောက်တစ်မျိုးက ဒါယကာ၊ ဒါယိကာမတွေ သဒ္ဓါတရားနှင့် ပေးလှူထားသော ကျောင်းကို အသုံးပြုမယ်ဆိုပါစို့။

"ထိုနှစ်မျိုးထဲက ဘယ်ဟာကောင်းသလဲ၊ ဘယ်ဟာကမြတ်သလဲ"

"မြတ်စွာဘုရား ဒါယကာ၊ ဒါယိကာမတွေ သဒ္ဓါနှင့်ပေးလှူသောကျောင်းကို သုံးစွဲရတာ ကောင်းပါတယ်။ မြတ်ပါတယ်။ သံအိုးထဲပစ်ချခံရတာက ကြောက်ဖွယ်လိလိ ဆင်းရဲအတိဖြစ်ပါတယ်"

"ရဟန်းတို့-သင်တို့အမြင်မှန်ရအောင် ပြောပြဦးမယ်။ သီလမရှိသော ပုဂ္ဂိုလ်ဟာဆိုရင် ပူနေတဲ့သံအိုးထဲချခံရတာက သေရင်လည်း သေသွားနိုင်တယ်။ ဒါမှမဟုတ် သေလုမျှောပါးခံစား သွားရင်လည်း ခံစားသွားနိုင်ပါတယ်။ ဒါပေမယ့် သေပြီးနောက် ငရဲသို့ မကျရောက်နိုင်ပါဘူး။ ဒါယကာ ဒါယိကာမတွေ သဒ္ဓါတရားနှင့်လှူသောကျောင်းကို သီလမရှိသောပုဂ္ဂိုလ်က သုံးစွဲနေရင်တော့ ထိုပုဂ္ဂိုလ်အတွက် ရှည်ကြာလေးမြင့် စီးပွားချမ်းသာင်းကွာဖို့၊ ဆင်းရဲဒုက္ခရောက်ဖို့ ဖြစ်ပေတယ်။ ခန္ဓာကြွေ သေပြီးနောက်မှာလည်း ငရဲသို့

မုချ ရောက်ရဦးမယ်။

"ရဟန်းတို့–ဤကဲ့သို့သော အကြောင်းများကို ထောက်ထားပြီး သင်တို့တတွေသည် ငါတို့သည် ဒါယကာတွေ၏ ဆွမ်းစသော ပစ္စည်းလေးပါးကို သုံးစွဲနေကြရတယ်။ ငါတို့က သီလစင်ကြယ်ပါမှ ပစ္စည်းလေးပါးလှူဒါန်း ထောက်ပံ့ကြသော ဒါယကာများ၏ ထိုကောင်းမှုသည် အကျိုးဆက် ကြီးမားပေလိမ့်မယ်။ ငါတို့ရဟန်းဘဝလည်း အချည်းနှီး အလဟဿမဖြစ်ဘဲ **အကျိုးရှိလာ**လိမ့်မယ်။ တိုးပွားလာလိမ့်မယ်။ ထိုကဲ့သို့ **နှလုံးသွင်းပြီး** ကောင်းကောင်းမွန်မွန် ကျင့်သင့်ပေတယ်။ **ဖောက်လွဲ**ဖောက်ပြန် မကျင့်သင့်ကြပါ။

"ရဟန်းတို့ မိမိအကျိုးကို ကောင်းစွာလိုလားတဲ့သူဟာ မမေ့ မလျော့သောတရားနှင့် မလွဲမသွေ ပြည့်စုံသင့်တယ်။

"ရဟန်းတို့ မိမိနှင့် သူတစ်ပါးအကျိုးကို ကောင်းစွာမြင်သူဟာ မမေ့မလျော့တရားနှင့် မလွဲမသွေ ပြည့်စုံရမယ်။"

(ဤ၌ အကျိုးဟူသည် မျက်မှောက်အကျိုး–တမလွန်အကျိုး လောကီအကျိုး–လောကုတ္တရာအကျိုးကို ဆိုလိုပါသည်။)

ဘုရားရှင်က ဤမီးလောင် ဥပမာ အဂ္ဂိခန္ဓောပမာသုတ်ကို ဟောတော်မူလတ်သော် ခြောက်ကျိပ်သောရဟန်းတို့ သွေးအန်ကြသည်။ ခြောက်ကျိပ်သောရဟန်းတို့က–

"လိုက်နာပြုကျင့်ရန် ခဲယဉ်းပါသည်ဘုရား"

ဟု လျှောက်ထားကြကာ သိက္ခာချ လူဝတ်လဲကြသည်။

ခြောက်ကျိပ်သောရဟန်းတို့က အာသဝေါကုန်ခန်း ရဟန္တာ ဖြစ်ကြသည်။ သွေးအံသောရဟန်းများမှာ ပါရာဇိကကျပြီး သူဒုဿီလများ ဖြစ်ကြသည်။ လူဝတ်လဲသော ရဟန်းများမှာ အောက်သိက္ခာပုဒ်ကလေးများကို ကျူးလွန် ဖောက်ဖျက်ကြသူ(အလဇ္ဇီ)ပုဂ္ဂိုလ်များ ဖြစ်ကြသည်။ ရဟန္တာဖြစ်သွားသော ရဟန်းများမှာ သီလစင်ကြယ်သူများ ဖြစ်ကြသည်။

သွေးအံသောရဟန်းတို့သည် ဤတရားတော်ကို မကြားနာရပါလျှင် မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆ နေကြပေမည်။ သီလမရှိဘဲ ရဟန်းဘဝ၌ ဆက်လက်နေလျှင် နေမြင့်လေ အရှုံးရင့်လေ ဆိုသကဲ့သို့ သူ၏ မကောင်းမှု အကုသိုလ်တို့သည် ကြာလေကိုးပွားလေဖြစ်ကာ ထိုမကောင်းမှု အကုသိုလ်ကံများက ထိုရဟန်းဘို့ကို အပါယ်ဘုံ၌ အဖန်တလဲလဲ နှစ်စေမည်သာ ဖြစ်သည်။

ဤတရားတော်ကို နာရသောအခါ ပြင်းစွာ ထိတ်လန့်လာကြသည်။ သံဝေဂရလာကြသည်။ သို့အတွက် ရဟန်းဘဝကို စွန့်လွှတ်ကြသည်။ သာမဏေဘဝသို့၊ လူဘဝသို့ခံယူကြသည်။

ထိုဘဝတို့ဖြင့်ပင် သက်ဆိုင်ရာ သီလကျင့်ဝတ်တို့ကို စောင့်ထိန်း ဖြည့်ကျင့်ပြီး ကမ္မဋ္ဌာန်းတရားကို ကြိုးစားအားထုတ်ကြသည့်အခါ အချို့မှာ သောတာပန်၊ အချို့က သကဒါဂါမ်၊ အချို့က အနာဂါမ်၊ အချို့က နတ်ပြည်၌ ဖြစ်ရသည်။

ဤသို့လျှင် ပါရာဇိကကျပြီးသူ(ဒုဿီလ)များအတွက် အကျိုး

သက်ရောက်မှု ရှိခဲ့သည်။

လူဝတ်လဲသော ရဟန်းများသည် ဤတရားတော်ကို မကြား မနာလျှင် တစ်နေ့နေ့တွင် ကြီးမားသော သံဃာဒိသိသ်**အာပတ်**ကို **ကျူးလွန်**လာမည်။ ထို့နောက် ပါရာဇိကအာပ**တ်ကို** **ကျူး**လွန် **လာမည်။**

**သို့အတွက် အပါယ်ဘုံမှာ ထပ်ကာ ထပ်ကာ**ဖြစ်ပြီး ကြီးမား သော **ဆင်းရဲဒုက္ခ ခံစားရမည်** ဖြစ်သည်။

ဤတရားကို **နာကြားရသည့်အခါ** ဘုရားသာသနာသည် ကိလေသာ နည်းပါးသည်ထက် နည်းပါးအောင် ထူထောင်ထား သော သာသနာပါတကား၊ ဤသာသနာတွင်း အကျင့်ကို ငါ တို့ အသက်ထက်ဆုံး ပြည့်စုံအောင် ကျင့်နိုင်မယ် မဟုတ်ဘူး၊ သိက္ခာချ လူဝတ်လဲပြီး ဥပါသကာကျင့်ဝတ်ကို ပြည့်ကျင့်ရင်းနှင့် ပင် ဆင်းရဲဒုက္ခလွတ်အောင် လုပ်ကြစို့ဟု ဆင်ခြင် စဉ်းစားဉာဏ် ဝင်လာပြီး လူဝတ်လဲကြသည်။ သူတို့သည် သရဏဂုံ ဆောက် တည်သည်။ ငါးပါးသီလကို ထိန်းသိမ်းကြသည်။ ဥပါသကာ ကျင့်ဝတ်ကို ဖြည့်ကျင့်ကြသည်။

ဤသို့ဖြင့် သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်ဖြစ်သူ ဖြစ်သည်။ နတ်ပြည်သို့ရောက်သူ ရောက်ကြသည်။

ဘုရားရှင်ထံမှ ဤတရားတော်ကို ကြားနာခဲ့ရသော နတ် အပေါင်းတို့က ကြားနာရသူရော မကြားနာရသူများကိုပါ တွေ့မြင် သမျှအကုန်လုံးကို လှည့်လည်၍ ပြောကြားကြသည်။

သဒ္ဓါတရားနည်းပါးသော ရဟန်းများသည် ကြားပြီးရင်း ကြားရင်း ကြားရဖန်များသောအခါ ဘုရားရှင်သာသနာမှာ တစ်သက်လုံး ပြည့်စုံသန့်ရှင်းစွာ ရဟန်းတရားကျင့်ရန် ခဲယဉ်းလှသည်ဟု ဆင်ခြင်စဉ်းစား အသိတရားရလာကြသည့်အတွက် အစုလိုက် အပြုံလိုက် လူဝတ်လဲကြလေသည်။

ဘုရားရှင်သည် အလိုရှိသလောက် ဒေသစာရီလှည့်လည်ပြီး ဇေတဝန်ကျောင်းသို့ ပြန်ကြွကာ–

"ရဟန်းတို့–ငါဘုရားဟာ ခရီးလှည့်လည်ကြွချီနေစဉ်က ကြာရှည် စွာ သင်တို့နှင့် အတူနေခဲ့သည်။ ယခုလခွဲလုံးလုံး တစ်ပါးတည်း နေလိုသည်။ ဆွမ်းပို့လာသောရဟန်းမှတစ်ပါး မည်သူမျှ ငါဘုရားထံသို့ မလာကြလေနှင့်"

ဟုမိန့်ကြားပြီး တစ်ပါးတည်း ဖလသမာပါတ်ခံစား သီတင်း သုံး နေထိုင်လေသည်။

❀ ❀ ❀

# အခန်း (၃)

# ဆရာဒါယကာ အကျိုးများစွာ

## ရှင်ရဟန်းတို့ ဒါယကာထံသို့ ချဉ်းကပ်လိုသော်

သာသနာအရှည်တည်တံ့ရေးသည် ဆရာ ဒါယကာအချင်းချင်း မှီနေသည်ဟု ဆိုပါသည်။

သို့အတွက် ရှင်ရဟန်းများသည် ဒါယကာ၊ ဒါယိကာမများနှင့် လုံးဝ ကင်း၍မရပါ။ အကြောင်းအားလျော်စွာ ဆက်ဆံနေရပါသည်။ အိမ်များသို့ ဝင်ထွက်သွားလာနေရပါသည်။

ထိုသို့ ဝင်ထွက်သွားလာ ဆက်ဆံရာတွင် ဒါယကာ၊ ဒါယိကာမများနှင့် ရင်းနှီးကျွမ်းဝင်မှု ငြိကပ်စွဲလမ်းမှုတို့ကို မပြုသင့်ပါ။

မိမိလာဘ်ရသည့်အတွက် ဝမ်းသာသလို အခြားရှင်ရဟန်းများ လာဘ်ရသည်ကို ဝမ်းမြောက်ရပါမည်။

တရားဟောသည့်အခါမှာလည်း ပစ္စည်းလေးပါးကို မျှော်လင့်

တောင့်တသော စိတ်မျိုးဖြင့် မဟောသင့်ပါ။

တရားသဘောကို သိပါစေ၊ နားလည်ပါစေ၊ ကျင့်နိုင်ပါစေ ဟူသော မေတ္တာစိတ်ဖြင့်သာ ဟောသင့်ပါသည်။

ဘုရားရှင်က ရဟန်းများကို လ,ဥပမာဖြင့် ဆုံးမထားပါသည်။

"ရဟန်းတို့၊ သင်တို့သည် လ,ရဲ့ပုံဟန်အတိုင်း ဒါယကာ၊ ဒါယိကာမများထံချဉ်းကပ်ရမယ်။ ကိုယ်လည်းခွာထားရမယ်။ စိတ်ကိုလည်း ခွာထားရမယ်။ အိမ်တွေမှာ အမြဲအသစ် (ဧည့်သည်)ဖြစ်နေစေရမယ်။ မကြမ်းတမ်းရဘူး။ မရင်းနှီးလွန်းရဘူး။

"ထက်ကောင်းကင်ပြင်တွင် သွားနေသော လသည် မည်သူတစ်ဦးတစ်ယောက် မည်သည့်အရာဝတ္ထုကိုမျှ မိတ်ကျွမ်းဝင်အောင် မလုပ်၊ ခင်မင်တွယ်တာအောင်လည်း မလုပ်၊ နှစ်သက်အောင်လည်း မလုပ်။ သို့တစေ လူအပေါင်း၏ ချစ်မြတ်နိုးမှုကို ခံရတယ်။

"ထို့အတူ သင်တို့သည်လည်း မည်သူတစ်ဦးတစ်ယောက်နှင့်မျှ မိတ်ဖွဲ့မှု စသည်ကို မပြုလုပ်ဘဲ(ဝါ) ချစ်ခြင်း၊ မုန်းခြင်း မရှိဘဲ လောဘ၊ ဒေါသ မရှိဘဲ လူအပေါင်း၏ ချစ်ခင်မြတ်**နိုးမှုကို** ခံလျက် လနှင့်တူကုန်သည်ဖြစ်ရာ အမျိုးလေးပါးတို့သို့ ချဉ်း**ကပ်ရ**မယ်" (သံ-ပါ၊ ၁-၄၀၁၊ ၄ ဝ၁-၂-၁၅၂)

ထို့ပြင် လသည် အမိုက်တိုက်ကို ပယ်ဖျောက်တတ်သည်။

အလင်းရောင်ကို ပုံ့နှံ့စေတတ်သည်။

ထို့အတူ ကိလေသာတည်းဟူသော အမိုက်တို့ကို ပယ်ဖျောက်ခြင်း၊ ဉာဏ်တည်းဟူသော အလင်းရောင်ကို ဖြန့်ပေးခြင်းဖြင့်လည်း လနှင့် အလားတူစွာ အိမ်သို့ ချဉ်းကပ်ရမည်။

လသည် လူများကို ချီးမြှောက်ခြင်းဖြင့် လမ်းကြောင်းအမျိုးမျိုး ပြောင်းရွှေ့သွားသကဲ့သို့ ရဟန်းသည်လည်း သနားစောင့်ရှောက် ချီးမြှောက်ရန် ထိုထိုအရပ်သို့ ကပ်ရောက်ရသည်။

လသည် လဆုတ်ပက္ခမှ လဆန်းပက္ခသို့ ကပ်ရောက်လာ၍ အစိတ်အပိုင်းများ တိုးပွားလာလျက် အမြဲ အသစ်ဖြစ်နေသကဲ့သို့ ရဟန်းသည်လည်း ညစ်သော အကုသိုလ်အဖို့ကို ပယ်စွန့်၍ ဖြူစင်သော ကုသိုလ်အဖို့ကို ကပ်ရောက်လျက် ဂုဏ်များဖြင့် တိုးပွားလာသည့်အခါ လူအပေါင်း၏ နှစ်သက်ကျေနပ်မှုကိုလည်း ရရှိသည်။ ချီးကျူးမှုကိုလည်း ခံရသည်။

သို့ဖြစ်၍ အမြဲတမ်း အသစ်သဘောဖြင့် လနှင့်တူသော စိတ်ရှိအောင် ကျင့်နေရမည်။ ရဟန်းဖြစ်ကာ လူပုဂ္ဂိုလ်ကဲ့သို့ အမြဲတမ်း အသစ်ဖြစ်အောင် ကျင့်နေရမည်။

ကိုယ်ကိုလည်း ခွာထားရမည်၊ စိတ်ကိုလည်း ခွာထားရမည် ဆိုသည်မှာ မိတ်ဖွဲ့မှု စသည်ကို မလုပ်မိဘဲ ချစ်ခြင်း၊ မုန်းခြင်း၊ လောဘ၊ ဒေါသ မရှိဘဲ ကိုယ်ရောစိတ်ပါ ခပ်ခွာခွာ နေရမည်ဟု ဆိုလိုပါသည်။

- တောမှာလည်းမနေ၊ ကာမဝိတက် စသည်တို့ကို ကြံစည်နေသော ရဟန်းသည် ကိုယ်လည်း ခွာသည်မမည်၊ စိတ်လည်း ခွာသည်မမည်ပါ။
- တောမှာနေစေကာမူ ကာမဝိတက် စသည်ကို ကြံစည်နေသော ရဟန်းသည် ကိုယ်သာခွာ၍ စိတ်မခွာသည်မည်၏။
- ရွာဦးကျောင်းမှာ နေစေကာမူ ကာမဝိတက် စသည်တို့ကို မကြံစည်သော ရဟန်းသည် စိတ်သာခွာသည်၊ ကိုယ်ကို ခွာရာမရောက်ပေ။
- တောကျောင်းမှာလည်းနေ၊ ကာမဝိတက် စသည်ကို မကြံစည်သော ရဟန်းသည် ကိုယ်ရောစိတ်ပါ ခွာသည်မည်ပါသည်။

နောက်ဆုံး ရဟန်းကဲ့သို့ ကိုယ်ရောစိတ်ပါ ဒါယကာ၊ ဒါယိကာမများအိမ်သို့ ချဉ်းကပ်ရမည်ဟု ဆိုပါသည်။

အမြဲအသစ်ဖြစ်နေစေရမည်ဟု ဆိုသည်မှာ ဧည့်သည်သဖွယ်သာ ဖြစ်နေစေရမည်ဟု ဆိုလိုပါသည်။

ဧည့်သည်အာဂန္တုရဟန်းသည် အစဉ်အားဖြင့် ရောက်လာသောအိမ်ကို ဝင်သွားသည်။ အိမ်သူ အိမ်သားများက တွေ့မြင်သည့်အခါ ငါတို့၏သားတွေ၊ ညီတွေလည်းပဲ အခြားအရပ်သို့ ရောက်သွားလျှင် ဒီလိုပဲ လှည့်လည်နေကြရမှာပဲဟု သနားကြင်နာ

လျက် အထိုင်ခိုင်း၍ ဆွမ်းပင့်ဖိတ်ကျွေးသည်။

ထိုရဟန်းသည် စားပြီးလျှင်ပြီးချင်း အသိအကျွမ်း မဖွဲ့ဘဲ ပြန်ကြွရပါမည်။ အသိအကျွမ်းဖွဲ့မှုကို ပြတ်တောက်ရပါမည်။

မကြမ်းတမ်းရဆိုသည်မှာ ရဟန်းသည် ကိုယ်အမူအရာ ကြမ်းတမ်းခြင်း၊ နှုတ်အမူအရာ ကြမ်းတမ်းခြင်း၊ စိတ်ကြမ်းတမ်းခြင်း မရှိစေရဟု ဆိုလိုသည်။

ကိုယ်အမူအရာ ကြမ်းတမ်းရာဌာန (၈)ခု ရှိပါသည်။

၁။ သံဃာအလယ်၌ လက်နှစ်ဘက်ဖြင့် ဒူးကိုပိုက်လျက် သို့မဟုတ် အဝတ်ရှည်ဖြင့် ဒူးကိုသိုင်းလျက်ထိုင်ခြင်း၊ ဒူးတင်ပေါင်တင်ထိုင်ခြင်း စသည်ဖြင့် မသင့်လျော် မလျောက်ပတ်သော အမူကိုပြုခြင်း။

၂။ ပရိသတ်လေးပါး အစည်းအဝေး၌ ဂိုဏ်းအစည်းအဝေး၌ သံဃာအလယ်၌ကဲ့သို့ မဖွယ်မရာပြုလုပ်ခြင်း။

၃။ ထေရ်ကြီး ဝါကြီး ပုဂ္ဂိုလ်၌လည်း အလားတူ မတော်မလျော် ပြုမူခြင်း။

၄။ ဆွမ်းစားကျောင်း၌ မိမိထက် ဝါကြီးသော ရဟန်းတို့အား နေရာမပေးခြင်း၊ ဝါငယ်သော ရဟန်းတို့၏ နေရာကို တားမြစ်ခြင်း။

၅။ ချွေးဇရုံအိမ်၌ အလားတူပြုလုပ်သည့်ပြင် ဝါကြီးသော ရဟန်းတို့ကို မပန်ကြားဘဲ မီးထည့်မှု စသည်ကို ပြုလုပ်ခြင်း။

၆။ ရေချိုးဆိပ်၌ ငယ်သည်၊ ကြီးသည်ဟု ပမာဏမပြုဘဲ ရောက်လာသော အစဉ်ဖြင့် ရေချိုးရမည်ဟု ဟောထားသော ကျင့်ဝတ်ကို မလိုက်နာဘဲ နောက်မှရောက်လာပါလျက် ရေသို့ဆင်းပြီး ဝါကြီးသူကိုရော ဝါငယ်သူတွေကိုပါ တားမြစ်နှောင့်ယှက်ခြင်း။

၇။ ဆွမ်းခံလမ်း၌ နေရာဦး ဆွမ်းဦး ရေဦး အလို့ငှာ လက်မောင်းချင်းတိုးဝှေ့ပွတ်တိုက်လျက် ရှေ့ကိုကျော်တက်ခြင်း။

၈။ ရွာတွင်းသို့ ဝင်သည့်အခါ ဝါကြီးသူတို့ထက် ဦးအောင်ဝင်ခြင်း၊ ရှင်ရဟန်းငယ်တို့နှင့်အတူ သော့ကစားခြင်း။

သံဃာ၊ ဂိုဏ်း၊ ပုဂ္ဂိုလ်၊ ရပ်ထဲရွာထဲ၌ မလျောက်ပတ်သော စကားကို ပြောဆိုခြင်းသည် နှုတ်အမူအရာ ကြမ်းတမ်းသည် မည်ပါသည်။

သံဃာအလယ်၊ ဂိုဏ်းအလယ်၊ ပုဂ္ဂိုလ်အနီး၌ မထေရ်ကြီးကို မပန်ကြားဘဲ တရားဟောခြင်း၊ လူများက ပြဿနာမေးလျှောက်လာသည်ကို ရှိသောမထေရ်ကြီးကို မပန်ကြားဘဲ ဖြေဆိုခြင်း၊ ရပ်ရွာထဲ၌ ဟော့ကောင်တွေ ဘာရှိကြသလဲ၊ ဆွမ်းချက်ပြီးပြီလား၊ ဘာဟင်းချက်သလဲ၊ ငါ ဘာစားရမလဲ စသည်ဖြင့် ပြောဆိုခြင်းတို့သည် နှုတ်အမူအရာ ကြမ်းတမ်းသည် မည်ပါသည်။

- ကာမဝိတက် စသည်တို့ကို ကြံစည်နေခြင်းသည် စိတ်ကြမ်းတမ်းသည့် မည်ပါသည်။
- မိမိမှာ မရှိသောဂုဏ်ဖြင့် ချီးမွမ်းခံလိုခြင်း
- ခေါင်းဆောင်လုပ်လိုခြင်း
- သံဃိက ကျောင်းများကို လွှမ်းမိုးအုပ်စိုးလိုခြင်း
- ဒကာ၊ ဒကာမတို့၏ အပူဇော်ကို ခံလိုခြင်း
- ရှင်လူအများ အထင်ကြီးအောင် ကြံစည်ခြင်း
- ကိစ္စမျိုးစုံကို ကိုယ့်အလိုအတိုင်းဖြစ်အောင် ကြံစည်ခြင်း

ဟူသော အကြံအစည်များ ဖြစ်ပေါ်လာတတ်ပါသည်။ ထိုအလိုဆိုး အကြံအစည်များဖြင့် မိမိမှာ ရဟန်းတရား တိုးပွားမလာဘဲ တဏှာမာနတို့သာ တိုးပွားလာပြီးလျှင် ဝိပဿနာလည်း မတိုးပွား၊ မဂ်ဖိုလ်လည်း မတိုးပွားလာဘဲ လ,တက်သည့်အခါ သမုဒ္ဒရာရေ တိုးပွားလာသကဲ့သို့ ဒွါရခြောက်ပါးမှာဖြစ်သော တဏှာမာနတို့သာ တိုးပွားလာရသည်။

ဤအလိုဆိုးများသည် ပုထုဇဉ်ရဟန်းများတွင် အနည်းနှင့်အများ ရှိတတ်ပါသည်။ ပုထုဇဉ်ရဟန်းတို့၏ နောက်သို့ မသိမသာ လိုက်ပါနေတတ်သည်။ နည်းလျှင် နည်းသည့်အလိုက်၊ များလျှင် များသည့်အလိုက် လက်ခံကျင့်သုံးသော ပုဂ္ဂိုလ်ကို ဒုက္ခပေးတတ်ပါသည်။

ရဟန်းသည် ထိုအလိုဆိုးများကို ပျောက်အောင် ကြိုးစား

ရပါမည်။ ဤသို့လျှင် ကြမ်းတမ်းမှု အကုန်လုံးကို ပယ်ရှားပြီး ဒကာ၊ ဒကာမတို့၏အိမ်ကို ချဉ်းကပ်ရမည်။

ဘုရားရှင်သည် ဒကာ၊ ဒကာမများအိမ်သို့ ရဟန်းများ ချဉ်းကပ်မှုနှင့် ပတ်သက်၍ မိန့်ကြားရာတွင်–

"ရဟန်းတို့၊ ဒီလ,ဟာ ကောင်းကင်မှာ မငြိကပ်၊ မစွဲလမ်း၊ မဖွဲ့ယှက်သလို သူတို့အလိုရှိကြသော မင်္ဂလာကို ရကြပါစေ၊ ကုသိုလ်လိုချင်သူတွေက ကုသိုလ်ကောင်းမှု ပြုကြပါစေ၊ ဒီလိုသဘောထားပြီး အိမ်ကို ချဉ်းကပ်တဲ့ ရဟန်း၏စိတ်ဟာ အိမ်နေသူတွေမှာ မငြိကပ် မစွဲလမ်း မငြိတွယ်။ မိမိလာဘ်ရတဲ့ အတွက် နှစ်သက်ဝမ်းသာသလို အခြားသူများ လာဘ်ရတဲ့ အတွက်လည်း နှစ်သက်ဝမ်းသာတယ်။ ဒီလိုရဟန်းမျိုးမှသာ အိမ်များသို့ သွားလာဝင်ထွက်သင့်ပေတယ်"

ဟူ၍ ဟောတော်မူခဲ့ပါသည်။

**စိတ်ထားမှန်မှန်နှင့် ဒါယကာ၊ ဒါယိကာမထံ ချဉ်းကပ်ပါ**

ရဟန်းတော်များ၏ အသက်မွေးမှုသည် ဒါယကာ၊ ဒါယိကာ မများနှင့် ဆက်စပ်နေပါသည်။ ဒါယကာ၊ ဒါယိကာမတို့ ပေးစာကမ်းစာဖြင့် မျှတနေရသည်။ ရဟန်းသည် ကိုယ့်လက် ကိုယ့်ခြေဖြင့် လုပ်ကိုင်စားသောက်ရသော ဘဝမျိုးမဟုတ်ပေ။ ဘုရားကလည်း ခွင့်မပြုပါ။

သို့အတွက် အလှူများက ပေးကမ်းလှူဒါန်းသည်ကို ခံယူသော အခါမှာ ရဟန်းတော်များ၏ နှလုံးသွင်းစိတ်ထားမှန်ကန်ရန် လိုပါသည်။

'ငါ့ကိုသာ လှူကြပါစေ၊ မလှူဘဲ မနေကြပါစေနဲ့။ များများ စားစားသာ လှူကြပါစေ၊ နည်းနည်းပါးပါး မလှူကြပါစေနဲ့၊ အကောင်းကိုသာ လှူပါစေ၊ အကြမ်းကို မလှူကြပါစေနဲ့၊ မြန်မြန်ဆန်ဆန်သာ လှူပါစေ၊ နှေးနှေးကွေးကွေး မလှူပါစေနဲ့၊ ရိုသေစွာလှူပါစေ၊ မရိုမသေ မလှူပါစေနဲ့'

ဤကဲ့သို့သော စိတ်ထားမျိုးဖြင့် အိမ်သို့ချဉ်းကပ်သော ရဟန်းအတွက် လူတို့က မလှူသည့်အခါမှာ မလှူသည့်အတွက် နာကြည်းလာရပါသည်။ ကိုယ်ဆင်းရဲမှု၊ စိတ်ဆင်းရဲမှု ဖြစ်လာ ရပါသည်။

နည်းနည်းသာလှူပြီး များများမလှူသည့်အခါမျိုး၊
အကြမ်းကိုသာလှူပြီး အကောင်းမလှူသည့်အခါမျိုး၊
နှေးနှေးကွေးကွေးလှူပြီး မြန်မြန်ဆန်ဆန် မလှူသည့်အခါမျိုး၊
မရိုမသေလုပ်ပြီး လှူသည့်အခါမျိုး၊

ဤအခါမျိုးများတွင်လည်း အလားတူ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဖြစ်ရတတ်သည်။ ဤသို့ စိတ်ထားရှိက အိမ်သို့ မချဉ်းကပ်သင့်ပါ။

'ဒီလို သူများအိမ်မှာ ကိုယ်တောင့်တတိုင်း ဘယ်ရနိုင်ပါ့

မလဲ’ဟူသော **စိတ်နေစိတ်ထားမျိုး**နှင့် အိမ်သို့ ကပ်ရောက်သော ရဟန်းမှာမူ **မပေးလှူသည့်အခါ** နာကြည်းမှု မရှိပါ။ **ကိုယ်ဆင်းရဲ စိတ်ဆင်းရဲ မဖြစ်ရပါ။** နည်းနည်းလှူလည်း ကိုယ်ဆင်းရဲ စိတ်ဆင်းရဲ **မဖြစ်**ရပါ။

ဤသို့ **စိတ်ထားရှိသော** ရဟန်းသာ လူတို့အိမ်သို့ ချဉ်းကပ် **သင့်ပါသည်။**

**ဒါယကာတို့အလှူ အကျိုးကြီးပါစေ**

**ဘုရားရှင် သာသနာ**တော်၌ ပျင်းရိပေါ့ဆ**စွာနေသော** ရဟန်းသည်-

- **မိမိ၏** အကျိုးစီးပွားကို ပျက်စီးစေသည်။
- မိမိကို ကိုးကွယ်ဆည်းကပ်သော ဒါယကာတို့၏ **အကျိုး**စီးပွားကိုလည်း ပျက်စီးစေသည်။
- ထိုပုဂ္ဂိုလ်မျိုးကို ပေးလှူသော ဒါယကာများ၏ အလှူဒါနသည် အကျိုးပေး နည်းတတ်သည်။

အားထုတ်လုံ့လဝီရိယရှိသော ရဟန်းသည်-

- ဘုရားရှင်ကိုလည်း ကျေနပ်နှစ်သိမ့်စေသည်။
- မိမိအတွက်လည်း အကျိုးရှိစေသည်။
- မိမိကို ဆည်းကပ်သော ဒါယကာတို့ကိုလည်း အကျိုးရှိစေသည်။

ထိုပုဂ္ဂိုလ်ကို ပေးလှူသော အလှူသည် အကျိုးကြီးမားလှသည်ဟု ဘုရားရှင်က ဟောကြားထားပါသည်။ ဘုရားရှင်၏ ဟောကြားထားသော ထိုအချက်ကို အကိုးကားပြု၍ အဋ္ဌကထာဆရာက–

"ဘုရားရှင် သာသနာတော်၌ ပျင်းရိသော ပုဂ္ဂိုလ်သည် ဆင်းရဲစွာနေရ၏။ သာသနာအပ အခယူ၌ ပျင်းရိသော ပုဂ္ဂိုလ်သည် ချမ်းသာစွာနေရ၏။ ပျင်းရိသောပုဂ္ဂိုလ်၏ ဒွါရခြောက်ပါးတို့သည် မလုံခြုံပေ။ ကံသုံးပါးတို့လည်း မစင်ကြယ်။ အာဇီဝဋ္ဌမကသီလလည်း မသန့်ရှင်း။

ပျက်သော အသက်မွေးမှု ရှိသည်ဖြစ်၍ အိမ်သို့ ချဉ်းကပ်နေတော့သည်။ သီဟင်းသုံးဖော်တို့၏ မျက်စိ၌ ကျသော မြူမှုန်ကဲ့သို့ ညှဉ်းဆဲမှုကိုပြုလျက် ဆင်းရဲစွာ နေရ၏။

နေရာအတွက် တာဝန်ကက်နေသူ၊ ကုဋီကျင်းကို ကျင်ကြီးဖြင့် ပြည့်စေသူ ဖြစ်တော့သည်။

ဘုရားရှင်ကိုလည်း မနှစ်သက်၊ မကျေနပ်စေနိုင်ပေ။ ရခဲသော ဗုဒ္ဓုပ္ပါဒ နဝမခေတ်ကိုလည်း ချွတ်ယွင်းစေ၏။

ထိုပျင်းသောပုဂ္ဂိုလ်က စားအပ်သော ပြည်သူ ပြည်သားသဒ္ဓါကြည်ဖြူ ပေးလှူအပ်သော ဆွမ်းသည်လည်း ကြီးမားသောအကျိုး မရှိချေ။

(ထိုပုဂ္ဂိုလ်မျိုးကို ပေးလှူသော အလှူသည် ကျိုးနည်းလှ

သည်)ဟု ဖွင့်ဆိုဖော်ပြထားသည်ကို တွေ့ရပါသည်။

အထက်ဖော်ပြပါ အချက်များနှင့် ဆန့်ကျင်၍ ပြည့်စုံသော အကျင့်ရှိသော ရဟန်းအား သဒ္ဓါကြည်ဖြူ ပေးလှူအပ်သော ဆွမ်းသည် အကျိုးရှိလှပါသည်။

(သံ-၄-၂-၄၇)

ထို့ပြင် ဒါယကာတို့ လှူဒါန်းသော ဆွမ်းကို အာသာဆန္ဒ ပြင်းထန်မက်မောစွာဖြင့် ပစ္စဝေက္ခဏာ မဆင်ခြင်ဘဲ သုံးဆောင်သော ရဟန်းနှင့် မိမိမှီခိုနေထိုင်ရာ မြို့ရွာ၌ မကောင်းသော အကြံအစည်ကို ကြံစည်သော ရဟန်းအား ပေးလှူသော အလှူသည် အကျိုးမကြီးလှ။

ဆွမ်းကို မက်မောတွေဝေမှုမရှိဘဲ ပစ္စဝေက္ခဏာ ဆင်ခြင်၍ သုံးဆောင်သော ရဟန်း၊ မိမိနေထိုင်ရာ မြို့ရွာ၌ ကောင်းသော အကြံအစည်ကို ကြံစည်သော ရဟန်းအား ပေးလှူသော အလှူသည် အကျိုးကြီးလှသည်။ ထိုအကျိုးကြီးသော ဆွမ်းအလှူနှင့် ပတ်သက်၍ အင်္ဂုတ္တိုရ်၌ ဘုရားရှင်က ဤသို့ဟောထားသည်။

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် တစ်စုံတစ်ခုသော ရွာကိုဖြစ်စေ၊ နိဂုံးကိုဖြစ်စေ မှီခိုနေထိုင်၏။ ထိုရဟန်းကို အိမ်ထောင်ဦးစီးကဖြစ်စေ၊ သူ၏သားသမီး မိသားစုကဖြစ်စေ နောက်နေ့ ဆွမ်းဘုဉ်းပေးရန် ပင့်ဖိတ်ထားသည်။ ရဟန်းသည် နောက်နေ့ ထိုအိမ်သို့ ဆွမ်းစားကြွသည်။ ပင့်ဖိတ်သူက ရဟန်းကို

ခဲဘွယ်ဘောဇဉ်ဖြင့် နှစ်သိမ့်ကျေနပ်သည်တိုင်အောင် ကိုယ်တိုင် လုပ်ကျွေးသည်။

ရဟန်းကလည်း သိပ်ကောင်းတာပဲ၊ သိပ်တော်တာပဲ၊ ဤသူ သည် ငါ့ကို အလွန်ကောင်းသော စားသောက်ဖွယ်တို့ဖြင့် လုပ်ကျွေးနေတာပဲဟူ၍ စဉ်းစားနေသည်။ နောင်လည်း ဤသူ သည် ဤလိုကောင်းမွန်သော အစားအစာတွေနှင့် ကျွေးမွေးရင် ကောင်းမှာပဲဟု ဆက်လက်တွေးနေ၏။

ရဟန်းသည် ယင်းဆွမ်းကို မက်မက်မောမော တွေဝေစွာ အာသာဆန္ဒ ပြင်းပြစွာ အပြစ်ကိုမရှုဘဲ တဏှာမှ ထွက်မြောက် ကြောင်း ပစ္စဝေက္ခဏာဉာဏ် ကင်းကွာလျက် သုံးဆောင်၏။

ထိုရဟန်းသည် ယင်းရှာနိဂုံး၌ ကာမဂုဏ်နှင့်စပ်သော အကြံကိုလည်း ကြံ၏။ ပျက်စီးခြင်းနှင့်စပ်သော အကြံကိုလည်း ကြံ၏။ ညှဉ်းဆဲခြင်းနှင့်စပ်သော အကြံကိုလည်း ကြံ၏။

ရဟန်းတို့၊ ဤသို့သဘောရှိသော ရဟန်းအား ပေးလှူခြင်း သည် အကျိုးမကြီးလှပေ။ အကျိုးမကြီးခြင်းမှာ ယင်းရဟန်း၏ မေ့မေ့လျော့လျော့ နေထိုင်မှုကြောင့် ဖြစ်သည်။

ရဟန်းသည် ထိုဆွမ်းကို မက်မောတွေဝေမှု၊ ဆန္ဒပြင်းပြမှု မရှိဘဲ အပြစ်ကိုရှုကာ တဏှာလွတ်မြောက်ကြောင်း ပစ္စဝေက္ခဏာ ဉာဏ် မကင်းကွာဘဲ သုံးဆောင်သည်။

ရွာ၊ နိဂုံး၌ ကာမမှထွက်မြောက်ကြောင်း အကြံကို ကြံ၏။

မပျက်စီးစေလိုခြင်း မေတ္တာနှင့်စပ်သော အကြံကို ကြံ၏။ မညှဉ်းဆဲခြင်းနှင့်စပ်သော အကြံကို ကြံ၏။

ဤသို့သဘောရှိသော ရဟန်းအား ပေးလှူသော အလှူသည် **အကျိုးကြီးလှသည်။ အကျိုးကြီးခြင်းမှာ ထိုရဟန်း၏ မမေ့မလျော့** နေထိုင်မှုကြောင့် ဖြစ်သည်။

(အံ--ပါ-၁--၂၇၇)

**ဘုရားရှင်သည် အနာထပိဏ်သူဌေးက လျှောက်ထား၍ "ဒါယကာ၊ လောကမှာ** သေက္ခပုဂ္ဂိုလ်၊ အသေက္ခပုဂ္ဂိုလ် **အားဖြင့် အလှူခံသင့်သော** ပုဂ္ဂိုလ်နှစ်မျိုး ရှိသည်။ ထိုပုဂ္ဂိုလ်တို့၌ အလှူကို **ပေးလှူပါ။**

"ဤလောက၌ **ပေးလှူပူဇော်တတ်သူတို့၏** အလှူကို ခံထိုက်သော ပုဂ္ဂိုလ်တို့သည် သေက္ခပုဂ္ဂိုလ်တို့ ဖြစ်ကြသည်။ ထိုပုဂ္ဂိုလ်တို့သည် ကိုယ်နှုတ်စိတ် ဖြောင့်မတ်ကြသည်။ အလှူရှင်တို့၏ ကောင်းမှုမျိုးစေ့ကို စိုက်ပျိုးရာ လယ်မြေကောင်း သဖွယ်ဖြစ်သည်။ ဤပုဂ္ဂိုလ်အား ပေးလှူသော အလှူသည် များမြတ်သောအကျိုး ရှိသည်" ဟူ၍ မိန့်ကြားဟောကြားခဲ့ပါသည်။

ထိုခဏမှာပင် ရဟန်းတစ်ပါးက **ရောက်လာပြီး ဘုရားရှင်ကို** သေက္ခ၊ အသေက္ခ မေးလျှောက်ရာ ဘုရားရှင်က–

"ရဟန်း– ကျင့်ဆဲဖြစ်သောကြောင့် သေက္ခဆိုရသည်။

အဘယ်ကို ကျင့်သနည်း။ အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာ တို့ကို ကျင့်သည်။ ထိုကျင့်ဆဲဖြစ်သောကြောင့် သေက္ခဟု ခေါ်ဝေါ် ပြောဆိုရာသည်”

ဟု အဖြေပေးတော်မူသည်။

ရဟန္တာမှတစ်ပါး အရိယာ (၇)ပါးသည် **သေက္ခပုဂ္ဂိုလ်များ** ဖြစ်ကြပါသည်။ သီလရှိသော ပုထုဇဉ်သည် **သောတာပန်ထဲမှာ** ပါဝင်သည်ဖြစ်၍ သေက္ခပုဂ္ဂိုလ်ဟု **ခေါ်ဆိုရပါသည်။**

**ရဟန္တာ**ပုဂ္ဂိုလ်ကား အသေက္ခပုဂ္ဂိုလ် ဖြစ်ပါသည်။

(အံ-ပါ-၁-၆၄)

**နှစ်ဘက်စင်ကြယ် အကျိုးကြီးပွယ်**

အလှူဒါန ပြုလုပ်သည့်အခါဝယ် အလှူအကျိုးကြီးမားစေ လိုလျှင် ပြီးလျှင် ပြီးရောဟု သဘောမထားကြဘဲ အလှူခံ၊ အလှူပေး နှစ်ဦးနှစ်ဖက် စင်ကြယ်သောအလှူဖြစ်ရန် အရေး ကြီးလှပါသည်။ ကြိုးစားဆောင်ရွက်သင့်ကြပါသည်။

အလှူခံဘက်ကပုဂ္ဂိုလ် စိတ်မချရပါလျှင် သံဃိကလှူသင့် ပါသည်။

- **ပေးလှူသူသည် သီလရှိ၏။ ကောင်းသောသဘောရှိ၏။ အလှူပုဂ္ဂိုလ်ကား သီလမရှိ။ ယုတ်ညံ့သောသဘောရှိ၏။**

ဤအလှူသည် လှူသူဘက်မှ စင်ကြယ်၏။ အလှူခံဘက်မှ

မစင်ကြယ်။

- ပေးလှူသူသည် သီလမရှိ။ ယုတ်ညံ့သောသဘော ရှိ၏။ အလှူခံပုဂ္ဂိုလ်ကား သီလရှိ၏။ ယုတ်ညံ့သောသဘော မရှိ။

ဤအလှူသည် အလှူခံဘက်က စင်ကြယ်၏။

- ပေးလှူသူကလည်း သီလမရှိ။ ယုတ်ညံ့သောသဘော ရှိ၏။ အလှူခံကလည်း သီလမရှိ၊ယုတ်ညံ့သောသဘော ရှိ၏။

ဤအလှူသည် အလှူခံ၊ အလှူပေး **နှစ်ဘက်မစင်ကြယ်**။

- ပေးလှူသူကလည်း သီလရှိကောင်းသောသဘောရှိ၏။ အလှူခံကလည်း သီလရှိကောင်းသောသဘော ရှိ၏။

ဤအလှူသည် အလှူခံ၊ အလှူပေး နှစ်ဘက်စင်ကြယ်၏။

အလှူစင်ကြယ်ခြင်းကြောင့် အကျိုးပေး ကြီးကျယ်တတ်ပေသည်။

လုပ်ငန်းကျွမ်းကျင်သော လယ်သမားတစ်ဦးသည် မြေဆီဩဇာ ကုန်ခန်းနေသောမြေကို ပယ်ကာ သဘာဝမြေဆီဩဇာ စသည်ကို အချိုးစပ်ကျကျ ထည့်ပြီးလျှင် ပင်ကိုသဘောအားဖြင့်ဖြစ်စေ၊ ပြုပြင်ထားသောအားဖြင့်ဖြစ်စေ အကောင်းဆုံးသော မျိုးစေ့များကို စိုက်ပျိုးထားသည်။ ထို့နောက် နေ့ရောညပါ ဂရုတစိုက် စောင့်ရှောက်သည်။ ဤသို့ဖြင့် အခြားသူများ၏

အထက်တန်းစား အကောင်းစား လယ်ယာထက်ပင် သီးနှံစပါး ပိုထွက်သည်။

လယ်သမားသည် မိမိ၏ အရည်အချင်း ပြည့်ဝမှုကြောင့် အညံ့စားလယ်၌သော်လည်း စပါးပိုရသကဲ့သို့ သီလရှိသော ပုဂ္ဂိုလ်သည် မိမိအရည်အချင်း ပြည့်ဝမှုကြောင့် ဒုဿီလအား ပေးလှူရသော်လည်း အကျိုးများစွာ ရရှိတတ်ပါသည်။

(အံ-ပါ-၁-၃၉၂)

**အင်္ဂါ(၆)ပါး ပြည့်စုံစွာလှူပါမှ အကျိုးကြီးမည်**

အလှူရေစက် လက်နှင့်မကွာ လှူကြသော်လည်း အလှူလှူရာဝယ် အကျိုးကြီးမားစွာ ခံစားနိုင်ကြစေရန် အလှူကို ဂရုတစိုက်လှူရန် လိုအပ်ပါသည်။ မိမိတို့ ကုန်ကျသလောက် အကျိုးရအောင် ဘုရားရှင်က နည်းပေးထားပါသည်။ အင်္ဂါ(၆)ပါးရှိသော အလှူကို ပေးလှူက အကျိုးကြီးစွာ ရသည်ဟု ဘုရားရှင်က ဟောကြားထားခဲ့ပါသည်။

ပေးလှူသော အလှူဒါယကာသည်-

၁။ မလှူခင်ကလည်း ဝမ်းမြောက်နေရမည်။

၂။ ပေးလှူဆဲမှာလည်း စိတ်ကြည်လင်စေရမည်။

၃။ ပေးလှူပြီးနောက် နှစ်သက်ကျေနပ်နေစေရမည်။

ပေးလှူ ႔ ဒါယကာဘက်မှ အင်္ဂါ(၃)ပါး ဖြစ်သည်။

အလှူခံပုဂ္ဂိုလ်သည်–
၁။ တပ်မက်မှုရာဂ ကင်းရမည်၊ သို့မဟုတ် ရာဂကင်းအောင် ကျင့်နေသူ ဖြစ်ရပါမည်။
၂။ အမျက်ဒေါသကင်းရမည်၊ သို့မဟုတ် အမျက်ဒေါသ ကင်းအောင် ကျင့်နေသူ ဖြစ်ရပါမည်။
၃။ တွေဝေမှုမောဟ ကင်းရမည်၊သို့မဟုတ် တွေဝေမှုကင်း အောင် ကျင့်နေသူ ဖြစ်ရပါမည်။

အလှူခံဘက်က အင်္ဂါ(၃)ချက် ဖြစ်ပါသည်။

ရာဂ၊ ဒေါသ၊ မောဟ ကင်းစင်ပြီး အသဝေါ မရှိတော့ဘဲ သီလကို စောင့်ရှောက်လျက် မြတ်သောအကျင့်ကို ကျင့်နေသူများသည် အလှူပြည့်စုံမှု၏ လယ်ယာမြေသဖွယ် ဖြစ်ကြပါသည်။

လက်၊ ခြေ၊ ပါးစပ်တို့ကို ဆေးကြောပြီး ကိုယ်တိုင် လက်ဖြင့်ပေးလှူသည့်အတွက် မိမိ၏အလှူသည် တမလွန်လောကမှာ အကျိုးကြီးမားလှပါသည်။

သဒ္ဓါတရား အားကောင်းသော ပညာရှိသည် ဝန်တိုမှု အညစ်အကြေး ကင်းလွတ်သော စိတ်နှင့် လှူဒါန်းသည့်အတွက် ဆင်းရဲကင်းကွာ ချမ်းသာသော နတ်ပြည်မှာ ဖြစ်ကြရသည်။
(အံ–ပါ–၂–၂၉၅)

အလှူခံပုဂ္ဂိုလ် အင်္ဂါဝယ် ရဟန္တာမှ မဟုတ်ပါ။ အနာဂါမ်၊ သကဒါဂါမ်၊ သောတာပန် ပုဂ္ဂိုလ်တို့အား ပေးလှူကလည်း

အင်္ဂါ(၆)ပါးနှင့် ပြည့်စုံသော အလှူဖြစ်ပါသည်။ ယုတ်စွအဆုံး ထိုနေ့မှ ရှင်ပြုသော သာမဏေသော်မှလည်း ပေးလှူသော အလှူသည် အင်္ဂါ(၆)ပါးနှင့် ပြည့်စုံပါသည်။ အဘယ့်ကြောင့် ဆိုသော် ထိုသာမဏေသည် သောတာပတ္တိမဂ် အလို့ငှာ ရှင်ပြုလာသူ ဖြစ်သောကြောင့် ဖြစ်ပါသည်။

မုဉ္စစေတနာ၏ရှေ့က လှူဖွယ်ဝတ္ထုများကို စုဆောင်းချိန်က စပြီး စည်းစိမ်ချမ်းသာ၏ အကြောင်းဖြစ်သည့် သွားရာဘဝကို အစဉ်တစိုက် လိုက်ပါတတ်သော အလှူကို ပေးလှူရတော့မည်ဟု ဝမ်းမြောက်ဝမ်းသာ ဖြစ်နေရပါမည်။

အလှူဒါန ပြုလုပ်ရာဝယ် ပေးလှူတော့မယ်ဟု စိတ်ဖြစ်ချိန်က စပြီး ဒီလယ်က ဖြစ်ပေါ်လာသော ပစ္စည်းနှင့် အလှူဒါန ပြုလုပ်မယ်ဟု လယ်ကိုသိမ်းယူခြင်းကို အစပြု၍ ကြံစည်စိတ်ကူးနေသော ပုဂ္ဂိုလ်၏ သန္တာန်မှာ ပုဗ္ဗစေတနာ ဖြစ်နေပါသည်။

လှူဖွယ်ဝတ္ထုကို အလှူခံလက်ထဲ ပေးလှူစဉ် အနှစ် မရှိသော ပစ္စည်းဥစ္စာဖြင့် အနှစ်ရှိသော အလှူကို ပေးလှူရသည်ဟု မိမိစိတ်ကို ကြည်လင်စေရပါမည်။

အလှူခံပုဂ္ဂိုလ်အား လှူဖွယ်ဝတ္ထုကို စွန့်လွှတ်ပြီးနောက် ပညာရှိတွေ၏ အလုပ်ဟု ဆိုအပ်သော အလှူကို ငါပေးလှူပြီး ဖြစ်စေပြီ၊ ကောင်းလှပါပေတယ်ဟု နှစ်သက်ဝမ်းမြောက်နေလျှင် အပရစေတနာ မြောက်နေပါသည်။

သမုဒ္ဒရာရေကို ပြည်ပေါင်း ဘယ်နှစ်ရာ ရှိသည်ဟူ၍ တိုင်းတာရေတွက်၍ မလွယ်လှပါ။ ကြီးမားသော ရေထုဟူ၍သာ ခေါ်ဆိုရသကဲ့သို့ အင်္ဂါ(၆)ပါးနှင့် ပြည့်စုံသော အလှူ၏ ဆင့်ကဲ ဆင့်ကဲ ဖြစ်ပေါ်လာသော ကောင်းမှုစေတနာကို ဘယ်လောက်ရှိသည်၊ ဘယ်လောက်ကောင်းမြတ်သော အဆင့်ကို ပေးတတ်သည်၊ ဘယ်လောက်ချမ်းသာသော အကျိုးရှိသည်၊ ဘယ်လောက် နတ်ပြည်မှာ ဖြစ်စေသည်၊ ဘယ်လောက် အလိုရှိအပ်၊ နှစ်သက်အပ်၊ မြတ်နိုးအပ်၊ စီးပွားချမ်းသာကို ဖြစ်စေတတ်သည်ဟု ကုသိုလ်ကောင်းမှုကို တိုင်းတာရန် မလွယ်လှပါ။ မရေတွက်၊ မနှိုင်းယှဉ်၊ မတိုင်းတာနိုင်သော ကုသိုလ်အစုအပုံကြီးဟူ၍သာ ခေါ်ရသည်။

## ရဟန်းကောင်းကို ဆည်းကပ်ရသူတို့အကျိုး

ရဟန်းများ၏ သီလနှင့် ပြည့်စုံမှုသည် မိမိအတွက်သာ အကျိုးရှိသည် မဟုတ်။ မိမိအား ဆည်းကပ်ကိုးကွယ်သော ဒါယကာ၊ ဒါယိကာမများအတွက်လည်း အကျိုးရှိလှပါသည်။ ထို့ကြောင့် ရဟန်းတော်များသည် အစွမ်းကုန် သီလစောင့်ထိန်းကြရန် လိုအပ်ပါသည်။

"ရဟန်းတို့၊ သီလနှင့်ပြည့်စုံသော ရဟန်းသာမဏေတို့ သီတင်းသုံးနေထိုင်သော မြို့ရွာ နိဂုံး၌ နေထိုင်ကြသူတို့သည်

ကိုယ်၊ နှုတ်၊ စိတ်ဟူသော အကြောင်းသုံးပါးတို့ဖြင့် များသော ကုသိုလ်ကောင်းမှုတို့ကို ဖြစ်ပွားစေကုန်၏”

(အံ-ပါ-၁-၁၅၀)

- ရဟန်းများ ကြွလာသည့်အခါ ကြိုဆိုသူ၊ လိုက်ပို့သူ၊ ဆွမ်းစားဇရပ်၌ တံမြက်လှည်းမှု၊ မြေညက်လိမ်းမှု စသည်တို့ကို ပြုလုပ်သူ၊ နေရာခင်းပေးသူ၊ သောက်ရေ၊ သုံးရေ တည်ထားသူတို့သည် ကိုယ်ဖြင့် ကောင်းမှုကို တိုးပွားစေသူတို့မည်ပါသည်။
- ရဟန်းသံဃာများ ဆွမ်းခံဝင်လာသည်ကို တွေ့ရသောအခါ ယာဂုဆွမ်း စသည်တို့ကို ပေးလှူကြ၊ နံ့သာပန်း စသည်တို့ဖြင့် ပူဇော်ကြ၊ ဥပုသ်စောင့်ကြ၊ တရားနာကြ၊ စေတီကို ရှိခိုးကြ စသည်ဖြင့် ဆော်ဩပြောဆိုသူတို့သည် နှုတ်ဖြင့် ကုသိုလ်ကောင်းမှုကို ပွားစေသူတို့ မည်ပါသည်။
- ဆွမ်းခံဝင်လာသော ရဟန်းတို့ကို တွေ့ရသည့်အခါမှာ ပြည့်ပြည့်ဝဝ ရကြပါစေဟု စိတ်ထဲက ကြံတွေးနေသူတို့သည် စိတ်ဖြင့် ကုသိုလ်ကောင်းမှုကို ပွားစေသူတို့ မည်၏။

(အံ-၄-၂-၁၃၇)

- ထို့ပြင် သီလရှိသော ရဟန်းတော်များ အိမ်သို့ဝင်ရောက်ပါလျှင် အိမ်သူတို့က ကြည်ညိုသဒ္ဓါ ဖြစ်စေသင့်သည်၊

ကြို ဆိုသင့်ပါသည်။ နေရာခင်းပေးသင့်သည်၊ ဝန်တိုမှု ကင်းရှင်းရမည်၊ စွမ်းအားအလျောက် လှူဒါန်းရမည်၊ ဘာသာရေးနှင့် ပတ်သက်၍ သိလိုသော အချက်များကို မေးမြန်းလျှောက်ထားရမည်။

ဤသည်မှာ ရဟန်းကောင်းများကို ဆည်းကပ်ကိုးကွယ်ခွင့်ရသော ဒါယကာ၊ ဒါယိကာမများ၏ ရတောင့်ရခဲသော အကျိုးဖြစ်ပါသည်။

သီလရှိသောရဟန်း အိမ်သို့ ဝင်ရောက်ခဲ့ပါလျှင်–

(၁) အိမ်နေသူများက တွေ့ရ မြင်ရ၍ စိတ်ထဲက ကြည်ညိုသဒ္ဓါ ဖြစ်ပွားနေချိန်မှာ ထိုအိမ်နေ လူအပေါင်းသည် နတ်ပြည်၌ဖြစ်စေတတ်သော အကျင့်ကို ကျင့်သည်မည်ပါသည်။

(၂) ကြိုဆိုချိန်၊ ရှိခိုးချိန်၊ နေရာခင်းပေးချိန်မှာ ထိုအိမ်နေ လူအပေါင်းသည် မြင့်မြတ်သော အမျိုး၌ ဖြစ်စေတတ်သော အကျင့်ကို ကျင့်သည်မည်ပါသည်။

(၃) အိမ်နေလူများက ဝန်တိုမှု အညစ်အကြေးကို ပယ်ဖျောက်ချိန်မှာ ထိုအိမ်နေလူအပေါင်းသည် တန်ခိုးကြီးခြင်းကို ဖြစ်စေတတ်သော အကျင့်ကို ကျင့်သည်မည်ပါသည်။

(၄) အိမ်နေလူများက စွမ်းအားရှိသလောက် ခွဲစိတ်ဝေဖန် လှူဒါန်းပါက ထိုအိမ်နေလူအပေါင်းသည် ဥစ္စာပေါများ

ခြင်းကို ဖြစ်စေတတ်သော အကျင့်ကို ကျင့်သည်မည်ပါသည်။

(၅) အိမ်နေလူအများက မသိသောကိုမေးခြင်း၊ တရားနာခြင်းပြုနေပါက ထိုအိမ်နေလူ များပေါင်းသည် ပညာကြီးခြင်းကို ဖြစ်စေတတ်သော အကျင့်ကို ကျင့်သည်မည်ပါသည်။

သီလရှိသော ရဟန်းဝင်ရောက်တတ်သောအိမ်မှ နေထိုင်သူတို့သည် ဤအကြောင်းငါးပါးဖြင့် ကောင်းမှုကုသိုလ် အများအပြားကို တိုးပွားစေပါသည်။ (အံ-ပါ-၂-၂၁၃)

ကိုယ်ကျိုး၊ ကိုယ်စီးပွားကို အလိုရှိကြသောသူတို့သည် သီလရှိသော ရဟန်းများ အိမ်သို့ကြွလာသည်ကို တွေ့မြင်ရလျှင် လှူဖွယ်ဝတ္ထုရှိက လှူပါ၊ လှူဖွယ်ဝတ္ထု မရှိက တည်ခြင်းငါးပါးဖြင့် ရှိခိုးသင့်ပါသည်။ ရှိခိုးရန် ခွင့်မသာပါက ကြည်ညိုမှုကြောင့် မေတ္တာရည်လွှမ်း အေးချမ်းသော မျက်လုံးတို့ဖြင့် ကြည့်ရှုသင့်၊ ဖူးမြော်သင့်ပါသည်။ ဤသို့ ဖူးမြင်ရရုံမျှသော ကုသိုလ်ကြောင့် ဘဝပေါင်းများစွာ–

- မျက်စိရောဂါမဖြစ်။
- မျက်စိကျိန်းစပ်ခြင်းမဖြစ်။
- မျက်သားတက်ခြင်းမဖြစ်။
- မျက်စိစွန်ခြင်းမဖြစ်။
- မျက်လုံး အလွန်ကြည်လင်စွာ ကျက်သရေရှိသည်။

- ရတနာဗိမာန်မှာ ဖွင့်လှစ်ထားသော ပတ္တမြားတံခါးရွက် သဖွယ် ဖြစ်နေသည်။
- ကမ္ဘာတစ်သိန်းမျှ လှူဒါန်းဖြစ်သော စည်းစိမ်ချမ်းသာတို့ကို ရနိုင်သည်။ သီလရှိသော ရဟန်းကို ဖူးမြင်ရခြင်းသည် ဤမျှများပြားသော အကျိုးကို ခံစားရပါသည်။

## သာသနာအတွက် မိမိအတွက် ဒါယကာအတွက် အစဥ်သတိရှိပါ

"ငါဘုရားသည် ကြာမြင့်စွာမတည်၊ ဤသာဝက ရဟန်းသံဃာများသည်သာလျှင် ကြာမြင့်စွာတည်မည်၊ ငါဘုရား၏ အဆုံးအမ သာသနာသည်လည်း ဤရဟန်းသံဃာအပေါင်း၌ သာလျှင် နှစ်ပေါင်းငါးထောင် မြားမြောင်ခံ့ရှည်တည်လေမည်။ ဤရဟန်းသံဃာတော်အပေါင်းသည်လည်း မြတ်သော အလှူကို ခံထိုက်သော ဒက္ခိဏေယျ ပုဂ္ဂိုလ်များ ဖြစ်ပေလိမ့်မည်။ ဤသို့ နောင်လာသူ လူအပေါင်းတို့ သိရှိရန် ရဟန်းသံဃာတော်များအား အလေးပြုလျှင် သာသနာတော်သည်လည်း ကြာမြင့်စွာ တည်လိမ့်မည်"

ဘုရားရှင်၏ အထက်ပါ စကားတော်အရ ဗုဒ္ဓမြတ်စွာ သာသနာ တည်တံ့ရေးသည် သာသနာဝန်ထမ်း မြတ်ရဟန်းတို့က အရေးကြီးလှပါသည်။ သာသနာဝယ် ရဟန်းတော်များ အရေးကြီး

သကဲ့သို့ သာသနာကို အားပေးထောက်ပံ့ကြသော သာသနာ့ဒါယကာတို့သည် ညီညီညာညာ တက်တက်ကြွကြွ တာဝန်ကိုယ်စီကျေပွန်ကြမှသာ သာသနာတော် အရှည်ခန့်၍ တည်တံ့ပြန့်ပွားပါမည်။

ဆရာ၊ ဒါယကာ တာဝန်ကိုယ်စီရှိကြရာဝယ် ဆရာ့တာဝန်အကျဉ်းချုပ်မှာ–

"မကောင်းမြစ်တား၊ ကောင်းရာညွှန်လစ်၊ အသစ်ဟောကြူး၊ နာဖူးထပ်မံ၊ နတ်ထံတင်ရာ၊ မေတ္တာလည်းပြု၊ ရဟန်းမှုခြောက်ခု လွှန်သေချာ" ဖြစ်ပါသည်။

(၁) မကောင်းတာတွေကို မြင်လျှင်၊ ကြားလျှင် တားမြစ်ပေးရမည်။

(၂) ကောင်းသောအရာများကို ညွှန်ကြားပါ။

(၃) မေတ္တာအမြဲပို့ပါ။

(၄) တရားအသစ်ဟောပေးပါ။

(၅) ဟောပြီးသားဖြစ်လည်း ကြေညက်မှတ်မိအောင် ထပ်ဟောပါ။

(၆) နတ်ရွာနိဗ္ဗာန်အတွက် ကျင့်စဉ်တွေပြပေးပါ။

ဤသည်မှာ ဒါယကာများအပေါ် ရှင်ရဟန်းတို့က ကျင့်ရမည့် ဝတ္တရားများပင် ဖြစ်ပါသည်။

ဒါယကာများကလည်း ထိုသို့လမ်းညွှန်မှုပြုသော ဆရာများတို့

အပေါ်၌ တာဝန်ကျေပွန်ရန် လိုအပ်ပါသည်။

"မေတ္တာစိတ်သက်၊ ဆောင်ရွက်ချစ်ကြင်၊ ခင်မင်နှုတ်ချို၊ လိုလျှင်ဖိတ်ထား၊ တတ်အားလှူစေ၊ ဝတ်ငါးထွေ ကျင့်လေဒါယကာ" ဆိုသည့်အတိုင်း

(၁) မေတ္တာကာယကံဖြင့် ဝတ်ကြီး ဝတ်ငယ် ပြုရမည်။

(၂) မေတ္တာဝစီကံဖြင့် ချေချေငံငံ ဆက်ဆံရမည်။

(၃) မေတ္တာမနောကံဖြင့် စိတ်နှလုံးကောင်း မွေးရမည်။

(၄) ပစ္စည်းလေးပါးဖြင့် အမြဲတမ်း ဖိတ်ထားရပါမည်။

(၅) ပစ္စည်းလေးပါးနှင့် ထောက်ပံ့ချီးမြှောက်ရမည်။

**ဆရာ၊** ဒါယကာ အသီးသီးတွင် ဘုရားရှင် ညွှန်ကြားထား**သော တာဝန်အသီးသီး ရှိကြသည်မှန်သော်လည်း ခက်ခဲမှုသည်လည်း ကိုယ်စီရှိကြပါသည်။ သာသနာ့ဝန်ထမ်း ရှင်ရဟန်းများမှာ–**

(၁) ချမ်းသာခံစားမှု၏ တည်ရာငါးပါး (ကာမုပဓိ)

(၂) ခန္ဓာနှင့်စပ်သော ဆင်းရဲခြင်း၏ တည်ရာခန္ဓာငါးပါး (ခန္ဓုပဓိ)

(၃) အပါယ်ဆင်းရဲ၏ တည်ရာကိလေသာ (၁၀)ပါး၊ (ကိလေသုပဓိ)

(၄) ဘဝဆင်းရဲ၏တည်ရာ အဘိသင်္ခါရ စေတနာ (သင်္ခါရုပဓိ)

ဟူသော ဥပဓိလေးပါးတို့၏ ချုပ်ရာ နိဗ္ဗာန်အတွက် ကျင့်

သုံးနေထိုင်ရသည်မှာ အလွန်ခက်ခဲလှပါသည်။

ထိုခက်ခဲမှုနည်းတူ–

- ဝိနည်းသိက္ခာပုဒ်တို့ကို စောင့်ထိန်းရခြင်း (ပါတိမောက္ခ သံဝရသီလ)
- ဣန္ဒြေတို့ကို စောင့်ထိန်းရခြင်း (ဣန္ဒြိယသံဝရသီလ)
- စင်ကြယ်စွာ အသက်မွေးရခြင်း (အာဇီဝပါရိသုဒ္ဓိသီလ)
- ပစ္စည်းလေးပါး၌ ကောင်းစွာမှီဝဲရခြင်း (ပစ္စယသန္နိဿိတ သီလ)ဟူသော သီလကျင့်ဝတ်သိက္ခာများ–
- စာပေကျမ်းဂန်များကို သင်အံပို့ချ ရေးသားရခြင်း**တာဝန်** (ပရိယတ္တိ)
- တရားဘာဝနာ ဟောပြောပြသ ကျင့်သုံးရခြင်း (ပဋိပတ္တိ)

ဟူသော တာဝန်ဝတ္တရားများကို မချွတ်ကေန် ကျင့်သုံးကြရမည်မှာလည်း အခက်အခဲများစွာ ရှိကြပေသည်။

ရှင်ရဟန်းနည်းတူ လူဒါယကာတို့မှာလည်း ရှင်ရဟန်းတို့အား ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ပစ္စည်းလေးပါးတို့ဖြင့် ထောက်ပံ့ပြုမှု ဆိုသည်မှာလည်း အလွန်ခက်ခဲလှပေသည်။

လူဒါယကာတို့မည်သည် စားဝတ်နေရေး၊ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး၊ ပညာရေး စသည့် တာဝန်များဖြင့် အမြဲလုံးပန်းနေရသဖြင့် သာသနာအတွက်၊ ရှင်ရဟန်းအတွက် အစဉ်ထာဝရ ထောက်ပံ့ဖို့ဆိုသည်မှာလည်း ခက်ခဲလှပေသည်။

သို့သော် ဘုရားရှင် သာသနာတော်သည် ဆရာရှင်ရဟန်းဘက်က တာဝန်ကိုကျေအောင် ကျင့်ကြံလျှင် လှူဒါယကာတို့မှာ အကျိုးစီးပွား ဖြစ်ကြပြီး သာသနာတော်ကို ယုံယုံကြည်ကြည် လေးလေးစားစား ထောက်ပံ့ကြမည်၊ ကူညီကြမည်၊ မေတ္တာထားကြမည်၊ ဆက်ဆံ တပည့်ခံကြမည်မှာ သေချာလှပါသည်။

ထို့ကြောင့် ရှင်ရဟန်းများသည် သာသနာတော် အရှည်တည်တံ့ရေးအတွက်လည်းကောင်း၊ ဒါယကာတို့အတွက် လယ်ယာမြေကောင်းသဖွယ် ဖြစ်စေရန်အတွက်လည်းကောင်း မိမိတို့၏ အကျင့်သိက္ခာ တာဝန်များကို ကျေပွန်အောင် ကျင့်ကြံအားထုတ်ကြရပါမည်။

ထိုသို့ တာဝန်ကျေအောင် ကျင့်ကြံအားထုတ်ကြလျှင်–

- မိမိတို့အဖို့မှာလည်း မဂ်ဖိုလ်နိဗ္ဗာန် ရောက်ပါမည်။
- လှူဒါန်းသူ ဒါယကာတို့မှာလည်း ပစ္စုပ္ပန် သံသရာအကျိုးပွားကြပါမည်။

ထို့ကြောင့် ရှင်ရဟန်းသည် သာသနာတော် တည်တံ့ရေးအတွက် မိမိတာဝန်ကို အစဉ် သတိရှိနေစေရပါမည်။

# အခန်း(၄)

# နေ့ခက်ဆုံးရည်မှန်း နိဗ္ဗာန်နန်းသို့

**မမေ့မလျော့မှု သတိသဘောကို သိပါစေ**

မမေ့မလျော့မှုတရားသည် ကုသိုလ်တရားတို့၌ ကျေးဇူးများသော တရားတစ်မျိုး ဖြစ်သည်။ အကျိုးရှိသမျှ တရားအကုန်လုံးကို မှန်ကန်တိကျစွာ ပြုကျင့်အောင် ကျေးဇူးပြုတတ်သည်။ တွန်းအားပေးတတ်သည်။

မမေ့မလျော့မှုတရားသည်

- သီလဖြည့်ကျင့်မှု၌ အစဉ်ကျေးဇူးပြုတတ်သည်၊ တွန်းအားပေးတတ်သည်။
- ဣန္ဒြေတို့ကို စောင့်ရှောက်မှု၌လည်း ကျေးဇူးပြုတတ်သည်။

- **အစားအသောက်၌လည်း** အတိုင်းအရှည် ပမာဏကို **သိနားလည်မှု၌** ကျေးဇူးပြုတတ်သည်။
- နိုးကြားတက်ကြွ ကြိုးစားမှု၌လည်း ကျေးဇူးပြုတတ်သည်။
- **သူတော်ကောင်း**တရား ခုနစ်ပါးတို့ ဖြစ်ပွားစေခြင်း၌လည်း ကျေးဇူးပြုတတ်သည်။
- မဂ်၏ရှေ့အဖို့ဖြစ်သော ဝိပဿနာဉာဏ် ပွားစေခြင်း၌လည်း ကျေးဇူးပြုတတ်သည်။
- အတ္တပဋိသမ္ဘိဒါ စသည် ရရှိခြင်းတို့၌လည်း ကျေးဇူးပြုတတ်သည်။
- သီလအစုစုသော ငါးပါးသော တရားအစုတို့၌လည်း ကျေးဇူးပြုတတ်သည်။
- အကြောင်းဟုတ်သည်၊ မဟုတ်သည်ကို သိနားလည်ခြင်း၌လည်း ကျေးဇူးပြုတတ်သည်။
- မြင့်မြတ်သော ဈာန်သမာပတ် ဝင်စားခြင်း၌လည်း ကျေးဇူးပြုတတ်သည်။
- အရိယာသစ္စာတို့ကို ပွားခြင်း၌လည်း ကျေးဇူးပြုတတ်သည်။
- **သတိပဋ္ဌာန်စသော ဗောဓိပက္ခိယ**တရား (၃၇)ပါး ဖြစ်ပွားခြင်း၌လည်း ကျေးဇူးပြုတတ်သည်။

– **ဝိပဿနာဉာဏ်၊ မဂ်နောမယိဒ္ဓိဉာဏ်** စသည်တို့၌လည်း ကျေးဇူးပြုတတ်သည်။

– ဝိဇ္ဇာရှစ်ပါးတို့၌လည်း ကျေးဇူးပြုတတ်သည်။

ဤသို့လျှင် အပြစ်ကင်းသော ကုသိုလ်တရား အားလုံးတို့၌ ကျေးဇူးများလှပေသည်။

– အသက်ရှည်လိုသူ

– အနာရောဂါကင်းလိုသူ

– အဆင်းလှလိုသူ

– နတ်ပြည်ရောက်လိုသူ

– အမျိုးမြတ်မှာ ဖြစ်လိုသူ

– ဆင့်ကဲ ဆင့်ကဲ မွေ့လျော်ပျော်ပိုက်မှု မျိုးစုံကို ရလိုသူတို့သည် ဤမမေ့လျော့မှု သတိတရားကို **လက်ကိုင်ထားရမည်။**

ဤမမေ့မလျော့သောသူသည် မျက်**မှောက် အကျိုးစီးပွား၊** တမလွန်အကျိုးစီးပွားဟူသော **အကျိုးစီးပွား (၂)မျိုးကို** ရယူသိမ်းပိုက်နိုင်သည်။ ယင်းအကျိုးနှစ်မျိုး **ရရှိခြင်းအကြောင်းကြောင့်** ဆန့်ကျင်ဘက် မေ့လျော့မှုတရားတို့ကို **သုတ်သင်ဖယ်ရှားတတ်သူ**ကို ပညာရှိဟု ဆိုပါသည်။

အပြစ်မရှိသောလုပ်ငန်းဖြင့် **ရှာဖွေစုဆောင်း၍–**

– ပစ္စည်းဥစ္စာများ ပေါကြွယ်ခြင်း၊

– လုပ်ငန်းကိစ္စဟူသမျှ ချောချော**မောမောပြီးစီး အောင်မြင်**ခြင်း၊

- ကျန်းမာရေးအတွက် ကြိုတင်ပြင်ဆင်ထားနိုင်ခြင်း၊
- အသက်မွေးဝမ်းကျောင်းအတွက် ပညာများ သင်ယူထားနိုင်ခြင်း၊
- တပည့်လက်သား စည်းရုံးထားနိုင်ခြင်း၊

စသည်တို့သည် လူများအတွက် မျက်မှောက်အကျိုးများဖြစ်သကဲ့သို့

- ပစ္စည်းလေးပါးတို့ကို လွယ်လင့်တကူရရှိခြင်း၊
- ဉာဏ်ဖြင့်ဆင်ခြင်သုံးစွဲခြင်း၊
- ဉာဏ်ဖြင့်ဆင်ခြင်၍ ရှောင်သင့်သည်ကို ရှောင်ကြဉ်ခြင်း၊
- ကိုယ်တွင်းကိုယ်ပ ဝတ္ထုတို့ကို ရှင်းလင်းအောင် ပြုလုပ်ခြင်း၊
- အလိုနည်းခြင်း၊
- ကိုယ်မှာရှိသော ပစ္စည်းဖြင့် ကျေနပ်ခြင်း၊
- လူတို့မှ ကင်းဆိတ်ခြင်း၊ မရောနှောခြင်း၊
- စိတ်နှလုံးသာယာအောင် ပြုခြင်း

တို့သည် ရှင်ရဟန်းအတွက် မျက်မှောက်အကျိုးများ ဖြစ်ကြပါသည်။

- သင့်တော်ရာအရပ်၌ နေထိုင်ရခြင်း၊
- သူတော်ကောင်းတို့ကို မှီဝဲဆည်းကပ်ရခြင်း၊

- သူတော်ကောင်းတရားကို ကြားနာရခြင်း၊
- အသင့်အတင့် နှလုံးသွင်းနိုင်ခြင်း၊

စသည်တို့သည်ကား ရှင်ရဟန်းနှင့် လူတို့အတွက် မျက်မှောက် အကျိုးစီးပွားများ ဖြစ်ကြပေသည်။

**မေ့လျော့သူသည် သေခြင်း၏အကြောင်း**

- မမေ့မလျော့ မပေါ့ဆခြင်းသည် နိဗ္ဗာန်ရောက်ကြောင်း အကျင့်ဖြစ်သည်။ မေ့လျော့ပေါ့ဆခြင်း အကုသိုလ်တရားသည် အဖန်တလဲလဲ သေရခြင်း၏ အကြောင်းဖြစ်သည်။
- မမေ့မလျော့မပေါ့ဆသူတို့သည် (များမကြာမီအတွင်း မဂ်ဖိုလ်ကို ရနိုင်သဖြင့်) မသေရတော့ချေ။

မေ့လျော့သောသူသည်ကား လူသေနှင့် အလားတူပင် ဖြစ်တော့သည် ဟူ၍ ဘုရားရှင်က ဟောကြားထားခဲ့ပါသည်။

မေ့လျော့သောသူသည် ဒါနစသော ကုသိုလ်ကောင်းမှုတို့ကို မပြုလုပ်နိုင်သည့်အပြင် သမထ၊ ဝိပဿနာ၊ ဘာဝနာကိုလည်း ကြိုးစားအားထုတ်မည် မဟုတ်ပါ။ ထိုသို့ အားမထုတ်သဖြင့် အရဟတ္တဖိုလ်ရရန် မရှိချေ။

အရဟတ္တဖိုလ် မရသောသူသည် ပဋိသန္ဓေနေရမှု ဇာတိကို မကျော်လွန်နိုင်။ ဇာတိရှိသူနောက်သို့ အိုမှု၊ နာမှု၊ သေမှုတို့သည် ထပ်ကြပ်မကွာ လိုက်ပါလာတတ်သည်ဖြစ်၍ မေ့လျော့ခြင်းသည်

သေခြင်း၏ အကြောင်း ဖြစ်တော့သည်သာ။

မေ့လျော့ပေါ့ဆသူအတွက် အဆက်မပြတ် လည်တတ်သော ကမ္မဝဋ်၊ ဝိပါကဝဋ်၊ ကိလေသာဝဋ်ဟူသော ဝဋ်သုံးမျိုးကို ဤမျှလောက်သာ လည်လိမ့်မည်ဟူ၍ မပိုင်းဖြတ်နိုင်ချေ။

မမေ့လျော့သူအတွက်မူ သောတာပန်ဖြစ်က (၇)ဘဝမျှသာ လည်တော့မည်ဟု ပိုင်းဖြတ်နိုင်သည်။

မမေ့လျော့သောသူတို့သည် ရတနာသုံးပါးဂုဏ် စသည်နှင့် အာနာပါနစသော သမထ ဝိပဿနာအာရုံတို့၌ ရှုမှတ်သောအားဖြင့် မိမိ၏ သန္တာန်၌ သတိတရား တိုးပွားလာအောင် ထူထောင်ကြသည့်အတွက် လျင်မြန်စွာ မဂ်ဖိုလ်ကို မျက်မှောက်ပြုနိုင်ကြသည်။

ဤသို့ဖြင့် ဒုတိယဘဝ၊ တတိယဘဝတို့သို့ မဖြစ်ရတော့ချေ။ သို့အတွက် ထိုသူများသည် အသက်ရှင်နေသည်ဖြစ်စေ၊ သေနေသည်ဖြစ်စေ မသေကြရမှုတို့သာ ဖြစ်သည်။

"မမေ့မလျော့သော ပညာရှိသည် ကာသိဏ်းစသော အာရုံ အနိစ္စလက္ခဏာ စသည်တို့ကို ရှုးရှူးစိုက်စိုက်ရှုကြည့်လျက် မပြတ်ဖြစ်သော ကာယိကဝီရိယ၊ စေတသိကဝီရိယ ရှိကြသည့်အပြင် မတွန့်မဆုတ် အားထုတ်ကြသည်ရှိသော် အမြတ်ဆုံးဖြစ်သော ယောဂဘေးကင်းဝေးရာဖြစ်သော နိဗ္ဗာန်ကို ဖလသမာပတ် ဝင်စားကာမျှဖြင့် ကေန်ထိတွေ့နိုင်ကြပါသည်"

ဘုရားရှင်က ဓမ္မပဒ အပ္ပမာဒဝဂ်၌–

"သာသနာ့ဝန်ထမ်း ရှင်ရဟန်းသည် မေ့လျော့ပေါ့ဆမှု မရှိကြသည့်ပြင် လုံ့လဝီရိယရှိရမည်၊ သတိရှိရမည်၊ ကံသုံးပါး စင်ကြယ်စေရမည်၊ စဉ်းစားဆင်ခြင်၍ ပြုလုပ်ရမည်၊ ကိုယ်နှုတ် စောင့်စည်းရမည်၊ တရားသဖြင့် အသက်မွေးရမည်။ ဤသို့ ကျင့်သုံးနေထိုင်သူမှာ ခြွေရံသင်းပင်း ဂုဏ်သတင်း ပွားတိုးနိုင်မည်"

"ပညာရှိသည် ထကြွလုံ့လ ဝီရိယရှိခြင်း၊ မမေ့မလျော့ မပေါ့ဆခြင်း၊ ကိုယ်နှုတ်စိတ်ကို စောင့်စည်းခြင်း၊ ဣန္ဒြေတို့ကို ဆုံးမခြင်းတို့ဖြင့် ဩဃရေယာဉ် မလွှမ်းမိုးနိုင်သော အရဟတ္တဖိုလ် တည်းဟူသော မှီခိုရာကျွန်းကို ဧကန်မုချ ရောက်ရမည်"

လောကတွင် သမုဒ္ဒရာဟူသည် နက်လည်းနက်၏၊ ကျယ်လည်းကျယ်၏။ တစ်ဘက်ကမ်းကို မျှော်မှန်းကြည့်၍ မမြင်နိုင်ရသကဲ့သို့ ဘဝသံသရာဟူသည်လည်း နက်၏၊ ကျယ်၏၊ အဆုံးကမ်းကို မမြင်နိုင်။

ဘဝသံသရာ သမုဒ္ဒရာထဲ၌ မျောပါနေကြသော သတ္တဝါတို့မှာ ထောက်တည်ရာရဖို့ မလွယ်ပါ။ ကံကောင်းထောက်မ၍ ပဋိသန္ဓေက ပါလာသော ပညာရှိရန်အပြင် ယခုကဲ့သို့ သာသနာတော်နှင့် ကြုံကြိုက်သော ခေတ်အခါမျိုးမှာသာ ကြုံတွေ့နိုင်သော–

- ထကြွလုံ့လ ကြိုးစားအားထုတ်မှုဆိုသော ဝီရိယတရား၊
- သတိမကင်း မမေ့ခြင်းဆိုသော သတိတရား၊

- ထက်ဝန်းကျင် စင်ကြယ်အောင် စောင့်စည်းခြင်းဆိုသော စတုပါရိသုဒ္ဓိသီလ၊
- ဣန္ဒြေများကို စောင့်စည်းခြင်းဆိုသော ဣန္ဒြိယသံဝရ သီလ၊

သစ်၊ ဝါး၊ လှေ၊ ဖောင် သဖွယ်ဖြစ်သော ဤတရားလေးပါးကို တွေ့မည်။ အားကိုးတစ်ခုအနေဖြင့် တွယ်ဖက်ထားမည်ဆိုပါက ကာမောဃ၊ ဘဝေါဃ၊ ဒိဋ္ဌောဃ၊ အဝိဇ္ဇောဃဆိုသော ရေအလျဉ် ဖျက်ဆီးမှုကို မခံရဘဲ အရေဟတ္တဖိုလ်ဆိုသော ခိုကိုးအားထားရာ ကျွန်းသာယာသို့ ရောက်ပါမည်။

## မမေ့မလျော့ ကြိုးစားကြဖို့လိုသည်

လောကတွင် ပုထုဇဉ် ရှင်ရဟန်းတို့သည် မိမိတို့၏ အလို အကြိုက် စရိုက်ဝါသနာအားလျော်စွာ ပြုမူနေထိုင်တတ်ကြပါသည်။ သဘောတူသူချင်း ပေါင်းသင်းပြီး အချို့က ပစ္စည်းဥစ္စာကို ရသည့်နည်းနှင့်ရှာပြီး ဟားလားဝါးလား ပျော်ပျော်ပါးပါး နေတတ်ကြသည်။ ရှင်ရဟန်းဖြစ်လျက် ပရိယတ် ပဋိပတ် လုပ်ငန်းများကို စွန့်ပစ်ထားတတ်ကြသည်။

ထိုရှင်ရဟန်းများနောက်သို့ ယခုဘဝများမှာပင် မကောင်းသော ဂုဏ်သတင်း ထွက်ပေါ်ခြင်း၊ စီးပွားဥစ္စာ ပျက်စီးခြင်း၊ လာဘ်လာဘနည်းခြင်း စသော အကျိုးများနှင့် ဘဝသံသရာဝယ်

အပါယ်၌ဖြစ်ရသော အကျိုးများက ထပ်ကြပ်မကွာ လိုက်ပါနေတတ်ပါသည်။

အချို့သော ရှင်ရဟန်းသည် ဥစ္စာပစ္စည်း လာဘ်လာဘကိုမငဲ့၊ ပရိယတ် ပဋိပတ်ကို ကြိုးစားသင်ယူသည်။ အားထုတ်ကြသည်။ ထိုရှင်ရဟန်းတို့တွက် ယခုဘဝ၌ပင် ကျော်စောသတင်း ထွက်ပေါ်ခြင်း၊ လာဘ်လာဘ ပေါများခြင်း စသော အကျိုးစီးပွားများ လိုက်ပါလာတတ်သည်။ ဘဝသံသရာဝယ် လူ့ရပ် နတ်ပြည်၌ ဖြစ်၍ စည်းစိမ်ချမ်းသာ ပြည့်ဝသော အကျိုးစီးပွားများက အရိပ်ပမာ ထပ်ကြပ်မကွာ လိုက်ပါနေတတ်ပါသည်။

သို့အတွက် ရှင်ရဟန်းသည် မမေ့မလျော့ မပေါ့မဆ (အပ္ပမာဒ)တရားကို အလေးထားရပါမည်။ ဘုရားရှင်က အင်္ဂုတ္တိုရ် ပါဠိတော် (၁၆)၌–

"မေ့လျော့မှုတရားသည် အကျိုးမဲ့ အများအပြားဖြစ်ရန် အတွင်းအကြောင်းဖြစ်သည်။ မမေ့မလျော့မှုသည် အကျိုးစီးပွားအများအပြားဖြစ်ရေး၌ အတွင်းအကြောင်းဖြစ်သည်"

ဟူ၍ ဟောတော်မူခဲ့ပါသည်။

ထို့ပြင် ဥဋ္ဌာနသုတ်၌–

"ရဟန်းတို့၊ ထကြွလုံ့လဝီရိယ ရှိကြလော့၊ တရားထိုင်ကြလော့၊ အိပ်နေသဖြင့် သင်တို့မှာ အဘယ်အကျိုးရှိမည်နည်း။ ကိလေသာအနာ၏ နှိပ်စက်မှုနှင့် ရာဂမြား စူးဝင်နေမှုကို

ခံနေကြရ၍ ဖောက်ပြန်နေကြရသောသင်တို့အတွက် အဘယ်မှာ အိပ်နေစရာ ရှိတော့မည်နည်း"

"သင်တို့တစ်တွေဟာ ထကြွလုံ့လဝီရိယ ရှိကြရမည်။ မပျင်းကြနှင့်၊ ပျင်းလျှင် ဖျင်းလာမည်။ ကမ္မဋ္ဌာန်းတရား အားထုတ်ရအောင် တင်ပလ္လင်ခွေပြီး အထက်ပိုင်းကိုယ်ကို ဖြောင့်ဖြောင့်မတ်မတ်ထားကာ ထိုင်ကြရမည်။ အဘယ့်ကြောင့်ဆိုသော် တဏှာစွဲ ဒိဋ္ဌိစွဲကင်းရာ နိဗ္ဗာန်ကို ရည်မှန်းရဟန်းပြုလာကြသော သင်တို့အတွက် အိပ်နေ၍ မည်သို့အကျိုးရှိမှာလဲ။ အိပ်နေသူဟာ ဘယ်လို အကျိုးစီးပွားမှ မရနိုင်ပါ"

"ကိုယ်ခန္ဓာ၏ တစ်စိတ်တစ်ဒေသကလေးမှာ ဖြစ်ပေါ်လာသော မျက်စိရောဂါ၊ နားရောဂါ စသော ရောဂါဝေဒနာစွဲကပ်နေသူတွေ သံမြား၊ အရိုးမြား၊ ဆင်စွယ်မြား၊ သားချိုမြား၊ သစ်သားမြား၊ ဝါးမြားတွေထဲက မြားတစ်ခုခု တစ်လက်သစ်၊ နှစ်လက်သစ်ခန့် စူးဝင်မှုကို ခံနေရသည့်အတွက် ဆင်းရဲဒုက္ခရောက် နေသူတွေကတောင်မှ မအိပ်နိုင်ကြပါဘူး။ ရောဂါကင်းပျောက်အောင် ကုသရေး၊ မြားကို ပယ်နှုတ်ရေးတွေကိုပဲ အာရုံစိုက်နေရတယ်။ သင်တို့ကတော့ စိတ်အစဉ်အကုန်လုံးကို ဖျက်ဆီးနေသော ကိလေသာဆိုသော ရောဂါမျိုးစု၏ ညှဉ်းပန်းနှိပ်စက်မှုကိုလည်း ခံနေကြရသည်။

တစ်ဖန် ရာဂစသော မြားငါးစင်းတို့က နှလုံးသားကို ထိုး ဖောက် စူးဝင်နေသည့်အတွက် ဖောက်ပြန်ပျက်စီးနေသည်။ သို့တွက် သင်တို့မှာ ဘယ်မှာ အိပ်နိုင်စရာ ရှိတော့ပါမလဲ။ ကိလေသာရောဂါ ကင်းပျောက်အောင် ရာဂစသော ကိလေသာမြားတွေ ပယ်နှုတ်နိုင်ရေးကို အာရုံစိုက်သင့်ကြ တယ်”

ဟူ၍ ဘုရားရှင်သည် တရားအားမထုတ် ပျင်းရိပြီး အိပ်နေ သော ရဟန်းများကို အကြောင်းပြုပြီး ဟောကြားခဲ့ပါသည်။

“ရဟန်းတို့၊ ထကြွလုံ့လစိုက်ကြလော့၊ ကမ္မဋ္ဌာန်းထိုင်ကြ လော့၊ ငြိမ်းအေးမှုနိဗ္ဗာန်အလို့ငှာ ကျင့်ကြလော့။ သင်တို့ မေ့လျော့နေတာကို သိရလျှင် သေမင်းဟုခေါ်သော မာရ် (သူသတ်သမား)က မိမိအလိုသို့ မပါ,ပါအောင် ဆွဲဆောင် လျက် သင်တို့တစ်တွေ တွေဝေအောင် လုပ်လိမ့်မယ်”

“ဤကဲ့သို့ ကိလေသာရောဂါ စွဲကပ်နေသည့်အပြင် ရာဂ စသော မြားတွေ စူးဝင်နေသော သင်ရဟန်းတို့အတွက် နိုးကြားရမည့်အချိန် ဖြစ်သည်။ ဤသာသနာ၌ ဗြဟ္မစရိယ၊ မဂ္ဂဗြဟ္မစရိယကို ကြည်လင်သန့်စင်အောင် လုပ်သင့်တယ်။ ငါဘုရားရှင်ကိုယ်တိုင်က သင်တို့မျက်စိအောက်မှာ ရှိနေပါ တယ်”

“ဒီက ရေ့တစ်လျှောက်လုံးမှာ ရှည်ဝေးကြာမြင့်လှတဲ့ ညဥ့်နေ့

ပတ်လုံး သင်တို့အိပ်လာခဲ့ကြတယ်။ တောင်တွေမှာ၊ တောတွေမှာ၊ မြစ်တွေမှာ၊ ညီညာသောနေရာတွေ၊ မညီညာသောနေရာတွေ၊ သစ်ပင်ဖျားတွေ စသည်မှာ အိပ်ခဲ့ကြတယ်။ ဘာကြောင့်လဲဆိုတော့ အရိယသစ္စာကို အမှန်အကန် မသိကြသည့် အတွက်ကြောင့် ဖြစ်တယ်။ ထို့ကြောင့် ဤကဲ့သို့အိပ်ခြင်း ကုန်ဆုံးသွားအောင် လုံ့လဝီရိယ ရှိကြရမယ်။ ကမ္မဋ္ဌာန်းထိုင်ကြရမယ်၊ ငြိမ်းအေးမှု ရအောင် မတွန့်မဆုတ် ကျင့်ကြံရမယ်။ ထိုငြိမ်းအေးမှုဆိုတာ ကလည်း–

- တကယ်အစစ်အမှန် ငြိမ်းအေးမှုဖြစ်သော နိဗ္ဗာန် (အစ္စန္တသန္တိ)
- အခိုက်အတန့် ငြိမ်းအေးမှုဖြစ်သော ဝိပဿနာ (တဒင်္ဂသန္တိ)
- သမုတ်ခေါ်ဝေါ်ရုံမျှ ငြိမ်းအေးမှုဖြစ်သော မိစ္ဆာအယူ (သမ္မုတိသန္တိ)

ဆိုသော ငြိမ်းအေးမှု (၃)မျိုးရှိသည့်အနက် တကယ်အစစ်အမှန်ဖြစ်သော နိဗ္ဗာန်ကိုသာ ပြောဆိုခြင်း ဖြစ်တယ်။ ထို့ကြောင့် နိဗ္ဗာန်ရအောင် မတွန့်မဆုတ် ကျင့်ကြရမယ်။ အားထုတ်လုံ့လဝီရိယ မလျှော့ဘဲ တိုးကာ တိုးကာ ကျင့်ရမည်ဟု မှတ်ယူရပါမယ်။

"သင်တို့တတွေ မေ့မေ့လျော့လျော့နေက သေမင်းမာရ်နတ်၏ သူလိုရာသို့ ဆွဲဆောင်ပြီး သင်တို့ကို တွေဝေအောင် မိန်းမောအောင်

လုပ်မယ်။ ကိုယ့်အလိုသို့ မပါအောင် ဆွဲဆောင်တတ်သော သေမင်း၏ တွေဝေအောင်လုပ်တာကို မခံကြရစေနှင့်။

"လူ့ရောနှတ်ပါ သတ္တဝါတို့သည် တဏှာဖြင့် အာရုံငါးပါးကို စွဲမက်နေကြတယ်၊ ကပ်ငြိနေကြတယ်၊ လိုလားတပ်မက်နေကြတယ်၊ သင်တို့က ကျယ်ပြန့်လှသော ယင်းတဏှာကို လွတ်မြောက်အောင် ကြိုးစားကြရမယ်။

"တရားအားထုတ်ရမယ်၊ ခဏတာ အခွင့်အခါကောင်းသည် သင်တို့ကို မကျော်လွန်သွားပါစေနှင့်။ ဤသည်မှာ မြစ်တားသင့်သောအရာပင် ဖြစ်ပါတယ်။ တရားအားထုတ်ရမည့် အခါကောင်းကို ကျော်လွန်သွားသူတို့သည် အပါယ်ငရဲသို့ ဖြစ်ကြပါလျှင် စိုးရိမ်ပူပန်နေကြရပါမယ်"

သေမင်းရဲ့ အလိုသို့ လိုက်ပါနေကြသော လူ့ရောနှတ်ပါ သတ္တဝါတို့သည် တွေဝေလာကြရပါသည်။ သို့နှင့် တဏှာအလိုသို့ လိုက်ပါပြီး ရူပါရုံစသော အာရုံငါးပါးကို စွဲမက်ကပ်ငြိနေကြသည်။ လိုလားတောင့်တတပ်မက်မှု ဘဝတဏှာ၊ စည်းစိမ်ဥစ္စာတပ်မက်မှု ဘောဂတဏှာတို့ကို လွန်မြောက်အောင် ကြိုးစားရပါမည်။ အားထုတ်ကြရပါမည်။ အခွင့်ကောင်းကို ကျော်လွန်မသွားပါစေနှင့်။ အပါယ်လေးဘုံသို့ ရောက်ကြသည့်အခါ ငါတို့တတွေဟာ ကုသိုလ်ကောင်းမှုတွေ မလုပ်မိကြပေစွဟု နောင်တတစ်ဖန် ပူပန်စိုးရိမ် ပူဆွေးမှုတွေ ဖြစ်နေကြရပါမည်။

မေ့လျော့ခြင်းသည် မြူမှုန်မည်၏။ ဆင့်ကဲ ဆင့်ကဲ ဖြစ်ပေါ်လာသော မေ့လျော့ခြင်းသည်လည်း မြူမှုန်ပင် မည်ပါသည်။ မမေ့မလျော့ခြင်းနှင့် အာသဝက္ခယဉာဏ်ဟူသော တရားနှစ်ပါးတို့ဖြင့် မိမိနှလုံးသား၌ စူးဝင်နေသော မြားကို နှုတ်ပစ်ရမည်။

"တို့က ငယ်ကြသေးတာပဲ။ နောက်မှ တရားအားထုတ်မည်။ ယခုလို အရွယ်ကောင်းတုံး ပျော်ကြဦးမယ်။ တရားအားထုတ်ဖို့ဆိုတာဟာ အသက်ရွယ်ကြီးမှ လုပ်ရတာပါ"ဟူသော ယုံကြည်ချက်၊ ခံယူချက် မထားရပါ။

ငယ်စဉ်အခါမှာလည်း မေ့လျော့ခြင်းဟာ မြူမှုန်ဖြစ်ပါသည်။ လူလတ်ပိုင်းရွယ်၊ လူကြီးပိုင်းအရွယ် ရောက်သောအခါတွင် လူငယ်အရွယ်စသော အချိန်တွေမှာ ဖြစ်ပေါ်ခဲ့သော မေ့လျော့ခြင်းအပေါ်မှာ ထပ်ကာ ထပ်ကာ ကျရောက်ဖြစ်ပေါ်လာသည့်အတွက် ပမာဏဆိုသော မြူမှုန်သည် အဆမတန် တိုးပွားလာခဲ့ပါသည်။ ထိုသို့ တိုးပွားလာခြင်းဖြင့် မြူမှုန်ဘဝက အမှိုက်ပုံဘဝကို ရောက်သွားရပါမည်။

အိမ်များတွင် တစ်ရက်၊ နှစ်ရက်မျှသာ ရှိသေးသော မြူမှုန်ကို "မြူမှုန်"ဟူ၍သာ ခေါ်သေးသည်။ ထိုမြူမှုန်များ တိုးပွားလာပြီး နှစ်နှင့်ချီလာသောအခါ မြူမှုန်တွေ များလွန်းအားကြီး၍ အမှိုက်ဖြစ်လာရသည်။

သို့သော် ပထမအရွယ်မှ ပရိယတ်စာပေ သင်ယူပြီး ကျန်

သောအရွယ်မှာ တရားအားထုတ်သူတွေကတော့ မေ့မေ့လျော့လျော့ နေထိုင်သူတွေ မဟုတ်ပါ။ ပထမအရွယ်မှာ စာပေသင်ယူပြီး၊ လူလတ်ပိုင်းအရွယ်မှာ ကမ္မဋ္ဌာန်းတရားတွေကို ကြားနာလေ့လာကာ နောက် လူကြီးပိုင်း ရောက်သောအခါ တရားအားထုတ်သူများသည် မေ့မေ့လျော့လျော့ နေထိုင်သူမဟုတ်ပါ။ အဘယ်ကြောင့်ဆိုသော် မမေ့မလျော့ခြင်းနှင့် သင့်တော်သော အကျင့်တွေကို ကျင့်နေကြ၊ လုပ်ကိုင်နေကြသည့်အတွက် ဖြစ်ပါသည်။

အချို့သူသည်ကား အရွယ်အားလုံးမှာ နေ့အခါမှာ အိပ်ခြင်း၊ အစာအဝတ်စသော အာမိသနှင့်စပ်သော စကားကို ပြောဆိုခြင်းကို ထပ်ကာ ထပ်ကာ အားထုတ်ပြီး မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆ နေမည်ဆိုက ထိုပုဂ္ဂိုလ်၏ ပထမအရွယ်မှာ မေ့လျော့ခြင်းသည် မြူမှုန်ရိုးရိုးမည်ပါသည်။ အခြားအရွယ်တွေမှာ ဆင့်ကဲဆင့်ကဲ ဖြစ်ပေါ်လာသော မေ့လျော့ခြင်းက ထပ်ဆင့်လာလိုက်၍ မြူမှုန်တွေများလွန်း၍ အမှိုက်ပုံကြီး ဖြစ်ရတော့သည်။

မေ့လျော့ခြင်းသည် အချိန်မရွေး စိတ်အစဉ်အကြေး မြူမှုန်ဖြစ်နေသည့်အတွက် သတိမကင်း မေ့လျော့ခြင်းဆိုသော အပ္ပမာဒတရားနှင့် အာသဝေါ တရားတွေကို ကုန်စေတတ်သော အာသဝက္ခယဉာဏ်ပညာတရား နှစ်ပါးနှင့် ရှင်ရဟန်းတို့သည် မိမိကို ညှဉ်းပန်းနှိပ်စက်နေသော ကိလေသာရောဂါနှင့် ရာဂစသော မြားတွေကို ကုစားရမည်၊ ပယ်နုတ်ရမည်။

ဘုရားရှင်က ဤသို့ဟောကြားခဲ့ရာ ရဟန်းများစွာသည် ထိတ်လန့်လာကြပြီး တရားကို ကြိုးစားအားထုတ်ခဲ့ကြရာ မကြာမီ အရဟတ္တဖိုလ်ဆိုက်ကာ ရဟန္တာဖြစ်ကြသည်။

(သုတ္တနိ-ပါ-၃၂၈)

**မမေ့မလျော့သော သတိတရားဖြင့် သေမင်းကို ရဲရဲရင်ဆိုင်နိုင်မှု ဖြစ်ပါစေ**

သာသနာ့ဝန်ထမ်း ရှင်ရဟန်းများသည် ကုသိုလ်တရား တိုးပွားရေး၊ အကုသိုလ်တရားများ ဆုတ်ယုတ်ရေးအတွက် မမေ့မလျော့သော သတိတရားကို အဖော်လုပ်ရပါမည်။ ဘုရားရှင်က အင်္ဂုတ္တိုရ်ပါဠိတော် (ပ-စာ-၁၀)၌

"မမေ့လျော့မှုသည် မဖြစ်သေးသော ကုသိုလ်ကို ဖြစ်စေတတ်သည်။ ဖြစ်ပြီးသော အကုသိုလ်ကို ဆုတ်ယုတ်စေတတ်သည်။ မမေ့လျော့သော ပုဂ္ဂိုလ်မှာ မဖြစ်သေးသော ကုသိုလ်တို့ ဖြစ်ကြသည်။ ဖြစ်ပြီးသော အကုသိုလ်တို့ ဆုတ်ယုတ်သည်"ဟူ၍ ဟောတော်မူခဲ့ပါသည်။

အလားတူပင် သံယုတ်ပါဠိတော် (၂-စာ-၃၁၇)၌

"ကိုယ်ကျိုးစီးပွားကို အလိုရှိသူတို့သည် (အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ဖြစ်သော) ကာမဂုဏ်ငါးပါးတို့၌ စိတ်ကိုလွှတ်မပေးခြင်း၊ မမေ့မလျော့ သတိထားခြင်းဟူသော စိတ် အစောင့်

အရောက်ကို ပြုရမည်"

အင်္ဂုတ္တိုရ်ပါဠိတော် (၂-စာ-၄၉၀)၌

- ဘုရားကို ရိုသေလေးစား၍ ခိုကိုးအားထားလျှင် အကုသိုလ်ပယ်၍ ကုသိုလ်ကို ပွားစေနိုင်သည်။
- တရားကို ရိုသေလေးစား၍ ခိုကိုးအားထားလျှင် အကုသိုလ်ပယ်၍ ကုသိုလ်တိုးပွားစေနိုင်သည်။
- သံဃာကို ရိုသေလေးစား၍ ခိုကိုးအားထားလျှင် အကုသိုလ်ပယ်၍ ကုသိုလ်ကို ပွားစေနိုင်သည်။
- ကိုယ်ကျင့်သိက္ခာကို ရိုသေလေးစား ခိုကိုးအားထားလျှင် အကုသိုလ်ပယ်၍ ကုသိုလ်ကို ပွားစေနိုင်သည်။
- စိတ်တည်ကြည်မှု သမာဓိကို ရိုသေလေးစား ခိုကိုးအားထားလျှင် အကုသိုလ်ကိုပယ်၍ ကုသိုလ်ကို ပွားစေနိုင်ပါသည်။
- မမေ့မလျော့ခြင်း အပ္ပမာဒကို ရိုသေလေးစား ခိုကိုးအားထားပါလျှင် အကုသိုလ်ကိုပယ်၍ ကုသိုလ်ကို ပွားစေနိုင်ပါသည်။
- အစေ့အစပ်ပြုမှုကို ရိုသေလေးစား ခိုကိုးအားထားပါလျှင် အကုသိုလ်ကိုပယ်၍ ကုသိုလ်ကို ပွားစေနိုင်ပါသည်။

မမေ့မလျော့မှုလေးဌာန ရှိပါသည်။ ဤလေးပါးကို မမေ့မလျော့ ပြုရပါမည်။

၁။ ကာယဒုစရိုက်ကိုပယ်၍ ကာယသုစရိုက်ကို ပွားစေခြင်း၊
၂။ ဝစီဒုစရိုက်ကိုပယ်၍ ဝစီသုစရိုက်ကို ပွားစေခြင်း၊
၃။ မနောဒုစရိုက်ကိုပယ်၍ မနောသုစရိုက်ကို ပွားစေခြင်း၊
၄။ မိစ္ဆာဒိဋ္ဌိကိုပယ်၍ သမ္မာဒိဋ္ဌိကို ပွားစေခြင်း၊

ဤလေးပါးကို ပွားစေပြီးသောသူသည် နောင်ဘဝအတွက် စိုးရိမ်ပူပန်စရာ မရှိတော့ပါ။ သေမင်းကိုမကြောက်၊ သေမင်းကို ရဲရဲတင်းတင်း ရင်ဆိုင်ရဲပါတော့သည်။

## အာရုံတို့ဖြင့် သတိသွင်းနိုင်ပါစေ

လောကတွင် နှစ်သက်စရာကောင်းသောအာရုံ၊ နှစ်သက်စရာ မကောင်းသောအာရုံဟူ၍ နှစ်မျိုးရှိရာ နှစ်သက်စရာကောင်းသော အာရုံနှင့် တွေ့ကြုံရသည့်အခါ လိုချင်တောင့်တလာတတ်သည်။ တပ်မက်လာတတ်သည်။ မခွဲနိုင်မခွာရက် ဖြစ်လာတတ်သည်။

မနှစ်သက်စရာကောင်းသော အာရုံနှင့် တွေ့ကြုံသောအခါ လည်း အမျက်ဒေါသမထွက်အောင် ရွံရှာစက်ဆုပ်မှုမဖြစ်အောင် မိမိ၏စိတ်ကို နှိပ်ကွပ်ထိန်းသိမ်းနိုင်ရမည်။

ထိုသို့ နှိပ်ကွပ်နိုင်ရန်မှာ မိမိ၏သန္တာန်ဝယ် မမေ့မလျော့သော သတိတရားကို လှူထောင်ထားရန်လိုအပ်ပါသည်။ မမေ့မလျော့ သောသတိရှိသူ၏ စိတ်ကို နှစ်သက်စရာကောင်းသော အာရုံသည် လည်း မလွှမ်းမိုးနိုင်၊ မနှစ်သက်စရာကောင်းသော အာရုံသည်

လည်း မလွှမ်းမိုးနိုင်ပါ။

သို့အတွက် မမေ့မလျော့မှု သတိရှိသူ ရှင်ရဟန်းသည် မိမိ၏လုပ်ငန်းကို မတွန့်မဆုတ် ကြိုးပမ်းအားထုတ်နိုင်ပါသည်။ အာရုံ၌ ကပ်၍ တည်နေသော မမေ့မလျော့သော သတိသည် ပျောက်ပျက်စရာ မရှိတော့ချေ။

- ပူပန်ကင်းကွာ ကိုယ်လည်း ငြိမ်းအေးလာရပါသည်။
- စိတ်လည်း တစ်မျိုးတည်းသောအာရုံမှာ တည်ကြည်ငြိမ်သက်လာတတ်ပါသည်။
- သမာဓိရလာပါတော့သည်။

ထို့ကြောင့် ဘုရားရှင်က အင်္ဂုတ္တိုရ်ပါဠိတော် (ပါ-၂-စာ-၃၄၀)၌-

"နှစ်သက်စရာကောင်းသည်လည်းဖြစ်သော၊ နှစ်သက်စရာမကောင်းသည်လည်းဖြစ်သော စက္ခုဝိညာဏ်ဖြင့် သိအပ်သောရူပါရုံ၊ သောတဝိညာဏ်ဖြင့် သိအပ်သော သဒ္ဒါရုံ၊ ဃာနဝိညာဏ်ဖြင့် သိအပ်သော ဂန္ဓာရုံ၊ ဇိဝှာဝိညာဏ်ဖြင့်သိအပ်သော ရသာရုံ၊ ကာယဝိညာဏ်ဖြင့် သိအပ်သော ဖောဋ္ဌဗ္ဗာရုံ၊ မနောဝိညာဏ်ဖြင့် သိအပ်သော ဓမ္မာရုံတို့သည် မမေ့မလျော့ သတိရှိသူ၏စိတ်ကို မလွှမ်းမိုးနိုင်။ သူ၏စိတ်က ယင်းအာရုံတို့၏ လွှမ်းမိုးမှုကို မခံရ သောကြောင့် သူသည်လည်း မတွန့်မဆုတ် ကြိုးစားအားထုတ်နိုင်တော့သည်။ သူ၏အာရုံ၌ကပ်၍တည်သော သတိသည်

လည်း မပျောက်တော့ပေ။ ကိုယ်လည်း ငြိမ်းအေးတော့သည်။ ပူပန်မှုမရှိတော့ချေ။ စိတ်အာရုံလည်း တည်ကြည်ငြိမ်သက်နေတော့သည်။ ထို့ကြောင့် ရဟန္တာမှတစ်ပါး နိဗ္ဗာန်ကို မျှော်မှန်းတောင့်တသော လူတို့သည် မသာ စသည်တို့၏ ပေါင်းဆုံဖြစ်ပွားရာ စက္ခုစသည်၌ မမွေ့မလျော် သတိပြုကြရမည်"ဟူ၍ ဟောတော်မူခဲ့ပါသည်။

အလားတူပင် မဇ္ဈိမပဏ္ဏာသပါဠိတော် (စာ-၁၄၂)၌-

"ရဟန္တာမှတစ်ပါး နိဗ္ဗာန်ကို မျှော်မှန်းတောင့်တ ကျင့်သုံးနေထိုင်ကြသူတို့သည် သင့်တော်သောကျောင်းမှာနေ၍ အဆွေခင်ပွန်းကောင်းကို မှီခိုဆည်းကပ်ပြီး ဣန္ဒြေတို့ကို ညီညီမျှမျှ ထားကြပါလျှင် မျက်မှောက်ဘဝမှာပင် အရဟတ္တဖိုလ်သို့ ရရှိနိုင်ပါသည်။ သို့ဖွက် နိဗ္ဗာန်ကို မျှော်မှန်းကျင့်ကြံကြသော ပုဂ္ဂိုလ်တို့သည် မမွေ့မလျော် ပြုဖွယ်ကိစ္စကို ပြုသင့်သည်"ဟူ၍ ဟောတော်မူခဲ့ပါသည်။

တစ်ဖန် အင်္ဂုတ္တိုရ်ပါဠိတော် (ပ-၁၊ စာ ၄၁၅)၌-

"တပ်မက်ဖွယ်အာရုံ
အမျက်ထွက်ဖွယ်အာရုံ
တွေဝေဖွယ်အာရုံ
မာန်ယစ်ဖွယ်အာရုံ

ဟူသော အရာဌာနလေးမျိုးမှာ ကိုယ်ကျိုးစီးပွားကို လိုလား

သောသူသည် မမေ့မလျော့ သတိဖြင့် စိတ်ကို စောင့်ရှောက်ထားရမည်။ ထိုသို့ စောင့်ရှောက်သည့်အတွက်–

- တပ်မက်ဖွယ်အာရုံများလည်း မတပ်မက်တော့ပေ။
- အမျက်ထွက်ဖွယ်အာရုံများလည်း အမျက်မထွက်တော့ပေ။
- တွေဝေဖွယ်အာရုံများလည်း မတွေဝေတော့ပေ။
- မာန်ယစ်ဖွယ်အာရုံများလည်း မယစ်တော့ပေ။

ထိုအခါ ထိုပုဂ္ဂိုလ်သည် ထိတ်လန့်ခြင်းကင်း၍ ရဲတင်းလာသည်။ အခြားဘာသာတို့၏ ဟောပြောဆွဲဆောင်မှုနောက်သို့လည်း မလိုက်ပါတော့ချေ”ဟူ၍ ဟောတော်မူခဲ့ပါသည်။

**ဘုရားရှင်၏ နောက်ဆုံးမှာကြား သတိစကား သတိထားကြပါ**

မေ့လျော့မှု (ပမာဒ)တရားသည် သာသနာတော် ဖျက်ဆီးရေးတရားတွင် ထိပ်ဆုံးမှ ပါဝင်နေပါသည်။

“ရဟန်းတို့၊ မေ့လျော့ခြင်းတရားကဲ့သို့ သာသနာတော်ကို ဖျက်ဆီးတတ်၊ ကွယ်ပျောက်စေတတ်သော အခြားတရား တစ်စုံတစ်ခုကိုမျှ ငါဘုရား မြင်တော်မမူပေ။ ရဟန်းတို့– မေ့လျော့ခြင်း တရားသည် သာသနာတော်ကို ဖျက်ဆီးတတ်၊ ကွယ်ပျောက်စေတတ်သည်”

“ရဟန်းတို့–မမေ့မလျော့ခြင်း တရားကဲ့သို့ သာသနာတော်ကို

တည်တံ့စေတတ်၊ မပျက်စီး မကွယ်ပျောက်စေတတ်သော တရား တစ်စုံတစ်ခုကိုမျှ ငါဘုရား မြင်တော်မမူပေ။ ရဟန်းတို့-မမေ့မလျော့သောတရားသည် သာသနာတော်ကို တည်တံ့စေနိုင်သည်။ မပျက်စီး မကွယ်ပျောက်အောင် ဆီးတားနိုင်သည်"

ထို့ပြင် ဘုရားရှင်သည် ရဟန်းတော်များအား-

အပ္ပမာဒေထ ဘိက္ခဝေသမ္ပါဒေထ

"ရဟန်းတို့၊ သင်တို့တစ်တွေ သတိတရားဖြင့် သိက္ခာသုံးပါးကို ပြီးစေရမည်"

ဟူသော ဩဝါဒကို အနည်းဆုံး တစ်နေ့မှာတစ်ကြိမ် မိန့်မှာတော်မူခဲ့ပါသည်။ ပရိနိဗ္ဗာန် စံလွန်ခါနီး နောက်ဆုံးမှာတမ်း အနေဖြင့်လည်း-

ဟန္ဒဒါနိ ဘိက္ခဝေ အာမန္တယာမိ ဝေါ

ဝယဓမ္မာ သင်္ခါရာ အပ္ပမာဒေန သမ္ပါဒေထ

"ရဟန်းတို့-တိုက်တွန်းပါရစေ၊ ယခု သင်တို့ကို ငါဘုရား သတိပေးပါရစေ၊ ရုပ်နာမ်ဓမ္မသင်္ခါရတို့သည် ပျက်စီးခြင်း သဘော ရှိကြသည်။ သို့တွက် သင်တို့တစ်တွေသည် သတိတရားနှင့် သိက္ခာသုံးပါးကို ပြီးစေကြပါလော့"

ဟူ၍ နောက်ဆုံး မိန့်ကြား မှာကြားသွားခဲ့ပါသည်။ ထို့ကြောင့် ရှင်ရဟန်းဟူသည်-

ပထမ – တရားကို ကိုယ်တိုင်ကျင့်ပြီး သူတစ်ပါးကို ဟော
ပြောရမည်။ သူတစ်ပါးကို ပြုပြင်လိုသူသည်
မိမိကိုယ်တိုင်က တိတိကျကျ စံပြဖြစ်စေအောင်
ကျင့်သုံးနေထိုင်တတ်ရပါမည်။

ဒုတိယ –မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆမနေဘဲ သတိ
တရားနှင့် ပြည့်စုံကြရပါမည်။

ယနေ့ ဘုရားရှင် သာသနာတော်ဝယ် ရှင်ရဟန်းများသည် ဒါယကာတို့ လှူဒါန်းအပ်သော ပစ္စည်းလေးပါးနှင့် ကင်းကွာ၍ မဖြစ်နိုင်သလို ရဟန်းသာမဏေစစ်မှန်ပါကလည်း ဒါယကာတို့ ပေးလှူဒါန်းသော ပစ္စည်းလေးပါးကို သုံးစွဲရမည်သာ ဖြစ်ပါသည်။

ဒါယကာတို့က ပေးလှူ၊ ရှင်ရဟန်းတို့က ခံယူကြသော ကိစ္စတွင် ဒါယကာတို့သည် သာသနာတော် တည်တံ့ပြန့်ပွားရေးနှင့် မိမိတို့၏ အလှူအကျိုးကြီးမားဖွံ့ဖြိုးရေးကို ရည်ရွယ်ချက်ထားပြီး လှူကြခြင်း ဖြစ်ပါသည်။

ဤသို့လျှင် သာသနာ့ဝန်ဆောင် ပုဂ္ဂိုလ်လေးမျိုးအနက် ဒါယကာ၊ ဒါယိကာမတွေဘက်မှ တာဝန်သည် ယနေ့ကာလထိ ကျေပွန်နေပါသည်။ သာသနာဝန်ထမ်း ရှင်ရဟန်းတို့၏ စားဝတ်နေရေးဟူသော ပစ္စည်းလေးပါးကို မကြောင့်မကြရလေအောင် အမြဲလှူဒါန်း ပေးကမ်းနေကြပါသည်။

ရှင်ရဟန်းတို့က မိမိတို့ဘက်က မေ့လျော့ခြင်း ပမာဒတရားကို ဖယ်ရှား၍ မမေ့လျော့ခြင်း သတိတရားကို လက်ကိုင်ထားပြီး သာသနာ့အကျိုး၊ မိမိအကျိုး၊ ဒါယကာ, ဒါယိကာမတို့အကျိုး ပြီးမြောက်စေရန် ကျင့်ကြံအားထုတ်သင့်သော တရားတို့ကို ကြိုးစားအားထုတ်ကြရပါမည်။ သို့မှသာ ရှင်ရဟန်းဘက်က တာဝန်ကျေပါမည်။

ယနေ့ သာသနာ့ဘောင်ဝယ် "သံသာရဝဋ္ဋ ဒုက္ခတော မောစနတ္ထာယ" ဟူ၍ ရွတ်ဆိုဝတ်ခဲ့ကြသော ရှင်ရဟန်းတို့သည် မိမိတို့ဘက်က မိမိတို့၏တာဝန် မညှာမျှကျေပွန်ပြီဆိုတာကို ဆင်ခြင်သုံးသပ်၍ နောက်ဆုံးရည်မှန်း နိဗ္ဗာန်နန်းသို့ ရောက်အောင် အမြတ်တရားကို ကြိုးစားရှာဖွေနိုင်ကြပါစေသော်။

❀ ❀ ❀

## အခန်း (၅)

# ပရိယတ်၊ ပဋိပတ်အမော်၊ ပုဂ္ဂိုလ်ကျော်များ

### ဆရာတော်ဦးဗုဓ်

ဆရာတော်ဦးဗုဓ်ကို စစ်ကိုင်းတိုင်း၊ မုံရွာခရိုင်၊ ဘုတလင်မြို့နယ်၊ ညောင်ကန်ရွာ၊ သာခေါင်အရပ်တွင် ခမည်းတော် ဦးအို၊ မယ်တော် ဒေါ်မွေးတို့မှ သက္ကရာဇ် ၁၁၄၉–ခုနှစ်၊ နယုန်လပြည့်ကျော် (၅)ရက်တွင် ဖွားသန့်စင်တော်မူသည်။

ဖွားသန့်စင်ရာ၌ လမင်းကို အသူရိန်ခေါ် ပေပ်ဖမ်းချိန်နှင့်ကြုံနေ၍ အမည်ကို မောင်ပုပ်ဟု ခေါ်ဝေါ်ကြသည်။ မောင်ပုပ် ၉–နှစ်သားအရွယ်တွင် ညောင်ကန်ရွာ အနောက်တိုက်ဟု ခေါ်သော ရတနာမဥ္ဇူတိုက် ဘုန်းတော်ကြီးဦးပြေထံတွင် ပညာသင်ကြားရန် အပ်နှံသည်။

မောင်ပုပ်ကို ဦးပြေက ဦးသာပုံထံ ထပ်မံအပ်နှံပြန်သည်။ မောင်ပုပ်သည် လုံ့လဝီရိယဉာဏ် ထက်သန်သည်။ ကျောင်းသားသူငယ်တို့ သင်ကြားတတ်မြောက်အပ်သော စာပေများကို ကုန်စင်အောင် တတ်မြောက်သည်။ ပညာနှင့်ပြည့်စုံ၍ လျှမ်းလျှမ်းတောက် ထွန်းပေါက်မည့်တပည့် ဖြစ်သောကြောင့် ဦးသာပုံသည် မောင်ပုပ်အား မောင်ဗုဓ်ဟု အမည်ပြောင်းလေသည်။

သက္ကရာဇ် ၁၁၆၂-ခုနှစ်၊ ၁၃-နှစ်သားအရွယ်တွင် ဦးသာပုံကို ဥပဇ္ဈာယ်ပြု၍ ခမည်းတော်၊ မယ်တော်တို့က ပစ္စယာနုဂ္ဂဟကို ခံယူကာ ရှင်သာမဏေပြုပါသည်။ ဘွဲ့တော် "ရှင်ဇမ္ဗူမေဓ" ဖြစ်ပါသည်။

သက္ကရာဇ် ၁၁၆၉-ခုနှစ်တွင် ဦးသာပုံခေါ် အရှင်မုနိန္ဒသာရကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိပါသည်။ ဆရာတော်ဦးသာပုံသည် ဦးဗုဓ်၏ ဉာဏ်ကို သိ၍ ဆရာတော်ဦးပိုးခေါ် အရှင်ပညာဘိထံ အပ်နှံလေသည်။ ဦးဗုဓ်သည် ဆရာတော်ဦးပိုးနှင့် ဆရာတော်ဦးကွင်း၊ မြို့ကြီးဆရာတော်တို့ထံတွင် ပိဋကတ်သုံးသွယ် နိကာယ်ငါးရပ်ကို အပြီးသတ် သင်ကြားတတ်မြောက်ခဲ့ပါသည်။

သက္ကရာဇ် ၁၁၈၂-ခုနှစ်တွင် ဦးဗုဓ်သည် ဂိုဏ်းအုပ်ဖြစ်သည်။ ဦးဗုဓ်သည် ရတနာမဥ္ဇူတိုက်တွင် ညောင်ကန်ရွာကျောင်း ၉-ကျောင်းရှိ သံဃာ ၁၀၀-တို့အား နေ့ဝါ၊ ညဥ့်ဝါ စာပေပို့ချတော်မူသည်။

သက္ကရာဇ် ၁၁၉၂-ခုနှစ်တွင် ရတနာပူရ စတုတ္ထမြို့တည် နန်းတည် မင်းတရားကြီးနှင့် နန်းမတော်မယ်နုတို့က ရတနာပူရ (အင်းဝ) မဟာအောင်မြေဘုံစံအုတ်ကျောင်းတော်ကြီးကို တင်လှူတော်မူသည်။ ဒုတိယအကြိမ် "ရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်လည်း ကပ်လှူတော်မူသည်။ ထိုအချိန်မှစ၍ ဆရာတော်ဦးဖုဓ်ကို မဟာအောင်မြေဘုံစံ အုတ်ကျောင်းဆရာတော်ဟု ခေါ်တွင်ကြသည်။

## ဘုရင့်အကြိုက်မလိုက်

ဆရာတော်ဦးဖုဓ်သည် မြတ်စွာဘုရားအကြိုက်သာ ပြောဆိုနေထိုင် ကျင့်ကြံလေသည်။ ရဟန်းရှင်လူတို့ကလည်း မြတ်စွာဘုရားအကြိုက်သာ လိုက်နာပြောဆို နေထိုင်ကြရန် ကျင့်ပြလေသည်။ 'မြတ်စွာဘုရားအကြိုက်အတိုင်း လိုက်နာပြောဆို နေထိုင်ကျင့်ကြံကြ'ဟု မိန့်ကြားဆုံးမသကဲ့သို့ ရှောင်ရန် ဆောင်ရန် လမ်းပြပါသည်။

ရှေးဆရာတော်ကြီးတို့သည်လည်း 'ဖုဓ်ဆရာတော် နှုတ်မိန့်ဖော် ဓိနော်အကြိုက်သာ'ဟု လင်္ကာသံပေါက်ကဗျာဖြင့် မှတ်တမ်းတင်ခဲ့ကြပါသည်။

ဆရာတော်ဦးဖုဓ်သည် နိဗ္ဗာန်ချမ်းသာကို ရလိုသည့် ရဟန်းရှင်လူတို့သည် မြတ်စွာဘုရား မကြိုက်သည့်အရာကို မပြုလုပ်ရန်၊

မြတ်စွာဘုရားအကြိုက်ကိုသာ ကျင့်ကြံကြရန် မိန့်ကြားဆုံးမပါသည်။

ဆရာတော်ဦးဖုဓ်၏ မြတ်စွာဘုရားအကြိုက်ကိုသာ ပြောဆိုနေထိုင် ကျင့်ကြံပုံကို ဖော်ပြပါဦးမည်။

ဆရာတော်ဦးဖုဓ်သည် မဟာအောင်မြေဘုံစံ အုတ်ကျောင်းတော်ကြီး တင်လှူပွဲတွင် မင်းတရားကြီးသည် ကတ္တီပါခေါင်းအုံးတော်တွင် လက်တင်၍ ကန်တော့သောကြောင့် ဆုမပေးဘဲ နေတော်မူသည်။

## မယ်တော်ကြီးအကြိုက် မလိုက်

ဆရာတော်ဦးဖုဓ်သည် သာသနာတော်အကြိုက်၊ မြတ်စွာဘုရားအကြိုက်မှတစ်ပါး မည်သူ့အကြိုက်ကိုမှ ငဲ့ကွက်ညှာတာမှုမရှိ။ လောကီရေးရာ မှန်သမျှ အလေးမပြု၊ ဂရုမစိုက်၊ မယ်တော်ကြီးကိုပင် အလေးမပြု၊ ဂရုမစိုက် နေတော်မူ၏။

မယ်တော်ကြီး ဆရာတော်ဦးဖုဓ်ထံ ရောက်သော်လည်း ဂရုမစိုက်၊ နှုတ်မဆက်၍ မယ်တော်ကြီး ငိုနေလေသည်။ ထိုအခါ ဆရာတော်ဦးဖုဓ်က 'ဒကာမကြီး ဒီလိုငိုခဲ့ရတဲ့ဘဝတွေ မရေမတွက်နိုင်တော့ဘူး'ဟု မြတ်စွာဘုရား အကြိုက်ကိုသာ မိန့်တော်မူလေသည်။

တစ်ခါကလည်း မယ်တော်ကြီးအိမ် မီးလောင်၍ မယ်ထော်

ကြီးက ဆရာတော်ဦးဖုမ်ထံ လာ၍ ‘မောင်ပဥ္စင်းရေ တပည့်တော် အိမ် မီးလောင်ရာ ပါသွား၍ ဘာပစ္စည်းတစ်ခုမှ မရလိုက်တော့ဘူး’ ဟု လျှောက်သောအခါ ဆရာတော်ဦးဖုမ်က ‘ဒကာမကြီး တစ်သံသရာလုံး လောင်လာတဲ့မီး၊ ကျုပ် မတားဆီးနိုင်ဘူး။ ကုသိုလ်ကံသာလျှင် တားဆီးနိုင်သည်’ ဟု မြွတ်စွာဘုရားအကြိုက် မိန့်မြွက်တော်မူသည်။

မယ်တော်ကြီး အနိစ္စရောက်ကြောင်းကို ဆရာတော်ဦးဖုမ်ထံ လျှောက်ထားကြရာ ဆရာတော်ဦးဖုမ်က ‘သေလျှင် သင်္ဂြိုဟ်လိုက်ကြတာပ’ ဟုလည်းကောင်း၊ မယ်တော်ကြီး သင်္ဂြိုဟ်သည့်နေ့တွင် မယ်တော်ကြီးအလောင်း ကျောင်းပေါက်ဝတွင်ရောက်ကြောင်း လျှောက်သောအခါ ပေစာကိုကိုင်လျက် မတ်ရပ်ကြည့်ကာ ပြတင်းတံခါးမှ ‘ဒကာမကြီးက တို့အရင်ကျသကိုး၊ သွားနှင့်ပေဦးတော့’ ဟုလည်းကောင်း မြွတ်စွာဘုရားအကြိုက် မိန့်မြွက်တော်မူပြီး စာကြည့်နေတော်မူသည်။

## သာသနာပိုင်အကြိုက် မလိုက်

ဆရာတော်ဦးဖုမ်သည် နေထိုင်ကျင့်ကြံ အားထုတ်ရာ၌လည်း မြွတ်စွာဘုရားအကြိုက်သာလျှင် နေထိုင်ကျင့်ကြံ အားထုတ်ပါသည်။ စာပေကျမ်းဂန်များကိုလည်း အမြဲမပြတ် ကြည့်ရှုရေးသား ပို့ချခဲ့ပါသည်။ ရေးသားခဲ့သည့် ကျမ်းပေါင်းသည်လည်း

(၅၀)ကျော်မျှ ရှိပါသည်။

စာကြည့်နေစဉ် ကျောင်းကို မိုးကြိုးခသည်ကိုပင် မသိဟု မှတ်သားရဖူးပါသည်။ ဤမျှအထိ သမာဓိကြီးရင့်လှပါသည်။

ကုန်းဘောင်မင်းတရား လက်ထက်တွင် သဲအင်းသာသနာပိုင် ဆရာတော် ပျံလွန်တော်မူသည့်အခါ ဆရာတော်ဦးဥေယျသည် ပထမအကြိမ် သာသနာပိုင် ဖြစ်လာပါသည်။ သာသနာပိုင် ဆရာတော်ဦးဥေယျသည် ဆရာတော်ဦးဗုဓ်ထံ ကြွလာပါသည်။ ထိုအခါ ဆရာတော်ဦးဗုဓ်က 'သာသနာပိုင်က ကိုယ့်နေရာကိုယ် နေတာမဟုတ်ဘူး'ဟု မြတ်စွာဘုရားအကြိုက် မိန့်မြွက်တော်မူ သည်။

ဆရာတော်ဦးဗုဓ်အား မဟာဒါန်ဝန် လျှောက်ထားသောအခါ ဆရာတော်ဦးဗုဓ်က 'ဆေးလိပ်သောက်တာ သာသနာပိုင် ဘုရား တည်တာလောက် အပြစ်မကြီးပါဘူး'ဟု သာသနာပိုင်ဆရာတော် အား သတိပေးစကား ပြန်လည်မိန့်ကြားလိုက်လေသည်။

## သုံးကြိမ်မြောက် 'ရာဇာဓိရာဇဂုရု' ဘွဲ့တံဆိပ်တော်

ဆရာတော်ဦးဗုဓ်သည် ပါဠိ၊ အဋ္ဌကထာ၊ ဋီကာတို့၌ တတ် ကျွမ်းသောကြောင့်လည်းကောင်း၊ ကျမ်းပေါင်း (၅၀)ကျော် ရေးသားခဲ့သောကြောင့်လည်းကောင်း၊ ဘုရားအကြိုက်ကလွဲ၍ မည်သူ့အကြိုက်ကိုမျှမလိုက်သောကြောင့်လည်းကောင်း သာသနာ

တွင် အလွန်ပင် လေးစားထိုက်သည့် ဆရာတော် ဖြစ်ပါသည်။

ဆရာတော်ဦးဗုဓ်နှင့် ခေတ်ပြိုင်ဆရာတော်များ၊ ပိဋကတ်တော်အုပ်ဦးသံ၊ လယ်တီဆရာတော်ကြီး စသည့် နှောင်းခေတ်ဆရာတော်များကလည်း ဆရာတော်ဦးဗုဓ်ကို ညွတ်တွားကိုင်းရှိုင်းကြပါသည်။ ဆရာတော်ဦးဗုဓ်၏ စာများကိုပင် အားထားလက်ကိုင်လျက် ရှိသည်။

ဆရာတော်ဦးဗုဓ်ကို မဟာအောင်မြေဘုံစံအုတ်ကျောင်းတော်ကြီး မတင်လှမိနှင့် သဲအင်းသာသနာပိုင်ဆရာတော် လက်ထက်တော်တို့၌ သင်္ဂါယနာတင်သကဲ့သို့ မေးမြန်းကြ၊ ဖြေကြစဉ်ခမ္မသဘင်တို့၌ ဆရာတော်ဦးဗုဓ်အား ဆရာတော်များက မေးမြန်းကြလေသည်။

ဆရာတော်ဦးဗုဓ်ကလည်း မေးသမျှအားလုံးကို အယတ်အငေါ်မရှိ ရဲဝံ့မှန်ကန်စွာ ဖြေကြားတော်မူပါသည်။ ဆရာတော်အားလုံးတို့သည် "ဆရာတော်ဦးဗုဓ်သည် အကျော်ကားနည်း၊ အညော်လည်းပါပေသည်"ဟု ချီးကျူးမိန့်ကြားကြလေသည်။

သာယာဝတီကုန်းဘောင်မင်းသည်လည်း ဆရာတော်ဦးဗုဓ်အား တတိယအကြိမ်မြောက် 'ရာဇာဓိရာဇဂုရု' ဘွဲ့တံဆိပ်တော်နှင့် ဆရာတော်ဦးဗုဓ်တပည့် ဦးဒီပအားလည်း 'ရာဇာဓိရာဇဂုရု' ဘွဲ့တံဆိပ်တော် စသည်တို့ကို ကပ်လှူတော်မူသည်။

## ဘုရားအကြိုက် ကိုယ်တိုင်လိုက်

သက္ကရာဇ် ၁၂၀၁–ခုနှစ်တွင် ကုန်းဘောင်မင်း၏ သားတော် ပြည်မြို့စား 'မဟာသီဟသူရဓမ္မရာဇာ' မင်းသားက ပင့်ဆောင်၍ ညောင်ကန်ရွာမှ ဆရာတော်ဦးကျီး နေပြည်တော်သို့ ကြွလာသည်။ ဆရာတော်ဦးဖုမ်နှင့် ဆရာတော်ဦးကျီးသည် တစ်ရွာတည်းသား၊ တစ်ကျောင်းတိုက်တည်း သမဂ္ဂသီတင်းသုံးဖော်ချင်းဖြစ်၍ ဝမ်းမြောက်ဝမ်းသာ နှုတ်ခွန်းဆက်လိုသည့်အတွက် ဆရာတော်ဦးကျီးသည် ဆရာတော်ဦးဖုမ်ထံ ကြွလာလေသည်။

ထိုအခါ ဆရာတော်ဦးဖုမ်သည် ဆရာတော်ဦးကျီးအား နှုတ်ဆက်စကား မပြောကြားသေးဘဲ စာကြည့်လျက်သာ နေလေသည်။ ဆွမ်းဘုဉ်းပေးသည့်အခါမှ ဆရာတော်ဦးဖုမ်က "မောင်ကျီး၊ မင့်ကို မင်းသားက ပင့်၍ ကိုးကွယ်ခြင်းခံရသဖြင့် မင်းဆရာဖြစ်ပြီ။ ဘုရားအလိုတော်လိုက်၍ ကျင့်မှသာ ဘုရားသားတော်ဖြစ်မည်။ မင်းလိုလိုက်၍ မင်းကြိုက်ကျင့်လျှင် မင်း၏သားဖြစ်လိမ့်မည်"ဟု ဆုံးမတော်မူသည်။

ထို့ကြောင့် ရှေးဆရာမြတ်တို့က

'ဖုမ်ဆရာတော်၊ နှုတ်မိန့်ဖော်၊ ဇိနော်အကြိုက်သာ'ဟုလည်း ကောင်း၊ 'ညောင်ကန်ဆရာတော် ဦးဖုမ်ခေါ်၊ ထုတ်ဖော်မိန့်ခဲ့ရာ။ လူနတ်ပြဟ္မာ ကဲ့ရဲ့မှာ၊ ဆိတ်စာမကြောက်ရာ။ ဘုရားကဲ့ရဲ့၊ ကြောက်သကွဲ့၊ ရောက်ခဲ့ နိဗ္ဗူတာ'

ဟုလည်းကောင်း ဆရာတော်ဦးဗုဓ်ဝါဒကို အလေးပြုကာ မှတ်တမ်းတင်၍ ထားခဲ့ကြလေသည်။ ဆရာတော်ဦးဗုဓ်သည် နိဗ္ဗာန်လိုချင်သူတို့ နိဗ္ဗာန်ရလိုလျှင် မြတ်စွာဘုရား၏အကြိုက် လိုက်နာကျင့်ကြံ ကြိုးကုတ်အားထုတ်နေထိုင်ကြရန် ကိုယ်တိုင် မြတ်စွာဘုရား၏အကြိုက် လိုက်နာကျင့်ကြံ ကြိုးကုတ် အားထုတ် နေပြလေသတည်း။

ကျမ်းကိုး – မဂ္ဂဗောဓကကျမ်း၊
– ညောင်ကန်သာသနာဝင်

* * *

## သပိတ်အိုင်တောရဆရာတော် ဦးကိတ္တိ

သပိတ်အိုင်ဆရာတော် ဦးကိတ္တိကို ၁၂၅၅–ခုနှစ်၊ ကဆုန်လ ဆန်း (၃)ရက်၊ တနင်္လာနေ့တွင် ညောင်လေးပင်မြို့၌ အဘ ဦးလုံးတုံး၊ အမိ ဒေါ်ရွှေနုတို့မှ မွေးဖွားခဲ့သည်။ မွေးချင်း (၇) ယောက်တွင် ဒုတိယသားရတနာ ဖြစ်သည်။ ငယ်မည်မှာ မောင်ဖိုးသောင်း ဖြစ်သည်။

၁၂၇၈–ခုနှစ်၊ တပေါင်းလပြည့်ကျော်တွင် ကြာအင်းရွာ၊ သပြေပင်တောရဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ရဟန်းဖြစ်ခဲ့သည်။ ဘွဲ့အမည်မှာ ဦးကိတ္တိ ဖြစ်ပါသည်။

ငယ်စဉ်က ပရိယတ္တိစာပေကို သင်ကြားခဲ့ရာ ညောင်လေးပင် တောရ၌ ပထမလတ်တန်းကို အောင်မြင်ခဲ့သည်။ ထို့နောက် အုတ်တွင်းမြို့ ကန်ကလေးတောရသို့ ပြောင်းရွှေ့သီတင်းသုံးသည်။ ထိုကျောင်းမှ ပထမကြီးကို အောင်မြင်ခဲ့သည်။ (ထိုခေတ်က ပထမကြီးတန်းသာ နောက်ဆုံးအတန်း ရှိသည်)

ထို့နောက် ပခုက္ကူ၊ မြင်းခြံ၊ မန္တလေးနှင့် အမရပူရမြို့များသို့ သွားရောက်ကာ နိကာယ်ငါးရပ် နေ့ဝါနှင့် အဘိဓမ္မာ ညဝါများကို အပတ်တကုတ် သင်ယူခဲ့သည်။

ပရိယတ္တိသင်ကြားနေစဉ်ကာလအတွင်းဝယ် ပဋိပတ္တိနှင့်စပ်သော မှတ်သားဖွယ်များကို မှတ်စုထုတ်ပြီး နှုတ်ငုံကျက်မှတ် ရွတ်ဖတ်နေလေ့ရှိသည်။

ရဟန်း (၁၀)ဝါရသည်အထိ ပရိယတ္တိကို သင်ယူခဲ့သည်။ (၄)နှစ်ခန့် စာချပြီးနောက် ၁၂၈၈–ခုနှစ်တွင် ကဆုန်လဆန်း ရက်နေ့မှစ၍ ပဋိပတ္တိသို့ လုံး၀ ကူးပြောင်းတော်မူသည်။

ဆရာတော်သည် တောထွက်ရန် ဆုံးဖြတ်၍ အားလုံးကို အသိပေးစီစဉ်သည်။

တောထွက်မည့်နေ့ နံနက် မီးရထားဖြင့် ခရီးထွက်ရန် သတိဖြင့် ကျိန်းစက်ရာ မီးရထားဘူတာသို့ သွားချိန်ရောက်သော်လည်း တစ်ကျောင်းလုံး မည်သူမျှမနိုး၊ အိပ်မောကျနေကြလေသည်။

သွားချိန်တန်သော အချိန်လောက်တွင် တစ်ကျောင်းလုံး သိမ့်သိမ့်ခါသွားအောင် လျှောင်လှုပ်လေသည်။ ထိုအခါကျမှ အားလုံးနိုးပြီး ဆရာတော်ကို ဘူဏာသို့ လိုက်ပို့ကြသည်။

ဆရာတော်ကား မည်သူ့ကိုမျှ မပြောမကြားဘဲ ငါ့အကြံ၊ ငါ ရည်ရွယ်ချက် မုချအောင်ရမည်ဟု ယုံကြည်ခဲ့လေသည်။

ဆရာတော်သည် ဘီလူးကျွန်းရွာရှိ ကူကလေးတောရ၌ သီတင်းသုံးရန် ဆုံးဖြတ်ပြီး ထွက်လာခဲ့ခြင်း ဖြစ်သည်။ ထိုတောရ၌ တစ်ဝါမျှသာ နေဖြစ်သည်။ ထို့နှစ် နတ်တော်လဆန်း (၁၃)ရက်နေ့ မှစ၍ သပိတ်အိုင်တောရသို့ ပြောင်းရွှေ့ကာ ရာသက်ပန် သီတင်းသုံး နေထိုင်ခဲ့လေသည်။

သပိတ်အိုင်တောရကား ကျွဲခြံမှ သုံးမိုင်ခန့်ကွာဝေးသော ကျုံ့တကရွာအနီး နွားလဘို့တောင်ခြေ၌ ရှိသည်။ သပိတ်သဏ္ဌာန် စမ်းရေအိုင်ကြီးကို အစွဲပြု၍ သပိတ်အိုင်ဟု ခေါ်ကြလေသည်။ လျှိုမြောင်စိမ့်စမ်းတို့ဖြင့် အေးချမ်းဆိတ်ငြိမ်လှသည်။

ဆရာတော်သည် ထိုတောရ၌ လေးတိုင်စင်ကျောင်းကလေး ၌သာ နေတော်မူသည်။ တောသဘာဝပျက်အောင် ရှင်းလင်းပြုပြင် ခြင်းကိုပင် လက်မခံ။ ရာဘာဖိနပ်နှင့် သစ်စေးသုတ် သံပိတ် ကိုပင် သံသယမကင်း၍ အသုံးမပြု။ သံဖြူသပိတ်နှင့် ဆီသုတ် မီးဖုတ်ပြီး အသုံးပြုသည်။

ဆွမ်းကိစ္စပြီးလျှင် ငါးနှင့် ကျေးငှက်များကို ကိုယ်တော်တိုင်

အစာကျွေးလေ့ရှိသည်။ ထိုနေရာသို့ရောက်စ ၆-ရက်လုံး ဆွမ်းဟင်းမပါသော ဆွမ်းကိုသာ ဘုဉ်းပေးလေသည်။

တစ်ဦးမေတ္တာ တစ်ဦးမှာ ဆိုသကဲ့သို့ သပိတ်အိုင်တောရကျောင်းသင်ခန်းတွင် ကျား၊ ဆင် စသော တောရိုင်းတိရစ္ဆာန်များရှိသော်လည်း ဆရာတော်၏ မေတ္တာဓာတ်ကြောင့် တိရစ္ဆာန်တို့ယဉ်ပါးလိမ္မာကြလေသည်။

ဆရာတော်သည် သပိတ်အိုင်တောရ၌ တရားကို အားထုတ်ခဲ့ရာ ပတ်ဝန်းကျင်ရွာများက ဆရာတော်သည် ဈာန်အဘိညာဉ်နှင့်ဆွမ်းခံကြွသည်ဟု ပြောစမှတ်ပြုကြသည်။

နောက်ပိုင်းတွင် ဆရာတော်မှာ ထင်ရှားသထက် ထင်ရှားလာပြီး ပင့်ဖိတ်သူတွေ များလာသည်။ ထိုအခါ ဆရာတော်က-

"ဒီလိုသာ ငါ့ကို လူတောထဲပင့်နေက ငါမလိုက်နိုင်ဘူး။ ပင့်တိုင်းလိုက်နေက ငါ အကျိုးဆုတ်ယုတ်မှာပဲ။ တရားဆိုတာ သဒ္ဓါရယ်၊ ဝီရိယရယ်၊ ပညာရယ်၊ သမာဓိရယ် ဤလေးပါး ညီညွတ်မှ တရားထူးရတယ်။ မညီညွတ်ရင် မရဘူး။ ညီတော်အာနန္ဒာကိုကြည့်၊ လူတောထဲလိုက်ပြီး လူတွေအကြည်ညိုလိုက်ခံနေလို့ ဒီတရားလေးပါးနှင့် ညီညွတ်နိုင်ပါ့မလား"

ဟု ဆိုဆုံးမ လေသည်။

ဆရာတော်သည် မိမိကို လာဖူးသူများကိုလည်း ကြာကြာ

အတွေ့မခံ။ ခဏနေပြီး ပြန်လွှတ်လေ့ရှိသည်။ ဆွမ်းဘုဉ်းပေးချိန်နှင့် ညနေပိုင်းတစ်ချိန် ဖူးတွေ့ခွင့် ပေးတတ်သည်။ ရံခါတစ်နာရီခန့် တရားဟောတတ်သည်။ စကားများများ လျှောက်ထား ပြောဆိုသည်ကိုမကြိုက်။

ဆရာတော်သည် ဝိနည်းသိက္ခာကို အလွန်လေးစားသည်။ ရဟန်းတရားကိုလည်း အနှစ်(၄၀) ဘဝဇာတ်မြှုပ်၍ ကျင့်ဆောင်တော်မူသည်။ ရဟန်းသံဃာတော်များ လာကန်တော့လာလျှင် ရင်းသည်ဖြစ်စေ၊ ဖျားသည်ဖြစ်စေ

"ရဟန်းဆိုတာ ငှက်လိုကျင့်ရမယ်၊ ကြွက်လိုမကျင့်ရဘူး။ ငှက်ဆိုတာ မိမိ၏ အတောင်ပံသာလျှင် တာဝန်ရှိပြီး ပေါ့ပေါ့ပါးပါး သွားလို ပျံလိုရာ အချိန်မရွေး သွားနိုင်၊ ပျံနိုင်တယ်။ ကြွက်ဆိုတာမျိုးက တွင်းကို နက်နိုင်သမျှ နက်အောင်တူး၊ တွေ့ကရာ ရနိုင်သမျှ ရအောင်ကိုက်ဖြတ် ချီသယ်ပြီး ကောင်းသော၊ မကောင်းသော စုဆောင်းနေရတာနဲ့ တစ်ဘဝကုန်ရတယ်"

စသည်ဖြင့် ဝိနည်းသိက္ခာ လေးစား၍ ပစ္စည်းလာဘ်လာဘ၌ နစ်မြှုပ်မနေဘဲ မိမိအလုပ် (ရဟန်းအလုပ်)ကိုသာ အားသွန်ခွန်စိုက် လုပ်ရန် ဆုံးမလေ့ရှိပါသည်။

"ယောဂီဟူသမျှ ကျန်းမာသူဟူ၍ မရှိတတ်။ မကျန်းမာသည်
ဟုထင်ရစေကာမူ အမြဲတမ်း လူမမာချည်းသာတည်း"
ဟု ယောဂီများကို ဆိုဆုံးမလေ့ ရှိပါသည်။

သပိတ်အိုင်ဆရာတော်၌ အမြဲတမ်း လေနာရောဂါရှိသည်။ ဆွမ်းခံပြန်ရောက်လျှင် ဆွမ်းဘုဉ်းမပေးနိုင်သေး။ သပိတ်ကိုချပြီး တစ်လံလောက်ရှည်သော တောင်ဝှေးကြီးဖြင့် တစ်ဖက်က ဗိုက်ကိုထောက်၊ တစ်ဖက်က ကျောင်းခါးပန်းကို ထောက်၍ ထောက်၍ ပေးလေ့ရှိသည်။ ဗိုက်ထဲကလေများ တဟော့ဟော့ ထွက်အန်သည် အထိ အကြိမ်ကြိမ် ပြုလုပ်ပေးသည်။ လေများအန်ထွက်၍ သက်သာရာရမှ ဆွမ်းဘုဉ်းပေးတော်မူလေသည်။

ဆရာတော်သည် ရံခါ ဒူလာသွေးဝမ်းရောဂါ၊ ရံခါ ငှက်ဖျား ရောဂါ ခံစားရသည်။ ထိုသို့ ကျန်းမာရေး မကောင်းလှသဖြင့် ခေါင်း(၂)လုံးကို သုသာန်မှ ပံ့သကူကောက်ယူထားသည်။

ဒါယကာတို့ လာလှူသော သက်န်းကို ထိုခေါင်းထဲ၌ ပစ်ချ ထားသည်။

သီလကို အသက်နှင့်လဲနိုင်သော ဘုရားသားတော်တို့၌ ပစ္စည်းလာဘ်လာဘတို့သည် အနှောင့်အယှက်ကြီး ဖြစ်လောက် အောင် မရှာရဘဲ ရလာတတ်ကြကုန်သည်။ ရဟန်းဖြစ်ပြီးလည်း မိမိ၏ သီလကို အားမကိုး၊ ရဲဝံ့လောက်အောင် သီလအင်အား နည်းပါးသော ရဟန်းတို့မှုကား အဆန်းတကြယ် အံ့ဖွယ်သရဲ လုပ်ခြင်း၊ မဟာယာနတို့ကဲ့သို့ ဆေးကု၊ ဗေဒင်ဟော စသော အတတ်တစ်စုံတစ်ရာဖြင့် လာဘ်ရှာဝမ်းကျောင်းခြင်း၊ လာဘ်ကို လာဘ်ဖြင့်မြှူဆွယ်ခြင်း၊ လှူဒါယကာတို့အား မြှောက်၍ ခြောက်၍

လာဘ်ရာခြင်း၊ လှူဒါယကာတို့ အစေအပါးလုပ်ခြင်း၊ ရင်းနှီး ကျွမ်းဝင်ဟန်ဆောင်၍ မကြာခဏ အိမ်သို့ကြွကာ မျက်နှာပြရခြင်း စသည်ဖြင့် လာဘ်၏နောက်သို့ အသေမပါက်အောင် ဖိနပ်တိုအောင် လိုက်နေကြကုန်၏။

သီလရှိသော သူတော်ကောင်းတို့အဖို့ လာဘ်လာဘနှင့် စပ်၍လည်း ပြောရန်မလို၊ လိုတာရချည်းသာ ဖြစ်ပါသည်။

ဆရာတော်က အရှင်သာရိပုတြာသည် ရာဇဂြိုဟ်မြို့၌ ဆွမ်းခံအပြီး လမ်းဘေးရှေပ်တစ်ခု၏ နံရံကို မှီ၍ ဆွမ်းဘုဥ်းပေး နေစဉ် သုစိမုခိမည်သော ပညာတတ်ပရိဗိုဇ်မက–

"အရှင်ဘုရား ဆွမ်းကို ငုံ့ပြီး ဘုဥ်းပေးပါသလော၊ မော့ပြီး အရပ်လေးမျက်နှာကိုကြည့်ပြီး ထောင့်လေးထောင့်အရပ်ကို ကြည့်ပြီး ဘုဥ်းပေးပါသလော"

ဟု တစ်ခုစီ မေးလေသည်။

ရှင်သာရိပုတ္တရာကလည်း တစ်ခုစီပင် မဟုတ်ဟူ၍ အဖြေ ပေးတော်မူလေသည်။

| | |
|---|---|
| ငုံ့စားဟူ | = ဘူမိဗေဒကြန်အတတ်ဖြင့် မြေခံ၊ ရေခံ စိုက်ပျိုးမှုကို ဟောပြော၍ ဝမ်းကျောင်း စားသောက်သောရဟန်း။ |
| မော့စား | = နေလနက္ခတ် ဂြိုဟ်ကပ် ဂြိုဟ်ပူးအတတ် ဖြင့် ဝမ်းကျောင်း စားသောက်သော ရဟန်း |

တူရူကြည့်စား = လူဒါယကာတို့ အစေအပါးခံကာ အရပ်လေးမျက်နှာကို လှည့်လည်သွားလာဆောင်ရွက်ပေးပြီးမှ ထမင်းစားရသောရဟန်း

ထောင့်ကြည့်စား = သာသနာနှင့် ဖီလာထောင့်ဖြစ်သော အင်္ဂဝိဇ္ဇာ၊ လက္ခဏာ၊ ဗေဒင်၊ ခတ်ဆင်ခတ်ရိုက်၊ အင်းအိုင် လက်ဖွဲ့၊ ဂါထာမန္တန်၊ ဘိုးတော်၊ ဝိဇ္ဇာဓိုရ် ကန်တော့ပွဲထိုး၍ဝမ်းကျောင်းသောရဟန်း

ပရဗိုဇ်မကလေးသည် တရားသဖြင့်ရသော ဆွမ်းကို စားသည့်ဟု ကြားသောအခါ အလွန်ဝမ်းသာပီတိဖြစ်ပြီး ရာဇဂြိုဟ်မြို့တွင်းသို့ဝင်ကာ ဂေါတမတပည့်ရဟန်းများကို ဆွမ်းလှူကြရန်တိုက်တွန်းနှိုးဆော်လေသည်။

သပိတ်အိုင်တောရဆရာတော်သည် ဤတရားတော်ကို အမြဲအာရုံပြု နှလုံးထားကာ စင်ကြယ်သော ဆွမ်းရရှိရေးကို အထူးဂရုစိုက်၍ ဆွမ်းခံတော်မူလေသည်။

ဆရာတော်သည် ၁၃၂၇–ခုနှစ်၊ တပို့တွဲလပြည့်ကျော် (၁)ရက်နေ့တွင် ပြင်းပြင်းထန်ထန် အဖျားရောဂါ စွဲကပ်လာသဖြင့် ပျံလွန်တော်မူမည်ဟု ထင်ခဲ့ကြသည်။

သေတမ်းစာကို ဆရာတော်သည် လွန်ခဲ့သော လေးငါးဆယ်

နှစ်ကပင် ညောင်လေးပင် ကြားတောရကြီး၌ ကိုရင်လေးဘဝဖြင့် အတူနေသိခဲ့ရသော ဦးဝါသဝကို ပေးခဲ့သည်။

ဦးဝါသဝနှင့် တွေ့ရပုံမှာ ညောင်လေးပင်မှ ဒါယကာများက ဆရာတော်ကို သွားရောက်ဖူးရာ ဦးဝါသဝ ညောင်လေးပင်၌ ရှိနေကြောင်းကို သိတော်မူသော ဆရာတော်သည်–

"မင်းတို့ ညောင်လေးပင်မှာ ဦးဝါသဝဆိုတာ မသိဘူးလား"

ဟု အကြိမ်ကြိမ် မေးတော်မူရာ ဒါယကာများက ဦးဝါသဝကို လျှောက်ထားကြသည်။ ဦးဝါသဝသည် သပိတ်အိုင်ဆရာတော် ဆိုသည်ကို မကြားဖူး။ ပုံသဏ္ဌာန်ကို ဒါယကာများကို မေးကြည့် သော်လည်း စိတ်ထဲတွင် ဝေခွဲမရ ဇဝေဇဝါ ဖြစ်နေရသည်။

သပိတ်အိုင်ဆရာတော်က မိမိကို မေးဖန်များနေ၍ မော်လမြိုင်မှအပြန် ထိုတောရသို့ သွားခဲ့သည်။ တောရအသွား ဆွမ်းခံအပြန် လမ်း၌ပင် ဆရာတော်ကို ဖူးတွေ့ရာ မိမိအား ငယ်စဉ်က စာချ ပေးသောဘုန်းကြီး ဦးကိတ္တိ ဖြစ်နေသည်ကို တွေ့ရ၍ အလွန် အံ့သြသွားရသည်။ ဦးချသောအခါ–

"မင်းဘယ်သူလဲ"ဟု မေးသည်။

"တပည့်တော် ညောင်လေးပင်က ဝါသဝပါဘုရား"

"အေး...အေး...မင်း ငါသိပါတယ်"

ဟု မိန့်ကြားပြီး သင်္ကန်းရုံအတွင်းရှိ ဟင်းချိုင့်ငယ်များ ထည့်ထားသော လွယ်အိတ်ကို နှိုက်၍ ဦးဝါသဝအား စာတစ်စောင် ထုတ်ပေးသည်။

စာမှာ သေတမ်းစာဖြစ်နေ၍ ဦးဝါသဝမှာ အံ့သြရသည်။

"ရှိပစ္စည်းအားလုံးကို မောင်ဝါသဝအား စွန့်ကြောင်း၊ ပျံတော်မူလျှင် သုံးရက်ထက်ပို၍ မထားဘဲ မောင်ဝါသဝက လုံးဝ တာဝန်ယူ၍ ထင်းတစ်ပုံလောက်နှင့် ကိစ္စပြီးအောင် သဂြိုဟ်ရန်"ဖြစ်ကြောင်း ပါရှိလေသည်။

၁၃၃၁–ခု၊ တော်သလင်းလပြည့်ကျော် (၁၁)ရက် ဆရာတော်၏ အသက်ရွယ်သည် (၇၆)နှစ်သို့ ရောက်လာသည်။ သပိတ်အိုင်တောရ၌ တစ်ပါးတည်း ကေစာကျင့်သုံးခဲ့သည်မှာ (၄၄)နှစ် ရှိလေပြီ ဖြစ်သည်။

တစ်နေ့ထက်တစ်နေ့ ခန္ဓာကိုယ်ကြီးက အိုမင်းဆွေးမြေ့လာခဲ့သည်။ ဒါယကာများက ဆွမ်းခံမကြွရန်၊ ရပ်နားရန် လျှောက်ထားသည်ကို ခွင့်မပြု။

"ဘုရားတောင် ပရိနိဗ္ဗာန်ပြုတဲ့အထိ သတ္တဝါတွေ ချီးမြှောက်ဖို့ ဆွမ်းခံကြွသေးတာ၊ ငါလည်း ကြွရမှာပဲ။ ငါ့မှာ သားကအမေ၊ အမေကသားကို ကယ်လို့မရတဲ့ဘေးကြီး ဆိုက်နေပြီ။ မင်းတို့ လာပြုစုလို့ကော ပျောက်မလား"

ဟု မိန့်ကြားပြီး ဆွမ်းခံဝတ်ကို ဆက်လက်ပြုသည်။

(၁၁)ရက်နေ့ နံနက်ဆွမ်းခံကြွမလာသဖြင့် ဒါယကာ၊ ဒါယိကာမများ ပျာပျာသလဲ ကျောင်းဘက်သို့ ပြေးသွားကြသည်။ ခါတိုင်းလို မောင်းထုတ်မည်ကိုလည်း ကြောက်ကြသေးသည်။

အရဲစွန့်ပြီး ဆရာတော် သီတင်းသုံးသော ကျောင်းကလေးကို ချောင်းကြည့်ကြသည်။ တံခါးပိတ်ထား၍ ဘာမျှမမြင်ရ။ "ဆရာတော်ဘုရား"ဟု ခေါ်ကြည့်သည်။ ပြန်ထူးသံ ထွက်မလာ။ သို့အတွက် တံခါးကိုဖွင့်ပြီး ကြည့်ကြသည်။

ဆရာတော်သည် ညောင်စောင်းထက်ဝယ် နံရံကို မှီလျက် ခြေတစ်ဖက်ဆင်း၊ ခြေတစ်ဖက်ထောင်၊ ဒူးကို လက်ဖြင့်သိုင်းလျက် ထိုင်လျက်ပင် ပျံလွန်တော်မူနေလေသည်။ ခြေရင်း၌ ခေါင်းတစ်လုံး ချထားသည်ကိုလည်း တွေ့ရသည်။

ဒကာများက ဆရာတော်၏ သင်္ကန်းကို ကြည့်ရာ သွေးစသွေးနများတွေ့၍ စုံစမ်းကြည့်သော် အမှန်မှာ ဆရာတော်သည် သွေးဝမ်းရောဂါဖြင့် သွေးအန်ပြီး ပျံလွန်တော်မူခြင်း ဖြစ်သည်။

ဒကာများသည် ချက်ချင်းပင် ညောင်လေးပင်ရှိ ဦးဝါသဝထံသို့ အကြောင်းကြားပါသည်။ ဦးဝါသဝရောက်လာလျှင် ဆရာတော် သေတမ်းစာအရ သုံးရက်အတွင်း ထင်းတစ်ပုံဖြင့် ရှာပနပွဲ ကျင်းပကြသည်။

သပိတ်အိုင်တောင်ကုန်းပေါ်၌ နောက်ဆုံးပူဇော်ခြင်းဖြင့် ပူဇော်ကြရာ အလောင်းတော် ပြာကျသည်အထိ အစစ အရာရာ စီမံပြီးနောက် တောကျောင်း၌ လူ(၃)ယောက် ညစောင့်ထားပြီး ကျန်လူများ တောင်ပေါ်မှ ဆင်းလာကြသည်။

တော်သလင်းမိုးသည် တဖျောက်ဖျောက် ရွာစပြုသည်။

တောင်အောက်သို့ စကားတပြောပြောနှင့် ဆင်းလာကြသော လူအုပ်ကြီးမှာ လကွယ်မိုးမှောင်ထဲတွင် တောကျောင်းမှ လူတစ်ယောက်၏ အော်ခေါ်သံနှင့်အတူ ထူးဆန်းသော အလင်းရောင်ကြီးကို မြင်ကြရသည်။

နောက်ကြောင်းပြန်၍ တောင်ကုန်းကလေးပေါ် ကြည့်လိုက်ရာ မီးသင်္ဂြိုဟ်သည့်နေရာမှ မာကျူရီမီးအားလောက် အဆပေါင်းများစွာသာ၍ စိမ်းနေအောင်လင်းသော မီးလုံးကြီး တက်လာကာ ကောင်းကင်မှပင် ဘီလူးကျွန်းဘက်သို့ ပျံတက်သွားသည်ကို တွေ့ရသည်။

လူများသည် တောင်ပေါ်သို့ အပြေးပြန်တက်ကြသည်။ တောင်ပေါ်သို့ရောက်လျှင် မီးလုံးစိမ်းစိမ်းကြီးမှာ ဘီလူးကျွန်းဘက်မှ တစ်ဖန် ပြန်လာကာ မီးသင်္ဂြိုဟ်နေရာသို့ စိုက်ကျလာသည်ကို ဖူးတွေ့ကြရသည်။ အားလုံး အံ့အားသင့်ကာ ဦးချ ငိုယို၍ မဆုံး ရှိကြလေသည်။

"ဆရာတော်ကြီး တောထွက်ခဲ့သော ဘီလူးကျွန်းကဂူကလေး တောရဆီသို့ သွားတာဖြစ်မှာပါ"

ဟု ဦးဝါသဝက အမိန့်ရှိနေစဉ် မီးလုံးကြီးမှာ မီးသင်္ဂြိုဟ်သည့်နေရာမှ ရုတ်တရက်တက်ကာ ဘီလူးကျွန်းနှင့် အကြိမ်ကြိမ် အခါခါ လူးလာကွန့်မြူးသည်ကို ဝမ်းနည်းဝမ်းသာ ဖူးတွေ့ရသည်။

"ဟောဒီကို လာဖူးကြပါဦး"

ဟု တစ်စုံတစ်ယောက်က အော်ခေါ်လိုက်သော နေရာသို့ သွားကြရာ သွေးစက်ကျရာ ထွေးခံသွန်ရာ နေရာများမှာလည်း ပြိုးပြိုးပြက်ပြက် တလက်လက် အမျှင်တန်းကာ စိမ်းကြည်သော အလင်းရောင်များ အသီးသီး ကွန့်မြူးပျံတက်၍ နေလေသည်။

မီးသင်္ဂြိုဟ်သော နေရာ၌ပင် အရိုးဓာတ်များကို ဥာပနာကာ (၁၂)တောင်ရှိ ဆုတောင်းပြည့် လွမ်းစေတီကို တည်ဆောက်လိုက်ကြသည်။

* * *

## မအူဆရာတော်ဘုရားကြီး(အရှင်နာရဒ မဟာထေရ်)

မအူဆရာတော်ဘုရားကြီးသည် သာသနာတွင် ရနိုင်ခဲ့သည့် သီလဝန္တ သိက္ခာကာမ ဝိနယဂရုက ပုဂ္ဂိုလ်ကြီး ဖြစ်ပါပေသည်။

ဆရာတော်သည် ပခုက္ကူခရိုင်၊ ရေစကြိုမြို့နယ်၊ ကျောက်ဖူးရွာ အဘဦးခ၊ အမိ ဒေါ်သတို့မှ ၁၂၂၉–ခုနှစ်၊ နယုန်လဆန်း ၁၄–ရက်၊ စနေနေ့နံနက် ၃–နာရီကျော်တွင် ဖွားမြင်တော်မူသည်။ မိဘတို့က မောင်ထွန်းဟု မှည့်ခေါ်ကြသည်။ မွေးခါစ ကလေးဘဝကပင် အနာဂတ်တွင် ရဟန်းဖြစ်၍ ဝိနယဂရုကပုဂ္ဂိုလ် ဖြစ်မည်ကို အမျိုးသမီးတို့ ချီပိုးယုယမှု မကြိုက်၊ မနှစ်သက်ခြင်းဖြင့် ပြသ

ခဲ့လေသည်။ ဆရာတော်လောင်းလျာသည် ၇-နှစ်သားအရွယ် လောက်တွင် ကျောက်ဖူးရွာ ဘုရားကြီးတိုက်သို့ မိဘတို့ အပ်နှံကြသဖြင့် သင်ပုန်းကြီး၊ မင်္ဂလသုတ်၊ နမက္ကာရ၊ ပရိတ်ကြီး၊ အောင်ခြင်းဂါထာ၊ ရတနာရွှေချိုင့်၊ လောကနီတိ၊ ဇာတ်ကြီးဆယ်ဘွဲ့ စသော ထိုခေတ်က သင်ကြားရိုးရှိသည့် ကျမ်းစာများကို သင်ကြားခဲ့သည်။ အသက် ၁၃-နှစ်သားအရွယ်တွင် ကျောက်ဖူးဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ သာမဏေဝတ်ခဲ့သည်။ ကျောက်ဖူးဆရာတော်ထံ၌ သဒ္ဒါ၊ သင်္ဂြိုဟ်၊ အဘိဓာန်၊ အလင်္ကာ၊ မာတိကာ၊ ဓာတုကထာ၊ အရကောက်၊ ညဝါ၊ ပုဒ်စစ် စသည်တို့ကို ၃-နှစ်တိုင်ရုံမျှဖြင့် နှုတ်တက်အာဂုံ သင်ယူခဲ့သည်။ ၎င်းနောက် ကျက်ဆူကျင်းရွာသုံး တောင်ပိုင်ဆရာတော်ထံတွင် ကိုးကြောင်းခရိုင်ဗေဒင် လက်ရိုးတို့ကို ကြိုးစားသင်ခဲ့၍ ဗေဒပါရဂူ ဖြစ်ခဲ့သော်လည်း ရှင်လူမသိရပေ။ ထို့ပြင် ရွာထောင်ရွာ ဆပ်သကင်းပစ္ဆိမာရုံတိုက် ဆရာတော်ကြီးထံတွင် ဝိနည်းငယ်လေးစောင်၊ ကစ္စာယနကထာတို့ကို အထွက်၊ အတက်၊ အနက်၊ အဓိပ္ပာယ်နှင့်တကွ သာမဏေဘဝဖြင့် ပေါက်မြောက်အောင် သင်ကြားခဲ့သည်။

ဆရာတော်လောင်းလျာသည် ၁၂၄၈-ခုနှစ်တွင် ပစ္ဆိမာရုံဆရာတော်ဘုရားကြီးကိုပင် ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်လေသည်။ ပဉ္စင်းသစ် အရှင်နာရဒသည် ဥပဇ္ဈာယ်ဆရာတော်ထံ၌ ၂-နှစ်ကျော် ဆက်လက်ပညာသင်ကြားပြီး ကိုင်းရွာ

ဘုံသာတိုက်ဆရာတော် ဦးပုည၊ ချောင်းဦးရွှေတောင်ကျောင်းဆရာတော်၊ မန္တလေးမြို့ အရှေ့ပြင်တိုက်တော် ဆရာတော်၊ ကျက်ဆူကျင်းဆရာတော်တို့ထံ၌လည်း နေ့ဝါ၊ ညဝါ အဖြာဖြာကို အာစရိယမုဋ္ဌိ ရရှိအောင် သင်ယူခဲ့သည်။

ရဟန်းသိက္ခာ ၅–ဝါအရတွင် ကျေးဇူးရှင် ဒီဃဒဿီ ရေစကြိုဆရာတော်ဘုရားကြီး အရှင်ဂန္ဓသာရထံမှောက် ရောက်၍ ပိဋကတ်သုံးသွယ် နိကာယ် ၅–ရပ်ကို ကြီးမြတ်သည့် လုံ့လဝီရိယတို့ဖြင့် သင်ယူတော်မူခဲ့သည်။ စဏ္ဍဝဇ္ဇီထေရ်သည် မောဂ္ဂလိပုတ္တတိဿထေရ်လောင်းလျာအား ကျနစွာ ပိဋကတ်ကို လက်ထပ်သင်ပေးသကဲ့သို့လည်းကောင်း၊ အရှင်မဟာမေဂ္ဂလိ ပုတ္တတိဿထေရ်သည် အရှင်မဟိန္ဒထေရ်အား ငါးနိကာယ်ကို လက်ဝယ်အပ်နှင်း သင်ကြားပေးသကဲ့သို့လည်းကောင်း၊ အရှင်ပါရဂူအဖြစ်ရောက်အောင် ချီးမြှောက်သင်ကြားပေးသကဲ့သို့လည်းကောင်း၊ အရှင်ဂန္ဓသာရ မဟာထေရ်သည် နှစ်အနည်းငယ်အတွင်း ပိဋကတ်သုံးသွယ်ကို ရဟန်းငယ် အရှင်နာရဒ၏ နှလုံးအိမ်သို့ အရောက်အပ်နှင်း သင်ကြားပေးတော်မူသည်။

ဆရာတော်သည် ရေစကြိုမြို့ ကျောင်းဒါယကာကြီး ဦးထိန်နှင့် အခြားဒကာ၊ ဒကာမတို့၏ လျှောက်ထားချက်အရ ရေစကြိုမြို့ မင်းအိုတိုက်၌လည်း ၅–ဝါ သီတင်းသုံးကာ စာပေပို့ချတော်မူသေးသည်။ အင်းစိန်မြို့၌ ၁–ဝါ သီတင်းသုံးတော်မူ၍ ဆန်း

ကျမ်း ကလာပ်ကျမ်းတို့ကိုလည်း လေ့လာသုံးသပ်တော်မူခဲ့သည်။ ဆရာတော်သည် ရွာငယ်ရွာ မြင်းတန်းကုန်း တောကျောင်း၌ ၁–ဝါဆို၍ ကမ္မဋ္ဌာန်းဘာဝနာကို ပွားများအားထုတ်တော်မူသည်။ မအူအလယ်ရွာသူကြီးမင်းဦးငွေရောင် စသော ဒကာ၊ ဒကာမတို့က တောင်းပန်သဖြင့် ဆုတောင်းပြည့်ကျောင်းတိုက်သို့ ရွှေ့ပြောင်းကာ စာပေပို့ချတော်မူသည်။ တစ်ဖန် ရွှေချူးမော်တိုက်သို့ ပြောင်းရွှေ့၍ ဂန္ထဓုရဝန်ကို ၈–နှစ်ကြာမျှ ကြိုးပမ်းထမ်းဆောင်တော်မူသည်။ ၎င်းပြင် ဦးရွှေစန်း၊ ဦးရွှေဆိုင် စသော ဒါယကာတို့၏ လျှောက်ထားချက်အရ မအူအလယ်ရွာ၌ပင် မဟာဝိဇိတာရာမ ကျောင်းတိုက်ကြီးကို အလှူခံတော်မူ၍ ယင်းကျောင်းတိုက်ကြီး၌ ၁၆–နှစ်တိုင်တိုင် ရေစကြို ဆရာတော်ဘုရားကြီးထံမှ ရအပ်၊ ဆည်းပူးအပ်ခဲ့သော ဥပဒေသ၊ ပရမ္ပရာ ဘတဝိနိစ္ဆယ အဝဝတို့ကို စာသင်သားတို့အား အဆန်းတကြယ် ချပို့နည်းပေးတော်မူခဲ့သည်။

**ကျမ်းဂန်ပြုစုတော်မူခြင်း**

ဆရာတော်သည် ဝိနိစ္ဆယ အမျိုးမျိုး၊ ဝါကျသွားအဖြာဖြာ၊ နိယံအဖုံဖုံတို့ဖြင့် စုံလင်စွာ တန်ဆာဆင်လျက်

၁။ ပါရာဇိကဏ် ပါဠိတော်နိသျ

၂။ ပါစိတ်ပါဠိတော်နိသျ

၃။ မဟာဝါပါဠိတော်နိသျ

၄။ ရူဠှဝါပါဠိတော်နိသျ
၅။ ပရိဝါပါဠိတော်နိသျ
၆။ ပါရာဇိကဏ် အဋ္ဌကထာနိသျ
၇။ ပါစိတျာဒိ အဋ္ဌကထာနိသျ
ဟူသော ကျမ်းဂန်တို့ကိုလည်း ရေးသားစီရင်တော်မူခဲ့သည်။

**ဝိနယဂရုကတာဂုဏ်**

ဆရာတော်သည် ဝိနည်းသိက္ခာပုဒ်တော်၌ အလွန် အလေးဂရုပြုတော်မူသည်။ စာသင်သွားသောအခါ ရဟန်းငယ်ဘဝကပင် အနာမာသဝတ္ထုကို ကိုင်ခဲ့တော်မမူသဖြင့် ဆိုင်ရာ ဒကာ၊ ဒကာမတို့က သိတင်းသုံးမည့်ဌာနသို့ အရောက်လိုက်ပို့ကြ၍ ကပ္ပိယကာရက သင့်လျော်ရာ၌ အပ်ခဲ့ကြရသည်။ ဘဝနတ်ထံ စံလွန်တော်မူသည်အထိ ထိုခေတ်က သုံးခဲ့သည့် မူးစေ့၊ မတ်စေ့ စသည်များကို သိသွားတော်မမူခဲ့။ ဆရာတော်သည် မလွဲသာ၍ ရေကြောင်းသင်္ဘောခရီး သွားရသော်လည်း ကျိန်းစက်တော်မမူဘဲ မိရာထိုင်ခုံ၌ မေးရုံသာ မေးတော်မူသည်။ ဆရာတော်သည် စက္ခုဣန္ဒြေဖြင့် အထွေထွေအဖုံဖုံ အာရုံတို့ကို ယူရိုးရှိတော်မမူရုံမျှ မက ဝတ်ပြုလာသော ဒကာ၊ ဒကာမတို့အား ကိုယ်တော်က စတင်နှုတ်ဆက်ပြီး ရက်ရက်ရောရော ပြောပြောဆိုဆို အလို အကြိုက် သူ့စရိုက်သို့လိုက်ရိုး အစဉ်အလာလည်း ရှိတော်မမူခဲ့ပေ။ ဆရာတော်သည် လေးတောင်ထက်လွန်၍ ကြည့်ရှုတော်မမူဟု

အဆိုရှိသည်။ ရေစကြိုဆရာတော်ဘုရားကြီး သက်တော်ထင်ရှား ရှိစဉ်က မအူကျောက်ရပ်ဟုလည်း သုတိသညာ ပေးခဲ့ဖူးသည်။ မအူဆရာတော်ဘုရားကြီးသည် ၁၂၉၃–ခုနှစ်တွင် ပခုက္ကူမြို့ မဟာဝိသုတာရာမ ကျောင်းတိုက်ကြီးသို့လည်း ဆရာတော် အရှင်ပညာထေရ် ပင့်လျှောက်၍ ဓမ္မပူဇာပြုအံ့သောငှာ ကြွလာ တော်မူပြီး ၁–နှစ်တိတိ သီတင်းသုံးတော်မူဖူးသည်။ ကျောင်းကြီး ပေါ်၌ သီတင်းသုံး၍ ဇေယျသုခတိုက်ကျောင်း ဆိုင်းဘုတ်အောက်မှ ဖြတ်ကာ နေ့စဉ် ရေချိုးအိမ်သို့ကြွပြီး ရေချိုးသော်လည်း မော့၍ တစ်ခါမျှ ကြည့်တော်မမူဖူးပေ။ ဖက်ပင်အိုင်ဆရာတော် ကြွလာ၍ ဇေယျသုခတိုက်ကျောင်း၌ သီတင်းသုံးနေစဉ် မအူဆရာတော်အား ဇေယျသုခတိုက်သို့ ကြွရန် ပင့်ရာ ဇေယျသုခ တိုက်ကျောင်းကို ဆရာတော်က မသိဟု မိန့်တော်မူသည်။ ဝိသုဒ္ဓိမဂ် သီလနိဒ္ဒေသလာ ဝိတ္တာဂုတ္တမဟာထေရ်ကြီးကဲ့သို့ စက္ခုလောလနေ့ စောင့်စည်းမှု၌ တူလှပါပေသည်။

ဤသို့ စသည်ဖြင့် ရေး၍မကုန် ဂုဏ်တော်အသချေတို့နှင့် ပြည့်စုံတော်မူသော သီလမေရု၊ သမာဓိမြေအထု၊ ပညာစုသမုဒ္ဒရာ ပင်လယ်ကြီး ဖြစ်တော်မူပါသော မအူဆရာတော်ဘုရားကြီးသည် သက်တော် ၇၁–နှစ် ၁၀–လ၊ ဝါတော် ၅၂–ဝါအရ ၁၃၀၀– ပြည့်နှစ် တပေါင်းလတွင် နတ်ပွဲသဘင်ဝင်တော်မူလေသည်။

* * *

## ခမ္မိကတောရဆရာတော်ကြီး အရှင်သာသန

ခမ္မိကတောရဆရာတော်သည် မြန်မာနိုင်ငံ အလယ်ပိုင်း၊ မကွေးတိုင်း၊ အထက်မင်းလှမြို့နယ်၊ ညှင်းသွန်းရွာ ခမည်းတော် ဦးညိုမြ၊ မယ်တော် ဒေါ်ကြူးမေတို့မှ မြန်မာသက္ကရာဇ် ၁၂၈၉-ခု၊ ဝါခေါင်လဆန်း (၁၅)ရက် (လပြည့်) သောကြာနေ့၊ ညနေ (၄)နာရီ (၃၀)မိနစ် အချိန်တွင် ဖွားမြင်တော်မူပါသည်။ ငယ်နာမည်မှာ မောင်ကျော်ဦး ဖြစ်ပါသည်။

ခမ္မိကဆရာတော်လောင်းလျာ သူငယ်သည် ညှင်းသွန်းရွာ ဦးကျောင်း ဆရာတော် ဦးစက္ကိန္ဒမဟာထေရ်မြတ် အထံတော်တွင် သင်ပုန်းကြီး၊ ဘုရားရှိခိုး၊ ဆယ်စောင်တွဲ၊ ဗေဒင်ကျမ်းဂန်များကို သင်ကြားပြီး (၁၅)နှစ်သားအရွယ်တွင် မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေ ပြုတော်မူခဲ့ပါသည်။ ဘွဲ့အမည်မှာ ရှင်သာသနဖြစ်ပြီး ရှင်ကျင့်ဝတ်၊ သဒ္ဒါ၊ သင်္ဂြိုဟ်၊ ဝိနည်း အစရှိသော ပရိယတ်၊ ပဋိပတ် အခြေခံကျမ်းစာများကို သင်ကြားတော်မူခဲ့ပါသည်။ ဆရာတော်သည် ၁၃၂၄-ခုနှစ်၊ တပေါင်းလဆန်း (၇)ရက်၊ နံနက် (၈)နာရီအချိန်တွင် မအူပင်မြို့၊ မစိုးရိမ်မှု ပရိယတ္တိမင်းကျောင်းတိုက်၊ ဆရာတော်ဦးစန္ဒိမာသိရိ၏ ပစ္စယာနုဂ္ဂဟကို ခံယူ၍ ၎င်းကျောင်းတိုက် ခဏ္ဍသိမ်တော်မြတ်၌ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူပါသည်။

အရှင်သာသနသည် ဆင်ဖြူကျွန်းမြို့၊ မဟာဝိသုတာရာမ ကျောင်းတိုက်ဆရာတော် ဦးဝဏ္ဏိတ (ဓမ္မာစရိယ)၊ မန္တလေးမြို့၊ မစိုးရိမ်ကျောင်းတိုက်ဆရာတော်ကြီး ဦးသူရိယာဘိဝံသ (အဘိဓဇ မဟာရဋ္ဌဂုရု)၊ ပဋ္ဌာန်းဆရာတော် ဦးဝိသုဒ္ဓါဘိဝံသ (အဘိဓဇ မဟာရဋ္ဌဂုရု)၊ ဦးဥ...ယာဘာသ (အဂ္ဂအကျော်–သိရောမဏိ)၊ တောင်ပြင်ဘုရားကြီးတိုက် ဆရာတော် ဦးနာရဒ၊ ဆီးဘန်နီတိုက် ဆရာတော် ဦးအာစာရာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ) ဆရာမြတ် တို့၏ အထံတော်၌ ပိဋကတ်ကျမ်းစာ အဖြာဖြာတို့ကို ကောင်းစွာ သင်ယူခဲ့ပါသည်။

ဆရာတော်သည် ၁၃၁၅–ခုနှစ်တွင် အစိုးရ ဓမ္မာစရိယ (စာချ)တန်းကို ကျမ်းရင်းသုံးကျမ်း၊ ဂုဏ်ထူးဆောင် (၆)ကျမ်း အားဖြင့် ဓမ္မာစရိယ (၉)ကျမ်းတို့ကို နှစ်ချင်းပေါက် အောင်မြင် တော်မူသဖြင့် နိုင်ငံတော်အစိုးရမှ ဆက်ကပ်သော "သာသနဓဇ သိရိပဝရ ဓမ္မာစရိယ" ဘွဲ့တံဆိပ်တော်ကို လက်ခံရရှိတော်မူခဲ့ပါ သ..ည်။

ဆရာတော် ဦးသာသနသည် မန္တလေးမြို့၊ မစိုးရိမ်ကျောင်း တိုက်၊ မအူပင်မြို့၊ မစိုးရိမ်မှူ ပရိယတ္တိမင်းကျောင်းတိုက်၊ အထက်မင်းလှမြို့၊ ဓမ္မိကာရာမကျောင်းတိုက်တို့၌ ပိဋကတ် ကျမ်းစာများကို သင်ကြားပို့ချပေးတော်မူခဲ့ပါသည်။ ဆရာတော် သည် 'နေ့–ပရိယတ်၊ ည–ပဋိပတ်'ဟူသော ခံယူချက်ဖြင့် လက်တွေ့ ကျင့်သုံးတော်မူခဲ့ပါသည်။

ဆရာတော်ဦးသာသန အရှင်မြတ်သည် အထက်မင်းလှ မြို့နယ်အတွင်း၌ တည်ရှိသော ဘွဲ့ညှင်းသွန်းတောရ၊ လင်းကယ် တောရ၊ မြကင်းတောင်တောရ၊ ဓမ္မိကတောရများ၌ တောရ ဆောက်တည်ကာ ပဋိပတ္တိအလုပ်ကို ပြင်းထန်စွာ အားထုတ်တော် မူခဲ့ပါသည်။ အရှင်မြတ်သည် ဗုဒ္ဓါနုဿတိ၊ ဓမ္မာနုဿတိ၊ သံဃာနုဿတိ၊ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ၊ ဗြဟ္မစိုရ်တရားလေးပါး၊ ကမ္မဋ္ဌာန်းများကို လက်စွဲပြု၍ ဝိပဿနာ ဘာဝနာတရားများကို စိတ်ကျေနပ်မှု ရရှိသည်အထိ (ရဟန်းကိစ္စ ပြီးအောင် ရည်ရွယ်လျက်) ကြိုးစားပွားများ အားထုတ်ခဲ့ရာ ကြိုးစားသလောက် အရာရောက်ခဲ့ပါသည်။ ဆရာတော်အရှင်မြတ် က "ဝိပဿနာတရား အရသာဆိုတာ တကယ်အလုပ်လုပ်မှ သိရတာ"ဟူ၍ မကြာ မကြာ မိန့်ကြားတော်မူလေ့ ရှိပါသည်။

ဆရာတော်အရှင်မြတ်သည် နှစ်ပေါင်း (၃၀)ကျော်မျှ တရား အားထုတ်တော်မူခဲ့ပြီး ဖြစ်လေရာ ဓမ္မအမြင် ကြည်လင်ငြိမ်းအေး တော်မူပါသည်။ အရှင်မြတ်သည် တိစီဝရိတ်၊ ပိဏ္ဍပါတ်၊ သပဒါန၊ ဧကာသနိက်၊ ပတ္တပိဏ်၊ အာရညကင်၊ ရုက္ခမူ၊ သုသာန်စုတင်များကို ဆောက်တည်ကျင့်သုံးခဲ့ပါသည်။ အရည ဝါသီတောရိပ်မြိုခြင်းကို အထူးပျော်မွေ့တော်မူပါသည်။ ထို့ပြင် အရှင်မြတ်သည် တောင်ခေါင်းလိုဏ်ဂူ အတွင်း၌ ကိန်းအောင်း၍ တစ်ပါးတည်း ဧကစာရီ ဆိတ်ငြိမ်းအေးချမ်းစွာ တရားကျင့်တော်မူ

ပါသည်။ လိုဏ်ဂူမှာ တရားအားထုတ်ရခြင်းကို အလွန်မွေ့လျော်တော်မူပါသည်။

ဆရာတော်အရှင်မြတ်သည် ရာဇဂြိုဟ်မြို့အနီး၊ ပိပ္ပလိလိုဏ်ဂူတော်၌ သီတင်းသုံး ပျော်မွေ့တော်မူသော အရှင်မဟာကဿပမထေရ်မြတ်ကြီးကဲ့သို့လည်းကောင်း၊ သိဟိုဠ်ကျွန်း (သီရိလင်္ကာ)၊ ကုရဏ္ဍကလိုဏ်ဂူတော်၌ သီတင်းသုံး ပျော်မွေ့တော်မူသော အရှင်စိတ္တဂုတ္တ မထေရ်မြတ်ကြီးကဲ့သို့လည်းကောင်း၊ မြတ်ဗုဒ္ဓဘုရားရှင် ခွင့်ပြုတော်မူခဲ့သော (၁) ရုက္ခမူလသေနာသနံ = ရုက္ခမူကျောင်း၊ (၂) ဝိဟာရော = နှစ်ဖက်မိုးကျောင်း၊ (၃) အဍ္ဍယောဂေါ = တစ်ဖက်မိုးကျောင်း၊ (၄) ပါသာဒေါ = ပြာသာဒ်ရှည်ကျောင်း၊ (၅) ဟမ္မိယံ = ပြာသာဒ်ဦးပြည်းကျောင်း၊ (၆) ဂုဟာ = လိုဏ်ဂူကျောင်းဟူသော ကျောင်းများအနက် “ဂုဟာ = လိုဏ်ဂူကျောင်းတော်”တွင် အစဉ်ထာဝရ အမြဲတမ်း သီတင်းသုံးနေထိုင်လျက် ဝါဆိုဝါကပ်မှုပြုကာ ဘာဝနာကမ္မဋ္ဌာန်း စီးဖြန်းအားထုတ်ပြီး ရဟန်းတရားနှင့် အထူးပျော်မွေ့တော်မူပါသည်။

ထိုသို့ “ဂုဟာ = လိုဏ်ဂူတော်ကျောင်း”တွင် အစဉ်ထာဝရ သီတင်းသုံးတော်မူခြင်းကို အစွဲပြု၍ ဓမ္မိကတောရဆရာတော် အရှင်မြတ်အား “လိုဏ်ဂူအောင်းဆရာတော်ကြီး”၊ “လိုဏ်ဂူပျော်ဆရာတော်ကြီး”ဟူ၍ ခေါ်ဝေါ်သိရှိနေကြခြင်း ဖြစ်ပါသည်။ ဆရာတော်မထေရ်မြတ်သည် “ဓမ္မိကတောရ ဝတ်ရွတ်စဉ်”၊

"ရတနာသုံးပါး ဂုဏ်တော်ဖွင့်"၊ "ဓမ္မိကတရားမှတ်စုပဒေသာ"၊ "ယောဂီကျင့်စဉ်"တို့ကို ရေးသားပြုစုတော်မူခဲ့ပါသည်။ ဆရာတော် အရှင်မြတ်သည် ပရိတ်မေတ္တာတန်ခိုး အလွန်အစွမ်းထက်မြက်လှ ပါသည်။ အရှင်မြတ်၏ မေတ္တာအစွမ်း၊ ပရိတ်အစွမ်းကား အံ့မခန်း ထူးခြားထက်မြက်လှပါသည်။ အရှင်မြတ်၏ ပရိတ်ရေ၊ ပရိတ်ဆီ၊ ပရိတ်ပျားရည်များကို သုံးစွဲမှီဝဲ၍ ရောဂါဝေဒနာမျိုးစုံ ပျောက်ကင်းချမ်းသာသွားကြသော ဝေဒနာရှင်များကား များပြား လှပါသည်။

အမှန်စင်စစ် ပရိတ်ရေ၊ ဆီ၊ ပျားရည်များမှာ ဩသဓ = ဆေးဝါးတစ်မျိုးသဖွယ် ဖြစ်ပါသည်။ အရှင်မြတ်သည် မဟာသမ ယသုတ် (နတ်ချစ်သုတ်)၊ ပဋ္ဌာန်း၊ပစ္စယနိဒ္ဒေသ၊ ဂိတိမာနန္ဒသုတ်၊ ပရိတ်ကြီး (၁၁)သုတ်တို့ကို နေ့စဉ် နလုံးသွင်း၊ ဆင်ခြင်ရွတ်ပွား သရဇ္ဈာယ်တော်မူပါသည်။ နဝကမ္မဝတ္ထုငွေကို လုံးဝကိုင်ခဲ့တော်မူ လေ့မရှိပါ။ ကပ္ပိယကာရက ညွှန်းတော်မူလေ့ ရှိပါသည်။ ပစ္စည်းလာဘ်လာဘ မက်မောတွယ်တာမှု မရှိပါ။ ရသမျှလာဘ် လာဘများကို ပရိစ္စာဂဂုဏ်ရည်နှင့် လျော်ညီစွာ စွန့်လွှတ်လှူဒါန်း တော်မူလေ့ ရှိပါသည်။ မျက်နှာတော်အသွင်မှာ အမြဲကြည်လင် ငြိမ်းအေးသောလက္ခဏာ ရှိပါသည်။ ပရိယတ္တိဂုဏ်၊ ပဋိပတ္တိဂုဏ် နှစ်ပါးစုံနှင့် ပြည့်စုံတော်မူသော ဆရာတော်အရှင်မြတ် ဖြစ်ပါ သည်။

ဆရာတော်အရှင်မြတ်သည် အများ၏ ကုသိုလ်အလိုဆန္ဒ ပြည့်ဝပြီး ဘေးအန္တရာယ် ကင်းရှင်း၍ ကျန်းမာချမ်းသာပါစေခြင်း အကျိုးငှာလည်းကောင်း၊ ကုသိုလ်တရားတိုးပွား အကျိုးစီးပွားများ လျက် ဘုရားသာသနာ အရှည်ခံ၍ တည်တံ့ပါစေခြင်းအကျိုးငှာ လည်းကောင်း လာရောက် ဖူးမြော်သူများအား ပရိတ်တရား ရွတ်ပွားချီးမြှင့်ပေးတော်မူလျက် မေတ္တာပွားပို့ကာ ချီးမြှောက်တော် မူလေ့ ရှိပါသည်။

ဆရာတော်အရှင်မြတ်သည် ပရိတ်တော် (၁၁)သုတ်ဖြင့် ရွတ်ပွားထုံမွမ်း၍ ပရိတ်အာဏာသွင်းထားသော ပရိတ်ရေ၊ ပရိတ်ဆီ၊ ပရိတ်ပျားရည်တို့ကို ဆောင်ထား၍ ပရိတ်ဆေးအဖြစ် သုံးစွဲကြရန် ညွှန်ကြား ချီးမြှင့်တော်မူပါသည်။

ဆရာတော်အရှင်မြတ်သည် ရပ်ဝေးမှ ပရိတ်ဟာရးပွဲ ပင့် လျှောက်ခြင်းများကို လက်ခံလေ့မရှိပါ၊ ကြွရောက်လေ့ မရှိပါ။ အထက်မင်းလှမြို့နယ် အနီးအပါး ရပ်ရွာ၊ နေအိမ်၊ ဌာနများကိုသာ ပရိတ်ရွတ် လက်ခံကြွရောက်တော်မူပါသည်။ ဆရာတော်အရှင် မြတ် သီတင်းသုံး နေထိုင်ရာ ဓမ္မိက တောရ = လိုဏ်ဂူကျောင်း တော်သို့ လာရောက်ဖူးမြော်သူများ ပရိတ်မေတ္တာ ခံယူနိုင်ကြပါစေ ခြင်း အကျိုးငှာ ပရိတ်တရားကို ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်ပေး တော်မူလေ့ ရှိပါသည်။

ဆရာတော်အရှင်မြတ် ပရိတ်တရား ရွတ်ပွား သရဇ္ဈာယ်

ချီးမြှင့်တော်မူစဉ် အသံဖမ်းယူထားပြီး ပရိတ်တိပ်ခွေများစွာတို့ကို အသံကူးယူ ပူဇော်ထားကြသည်ဖြစ်ရာ မိမိတို့နေအိမ်မှာ အမြဲနေ့စဉ်, အရှင်မြတ်၏ ပရိတ်တိပ်ခွေကို ဖွင့်၍ နာယူခွင့် ရရှိကြပါသည်။ အရှင်မြတ် ပရိတ်တရား ချီးမြှင့်သောအခါ ပရိတ်ရေ၊ ပရိတ်ဆီ၊ ပရိတ်ပျားရည်များ ထူထူးခြားခြား ဖြစ်လေ့ရှိသည်မှာ အံ့ဖွယ်တစ်ခု ဖြစ်ပါသည်။

ယခု ဓမ္မိကဘောရကျောင်း နေရာဒေသသည် ဟိုယခင်က တောချုံထူထပ် လူသူပြတ်သော ပကတိတောကြီး ဖြစ်နေရာမှ ၁၃၃၃–ခုနှစ်သို့ ရောက်သောအခါ ဆရာတော် ဦးသာသနအရှင်မြတ်သည် သုံးပင်တဲကျောင်းကလေးနှင့် ဂုဟာ = လိုဏ်ဂူနေတော်မူခဲ့ပါသည်။ ထိုအချိန်က သုံးပင်တဲကျောင်းကလေးတွင် ထူးဆန်းစွာ ပျားအုံကြီး စွဲအုံခဲ့ပါသည်။ ပျားကောင်များသည် မည်သူ့ကိုမျှ တုပ်ခြင်း မရှိပါ၊ ဆရာတော်အရှင်မြတ်၏ မေတ္တာအေးရိပ်ကို လာရောက်ခိုလှုံကြခြင်း ဖြစ်ပေလိမ့်မည်။ ၎င်းပျားစွဲနိမိတ်ကို ပရိသတ်စည်ကားမည့် အတိတ်နိမိတ်အဖြစ် ကောက်ယူကြသည့် အားလျော်စွာ ပျားစွဲခြင်းနှင့်အတူ ကြည်ညိုသူတွေ ဝိုင်းအုံလာကြပေတော့သည်။

ဓမ္မိကဘောရသည် အထက်မင်းလှမြို့မှ တစ်မိုင်ကျော်ခန့်ဝေးကွာသော အရပ်၌ တည်ရှိပါသည်။ အရှင်မြတ်၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်များကို တွေ့မြင် ကြည်ညိုကြရသောအခါ

ဓမ္မိကနယ်မြေ၏ သာသနာ့ရောင်ခြည်ဦး စတင်၍ ပေါ်ထွန်းခဲ့သည်မှ အစပြု၍ ယနေ့ထက်တိုင် ဗုဒ္ဓသာသနာရောင် ထွန်းလင်းပြောင်လျက် ရှိပေသည်။

ယခုအခါမှာ ဓမ္မိကတောရသည် အလွန် စည်ကားသိုက်မြိုက်လျက် ရှိနေပါသည်။ ဆရာတော်အရှင်မြတ်သည် ရဟန်းရှင်လူယောဂီများစွာတို့အား ဝိပဿနာတရား ဟောကြား ပြသပေးတော်မူပါသည်။ ဓမ္မိကတောရသို့ လာရောက်၍ အရှင်မြတ်ထံ နည်းခံ၍ ဝိပဿနာတရား ရှုပွားအားထုတ်ကြသူ ယောဂီများမှာ များစွာ ရှိပါသည်။

မြို့နယ်သူ မြို့နယ်သားတို့၏ လျှောက်ထားချက်အရ ဓမ္မိကတောရကျောင်းကို ၁၃၄၄-ခုနှစ်မှစ၍ ဓမ္မာစရိယ(စာချတန်း) အောင် တပည့်ကြီးများနှင့်တကွ စာသင်တိုက်အဖြစ် တည်ထောင်ဖွင့်လှစ်ပေးတော်မူပါသည်။ ထိုအချိန်မှစ၍ ဓမ္မိကတောရသည် ပရိယတ္တိ + ပဋိပတ္တိ နှစ်မျိုးစုံ သာသနာပြုရာ ဌာနကြီးဖြစ်လာခဲ့ပါသည်။ ယခုအခါ ဓမ္မိကတောရကျောင်းတိုက်၌ ပဓာန နာယကဆရာတော်ကြီးနှင့် တပည့်စာချသုံးပါး၊ စာသင်သားအပါး(၆၀)ကျော်၊ ယောဂီ ရှင်ရဟန်း(၁၅)ပါးတို့ သီတင်းသုံးလျက် ရှိပါသည်။

ဆရာတော်အရှင်မြတ်သည် တိုက်တာ အုပ်ချုပ်မှုတာဝန်များကို တပည့် စာချဘုန်းကြီးများအား လွှဲအပ်ထားပြီး ယောဂီများကို

တရားဟော တရားပြခြင်း၊ လာရောက်ဖူးမြင်သူ ပရိသတ်များအား သီလပေးခြင်း၊ အဆုံးအမ ဩဝါဒပေးခြင်း၊ လိုက်နာကျင့်သုံးဖွယ်၊ ဆောင်ဖွယ်၊ ရှောင်ဖွယ်များကို လမ်းညွှန်မိန့်ကြားခြင်း၊ ပရိတ်တရား ချီးမြှင့်ခြင်း၊ ပရိတ်ရေ၊ ပရိတ်ဆီ၊ ပရိတ်ပျားရည် ချီးမြှင့်ခြင်း စသည်ဖြင့် သာ... ...တာဝန်များကို ထမ်းဆောင်တော်မူလျက် အထက်မင်းလှမြို့၊ ဓမ္မိက တောရကျောင်းတိုက်ကြီး၏ အနောက်ဘက်ခြမ်း ...ောင်နံရံတွင် တည်ရှိသော "ရတနာရွှေဂူ" အမည်ရှိ "ဂုဟာ = လိုဏ်ဂူတော်ကျောင်း"၌သာ ယခု သီတင်းသုံး နေထိုင်တော်မူသည်။

* * *

## ညောင်ပင်အိုင် ဆရာတော်

ညောင်ပင်အိုင်ဆရာတော် လောင်းလျာကို မကွေးတိုင်း၊ ပခုက္ကူခရိုင်၊ ရေစကြိုမြို့နယ်၊ ဖူလုံရွာ၌ ခမည်းတော် ဦးသာဆွယ်၊ မယ်တော် ဒေါ်နှင်းတုတ်တို့မှ ၁၂၈၃–ခု၊ ပြာသိုလဆန်း ၃–ရက် စနေနေ့တွင် ဖွားမြင်ခဲ့သည်။ ငယ်မည်မှာ မောင်ထွန်းရှိန်ဖြစ်သည်။ မွေးချင်း (၄)ယောက်အနက် အငယ်ဆုံးသား ဖြစ်သည်။

ဆရာတော် လောင်းလျာသည် ငယ်စဉ်ကပင် အေးဆေးစွာ နေလေ့ရှိသည်။ အခြားကလေးများနှင့် မရောနှော၊ ဆော့ကစား

ခြင်းလည်းမရှိ။သို့သော် မိဘများနှင့် ရွာဦးကျောင်းသို့ လိုက်ပါလျှင်ကား ပျော်ရွှင်လေ့ရှိသည်။ ကျောင်းရောက်လျှင် ပြန်ခေါ်၍မရ။ နောက်ပိုင်းတွင် အိမ်နီးနားချင်း ကျောင်းသားအဖော်များနှင့် ကျောင်းပျော်အဖြစ် ထားရလေသည်။

ကျောင်းတွင် ကျောင်းသားကြီးများ မခံချင်အောင် နောက်ပြောင်ကျီစယ်လျှင် မည်သို့မျှ ပြန်ပြောလေ့မရှိ။ ဆဲရေးတိုင်းထွာခြင်းလည်း မလုပ်။ အလွန် စိတ်တိုပြီး မခံမရပ်နိုင်ဖြစ်လာမှ ဟယ်–ဟယ် သာဆိုလေ့ရှိသည်။ သို့သော် အပြေးပြိုင်ရာတွင်ကား နှစ်ယောက်မရှိ။ နံပါတ်တစ်ကချည်း ချိတ်ခဲ့သည်။

ဆရာတော်လောင်းလျာသည် ငယ်စဉ်ကပင် ယောကျ်ားမြတ်ပညာရှိတို့၏ လက္ခဏာနှင့် ပြည့်စုံသည်။ တည်ကြည်သောဣန္ဒြေ၊ ခန့်ငြားသော ဥပမိရုပ်အသွင်ကပင် တ,ရားရှင် သူတော်စင်ဖြစ်ကြောင်း ခန့်မှန်းနိုင်ပါသည်။

အသက်(၇)နှစ်အရွယ်တွင် ဖူလုံရွာ ပတ္တပိုဏ် ကျောင်းတိုက်ဆရာတော် ဦးဥတ္တရထံ၌ အခြေခံ သင်ပုန်းကြီးမှစ၍ စာပေပညာအဖြာဖြာကို လေ့လာဆည်းပူးလေသည်။

ပတ္တပိုဏ် ကျောင်းထိုင် ဆရာတော်သည် စည်းကမ်းကြီးသလို နည်းညွှန်ပြသွာ အဆုံးအမများလည်း ထိရောက်လှသည်။ နေ့စဉ် ငါးပါးသီလ ခံယူရပြီး ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်း စီးဖြန်းပုံကိုလည်း သင်ပေးလေ့ရှိသည်။

ဆရာတော် လောင်းလျာသည် အသက်(၁၂)နှစ်အရွယ်တွင် ပတ္တပိုဏ် ဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေဘဝသို့ ရောက်သည်။ ဘွဲ့တော်မှာ ရှင်နန္ဒောဘာသဖြစ်သည်။ ကိုရင် နန္ဒောဘာသသည် ထိုကျောင်း၌ပင် သဒ္ဒါ၊ သင်္ဂြိုလ်၊ ဝိနည်း စသည်တို့ကို သင်ယူတော်မူ၏။ ဆရာ၏ စကားကို မြေဝယ်မကျ နားထောင်သည်။ ရှင်သာမဏေတို့ ပြုအပ်သော ဝတ်ကြီး,ဝတ် ငယ်တို့ကို မပြတ်မလပ်ရအောင် လုံ့လပြု၍ ဆောင်ရွက်တော်မူ သည်။

အထူးသဖြင့် ရေချိုးအိမ် ဝစ္စကုဋိတို့ကို တံမြက်လှည်းခြင်း၊ ကနုတ်ဆေးခြင်းတို့ကို မရွံမရှာ စေတနာပါပါ ဆောင်ရွက်သည်။ ဆောင်ရွက်ပြီးတိုင်းလည်း "ဤသို့ ပြုရသော ကုသိုလ်ကြောင့် ကိလေသာ အညစ်အကြေးကင်းသော ရဟန်းမြတ်တစ်ပါး ဖြစ် ရပါလို၏"ဟု အမြဲဆုတောင်းသည်။

ရှင်နန္ဒောဘာသသည် ပတ္တပိုဏ်ကျောင်းတိုက်၌ ကိုရင်(၅)ဝါ နေပြီးနောက် စစ်ကိုင်းတောင်ရိုး ဝိသုဒ္ဓါရုံ ဆရာတော်အဂ္ဂ မဟာပဏ္ဍိတ ဘဒ္ဒန္တဇောတိပါလထံသို့ သွားရောက် ပညာဆည်းပူး သင်ယူခဲ့သည်။ ထို၌ (၁)နှစ်နေပြီး ချောင်းဦးမြို့ အမြင့်ရွာသို့ ရောက်ရှိသည်။ ထိုနောက် မိမိပတ္တပိုဏ် ကျောင်းသို့ ပြန်ကြွခဲ့ သည်။

ရှင်နန္ဒောဘာသသည် သာမဏေဘဝကပင် လောကအပြစ်၊

သံသရာအပြစ်တို့ကို မြင်တော်မူသည်။ သာသနာတော်၌ သက်ဝင် ယုံကြည်မှု သဒ္ဓါတရားကြီးမားခဲ့သည်။

၁၃၀၃–ခုနှစ်၊ နယုန်လတွင် ရေစကြိုမြို့နယ် သာစည်ရွာ ဦးဘအေး–ဒေါ်သိန်းတင်တို့၏ ပစ္စယနုဂ္ဂဟကို ခံယူပြီး ဆရာတော် ဦးဥတ္တရကို ဥပဇ္ဈာယ်ပြုလျက် ရဟန်းအဖြစ်သို့ ရောက်ခဲ့သည်။

ရဟန်း(၅)ဝါ အရတွင် ရေစကြိုမြို့နယ် အောက်ဘိုအနောက်ရွာ မဟာဇောတိကာရာမတိုက် ဆရာတော် ဦးဉာဏုတ္တရထံ၌ လည်းကောင်း၊

(၆)ဝါ၌ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံ ဆရာတော်ထံ၌လည်းကောင်း ပညာသင်ယူခဲ့သည်။(၇)ဝါ အရတွင် မိမိပတ္တပိုဏ်ကျောင်းသို့ ပြန်လည်ကြွခဲ့သည်။

မိမိရွာကျောင်းအရောက်တွင် ဦးနန္ဒာဘာသသည် အခြားကိုရင် ဦးပဥ္စင်း၊ ကျောင်းသားများနှင့် ရောနှော နေထိုင်ခြင်း မရှိ ညီအစ်ကိုဝမ်းကွဲတော်သူ ဦးသုမိတ္တနှင့်အတူ ကျောင်းအနီးခြံကြားထဲ၌သာ အနေများခဲ့သည်။ ညီနောင်နှစ်ပါးသည် ထိုစဉ်ကပင် တတွဲတွဲ အတူနေကာ တရားစကားကိုသာ ဆွေးနွေးနေခဲ့ကြသည်။

တစ်နေ့တွင် ညီနောင်နှစ်ပါးသည် ဖူလုံနှင့် သာစည်ရွာကြားရှိ ဘုရားနီး ပရဝုဏ်အတွင်းသို့ ကြွရောက်ပြီး တရားထိုင်ကြသည်။ သို့သော် ဥစ္စာစောင့်များ နှောက်ယှက်သဖြင့် ရက်ပိုင်းသာ ထိုင်

နိုင်ပြီး ပြန်လာကြရသည်။

တစ်နေ့တွင် ပေါင်းဝ မမ္ဗိဿာသယ တောရကျောင်းမှ ဆရာတော် ဦးသုတသည် ပတ္တပိုဏ်သို့ ကြွလာရာ ဦးနန္ဒာဘာသသည် ဆရာတော် ဦးသုတကို ဖူးမြော်ပြီး ခမ္မိဿာသယ တောရသို့ လိုက် လိုကြောင်း လျှောက်ထားသည်။ ဆရာတော် ဦးသုတက ခွင့်ပြု၍ တောရသို့ လိုက်ပါသွားခဲ့သည်။

ဦးနန္ဒာဘာသသည် ခမ္မိဿာသယ တောရတွင် ဂန္ထ ဓုရ၊ ဝိပဿနာဓုရတို့ကို ကြိုးစားအားထုတ်လေသည်။ လသာရာသီများတွင် အနောက်ဘက် ညောင်ပင်အိုင် ကုန်းတန်းများဆီသို့ မျှော်ကြည့်၍ ခမ္မပီတိ ဖြစ်နေမိသည်။ ဤတော ဤတောင်သည် မိမိတရားအား ထုတ်ရန်အတွက် ဘူမိနက်သန် ဖြစ်နိုင်သည်ဟု အတွေးဝင်မိသည်။

ထို့နောက် ဦးနန္ဒာဘာသသည် ပိုးလောက်တို့ ပျော်ရာမြေစာ ဖြစ်သော မိမိခန္ဓာကိုယ်ကို တရားသက်ဝင် ဉာဏ်ယှဉ်ကြည့်သည်။ ဘာတစ်ခုမျှ နှစ်သက်ဖွယ်မရှိ။ တွယ်တာဖွယ်မရှိကြောင်း သိလာသည်။ မြင်မြင်သမျှ ပျက်စီးခြင်း နောက်ဆုံးရှိသည်ကို သတိသံဝေဂ ဝင်လာသည်။

တစ်သံသရာလုံးက သားကျွန်၊ မယားကျွန် ဖြစ်ခဲ့ရသော မိမိဘဝအား သာသနာတော်နှင့် ကြုံကြိုက်ခိုက် အလွတ်ရုန်းရန် ကြံစည် စိတ်ကူးမိလေသည်။

၁၃၁၁-ခု၊ သီတင်းကျွတ်လတွင် ဦးနန္ဒာဘာသသည် မိမိ

စိတ်ကို ပိုင်နိုင်စွာ ဆုံးဖြတ်၍ တောမှီ တောပျော် ပုဂ္ဂိုလ်တို့၏ ယူဆောင်မြဲဖြစ်သော သပိတ်(၁)လုံး သင်္ကန်း(၃)ထည်၊ ရေစစ်၊ သားရေ စသော ပစ္စည်းများကို ယူဆောင်လျက် ပေါင်းဝအနောက် ဆားလင်းကြီးမြို့အနီးရှိ ကျောင်းကုန်းရွာကလေးဆီသို့ ထွက်ခဲ့ သည်။ မိမိနှင့် သီတင်းသုံးဖော် ဦးသံဝရ၏ ဖခင် ဦးအောင်ညွန့် အိမ်သို့ ဝင်ကာ–

"ဒကာကြီး ဦးပဥ္စင်း တောထွက်မလို့ လာခဲ့တာ။ နေရာ ကောင်း ရှာပေးစမ်းပါ"ဟု မိန့်ကြားရာ ဦးအောင်ညွန့်သည် **ရဟန်း(၈)ဝါမျှ** ရသေးသော ရဟန်းငယ်၏ စကားကို ကြားရသော **အခါ မယုံနိုင်**အောင်ပင် ရှိလေသည်။

**သို့သော်** ဦးအောင်ညွန့်သည် ပီတိဖြစ်လျက် မိမိပိုင် ယာ ခင်းများရှိရာ ညောင်ပင်အိုင်သို့ လိုက်ပို့ပေးလေသည်။ ညောင်ပင် အိုင်သို့ ရောက်သောအခါ ရေမိုး အဆင်ပြေ၍ သွားလမ်း၊ လာလမ်း ကောင်းသော စမ်းချောင်းကလေးအနီးရှိ မန်ကျည်းပင် ရိပ်ကို အလွန်သဘောကျပြီး သားရေနွယ်ခင်းကာ တစ်ပါးကည်း နေခဲ့ပြီး တရားစတင် အားထုတ်တော်မူလေသည်။ ထိုနေရာတွင် တောကြောင်များနှင့် တိရစ္ဆာန်တို့ အသံသာ ကြားရသည်။ ဦးနန္ဒောဘာသသည် တောလယ်တွင် ကြောက်ရွံ့ခြင်းမရှိ။ ဘုရားဂုဏ်တော်များကို အာရုံပြုပြီး ပရိတ်ရွတ် မေတ္တာပို့ အမျှဝေပြီး ကမ္မဋ္ဌာန်းစီးဖြန်းသည်။

နံနက်လင်းသော် ကျောင်းကုန်းရွာသို့ ကြွ၍ အိမ်စဉ်လှည့်လည် ဆွမ်းခံ၍ သပဒါနစာရီကစုတင်ကို ဆောင်တော်မူသည်။

ဦးနန္ဒာဘာသ ညောင်ပင်အိုင်ရောက်၍ တစ်ပါတ်အကြာတွင် ကျောင်းကုန်းမှ ဦးအောင်ညွန့်သည် အပေါင်းအဖော်များနှင့် ရောက်လာပြီး လျှင် သစ်ဝါးများ ခုတ်၍ ဦးနန္ဒာဘာသ သီတင်းသုံးရန် တစ် ဖက်ရပ် ထန်းလက်တဲကလေးကို ဆောက်လုပ်ပေးသည်။

ဦးအောင်ညွန့်သည် နောက်ပိုင်းတွင် ဆရာတော်ကို အလွန် ကြည်ညို၍ **အစစ** အရာရာကို ဂရုတစိုက် ပြုစုပေးသည်။ ရွာ သူ ရွာသားများကိုလည်း ဆွမ်းကို ဂရုတစိုက် လောင်းလှူရန် ဆော်ဩပေးသည်။ သို့တွက် ဆရာတော်မှာ ဆွမ်းပြည့်စုံသည်။ မကြာမီ ပေါင်းဝရွာမှ ဦးလှတုတ်က ကျောင်းကလေးတစ်ဆောင် ဆောက်လုပ် လှူဒါန်းပေးသည်။

တစ်နေ့တွင် ဖူလုံပတ္တပိုဏ်ကျောင်းမှ အစ်ကိုဝမ်းကွဲ ဦးသုမိတ္တာ ကြွရောက်ပြီး အတူ သီတင်းသုံးကာ တရားအားထုတ်သည်။ ဦးသုမိတ္တာက ရေစကြို တောင်ပံ့တန်းရွာအနီး ကျောက်ချောဂူ၌ တရားအားထုတ်ရန် ပြောပြသည်။ ထိုသည်ကို သဘောတူ၍ ညီနောင်နှစ်ပါး ကြွကာ တရားအားထုတ်သည်။ နောက်ပိုင်းတွင် ဦးသံဝရပါ ပါလာ၍ (၃)ပါး တရားအားထုတ်ကြသည်။ညပိုင်း တွင် အနီးရှိ သုသာန်သို့ ကြွ၍ သုသာန်စုတင် ဆောက်တည်ကြ သည်။ အချို့သော သုသာန်များ၌ ကြောက်မက်ဖွယ်ရာ အသံ

များကို ကြားရသည်။ တစ်ခါတစ်ရံ အိပ်မက်ဆိုးများ မက်သည်။

ဦးသုမိတ္တက လောကမှာ ကြောက်စရာအကောင်းဆုံးက သက်ရှိသူတွေသာ ဖြစ်ကြောင်းနှင့် နာမ်လောက နှောက်ယှက်မှုသည် ဝိပဿနာလုပ်ငန်းအတွက် သမာဓိ စခန်းမြင့်တက်နိုင်ကြောင်း အားပေးစကား ပြောကြားသည်။ နောက်ပိုင်းတွင် ခြောက်လှန့်မှု ကြုံလာတိုင်း တောင်စောင့်နတ်၊ တောစောင့်နတ်တို့ကို တိုင်တည်ခြင်း၊ တစ္ဆေ သရဲတို့ကို မေတ္တာပို့ခြင်းကို ပြု၍ ဆက်လက် တရားအားထုတ်ခဲ့သည်။

တောနေရဟန်းတို့ကား စင်ကြယ်သော သိက္ခာဖြင့် မေတ္တာကို အခြေခံပါက ပစ္စည်းလေးပါးအတွက် ကြောင့်ကြစရာ မလိုသကဲ့သို့ အန္တရာယ်တို့လည်း ကင်းရှင်းလှပေသည်။ မေတ္တာစွမ်းအားသည် အတားအဆီး အကာအကွယ် လက်နက်သဖွယ် ဖြစ်ပါသည်။တို့နောက် ညီနောင်(၂)ပါးသည် ကျောက်ဂူ၌ (၂)ဝါတရားအားထုတ်ပြီးနောက် နည်းနာခံရန် စလင်းမြို့ အနောက်ဘက် ဝက်ထီးကန် အနောက်ဘက် ယွန်းယွန်းရှိ ကျွန်းကလေးပေါ်ရှိ ကန်ပေါ်ကျောင်း၊ ကန်လည်ဆရာတော်ထံသို့ သွားကာ တရားအားထုတ်နည်းကို နည်းခံကြသည်။ နေ့လယ်ပိုင်းတွင် ဆရာတော်ကြီး၏ အဆုံးအမကို ခံယူပြီး ညပိုင်းတွင် ကန်ချောင်းဇရပ်များပေါ်၌ တရားထိုင်တော်မူသည်။

ညောင်ပင်အိုင်ဆရာတော်သည် ကိလေသာ ခေါင်းပါးစေ

တတ်သည့် နိဗ္ဗာန်ရောက်ကြောင်းဖြစ်သော ဓုတင်ကျင့်စဉ်များကို မိမိရောက်ရာ ဒေသအလိုက် အဆင်ပြေသလို ဆောက်တည်ခဲ့သည်။

အထူးသဖြင့် ဆရာတော်သည် နှစ်ပေါင်း(၄၀)နီးပါးမျှ အိပ်စက်လဲလျောင်းခြင်း မပြုပဲ ထိုင်ခြင်း၊ ရပ်ခြင်း၊ စင်္ကြံလျှောက်ခြင်းတို့ဖြင့် နှလုံးသွင်းရသော နိသဇ္ဇိဓုတင်ကို ဆောက်တည်ခဲ့သည်။ တစ်နည်းအားဖြင့် မောဟနှင့် ထိနမိဒ္ဓတို့ကို မပြတ်တိုက်သော အဓိဋ္ဌာန်တော်မျိုး ဖြစ်သည်။

လဲလျောင်းရာတွင်လည်း ကြမ်းနှင့် ကျောပြင် တစ်သားတည်း ကပ်မနေပဲ ခြေကို အနည်းငယ် ဆန့်၍ လက်တစ်ဘက်က ကြမ်းပြင်ကို ထောက်ကာ ကိုယ်ကို စောင်း၍ နေတော်မူသည်က များသည်။ ညပိုင်းတွင် (၁၂)နာရီကျော်ကျော်အထိ အကာမဲ့သော ဇရပ်အတွင်းရှိ ခုတင်ပေါ်၌ တင်ပလ္လင်ခွေထိုင်၍ သင်္ကန်းကို လွှမ်းခြုံကာ တရားနှလုံးသွင်းနေတော်မူသည်။ နောက်မှ မိမိသီတင်းသုံးရာ ကျောင်းသို့ ကြွတော်မူသည်။

ဆရာတော်ကြီး၏ ထူးခြားသော ကျင့်စဉ်တစ်ရပ်မှာ ယနေ့ထိ နှစ်ပေါင်း(၄၀)ကျော်မျှ ရေချိုး သန့်စင်မှု မပြုခြင်းပင်ဖြစ်ပါသည်။ ဆရာတော်ကြီးသည် နှစ်ပရိစ္ဆေဒ ကြာရှည်စွာ ရေမချိုးသော်လည်း ချွေးအထပ်ထပ် ညစ်ပတ်နံစော်ခြင်း မရှိ။ ထက်အောက် လေညာ၊ ဘယ်နေရာမှ ဖူးဖူးမည်သည့် အနံ့သက်ဆိုးမှု

မထွက်ပါ။ ဆရာတော်ကို ဖူးမြင်လိုက်ပါက လေညာသို့ ဆန်တက်သော အနံ့တစ်ခုမှာ ဆရာတော်ကြီး၏ သင်းပျံ့သော သီလရနံ့၊ သမာဓိရနံ့၊ ပညာရနံ့တို့ပင် ဖြစ်ပါသည်။

ယခုအခါ ညောင်ပင်အိုင်ဆရာတော်သည် ဆရာတော်ကြီး၏ သီလရနံ့ ဂုဏ်သတင်းကြောင့် မြန်မာပြည်အနှံ့ သင်းပျံ့မွှေးကြိုင်လှိုင်နေပါတော့သည်။

တက္ကသိုလ်သျှင်သီရိ
(ဓမ္မာစရိယ၊ ဘီအေ)

❀ ❀ ❀

# အိုဘယ့်မြတ်ရဟန်း

တက္ကသိုလ် ချစ်သီရိ (ဓမ္မာစရိယ၊ ဘီအေ)